
www.burmeseclassic.com

ဒေါက်တာ

# မတင်ဝင်း

# ရာဇဝင်ထဲကမိန်းမသား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၃၀၄ / ၉၉ (၅) |
| အဖုံးခွင့်ပြုချက် | - | ၆၁၀ / ၂၀၀၀ (၉) |
| အတွင်းပုံနှိပ်သူ | - | ဒေါ်ရွှေခင် (၀၅၄၄၅)၊ဝင်းလိုက်မိတ် ပုံနှိပ်တိုက်၊ အမှတ် (၃၅၂)၊ စရည်းပင်လမ်း၊ သက်နှးကျွန်း မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးတိုးဝင်း နေလရောင် အော့ဖ်ဆက် (၉၆/ခ)၊ ၁၁လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးသန်းမြင့် (လင်းလင်းစာပေ) အမှတ်၄/၂၉၊ မြဝတီမင်းကြီးလမ်း ၁၀ မိုင်ကုန်း၊ အင်းစိန်။ |
| အဖုံးပန်းချီ | - | မောင်မောင်သိုက် |
| အကြိမ် | - | စတုတ္ထအကြိမ် ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | - | ၁၀၀၀ |
| စာအုပ်ချုပ် | - | ပပစိုးနှင့်အဖွဲ့ |
| တန်ဖိုး | - | / ၂၂၀၀ ကျပ် |


# ရာဇဝင်ထဲကမိန်းမသား

## ဒေါက်တာမတင်ဝင်း

(ပညာရေးတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။**

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## စာရေးသူအမှာ

ရာဇဝင်ထဲက မိန်းမသားများအကြောင်းကို ဘာပြုလို့ အစဉ်တစိုက်ရေးမိတာလဲဆိုတဲ့အကြောင်းကိုပြောရင် ကျွန်မမိခင်အကြောင်းက စရပါလိမ့်မယ်။ ကျွန်မဘဝထဲမှာ အရေးကြီးဆုံး အလေးအမြတ်ပြုဖွယ်အကောင်းဆုံးကတော့ ကျွန်မရဲ့မိခင်ဖြစ်ပါတယ်။ ကျွန်မရဲ့မိခင်က ပြောဖူးပါတယ်။ ယောက်ျားများရဲ့ကျန်းမာရေး၊ ကုသိုလ်ဖြစ်အောင် နေထိုင်ရေးဟာ မိန်းမများရဲ့ တာဝန်ပါပဲတဲ့။ ယောက်ျားများဟာ ရှေ့ကိုလောပြီး အလုပ်တွေကြိုးစားနေရင်း မိမိကိုယ်ကိုမိမိ မေ့နေတတ်ပါတယ်တဲ့။ အဲဒါကြောင့် မိန်းမများက ဂရုစိုက်ပေးရမယ်လို့ ဆိုပါတယ်။

မိန်းမများရဲ့တာဝန်ဟာ ခင်ပွန်းသည်ကို ဂရုစိုက်ရုံနဲ့ မပြီးသေးပါဘူး။ မိမိရဲ့ရင်သွေးများကို လိမ္မာယဉ်ကျေးအောင် ပညာတတ်အောင် သွန်သင်တဲ့နေရာမှာလည်း မိခင်များဟာ အခရာပါပဲလို့ ကျွန်မမိခင်က ပြောလေ့ရှိပြန်ပါတယ်။

အဲဒီလို မိခင်ရဲ့အဆုံးအမနဲ့ ကြီးပြင်းလာရတော့ သမိုင်းကိုဖတ်တဲ့အခါမှာ မိန်းမသားများရဲ့အခန်းကဏ္ဍကို ကျွန်မ ပိုပြီး သတိထားမိလာပါတယ်။ မိန်းမသားများအနေနဲ့ သမိုင်းဇာတ်ခုံမှာ အတိအလင်း နေရာယူပြီး ကပြခြင်းမပြုပေမယ့် ကန့်လန့်ကာ နောက်ကွယ်ကနေပြီး အဆင်ချောအောင် စီစဉ်ပေးနေတာ၊ ဒါမှမဟုတ် ကဖျက်ယဖျက်လုပ်နေတာကို ကျွန်မ ပိုပြီး စိတ်ဝင်စားပါတယ်။ အဲဒီအကြောင်းကို ရေးချင်တယ်ဆိုတာလည်း အစောကြီးကတည်းက စပ်မိစပ်ရာ ပြောခဲ့ဖူးပါတယ်။

မိန်းမသားများအကြောင်း ရေးတဲ့အခါမှာ တွေ့ရတတ်တဲ့ အခက်အခဲကတော့ ကိုးကားစရာ အထောက်အထား နည်းပါးတတ်တာပဲ ဖြစ်ပါတ[illegible]။ ရာဇဝင်ကျမ်းများမှာပဲဖြစ်ဖြစ်၊ ပြည်သူလူထုအကြောင်းကို ပိုပြီးအ[illegible]လေးပေး ရေးပါတယ်ဆိုတဲ့ သမိုင်းစာအုပ်များမှာပဲဖြစ်ဖြစ် မင်းခယောက်ျားများကြောင်းကို ပိုပြီးအလေးပေးကာ ရေးတတ်ကြပါတယ်။ အဲဒါကြောင့် အထောက်အထား ရသမျှကို ရှာပြီးရေးခဲ့ရပါတယ်။

ရာဇဝင်ထဲက မိန်းမသားဆိုတဲ့ခေါင်းစဉ်နဲ့ စပြီးရေးတာကတော့ စာပေဂျာနယ်မှာ ဖြစ်ပါတယ်။ ရှင်ဘို့မယ်အကြောင်းပါ။ ရှင်ဘို့မယ်အကြောင်းကစပြီး ရေးမိတာဖြစ်တဲ့အတွက် ခေါင်းစီးအမည်က အဲသလို

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားတာပါပဲ။

ရှင်ဘို့မယ်အကြောင်းဆိုရင် အကောင်းမမြင်သူများတယ်လို့ ကျွန်မ ယူဆပါတယ်။ မင်းဆက်ငါးသွယ် ရှင်ဘို့မယ် နန်းလယ်တင်သည်သာဆိုတဲ့ ကဗိလက္ခဏာဆရာရဲ့ စာချိုးကြောင့် ရှင်ဘို့မယ်ကို အတော်ယောက်ျားများတဲ့လူဆိုတဲ့အမြင်မျိုး မြင်တတ်ကြပါတယ်။ သူ့ခေတ် သူ့အခါ သူ့အခြေအနေမှာ သူဘယ်လိုကြောင့် မင်းငါးပါးနဲ့ အကြောင်းဆက်ရတာပါလိမ့်လို့ တွေးဖို့ မစဉ်းစားတတ်ကြပါဘူး။ ဒါထက်ဆိုးတာက ဆင်ကဲဘို့မယ်လို ထိုးဇာတ်မျိုး ဖြစ်ပါတယ်။ အဲဒီထိုးဇာတ်ထဲမှာ ဆင်ကဲနဲ့ ရှင်ဘို့မယ် သံယောဇဉ်တစ်မျိုးနဲ့ နောင်မှ မိလေဟန် ရေးထားတယ်လို့ ကျွန်မ နားလည်ထားပါတယ်။

ရှင်ဘို့မယ်အကြောင်းကို သေသေချာချာဖတ်ကြည့်တော့မှ (ကျွန်မအနေနဲ့) သူ့ကို တယ်ပြီး သနားစရာကောင်းတဲ့မိန်းမပါကလားလို့ မြင်မိပါတယ်။ ရုပ်ဆင်းကြန်အင်က ပြည့်စုံပါတယ်၊ အဲဒီတော့ မင်းခေါင်က အလွန်ချစ်မြတ်နိုးပါတယ်။ ဒီအထိတော့ကံကောင်းနေပါတယ်။ ဒါပေမယ့် မင်းခေါင်အကြေဘက်ကို စစ်ထွက်တဲ့အခါမှာတော့ ရှင်ဘို့မယ် ကံဆိုးဖို့ အကြောင်းပေါ်လာတာပါပဲ။ အဲဒီခေတ်က စစ်ထွက်ရင် ဘုရင်ပါတဲ့အခါမှာ နန်းတွင်းကမိဿားစုပါ အကုန်လိုလိုလိုက်ရတတ်ပါတယ်။ အကြောင်းကတော့ ကြာရှည်ကြာများ စစ်ထွက်တဲ့အခါ နောက်ကြောင်းမအေးရတတ်လို့ တစ်ပါတည်း ခေါ်ခဲ့ကြတာပါပဲ။

ကိုယ့်ဘက်က စစ်နိုင်ရင်တော့ မထောင်းသာဘူးပေါ့။ အခုတော့ ကိုယ့်ဘက်ကစစ်ရှုံးခဲ့ပြီ။ မင်းခေါင်ကိုယ်တိုင် အသက်လုပြေးရပြီ။ မိဖုရားမှ အလွန်ချစ်မြတ်နိုးတဲ့ မိဖုရား။ ဆင်ပေါ်က ကျခဲ့တာတောင်မှ မသိနိုင်ခဲ့ပါဘူး။

အဲဒီတော့ လမ်းမှာ ဆင်ပေါ်ကကျခဲ့တဲ့ မိဖုရားရှင်ဘို့မယ်ခမြာ ဘယ့်လောက်များ ကိုယ်ရောစိတ်ပါ စိတ်ဆင်းရဲခဲ့လေမလဲ။ မတွေးတတ်အောင်ပါပဲ။ ရန်သူ့လက် ကျသွားနိုင်ပါတယ်။ အစာရေစာငတ်ပြတ်ပြီး သေနိုင်ပါတယ်။ ဘယ်လိုမှ မမျှော်လင့်တဲ့ အဖြစ်ဆိုးတွေနဲ့လည်း တိုးနိုင်ပါတယ်။

ရှင်ဘို့မယ်အတွက်ကတော့ ကံကောင်းပြီး ကယ်ဆယ်မယ့် ဆင်ကဲနဲ့ အပေါင်းအပါတစ်ယောက်ကို ဆင်တစ်စီးနဲ့ အသင့်တွေ့ခဲ့ရပါတယ်။

သူ့ကို အလွန်မြတ်နိုးတယ်ဆိုတဲ့ မင်းခေါင်ကတော့ နေပြည်တော်ရောက်မှ အထောက်တော်လွှတ်ပြီး ပြန်ရှာခိုင်းတာပါ။ နေပြည်တော်ရောက်တော့လည်း သူ့ကို နန်းတော်ပေါ်ပြန်ပြီး တင်သင့် မတင်သင့် စဉ်းစားသေးတာကလား။ နောက်မှ မင်းရာဇာတင်လျှောက်လို့ အမွှေးနံ့သာများနဲ့ ရေချိုးခေါင်းလျှော်ပြီးမှ နန်းပြန်တင်ခဲ့တာပါ။

အာဏာရှိတဲ့ သက်ဦးဆံပိုင်မင်းတစ်ပါး အဲသလောက်အကဲဆတ်ပြီဆိုတော့ မိဖုရားရဲ့ အသက်သခင်ဖြစ်တဲ့ ဆင်ကဲရဲ့အသက်ဟာလည်း တဲတဲကလေး ကျန်တော့တာပါပဲ။ နောက်တော့လည်း ရှင်ဘို့မယ် အမှတ်တမဲ့ ယောင်လိုက်တာနဲ့ ဆင်ကဲကို သတ်စေခဲ့တာပါပဲ။

ဆင်ကဲသေတော့ လူးလိမ့်ပြီးငိုတယ်ဆိုတဲ့ ရှင်ဘို့မယ်ကို မြင်ယောင်ပြီး ကျွန်မ သိပ်သနားတာပါပဲ။ အဲဒါကြောင့် ရှင်ဘို့မယ်အကြောင်းကစပြီး ရေးဖြစ်တော့တာပါပဲ။ ရှင်ဘို့မယ် ကံမကောင်းတာကတော့ နိုင်ငံရေး မတည်ငြိမ်တဲ့ကာလမှာ မိဖုရားဖြစ်ခဲ့တာပါပဲ။ ရှင်ဘို့မယ်ဟာ မင်းပြောင်းမင်းလွှဲ ဖြစ်တဲ့အခါမှာ သူ့ရဲ့အသက်နဲ့ စည်းစိမ်ကို မဆုံးရှုံးရအောင် အကောက်ကြံခဲ့ရတာတွေလည်း ရှိခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ အဲသလိုဘဝမျိုးမှာ ကျင်လည်ခဲ့ရသူကို ကရုဏာနဲ့ယှဉ်ပြီး ရေးခဲ့မိတာပါပဲ။

ရှင်ဘို့မယ်နဲ့ တစ်ခေတ်ထဲမှာကြီးပြင်းခဲ့ရတဲ့ ရှင်စောပုအကြောင်းကိုလည်း စာပေဂျာနယ်မှာ ဆက်ပြီးရေးပါတယ်။ ရှင်စောပုဟာ မြန်မာနိုင်ငံမှာ တစ်ဦးတည်းသော ဘုရင်မကြီး ဖြစ်ခဲ့ပါတယ်။ သာသနာ့မိခင်ကြီးလည်း ဖြစ်ပါတယ်။ ရှင်စောပုကို အဲသလို လူသိများပေမယ့် အသက်ငယ်ငယ်ကလေးကစပြီး အလိုကြီးတဲ့ စစ်ဘုရင် ရာဇာဓိရာဇ်ရဲ့သမီးဖြစ်ရတဲ့အတွက် စိတ်သောကများခဲ့ရတာကို သိသူနည်းပါတယ်။ ပြီးတော့ စစ်ပြေငြိမ်းကြတဲ့အခါ သူ့ကို အင်းဝမင်းလက်ထဲကို ထည့်လွှတ်လိုက်ကြတဲ့အတွက် သူ့မှာ ဘယ်လောက် စိတ်ဒုက္ခရောက်ခဲ့မယ်ဆိုတာကို တွေးမိကြသူ နည်းပါတယ်။

ဘာပဲဖြစ်ဖြစ် အင်းဝကနေပြီး လွန်မြောက်လာဖို့ ရှင်စောပုလည်း ဉာဏ်ကူခဲ့ရတာပါပဲ။ ရှင်စောပု သူ့ကိုယ်သူ ဆောက်တည်နိုင်တယ်။ ဒါ့အပြင် ဟံသာဝတီသားတွေအနေနဲ့ကလည်း သူတို့ခေတ်မှာ အချင်းချင်း အာဏာလုနေခဲ့ကြတဲ့ ယောက်ျားသားများကိုလည်း စိတ်ကုန်နေတဲ့အချိန်

www.burmeseclassic.com

www.burmeseclassic.com

ရောက်ခဲ့ပါတယ်။ အဲဒီတော့ ရှင်စောပုဟာ အများလက်ခံတဲ့ ရှင်ဘုရင်မကြီး ဖြစ်လာခဲ့ရတာပါပဲ။ ဝမ်းမြောက်ဝမ်းသာရှိစရာပါပဲ။ ဒါပေမယ့် အရင်းအနှီးကတော့ မသေးလှဘူးဆိုတာ ကျွန်မ ပြောချင်ခဲ့တာပါ။

စာရေးသူရဲ့ အမှာထဲမှာ ရေးခဲ့သမျှ မိန်းမသားများအကြောင်းကို ပြန်ပြောနေရင် စာကရှည်တော့မယ်။ အဲဒီတော့ တိုတိုပဲပြောဖို့ ကြိုးစားပါမယ်။ ဘယ့်နှယ်– စပြီးချီခဲ့တန်းကတော့ မိန်းမသားတွေရဲ့ အစွမ်းအစအကြောင်းပါ။ အခုရှင်းပြနေတာကတော့လည်း သူတို့ခံခဲ့ရတဲ့ ဒုက္ခတွေအကြောင်းပါကလားလို့ ဆိုကြပေလိမ့်မယ်။ ကျွန်မခံယူတာကတော့ ရှင်ဘို့မယ်တို့ ရှင်စောပုတို့မပြောနဲ့ တစ်ဘဝလုံးမှာ ခင်ပွန်းဖြစ်သူ ရာဇာမိရာဇ်ရဲ့ ရက်စက်မှုကို ခါးသည်းစွာ ခံသွားရတဲ့ တလမေဒေါလို၊ ဖခင်ဖြစ်သူရဲ့ စစ်ရေးကိစ္စကြောင့် မျိုးမတူတဲ့သူများထံ အဆက်သခံရပြီး နိုင်ငံကို ပြန်ရောက်နိုင်သည့်တိုင်အောင် မတည်ငြိမ်တဲ့ နိုင်ငံ့အရေးများကြောင့် ကြေကွဲစရာကောင်းအောင် ဇာတ်သိမ်းမလှခဲ့တဲ့ တလမေသီရိတို့တောင်မှ သူတို့အပေါ် မတရားပြုသူများအပေါ် လက်တုံ့ပြန်နိုင်ခဲ့တယ်လို့ ကျွန်မခံယူပါတယ်။ မတရားမှုကို ပြုတဲ့သူတွေရဲ့အကြောင်းကို ဘဝနဲ့ရင်းပြီး ပြောသွားကြတာပါပဲ။

ကျွန်မရေးချင်တဲ့အကြောင်းနဲ့ ကွက်တိဝင်တဲ့ မိန်းမသားတွေကတော့ အိုလမ်ပီယပ်စ်ဖြစ်ပါတယ်။ ကွက်တိဆိုတာ အဖြောင့်မဟုတ်ပါဘူး။ ဆန့်ကျင်ဘက်ပါ။ မက်ဆီဒိုးနီးယားဘုရင် ဖိလစ်ရော သူ့သား အလက်ဇန္ဒားပါ ထက်မြက်တက်ကြွတဲ့ စစ်ဘုရင်များ ဖြစ်ကြပါတယ်။ ဇီဇသတ္တိများအနေနဲ့လည်း ရှင်သန်သူများ ဖြစ်ကြပါတယ်။ ဒါပေမယ့် အိုလမ်ပီယပ်စ်လို ကောက်ကျစ်တဲ့ စိတ်ကြီးဝင်တဲ့ မိဖုရားမျိုး၊ မိခင်မျိုးကိုရလေတော့ သားအဖနှစ်ယောက်စလုံး အနစ်နာကြီးနစ်နာကြရပါတယ်။ အုပ်ချုပ်တဲ့ဘုရင်များ နစ်နာကြပြီဆိုတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နစ်နာကြတယ်လို့ နားလည်နိုင်ပါတယ်။

ကျွန်မတို့ ပညာရေးတက္ကသိုလ်စာကြည့်တိုက်ကအထွက် ကြော်ငြာသင်ပုန်းမှာ ကုလသမဂ္ဂက ထုတ်ဝေတဲ့ ကြော်ငြာစာတစ်ရွက် ကပ်ထားတာတွေ့ရပါတယ်။ မိန်းမတစ်ယောက်ကို ပညာပေးရင်း နိုင်ငံကို ပညာပေးပါတဲ့။

ရာဇဝင်ထဲက မိန်းမသားများအကြောင်းရေးရင်လည်း အဲသလို အတွေးမျိုး ကျွန်မမှာ ရှိခဲ့တာပါပဲ။ နေရာကောင်းရသည်ဖြစ်စေ မရသည်ဖြစ်စေ ပညာဉာဏ်နဲ့ပြည့်စုံတဲ့ မိမိကိုယ်ကို ဆောက်တည်နိုင်တဲ့မိန်းမများကသာလျှင် သာယာအေးချမ်းတဲ့လောကကို ဖြစ်ထွန်းစေမယ်လို့ ကျွန်မယူဆပါတယ်။ အရေးကြီးတဲ့နေရာမှာရောက်နေရင် ပိုပြီးတော့ ဆင်ခြင်တုံတရားနဲ့ ပြည့်စုံရမှာ ဓမ္မတာဖြစ်ပါတယ်။ အဲဒီသဘောတရားကို စပိန်ဘုရင်မ အစ်ဇဘယ်လာအကြောင်းမှာ သတိထားမိကြပါလိမ့်မယ်။ ဘုရင်မက သူ့ဘာသာသူ သာသနာပြုတာတော့ မှန်ပါရဲ့။ ဒါပေမယ့် သူနဲ့ သဘောချင်း မညီတဲ့သူများမှာ သေကြကြေကြ သေတပန်သက်တစ်ဆုံး ဒုက္ခရောက်ကြရနဲ့၊ မိန်းမသားတစ်ယောက်ရဲ့ဒဏ်ကို ခံခဲ့ကြရပါတယ်။

ပြောပြတဲ့အကြောင်းများအပြင် ကျွန်မတတ်အားသမျှ လေ့လာသမျှ ခံစားတင်ပြခဲ့တဲ့ မိန်းမသားများအကြောင်းကို စာဖတ်သူများ လက်ခံလိမ့်မယ်။ စိတ်ဝင်စားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

စာရေးတာ အချိန်အတော်ကြာလာပြီဖြစ်ပေမယ့် စာအုပ်အဖြစ်ရောက်တာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ အဲဒီပထမဆုံးစာအုပ်နဲ့ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက သွန်သင်ပြသဆုံးမခဲ့တဲ့ စာဖတ်တဲ့ဝါသနာကို မြေတောင်မြှောက်ပေးခဲ့တဲ့ မိဘနှစ်ပါးကို ပူဇော်လိုပါတယ်။ ဒါ့အပြင် ငယ်စဉ်ကအစ အခုအချိန်အထိ တော်စပ်ရတဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကို ကန်တော့လိုပါတယ်။

ကျွန်မရေးသမျှစာများကို ဦးစွာဖတ်ရှုဝေဖန်ပေးသူ ခင်ပွန်းသည်ကို ကျေးဇူးတင်ကြောင်း ပထမ ပြောလိုပါတယ်။ ကျွန်မရဲ့ မိန်းမသားများအကြောင်းကို စာတစ်အုပ်ရသည်အထိ နှစ်ပေါက်အောင်စောင့်ပြီး ထုတ်ဝေပေးတဲ့ ပန်းအိစံစာပေက ကိုအောင်ကြင်နဲ့ ရောင်းရင်း ကိုနိုင်မာတို့ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

ဒေါက်တာမတင်ဝင်း
ပညာရေးတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ထဲကမိန်းမသား ဒုတိယအကြိမ်အတွက်အမှာ

ရာဇဝင်ထဲကမိန်းမသား ပထမအကြိမ် ထုတ်ဝေခဲ့စဉ်က စာဖတ်သူများ၏ အားပေးမှုကို ရရှိခဲ့သဖြင့် ကျေးဇူးတင်ရပါသည်။ သို့သော် ကျွန်မမှာ ဝမ်းမသာနိုင်ခဲ့ပါ။ စာဖတ်သူများကို လွန်စွာအားနာနေခဲ့ပါသည်။

အကြောင်းမှာ ပထမအကြိမ် ထုတ်ဝေရာတွင် ကျွန်မတို့ကောင်းစွာ တည်းဖြတ်ခြင်း မပြုခဲ့ကြသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် စာလုံးများ ကျနေခြင်း၊ စာပိုဒ်နေရာလွဲနေခြင်း၊ ဆောင်းပါးများကို ပါဝင်ခဲ့သည့်ခုနှစ်များ၊ လများအလိုက် စီစဉ်ရာတွင်ပင် လွဲနေခြင်းတို့ ရှိခဲ့ပါသည်။ ထိုသို့သော ချို့ယွင်းချက်များနှင့် ပတ်သက်၍ ထုတ်ဝေသူကို ကျွန်မ အပြစ်မတင်လိုပါ။ ကျွန်မ၏ ဝီရိယနည်းပါးမှုသည်သာ အခြေခံအပြစ်ဖြစ်ပါသည်။

ထိုသို့သော အကြောင်းများနှင့် ပတ်သက်၍ပင် ထုတ်ဝေသူကို ကျွန်မ အပြစ်မတင်လိုပါလျှင် ထုတ်ဝေသူနှင့် လုံးဝမသက်ဆိုင်သော ကျွန်မ၏ ချို့ယွင်းချက်ကို ကျွန်မ ဝန်ခံရပါဦးမည်။

အဌမဟင်နရီ၏မိဖုရားများအကြောင်း ရေးသားသည့် ဆောင်းပါးတွင် အမှားတစ်ချက် ပါပါသည်။ ဟင်နရီ၏ ပထမဆုံးမိဖုရား ကက်သရင်းထွက်တော်မူနန်းကခွာရာတွင် ပါသွားသောသမီးတော်မှာ ကက်သရင်း၏ တစ်ဦးတည်းသောသမီးတော် မေရီဖြစ်ပါသည်။ ကျွန်မ 'အန်' ဟု တစ်နေရာမက မှားယွင်းဖော်ပြခဲ့ပါသည်။ ထိုအချက်အတွက် ကျွန်မ တောင်းပန်လိုပါသည်။

❒ ❒ ❒

ရာဇဝင်ထဲက မိန်းမသားကို ဖတ်ရှုအားပေးသူများဟု ကျွန်မဆိုရာတွင် ကောင်းပါသည်၊ ကြိုက်ပါသည်ဟု ပြောကြသူများသာမက အရေးတယူဖတ်ရှု၍ မကြိုက်သည့်အပိုင်းကို ဝေဖန်ကြသူများလည်း ပါပါသည်။ ဝေဖန်သည့် ဆရာတို့ကို ကျေးဇူးများစွာ တင်ရပါသည်။

ကျွန်မသည် မိန်းမသားများ၏အကြောင်းကို ရေးသားရန် ကြံစည်စိတ်ကူးနေခဲ့သည်မှာ ကြာခဲ့ပါပြီ။ သို့သော် မိန်းမသားများ၏အကြောင်းနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာများကို ရှာဖွေရာတွင် ခက်ခဲပါသည်။ မိန်းမသားများ၏အကြောင်းသည် မင်းယောက်ျားများ၏အကြောင်းလောက် အလွယ်တကူရှာဖွေ၍မရပါ။ ထို့ကြောင့် ကျွန်မရေးသားချင်သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ မိခင်များအကြောင်း၊ ဇနီးမယားများအကြောင်းကို မရေးနိုင်သေးဘဲ ရှာဖွေတွေ့ရှိသောအကြောင်းအရာများတွင်သာ အာရုံဝင်စားကာ ထုတ်ဝေခဲ့ပြီးသော ရာဇဝင်ထဲက မိန်းမသားများအကြောင်းကို ရေးရခြင်း ဖြစ်ပါသည်။

ထိုသို့ရေးရာတွင် မိန်းမသားများဘက်က ရှေ့နေလိုက်လိုခြင်း၊ သူတို့ကို ကာကွယ်လိုခြင်း စသည့် ကြိုတင်စိတ်ကူးစိတ်သန်းများ ထားခဲ့ခြင်း မရှိပါ။ ကျွန်မဘာသာ စာဖတ်ရင်း ပေါ်ပေါက်လာသည့် ခံစားမှုကိုသာ အလေးထား၍ရေးသားပါသည်။ ထိုအခါ မိန်းမတစ်ယောက်ရေးသည့် စာအုပ်ပီပီ မိန်းမသားများအပေါ် ကရုဏာသံပါပါနှင့် ရေးသားမိသည်ကိုလည်း သဘာဝကျသည်ဟုပင် ကျွန်မ ထင်ပါသည်။

ကျွန်မသည် ရှင်မင်းနု၏အကြောင်းကို ရေးသားရာတွင်ပင် သူ့ကို ကြင်နာသောစိတ်ရင်းစေတနာအခြေခံနှင့်သာ ရေးပါသည်။ ရှင်မင်းနုကဲ့သို့သော မိန်းမသားများမှာ ပညာနှင့်သတိ လိုအပ်သည်ဆိုသည့်အချက်ကို စဉ်းစားမိသည့်အတိုင်း ထည့်သွင်းထားခြင်းဖြစ်ပါသည်။

စာဖတ်သူတစ်ဦးက ရှင်မင်းနုကဲ့သို့သော မိဖုရားခေါင်ကြီးကို သာမန်အရပ်သူအဖြစ် မရေးသင့်ကြောင်း၊ စာပေအထောက်အထားတွင် မင်းမျိုးမှ ဆင်းသက်လာသူဟု တွေ့ရကြောင်း စာရေးသားခဲ့ဖူးပါသည်။

ကျွန်မသည် မိန်းမသားများအကြောင်းကိုသာမက မင်းယောက်ျားများအကြောင်းကိုပါ ဖတ်ရှုလေ့လာရာတွင် သာမန်မျိုးရိုးမှ ထီးနန်းဆက်ခံရသူများမှာပင် အနွယ်အဆက် မပြတ်သောမင်းရိုးဖြစ်သည့်အကြောင်း ရေးသားထားသည့် စာများကို တွေ့ရတတ်ပါသည်။

သို့သော် ထိုစာများသည် ကိုးစားရန် ခက်ခဲသည်သာမက ထိုကဲ့သို့ အနွယ်အဆက်များ၏ ပံ့ပိုးမှုများမပါသည့်တိုင် ထက်မြက်သော ကိုယ်ရည်ကိုယ်သွေးရှိသူများ၏အကြောင်းကို ပိုမိုစိတ်ဝင်စားပါသည်။ ထို့ကြောင့်ပင် အနွယ်အဆက်များအကြောင်းကို ထည့်သွင်းမဖော်ပြဘဲ ချန်ထားမိခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တို့အပြင် ကျွန်မရေးသားသည့် ပုံစံမှာ ဆောင်းပါးပုံစံများဖြစ်နေပါသည်။ အကယ်၍ သုတေသနစာတမ်းပုံစံဖြင့် ရေးလျှင်မူ မှတ်တမ်းမှတ်ရာများကို အကုန်ရှာဖွေဖတ်ရှု၍ တွေ့ရှိသမျှကို ရည်ညွှန်းစာများနှင့်တကွ ပြည့်စုံစွာ ဖော်ပြရမည်သာ ဖြစ်ပါသည်။

ထိုသို့သောနည်းဖြင့် ကျွန်မ၏ ရာဇဝင်ထဲက မိန်းမသားများအကြောင်းကို ကျွန်မပြောမိလျှင် မူလကပင် ရာဇဝင်ဆိုလျှင် ပျင်းချင်တတ်သောသူများက ရာဇဝင်ဆိုလျှင် ရှောင်ချင်သွားမှာ စိုးရပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်မရေးသောမိန်းမသားများ၏ ရာဇဝင်ကို ဖတ်ရတာ မပျင်းဘူး စိတ်ဝင်စားတယ်ဟု ဆိုကြသူများကို ထပ်မံ၍ ကျေးဇူးတင်ရပါသည်။

ကျွန်မ ဆောင်းပါးရေးလျှင် ကျွန်မတွေးမိသလို၊ ကျွန်မခံစားမိသလို ရေးဆွဲထားသော ကောက်ချက်များ ပါတတ်ပါသည်။ ကောက်ချက်များအားလုံးမှန်မည်ဟု ကံသေကံမ ကျွန်မမပြောသာပါ။ သို့သော် အကြောင်းအရာများဆိုသည်မှာ ဖတ်ရုံမှတ်ရုံနှင့်မပြီး၊ တွေးကာအဖြေရှာဖို့လည်း အရေးကြီးသည်ဟု ကျွန်မတင်ပြလိုပါသဖြင့် ဤကဲ့သို့ ရေးရခြင်း ဖြစ်ပါသည်။

ပထမအကြိမ်ထုတ် ရာဇဝင်ထဲကမိန်းမသားစာအုပ်ပါ ကောက်ချက်များနှင့် ပတ်သက်၍ ကျွန်မဘာမှ မပြင်ဆင်လိုပါ။ ကျေနပ်နေဆဲသာဖြစ်ပါသည်။

❐ ❐ ❐

ရာဇဝင်ထဲက မိန်းမသားစာအုပ် ထပ်မံထုတ်ဝေနိုင်ခြင်းအတွက် အားပေးကြသူများကို အထူးကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောပြီးသည့်နောက် ကျွန်မမှာ ကျေးဇူးထပ်မံတင်သင့်သူများ ရှိနေပါသေးသည်။

ထိုသူတို့မှာ ကျွန်မစာရေးသားရာတွင် အစဉ်တစိုက် အားပေးသမှုပြုခဲ့သော ခင်မွန်းသည်နှင့်သမီး၊ ထုတ်ဝေသူ ပန်းအိစံစာပေမှ ကိုအောင်ကြင်တို့ ဖြစ်ကြပါသည်။

ဒေါက်တာမတင်ဝင်း
ပညာရေးတက္ကသိုလ်
၁၄-၁၁-၉၃

## ရာဇဝင်ထဲကမိန်းမသား<br>တတိယအကြိမ်အတွက်စာရေးသူ့အမှာ

ရာဇဝင်ထဲက မိန်းမသားသည် ကျွန်မအတွက် ပွဲဦးထွက်စာအုပ်ဖြစ်ပါသည်။ ယနေ့အမှာစာရေးနေချိန်တွင် ကိုးအုပ်မြောက်စာအုပ်ထုတ်ဝေပြီးပါပြီ။ စာအုပ်တိုင်းသည် သူ့နည်းသူ့ဟန်နှင့် ကျော်ကြားပါသည်။ အောင်မြင်ပါသည်။ သို့သော် ရာဇဝင်ထဲက မိန်းမသားစာအုပ်ကိုတော့ မကျော်နိုင်ပါ။ တွေ့သည့်လူတိုင်းက ရာဇဝင်ထဲက မိန်းမသားစာအုပ် ရနိုင်သေးသလား၊ ပြန်မထုတ်သေးဘူးလားဟု မေးတတ်မြန်းတတ်ကြပါသည်။

ကျွန်မကိုလည်း ရာဇဝင်ထဲက မိန်းမသားဟု ညွှန်းဆိုကြသည်အထိပင် ထိုစာအုပ်က ကျွန်မ၏ဘဝကို ကောင်းစွာ စိုးမိုးခဲ့ပါသည်။ ထို့အတွက် ကျွန်မဝမ်းသာရပါသည်။

ယနေ့လည်း ဝမ်းသာစွာဖြင့် အားမာန်သစ်စာပေမှ ရာဇဝင်ထဲက မိန်းမသားကို တတိယအကြိမ် ပြန်လည်ထုတ်ဝေလိုက်ပါသည်။ ဒုတိယအကြိမ်တုန်းက ပြန်လည်စိစစ်ပြင်ဆင်ခဲ့ရသောအချက်များ ရှိခဲ့သော်လည်း တတိယအကြိမ်မှာ ပြန်လည် ပြင်ဆင်စရာမလိုတော့ဘဲ အစစအရာရာ သန့်စင်အောင်သာ စီစဉ်ခဲ့ကြရပါသည်။

ရာဇဝင်ထဲကမိန်းမသား စတင်သန္ဓေတည်ရာ စာအုပ်မှာ စာပေဂျာနယ်ဖြစ်ပါသည်။ စာပေဂျာနယ် ခေတ်ရပ်နားချိန်တွင် ကလျာမဂ္ဂဇင်း၌ ဆက်လက် အသက်ဝင်ခဲ့သော ရာဇဝင်ထဲက မိန်းမသားဆောင်းပါးဦးရေမှာ များပါသည်။ ထိုထိုသော ဆောင်းပါးများထဲမှ အပုဒ် ၂၀ ကို ရွေး၍ စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

အခြားအမှာစာများတွင် ရေးဖူးခဲ့သည့်အကြောင်းအရာကိုပင် ထပ်၍ ရေးသားလိုပါသည်။ ရာဇဝင်ထဲက မိန်းမသားကို ရေးသားရန် ရည်ရွယ်စဉ်က ယနေ့ဆောင်းပါးများနှင့် အနည်းငယ်ကွဲပြားပါသည်။ ဦးတည်ချက်ကို ဆိုလိုပါသည်။ ကျွန်မရေးလိုခဲ့သော ဆောင်းပါးများမှာ ကျော်ကြားသော မင်းယောက်ျားများကို သူတို့၏မိခင် သူတို့၏ဇနီးမယားတို့က မည်ကဲ့သို့ ကူညီလိုက်သည်။ အဘက်ဘက်က အဆင်ပြေအောင် မည်ကဲ့သို့ ဆောင်ရွက်ပေးလိုက်သည် စသည့်အချက်တို့ကို အသားပေးရေးရန် ရည်ရွယ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

ထိုကဲ့သို့သောအကြောင်းကိုရေးရန် တကယ်တမ်း စာပေအထောက်အထားများကို ရှာဖွေ ဖတ်ရှုသည့်အချိန်ကျမှ မိန်းမတို့နှင့် ပတ်သက်သည့် စာပေအထောက်အထား အလွန်နည်းပါးကြောင်းသိရပါသည်။ ထို့ကြောင့် သိနိုင်သော ဖတ်နိုင်သော အချက်အလက်များကို စုဆောင်းကာ ထိုအကြောင်းအရာများအပေါ် ကျွန်မရှုမြင်မိသလို သုံးသပ်ခံစား၍ လစဉ် တစ်စောင်ပြီးတစ်စောင်ရေးသားသွားသော ဆောင်းပါးများကို စုစည်းလိုက်သည့်အခါ ရာဇဝင်ထဲက မိန်းမသား ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

ရာဇဝင်ထဲက မိန်းမသားကြောင့် ကျွန်မမှာ သွားလေရာရာ အသိအကျွမ်းများ တိုးပွားခဲ့ရပါသည်။ သဘာဝကျစွာပင် တိုးပွားသော အသိအကျွမ်းများမှာ မိန်းမသားများ ဖြစ်ကြပါသည်။ မိန်းမသားများ၏ဘဝကို နားလည်ပေးလို့ဟု ပြောကြပါသည်။

မိန်းမသားများကို နားလည်ရန်မှာ မိန်းမဖြစ်သော ကျွန်မအတွက် မခက်လှဟု ယူဆနိုင်ပါသည်။ သို့သော် လောက၏သဘောမှာ ထွေပြားတတ်သည်ဖြစ်ရာ ကျွန်မနားမလည်သောအကြောင်းများလည်း ရှိနေဦးမည်သာ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ရာဇဝင်ထဲက မိန်းမသား စတင်ထုတ်ဝေသည့်အချိန်မှစ၍ ထိထိနိုက်နိုက် ဝေဖန်ခဲ့သော(တစ်ယောက်လောက်သာပါလေ) ဝေဖန်ရေးဆရာများကိုလည်း အားပေးအားမြှောက်ပြုကြသောသူများကို ကျေးဇူးတင်သကဲ့သို့ပင် ကျွန်မကျေးဇူးတင်လျက်ရှိပါသည်။ အကြောင်းမှာ မကောင်းဘူးဟု ပြောသောသူက ကျွန်မကို မမှားအောင် ဝီရိယထားစေခဲ့ပါသည်။ ကောင်းတယ်ဟု ပြောကြသောသူများကလည်း ကျွန်မကို ပိုမိုကြိုးစားကာ ပိုမို၍ သဘောထားမှန်အောင် သတိထားဖို့ တိုက်တွန်းနေကြသည်ဟု ခံစားရပါသည်။

လူ့ဘဝကို ရှုပ်ထွေးသည် စိတ်ပျက်ဖွယ်အတိဖြစ်သည်ဟု ထင်ပါက စိတ်အားလျော့ပါးသွားနိုင်ပါသည်။ တရားနှင့် မယှဉ်သော အတွေးကို ဆိုလိုပါသည်။ ထို့အတူ စာပေနယ်ကို ရှုပ်ထွေးသည်၊ အချင်းချင်း မသင့်မြတ်ကြသည့်နယ်မြေဖြစ်သည်ဟု ယူဆပါက စာပေနယ်တွင် ဆက်လက်နေရန် စိတ်ပျက်သွားနိုင်ပါသည်။

ကျွန်မကတော့ စာပေနယ်သည် တူညီမှုများ မတူညီမှုများ ပဋိပက္ခများ တွဲရေးများ ခွဲရေးများဖြင့် အလွန်ပင် စိတ်ဝင်စားဖွယ်ကောင်းသော နယ်မြေတစ်ခုဖြစ်သည်။ မတူညီသောသူများအနေဖြင့်လည်း မိမိ၏တက်လမ်းကို ကူညီနေသောသူများဖြစ်သည်ဟု ယူဆရင်း လွန်စွာပျော်ရွှင်နေသောသူ ဖြစ်ပါသည်။

ထို့ကြောင့် အကြိမ်ကိုထည့်မတွက်လျှင် ဆယ်အုပ်မြောက်ဟုဆိုနိုင်သော ဤရာဇဝင်ထဲကမိန်းမသားစာအုပ်ကို ပြန်လည် ထုတ်ဝေရခြင်းအတွက် ဝမ်းသာစကားနှင့်အတူ ပျော်မွေ့ဖွယ်ကောင်းသော နယ်ပယ်ထဲမှ တူညီသူများကိုရော၊ မတူညီသူများကိုပါ မေတ္တာပို့သလိုက်ရပါသည်။

ဒေါက်တာမတင်ဝင်း
ပညာရေးတက္ကသိုလ်
၂၁.၈.၉၆

www.burmeseclassic.com

www.burmeseclassic.com

တရေးသူ၏အမှာ
တရေးသူ၏ ဒုတိယအကြိမ်အမှာ
တရေးသူ၏ တတိယအကြိမ်အမှာ


| | | |
|---|---|---|
| ၁။ | ရှင်ဘို့မယ် | ၁ |
| ၂။ | တလမေသီရိ | ၁၃ |
| ၃။ | ရှင်စောပု | ၂၃ |
| ၄။ | စစ်ကိုင်းမင်းရဲ့ရှင်မင်းနု | ၃၅ |
| ၅။ | ရာဇဒေဝကလျာ | ၄၇ |
| ၆။ | ကျွန်စစ်မင်း၏ မိဖုရားများ | ၅၉ |
| ၇။ | ရာဇာဓိရာဇ်၏ မိဖုရားများ | ၇၁ |
| ၈။ | အရီးတော် မဟာဒေဝီ | ၈၃ |
| ၉။ | နရသီဟပတေ့၏မိဖုရားကြီး ဖွားစော | ၉၃ |
| ၁၀။ | အနောက်နန်းမိဖုရား မမြကလေး | ၁၀၃ |
| ၁၁။ | ဆင်ဖြူမရှင် | ၁၁၃ |
| ၁၂။ | လှိုင်ထိပ်ခေါင်တင် | ၁၂၇ |
| ၁၃။ | အဌမဟင်နရီ၏ မိဖုရားများ | ၁၃၉ |
| ၁၄။ | ဘုရင်မ အဲလိဇဘက်လာ | ၁၄၉ |
| ၁၅။ | နပိုလီယံ၏ မိဖုရားများ | ၁၅၉ |
| ၁၆။ | စကော့ဘုရင်မ မေရီ | ၁၇၁ |
| ၁၇။ | ကက်သရင်းမယ်ဒီစီ | ၁၈၃ |
| ၁၈။ | အိုလမ်ပီယပ်စ် | ၁၉၃ |
| ၁၉။ | အင်္ဂလိပ်ဘုရင်မ မေရီကျူဒါ | ၂၀၃ |
| ၂၀။ | မာရီအင်တွိုင်းနက် | ၂၁၃ |




ရှင်ဘို့မယ်

www.burmeseclassic.com

www.burmeseclassic.com

# ရှင်ဘို့မယ်

ပဒေသရာဇ်ခေတ်မှာ သက်ဦးဆံပိုင်ဘုရင်ဟာ အရာရာကို ပိုင်စိုးသူ အာဏာရှင်ဖြစ်ပါတယ်။ သူအုပ်စိုးတဲ့နိုင်ငံနှင့်တကွ သက်ရှိသက်မဲ့ဟူသမျှ ကို ဘုရင်ကပိုင်ပါတယ်။ ဘုရင်သည် အရှင်သခင်ဖြစ်ပြီး ကျန်တဲ့သူဟူ သမျှကိုတော့ ကျွန်ရယ်လို့မှတ်ယူကြပါတယ်။

အဲဒီလို ပဒေသရာဇ်ခေတ်က မိဖုရားများအဖြစ် ရာဇဝင်မှာ စာတင် ခံကြသူများဟာလည်း ကိုယ်ပိုင်ဘဝထက် ဘုရင်ပိုင်ဘဝမှာ နေခဲ့ကြရပါ တယ်။ သူတို့ဟာ ဘုရင်ကိုအမှီပြုပြီးနေရတော့ သူတို့ဘဝ အတက်အကျ ဟာ ဘုရင်နဲ့တိုက်ရိုက်ဆက်စပ်နေပါတော့တယ်။ သဘောထားကြီးသော၊ တော်တည့်မှန်ကန်သော၊ မိမိကိုချစ်မြတ်နိုးသော ဘုရင်များရဲ့ မိဖုရားများ မှာတော့ ဘဝဟာ အခြေအနေကောင်းတတ်ပါတယ်။ ရက်စက်သော၊ အမျက်စောင်မာန်ကြီးသော ဘုရင်တို့ရဲ့မိဖုရားများဟာ အခြေအနေဆိုး များနဲ့ ရင်ဆိုင်ရတတ်ပါတယ်။ ဘုရင်ရဲ့ချစ်မြတ်နိုးခြင်းကို လက်လွှတ် ဆုံးရှုံးပြီဆိုရင်လည်း မိဖုရားများရဲ့ဘဝဟာ ဆားမကင်းဖြစ်တတ်ပါတယ်။

ကျွန်မဟာ အင်းဝခေတ် ရာဇဝင်ထဲက ရှင်ဘို့မယ်အကြောင်းကို ဖတ်မိတဲ့အခါတိုင်း သနားခြင်းကြီးစွာဖြစ်ရပါတယ်။ ရှင်ဘို့မယ်ဟာ မာနကြီးတယ်။ကောက်ကျစ်တယ်လို့ ရာဇဝင်မှာ စာတင်ထားလျက်သား နဲ့ ဘာလို့သနားရတာလဲလို့မေးရင်တော့ ကိုယ်ပိုင်ဘဝ မရှိရှာလို့ပါပဲလို့ ဖြေရမယ်ဖြစ်ပါတယ်။

မင်းဆက်ငါးသွယ် ရှင်ဘို့မယ်၊ နန်းလယ်တင်သည်သာဆိုတဲ့ ကဝိလက္ခဏာ သတ်ပုံဆရာရဲ့ စာချိုးအတိုင်း မင်းငါးဆက်တိုင် မိဖုရား မြှောက်ခြင်းခံရသူအဖြစ် ရှင်ဘို့မယ်အကြောင်းကို ရာဇဝင်ထဲမှာ ဖတ်ရှုရပါ



တယ်။ ရှင်ဘို့မယ်ဟာ မင်းကြီးစွာစော်ကဲရဲ့နှမတော် စောမြတ်နဲ့ သီယံသူ စောနောင်းတို့ ပေါင်းဖက်ရာမှ ဖွားမြင်သူ သီယံသူငယ်ရဲ့သမီး ဖြစ်ပါ တယ်။ အဲဒီတော့ မင်းကြီးစွာစော်ကဲရဲ့ မြေးတော်ဖြစ်ပါတယ်။

ရှင်ဘို့မယ်နဲ့ ပထမဆုံး လက်ဆက်ခဲ့သူမင်းခေါင်ကြီးဟာ ရှင်ဘို့မယ် နဲ့ဆိုရင် ဦးလေးတော်သူ ဖြစ်ပါတယ်။ မင်းခေါင်းကွယ်လွန်တဲ့အခါမှာ နန်းတက်ခဲ့သူ ဆင်ဖြူရှင်သီဟသူကလည်း သူ့ရဲ့မိထွေးတော်သူ ရှင်ဘို့မယ် ကို ဆက်လက်ပြီး မိဖုရားမြှောက်ခဲ့ပါတယ်။ သီဟသူကွယ်လွန်တဲ့အခါမှာ မင်းလှငယ်၊ ကလေးကျေးတောင်ညို့နဲ့ မိုးညှင်းသတိုးတို့ဟာ ရှင်ဘို့မယ်ကို ဆက်လက်မိဖုရားမြှောက်သူများ ဖြစ်ကြပါတယ်။

အဲဒီလိုမင်းငါးဆက်မိဖုရားမြှောက်ခြင်းခံရတဲ့အကြောင်းရင်းများဟာ သူလက်ဆက်ခဲ့တဲ့မင်းများရဲ့ သက်တမ်းတိုမှု၊ နန်းတွင်းရေးရှုတ်ထွေးလို့ မင်းပြောင်းမင်းလွှဲလည်း မြန်မှုတို့ဖြစ်ကြပါတယ်။ ပထမဆုံး မိဖုရား မြှောက်သူ မင်းခေါင်ဟာအသက် ၂၈ နှစ်အရမှာ နန်းတက်ခဲ့သူဖြစ်ပြီး နန်းစံသက် ၂၁ နှစ်သာရှိပါတယ်။ အသက် ၄၉ မှာ ကွယ်လွန်ပါတယ်။ သူ့ရဲ့သား ဆင်ဖြူရှင်သီဟသူကတော့ အသက် ၂၇ နှစ်မှာ နန်းတက်ပြီး၊ နန်းသက် ၄ နှစ်ပဲ ရှိပါတယ်။ အသက် ၃၁ နှစ်မှာ ရန်သူနဲ့ရင်ဆိုင်တိုက်ရင်း ကျဆုံးပါတယ်။ သူ့ရဲ့သားတော် မင်းလှငယ်ဟာ ဖခင် စစ်ပွဲမှာကျတဲ့ အချိန်မှာ အသက် ၉ နှစ်သာ ရှိပါသေးတယ်။ မှူးမတ်များက နန်းတင်ပြီး ရှင်ဘုရင် လုပ်နိုင်းလို့သာ ရှေးထုံးစံအရ ရှင်ဘို့မယ်ဟာ မိဖုရားဖြစ်ခဲ့ရှာ တာပါ။ အဲဒီမင်းကလေးဟာ နန်းစံသက် ၃ လမှာ အဆိပ်မိပြီး ကွယ်လွန်ခဲ့ ပါတယ်။

မင်းလှငယ်ရဲ့နောက် နန်းတက်သူ ကလေးကျေးတောင်ညို ဖြစ်ပါ တယ်။ သူဟာအသက် ၄၁ နှစ်မှာ နန်းတက်ခဲ့ပြီး နန်းစံသက် ၇-လမျှသာ ရှိပါတယ်။ စစ်ပြေးရင်း လမ်းမှာရုတ်တရက် နာပြီးကွယ်လွန်ခဲ့ပါတယ်။ မိဖုရားအဖြစ် ရှင်ဘို့မယ်ကို နောက်ဆုံးကောက်ယူသူကတော့ မိုးညှင်းသတိုး ဖြစ်ပါတယ်။ အသက် ၄၇ နှစ်မှာ နန်းတက်ပြီး နန်းစံသက် ၁၃ နှစ်ရှိသူ ဖြစ်ပါတယ်။ အသက် ၆၀ မှာ ကွယ်လွန်ခဲ့ပါတယ်။

ရှင်ဘို့မယ်နဲ့ လက်ဆက်ခဲ့သူမင်းများရဲ့ သက်တမ်းနဲ့ ကွယ်လွန် ကြပုံကိုအနုလိုအကြမ်းဖျင်းကြည့်လိုက်ရင်တောင်မှ အဲဒီခေတ်ကနိုင်ငံရေး

www.burmeseclassic.com



အခြေအနေဟာ မတည်ငြိမ်ဘူးဆိုတာ သိနိုင်ပါတယ်။ ရှင်ဘို့မယ်ရဲ့ဘဝကိုသိနိုင်ဖို့ သူ့ရဲ့ရန်းကန်မှုများကို သိနိုင်ဖို့အတွက် ရာဇဝင်ကို အကျယ်တဝင့်လေ့လာဖို့ လိုပါတယ်။

ရာဇဝင်မှာ ရှင်ဘို့မယ် ဘယ်အရွယ်မှာ မိဖုရားဖြစ်တယ်။ ဘယ်လိုအဆင်းကြန်အင်နဲ့ ပြည့်စုံတယ်ဆိုတာကို ရေးထားတာ မတွေ့ရပါဘူး။ မှန်းကြည့်ရမှာ ဖြစ်ပါတယ်။ မင်းခေါင်ဟာ နန်းတက်ပြီးနောက် တစ်နှစ်ကြာမှ ရှင်ဘို့မယ်ကို မိဖုရားခေါင်မြှောက်ပါတယ်။ မင်းခေါင်နန်းတက်တော့ ၂၈ နှစ်ရှိပါပြီ။ မင်းခေါင်ရဲ့ အဖေတူအမေကွဲအစ်ကို သူ့အရင်နန်းတက်ခဲ့သူ ဆင်ဖြူရှင်တရဖျားမှာ ကျေးတောင်ညိုလို့ခေါ်တဲ့ သားတစ်ပါးရှိပါတယ်။သူဟာရှင်ဘို့မယ်ရဲ့ စတုတ္ထမြောက်ခင်ပွန်းဖြစ်လာမည့်သူပါ။ ရှင်ဘို့မယ်နဲ့ ကျေးတောင်ညိုတို့ဟာ ငယ်စဉ်က ချစ်ခင်စုံမက်ကြဖူးတယ်လို့ဆိုပါတယ်။အဲဒီကျေးတောင်ညိုဟာ မင်းခေါင်ထက် ၁၂ နှစ်ငယ်ပါတယ်။ အဲဒီတော့ ရှင်ဘို့မယ်ကို ကျေးတောင်ညိုနဲ့ ရွယ်တူထားပြီး စဉ်းစားရင် သူ မိဖုရားဖြစ်တဲ့အချိန်မှာ ၁၇ နှစ်လောက်ရှိပြီလို့ မှန်းဆနိုင်ပါတယ်။ ရှင်ဘို့မယ်နဲ့ ကျေးတောင်ညိုတို့ နှစ်ဦးစလုံးဟာ မင်းကြီးစွာစော်ကဲရဲ့မြေးများဖြစ်ကြပါတယ်။

ရှင်ဘို့မယ် မိဖုရားဖြစ်လာတဲ့အချိန်ဟာ ဟံသာဝတီနဲ့အင်းဝအကြားဖြစ်ပွားတဲ့ စစ်ပွဲကြီး အရှိန်ပြင်းနေချိန် ဖြစ်ပါတယ်။ အဲဒီတော့ ရှင်ဘို့မယ်ရဲ့ ကိုယ်ရေးကိုယ်တာများဟာ စစ်ပွဲနဲ့တိုက်ရိုက် ပတ်သက်နေပါတယ်။

မင်းခေါင်ဟာ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်နဲ့စစ်ပြိုင်ဖို့ အောက်မြန်မာနိုင်ငံကို ကိုယ်တိုင်ချီတက်ခဲ့ပါတယ်။ အဲဒီလို စစ်ချီတဲ့အခါမှာ အင်းဝကို မြို့စောင့်မှူးလောက်သာထားပြီး မင်းညီမင်းသား၊ မင်းသမီးများနဲ့ မိဖုရားများပါမကျန် စစ်ချီရာကို လိုက်ကြရပါတယ်။ အဲဒီလိုနည်းနဲ့ စစ်ချီတတ်တာကတော့ အဲဒီခေတ်က ထုံးစံဖြစ်ပါတယ်။

မင်းခေါင်ဟာ စစ်ရေးမှာ ရှုံးနိမ့်တဲ့အတွက် အလျှင်အမြန်ပြန်ပြီးဆုတ်ခွာခဲ့ရပါတယ်။ အဲဒီလို ဆုတ်ခွာခဲ့ရတဲ့ အခါမှာ ရှင်ဘို့မယ်ဟာ သူ့ရဲ့ဆင်ပေါ်ကကျပြီး ကျန်ခဲ့ပါတယ်။ ရှင်ဘို့မယ်ကျတဲ့နေရာဟာ ချောင်းတစ်ခုအနားမှာ ဖြစ်တဲ့အတွက် သူဟာကျူပင်တွေကြားမှာ ပုန်းပြီး ကယ်ယူမယ့်သူများကို စောင့်စားနေခဲ့ပါတယ်။ မင်းခေါင်ရဲ့တပ်များဟာ အပြင်း

BURMESE CLASSIC .com



ဆုတ်ခွာသွားကြပါပြီ။ နောက်ဆုံးမှာ အသွားနှေးလွန်းလို့ ကျန်နေရစ်တဲ့ဆင်ကတော့ ရဲမြတ်စွာလို့ခေါ်တဲ့ ဆင်ဖြစ်ပါတယ်။ အဲဒီဆင်မှာဆင်ကဲ၊ ဆင်ဦးစီးနဲ့ ကုန်လယ်စီးတို့ပါ ပါတယ်။ သူတို့ဟာ စစ်နောက်ဖျားကနေပြီး လိုက်လာတဲ့ ရန်သူများကိုပြန်ပြီး တွန်းလှန်ရင်း ဆုတ်ခွာလာနေပါတယ်။

ရှင်ဘို့မယ်ဟာ ရဲမြတ်စွာ သူ့အနားကို ဖြတ်သွားတော့ အော်ခေါ်ရှာပါတယ်။ မိဖုရားရဲ့ အော်ခေါ်သံကို ကြားပြီးတဲ့နောက် သူ့ကိုကယ်ကြရမယ့်အချိန်မှာ ဆင်ကဲက ငါတော့ သေဘောရောက်ပြီ၊ မင်းသတိထားပါလို့ ဆင်ဦးစီးကို လှမ်းပြောလိုက်ပါတယ်။ အကြောင်းကဒီလိုပါ။ မိဖုရားကိုသူတို့တွေ့လျက်နဲ့ မကယ်ခဲ့ရင် နောက်ကလိုက်လာတဲ့ရန်သူရဲ့လက်ထဲကို မိဖုရားရောက်သွားမယ် ဖြစ်ပါတယ်။ တစ်နေ့မှာ စစ်ပြေငြိမ်းရင် အဲဒီအကြောင်းကို မင်းခေါင်ပြန်ပြီး သိနိုင်ပါတယ်။ အဲဒီအခါမှာ ဆင်ကဲသေဘောရောက်မယ်ဖြစ်ပါတယ်။ ကယ်ပြန်ရင်ကောတဲ့၊ မင်းခေါင်က သူပိုင်ဘဏ္ဍာဖြစ်တဲ့ မိဖုရားနဲ့ ဆင်ကဲကို မသင်္ကာဖြစ်လာရင် ဆင်ကဲသေဘောရောက်ဦးမှာပါပဲ။အဲဒါကြောင့် ဆင်ကဲက ဆင်ဦးစီးကို တိုင်တည်တာဖြစ်ပါတယ်။

ဆင်ကဲနဲ့ ဆင်ဦးစီးဟာ ရှင်ဘို့မယ်ကို ဆင်ပေါ်တင်ပြီးကယ်ခဲ့ပါတယ်။ ကုန်လယ်စီးဖြစ်သူကို လမ်းလျှောက်သွားစေခဲ့ပါတယ်။ သူတို့ဟာ နောက်ကလိုက်လာတဲ့ ရန်သူများကို ပြန်တိုက်မနေတော့ဘဲ ခပ်မြန်မြန်ဆုတ်ခွာခဲ့ကြပါတယ်။ လမ်းမှာ ရပ်နားတဲ့အခါတိုင်း မိဖုရားကို သစ်ပင်ပေါ်မှာ လင့်စင်ထိုးပြီး အိပ်စေပါတယ်။ ဆင်ကဲနဲ့ ဆင်ဦးစီးကတော့ မြေပြင်မှာပဲအိပ်ပါတယ်။ ရွာများမှာဆိုရင် မိဖုရားကို အိမ်ပေါ်မှာအိပ်စေပြီး ဆင်ကဲနဲ့ ဆင်ဦးစီးက အိမ်အောက်မှာပဲ အိပ်ပါတယ်။ အဲဒီလောက်ကို ကင်းကင်းရှင်းရှင်းနဲ့ မင်းဘဏ္ဍာကို စောင့်ရှောက်ပါတယ်။

မင်းခေါင်ဟာ အင်းဝကိုပြန်ရောက်တော့ လွန်စွာ စိတ်ဆင်းရဲရပါတယ်။ မင်းရဲကျော်စွာရဲ့မိခင် ရှင်မိနောက်ကို ရန်သူဖမ်းမိတယ်ဆိုတာသတင်းရပါတယ်။ ရှင်ဘို့မယ်ရဲ့ သတင်းတော့မရပါဘူး။ အဲဒါကြောင့်မြင်းသည်ကျော်တွေကို နှစ်ကြိမ်တိုင်တိုင်လွှတ်ပြီး စုံစမ်းခဲ့ပါတယ်။ ဒုတိယအကြိမ်မှာ ဆင်တော်ရဲမြတ်စွာနဲ့ ပြန်လာပါပြီဆိုတာသိရပါတယ်။ မိဖုရားပြန်ရောက်တာနဲ့ မြို့ပြင်က တစ်နေရာမှာ တဲနန်းထိုးပြီး ခေါင်းလျှော်

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးလုပ်စေပါတယ်။ ပြီးတော့မှ အမွှေးနံ့သာလိမ်းပြီး နန်းတွင်းကို ပြန်ဝင်စေပါတယ်။

မင်းခေါင်ဟာ အများရှေ့မှာ သူ့မိဖုရားနဲ့တကွ ဆင်ကဲ၊ ဆင်ဦးစီး တို့ကို ဘယ်လိုလာခဲ့ကြတယ်ဆိုတာ မေးမြန်းပါတယ်။ ဆင်ကဲ၊ ဆင်ဦးစီး တို့ရဲ့ ထွက်ချက်နဲ့ သူ့မိဖုရားရဲ့ထွက်ချက်ကိုက်ညီပြီး အစွန်းမရှိကြောင်း သိရတဲ့အခါကျမှ ဆင်ကဲနဲ့ဆင်ဦးစီးကို ဆုလာဘ်များပေးပါတယ်။ ဆင်ကဲ ဟာ စစ်ပွဲအတွင်းက မင်းခေါင်ရဲ့အသက်ကို ကယ်ခဲ့သူဖြစ်တယ်။ အခု လည်း မိဖုရားကိုကယ်ခဲ့ပြန်တယ်။ အဲဒါကြောင့် သူ့အသက်ကို နှစ်ခါ ကယ်သူဖြစ်ပေတယ်လို့လည်း ချီးကျူးပြောဆိုပါတယ်။

မင်းခေါင်ဟာ အဲဒီလို ဆုလာဘ်ပေးပြီး အေးအေးဆေးဆေး နေထိုင်ခြင်း မရှိခဲ့ပါဘူး။ မိဖုရားကို အကြောင်းသင့်တိုင်း အဲဒီအကြောင်းနဲ့ ပတ်သက် ပြီး မေးတတ်ပါတယ်။ ဆင်ကဲနဲ့ ဆင်ဦးစီးကိုလည်း ထပ်ပြီးစစ်ဆေးပြန် ပါသေးတယ်။ သူတို့က အသေအချာတင်လျှောက်ပြန်တော့လည်း စိတ်အေး ပြီး ဆုတွေထပ်ပေးပြန်ပါသေးတယ်။ ဒါပေမယ့် သူ့စိတ်ထဲမှာ မသင်္ကာစိတ် ဝင်နေပြီဖြစ်ပါတယ်။

တစ်နေ့မှာ ရှင်ဘို့မယ်ဟာ မင်းနဲ့အတူထိုင်နေရင်း ကွမ်းသီးစိပ်တဲ့ အခါ ကွမ်းညှပ်လက်မှာထိမိတော့ 'အို ဆင်ကဲကယ်ပါ' လို့ ယောင်လိုက်မိ ပါတယ်။ မသင်္ကာစိတ်ကြီးမားနေတဲ့ မင်းခေါင်ဟာ စစ်ဆေးမေးမြန်းခြင်း၊ ပညာရှိတို့နဲ့ တိုင်ပင်ခြင်းစတဲ့အမှုတွေ ဘာမှမပြုဘဲ ဆင်ကဲကိုသတ်စေခဲ့ ပါတယ်။ နိုင်ငံနဲ့တကွ သက်ရှိသက်မဲ့ကို အစိုးရတဲ့မင်းဖြစ်သူ မင်းခေါင် ဟာ သူ့စိတ်ကိုတော့သူ အစိုးမရပါဘူး။ အဲဒီတော့ ဆင်ကဲမှာအပြစ်မရှိ ဘဲ အသေဆိုးနဲ့ သေရရှာပါတော့တယ်။

ရှင်ဘို့မယ်ဟာ သူယောင်လိုက်တဲ့အတွက် ဆင်ကဲသေရတယ်ဆို တော့ သည်းထန်စွာငိုတယ်။ လူးလိမ့်တယ်။ သူဟာဆင်ကဲကို တစ်အူတုံ ဆင်း မောင်နှမအရင်းလိုချစ်ခင်တယ်။ သူ့အသက်ကို ကယ်ခဲ့တဲ့ကျေးဇူးက လည်း မြေထုလိုကြီးမားတယ် စသဖြင့်ရေရွတ်ရင်း ဗွက်ပေါ်ပျက်လောက် အောင် လွန်စွာပူပန်သောက ရောက်ရတယ်လို့ ရာဇာဓိရာဇ် အရေးတော်ပုံ ကျမ်းမှာ ဆိုပါတယ်။

ရှင်ဘို့မယ်ကို သနားစရာကောင်းတယ်လို့ ကျွန်မ အဲဒါကြောင့်



ပြောခဲ့ခြင်းဖြစ်ပါတယ်။ သူဟာ သူပိုင်ဘဝ သူပိုင်ဆုံးဖြတ်ချက်နဲ့ နေထိုင် လုပ်ကိုင်ခွင့်မရခဲ့လေတော့၊ အခုလို နင်နင်သည်းသည်း ကြေကွဲစရာအဖြစ် နဲ့ ကြုံတဲ့အခါမှာ သူ့ကိုယ်ပိုင်မဟုတ်ဘူးလို့ ဆိုရမယ့် ဘဝကလေးတောင် မှ သေသွားနိုင်ပါတယ်။

အဲဒီလို ရှင်ဘို့မယ်ဟာ မင်းခေါင်ရဲ့မိဖုရားအဖြစ်နဲ့ အနှစ် ၂၀ လုံးလုံး နေခဲ့ရပါတယ်။

မင်းခေါင်ကွယ်လွန်တဲ့အခါမှာ သူ့ရဲ့သားတော် ဆင်ဖြူရှင်သီဟသူ နန်းတက်ခဲ့ပါတယ်။ အဲဒီမင်းဟာ ရှေးထုံးစံနဲ့အညီ ခမည်းတော်ရဲ့မိဖုရား ရှင်ဘို့မယ်ကို မိဖုရားအဖြစ် ဆက်လက်သိမ်းပိုက်ခဲ့တယ်လို့ ဆိုပါတယ်။ တကယ်တော့ ထုံးစံမို့တင် ကမယ်မဟုတ်ပါဘူး၊ သူကိုယ်တိုင်ကလည်း ရှင်ဘို့မယ်ကို မြတ်နိုးပုံရပါတယ်။ ဘာကြောင့်လဲဆိုတော့ ရှင်ဘို့မယ်နဲ့သာ အနေများပြီး အိမ်ရှေ့မင်းသားဘဝကတည်းက စုံဖက်ခဲ့တဲ့မိဖုရားကြီးကို မေ့ထားတယ်လို့ ရာဇဝင်မှာပါပါတယ်။ အဲ့ဒါကြောင့် မိဖုရားကြီးက ဘုရားထဲမှာ တန်ဆောင်းဆောက်ပြီး အဲဒီတန်ဆောင်းမှာပဲ သွားနေလိုက် တဲ့အတွက် မိဖုရားကြီးကို တန်ဆောင်းရှင်လို့သာ ခေါ်ကြတယ်လို့ ဆိုပါ တယ်။

အဲဒီလို မင်းတစ်ပါးက နောက်တစ်ပါး ပြောင်းသည့်တိုင်အောင် မြတ်နိုးခြင်းခံရလို့ ရှင်ဘို့မယ်ဘဝ သာယာတယ်ထင်ရင် မှားပါတယ်။ ဆင်ဖြူရှင် သီဟသူဟာ ခမည်းတော်လက်ထက်က မပြီးသေးတဲ့စစ်ပွဲကို ဆက်ပြီးဆင်နွှဲရပါတယ်။ ဟံသာဝတီဘက်မှာလည်း ခမည်းတော် ရာဇာ ဓိရာဇ် မရှိကတည်းက ညီနောင်များ မညီမညွတ်ဖြစ်လာပါတယ်။ အဲဒီလိုနဲ့ တိုက်ရည်ခိုက်ရည် နည်းပါးလာပြီး ဆင်ဖြူရှင်နဲ့ စစ်ပြေငြိမ်းလိုက်ကြဖို့ စီမံကြပါတယ်။ ဟံသာဝတီမင်းများဘက်က သူတို့ရဲ့နှမတော် ရှင်စောပုကို ဆင်ဖြူရှင်မင်းလက်ကို ဆက်လိုက်ပါတယ်။ အဲဒီလိုနဲ့ ပဒေသရာဇ်တွေ စခဲ့တဲ့ အနှစ်လေးဆယ်စစ်ဟာ သူတို့အချင်းချင်း သမီးယောက်ဖများ တော်စပ်လိုက်ကြခြင်းကြောင့် ပြီးဆုံးသွားခဲ့ပါတော့တယ်။

ဆင်ဖြူရှင်ဟာ ဆင်းဝကို ပြန်ရောက်တဲ့အခါမှာ အစောပိုင်းက တန်ဆောင်းရှင်မိဖုရားကို ပစ်ပယ်ခဲ့သလို အခုအခါမှာ ရှင်ဘို့မယ်ကို ပစ်ပယ်ခဲ့ပါတယ်။ သူဟာ မိဖုရားအသစ်ဖြစ်သူ ရှင်စောပုကိုသာ အရေး

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ပါတယ်။ ရှင်ဘို့မယ်ဟာအဲဒီလို အပစ်ပယ်ခံရတာနဲ့အကောက်ကြံပြီး ရန်သူများနဲ့ ဆက်သွယ်ခဲ့ပါတယ်။ အဲဒီလိုဆက်သွယ်နိုင်ခဲ့တာကလည်း ရှည်ကြာလှတဲ့ စစ်ပွဲကြီးကြောင့် အင်းဝဟာ အင်အားလျော့ပါးနေပြီး ပုန်ကန်ကြသူများ၊ အားပြိုင်ကြသူများ ရှိနေပြီးဖြစ်လို့ပါပဲ။ အဲဒီလို ရှင်ဘို့မယ်ကခေါ်လို့ လာရောက်တိုက်နိုက်ကြသူများရဲ့ လက်ချက်နဲ့ ဆင်ဖြူရှင် ကျဆုံးခဲ့ပါတယ်။ လာရောက်တိုက်ခိုက်သူများကိုတော့ အင်းဝက အမှုးအမတ်များက တွန်းလှန်တိုက်နိုက်လိုက်ပါတယ်။

ဆင်ဖြူရှင်ရဲ့ အရိုက်အရာကိုတော့ သူ့ရဲ့သား အသက်ကိုးနှစ်သာ ရှိသေးတဲ့ မင်းလှငယ်ကို အပ်နှင်းခဲ့ပါတယ်။ အဲဒီတုန်းက ရှင်ဘို့မယ်က ကန့်ကွက်ခဲ့ပါသေးတယ်။ မင်းခေါင်အရင် နန်းတက်ခဲ့သူ ဆင်ဖြူရှင် တရုတ်များရဲ့ သားတော်အကြီး ကျေးတောင်ညိုဟာ ကလေးမြို့စားအဖြစ် ကလေးမှာ ရှိနေပါတယ်။ သူ့ကို နန်းတင်ဖို့ကောင်းတယ်လို့ အဆိုပြုခဲ့ပါတယ်။ ဒါပေမယ့် မင်းလှငယ်ကိုသာ နန်းတင်ခဲ့ကြပြီး ရှင်ဘို့မယ်ဟာလည်း ထုံးစံအတိုင်း မင်းလှငယ်ရဲ့မိဖုရား ဖြစ်ခဲ့ပါတယ်။

ဒီနေရာမှာ နန်းတွင်းရေး အရှုပ်အထွေးကို မြင်သာပါတယ်။ ဆင်ဖြူရှင်ကို လာရောက်တိုက်နိုက်ကြသူများဟာ ရှင်ဘို့မယ် တိတ်တဆိတ်ခေါ်လို့ လာခဲ့ကြသူများဖြစ်တယ်။ ဘုရင်လည်း သူတို့လက်ချက်ကြောင့် ကျတယ်။ ဒါနဲ့တောင် ရှင်ဘို့မယ်ကိုအရာမချနိုင်ကြဘူး၊ အပြစ်မပေးနိုင်ကြပါဘူး။ နန်းတက်လာသူ မင်းလှငယ်ဆိုတာ တန်ဆောင်းရှင်မိဖုရားရဲ့ သားတော်ဖြစ်ပါတယ်။ တကယ်တော့ ရှင်ဘို့မယ်ကို မလိုလားသူရဲ့အဆက်အနွယ်ဖြစ်ပါတယ်။ အဲဒီတော့ ရှင်ဘို့မယ်ဟာ အရေးမသာလို့သာ နေချင်နေမယ်၊ အရေးရှုံးပုံ မရသေးဘူး။ သူ့မှာလည်း သူ့လူ ရှိကောင်းရှိမယ်လို့ ဆိုနိုင်ပါသေးတယ်။

ရှင်ဘို့မယ်ဟာ မင်းလှငယ် နန်းတက်ပြီးနောက် ကလေးက သူ့ငယ်ချစ် ဖြစ်ခဲ့ဖူးတယ်လို့ဆိုတဲ့ ကလေးကျေးတောင်ညိုကို ဆက်သွယ်ပြီး အင်းဝကို ချီတက်လာစေခဲ့ပါတယ်။ ကလေးကျေးတောင်ညို ရောက်တဲ့ အချိန်မှာ မင်းလှငယ် အဆိပ်မိပြီး ဆုံးပါးသွားခဲ့ပါတယ်။

ရှင်ဘို့မယ်ကို ကလေးကျေးတောင်ညိုက မိဖုရားမြှောက်ပြီး နန်းတက်ခဲ့ပေမယ့် အင်းဝကို လာရောက်တိုက်နိုက်တဲ့ မိုးညှင်းသတိုးကို နိုင်အောင်သူ မတိုက်နိုင်ခဲ့ပါဘူး။



ဒီနေရာမှာ ကလေးကျေးတောင်ညိုအကြောင်း ပြောစရာကလေးတွေ ရှိပါတယ်။ မင်းကိုသတ်ရင် ဆင်းရဲသားတောင် မင်းဖြစ်နိုင်တဲ့ခေတ်မှာ ကလေးကျေးတောင်ညိုဟာ မင်းဖြစ်ထိုက်သူအဖြစ် ခါရင်းဝင်သူ ဖြစ်ပါတယ်။ သူ့ဖခင်ဟာ မင်းကြီးစွာစော်ကဲရဲ့ မိဖုရားခေါင်ကြီးက မွေးတဲ့ သားတော်ဖြစ်ပါတယ်။ မင်းကြီးစွာစော်ကဲရဲ့ အရိုက်အရာကို ဆက်ခံပြီး (၅)လအကြာမှာ အထိန်းတော်ငနှောင်စံက လုပ်ကြံလို့ကွယ်လွန်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ကလေးကျေးတောင်ညိုဟာ အသက်(၁၆)နှစ်အရွယ်ရှိနေခဲ့ပါပြီ။ သူဟာ အဖေရဲ့အရိုက်အရာကို မခံနိုင်ခဲ့တာ အကြောင်းရှိပါတယ်။ မင်းကြီးစွာစော်ကဲမှာမိဖုရားငယ်တစ်ပါးကဖွားမြင်တဲ့ မင်းဆွေနဲ့ရှင်သိဒ္ဓတ်ဆိုတဲ့ ထက်မြက်တဲ့ သားတော်နှစ်ပါး ရှိနေပါသေးတယ်။ ရှင်သိဒ္ဓတ်က ဦးဆောင်ပြီး စစ်ရေးအရ ထီးနန်းကိုသိမ်းပိုက်ခဲ့ပါတယ်။ ပြီးမှ မင်းခေါင်အမည်နဲ့ နန်းတက်စေခဲ့ပါတယ်။

ကလေးကျေးတောင်ညိုနဲ့ပတ်သက်လို့ ရာဇဝင်မှာသိရတဲ့အကြောင်းတွေက အကောင်းတွေပါပဲ။ စကားကို ပြေပြစ်ချောင်ချွာ ပြောဆိုတတ်သူဖြစ်တယ်။ စိတ်နှလုံးလည်းသိမ်မွေ့သူ ဖြစ်ပါတယ်။ အဲဒါကြောင့် သူ့ကို မင်းခေါင်က ကလေးမြို့ကို စားစေခဲ့ပါတယ်။ သူဟာ မင်းခေါင်ရဲ့သမီးတော်နဲ့လည်း လက်ဆက်ခဲ့ပါတယ်။

အဲဒီလို စိတ်နှလုံးကောင်းမွန်တဲ့ ကလေးကျေးတောင်ညိုဟာ သူ့အနေနဲ့ မျှော်မှန်းထိုက်တဲ့ ထီးနန်းအရေးကိစ္စမို့ အင်းဝကို ချီတက်လာခဲ့ပေမယ့် ဆိုခဲ့ပြီးတဲ့အတိုင်း မိုးညှင်းသတိုးကို မယှဉ်နိုင်တာနဲ့ ရှင်ဘို့မယ်ကိုပါခေါ်ပြီး သူ့တပ်များနဲ့အတူ ရခိုင်ဘက်ကို ဆုတ်ခွာသွားခဲ့ပါတယ်။ လမ်းခရီးမှာ ကလေးကျေးတောင်ညို မကျန်းမမာဖြစ်ပြီး ရုတ်တရက် သေဆုံးသွားခဲ့ပါတယ်။

ရှင်ဘို့မယ်အနေနဲ့ ထီးရေးနန်းရာမှာတွင်ကျယ်တဲ့၊ ဘုရင်အရေးပေးတဲ့ မိဖုရားဖြစ်နိုင်ဖို့ ကြိုးစားရင်း ဆုံးရှုံးခြင်းနဲ့ တိုးသွားရခြင်းဖြစ်ပါတယ်။ သူဟာ အင်းဝကိုမပြန်ဘဲ ရွှေစက်တော်မှာ တပ်ချပြီးနေခဲ့ပါတယ်။

အစောပိုင်းကတော့ မြန်မာနိုင်ငံအောက်ပိုင်းက မွန်တို့ဒေသကို သွားဖို့အထိ ရှင်ဘို့မယ် စဉ်းစားခဲ့ပါသေးတယ်။ နောက်တော့ သူတို့နဲ့ ပါလာတဲ့ စစ်သူကြီးတစ်ဦးက ဘိသိက်ခံမိဖုရားတို့ကို နောင်အဆက်ဆက်

www.burmeseclassic.com

www.burmeseclassic.com



နန်းတက်သောမင်းတို့က အလေးအမြတ်ပြုရစမြဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီနေရာကစောင့်ပြီး အခြေအနေ ကြည့်ပါဦးလို့ ဆိုပါတယ်။ ဒါကြောင့် ရှင်ဘို့မယ် တပ်ချနေခဲ့တာဖြစ်ပါတယ်။

မကြာခင်မှာပဲ အင်းဝကို သိမ်းပိုက်ပြီး စစ်ဝတ်စစ်စားမချွတ်ဘဲ ဘိသိက်ခံသူ မိုးညှင်းမင်းတရားက ရှင်ဘို့မယ်ကို တစ်ခမ်းတနားအခေါ်တော် လွှတ်ခဲ့ပါတယ်။

ရှင်ဘို့မယ်ဟာ ရွာသစ်ကြီးအရပ်ကိုရောက်တဲ့အခါ ကောင်းစွာမကျန်းမာပါဘူး။

ရွာသစ်ကြီးကို ရှင်ဘို့မယ်စီးလာတဲ့ ရွှေလှေဆိုက်တဲ့အခါမှာမိုးညှင်းမင်းကိုယ်တိုင်ဆင်းပြီး ကြိုပါတယ်။ ခရီးရောက် စိတ်ပါပမ်းလို့ ကောင်းစွာမလန်းဆန်းတဲ့ ရှင်ဘို့မယ်ရဲ့လက်ကို ကိုင်ပြီး အိသာပါစ(ကျန်းမာပါစ) လို့ မိုးညှင်းမင်းက မေးလိုက်ပါတယ်။ ရှင်ဘို့မယ်ဟာ မျက်နှာကိုတစ်ဖက်လှည့်ပစ်လိုက်ပြီး 'ကျွန်စော်နံတယ်'လို့ ဆိုလိုက်ပါတယ်။

မိုးညှင်းမင်းတရားလို့ တွင်လာသူဟာ မိုးညှင်းမြို့ကိုစားရတဲ့ သတိုးဆိုသူ သူရဲကောင်းစစ်သူကြီးဖြစ်ပါတယ်။ အနှစ်လေးဆယ်စစ်ပွဲမှာ ရှုပ်ရှုပ်ရှုံ့ရှုံ့တိုက်ခိုက်လို့ ထင်ရှားသူတစ်ဦးဖြစ်ပါတယ်။ မြန်မာတပ်များနဲ့ မွန်တပ်မှူးများ တွေ့ဆုံပြီးသစ္စာဆိုကြမယ်လို့ စီစဉ်ကြတဲ့အခါတုန်းက မိုးညှင်းသတိုးနဲ့ မွန်သူရဲကောင်း လဂွန်းအိမ်တို့ဟာ အတွဲအဖက်ဖြစ်ပါတယ်။ လဂွန်းအိမ်ကခြေခွင်ပြီး သတိုးက လက်ခွင်တယ်လို့ ဆိုပါတယ်။ သူတို့အတွဲကိုလူအများသဘောကျပြီး ရယ်မောနေကြဆဲမှာ သတိုးက လဂွန်းအိမ်ဆီကဒီသစ္စာပြုပွဲဟာ မှန်ကန်တဲ့ပွဲမဟုတ်ဘူးဆိုတာ သိလိုက်ပါတယ်။ အဲဒါကြောင့် မြန်မာတပ်မှူးများကို အကြောင်းကြားပြီး အသက်မသေ ၁င်ပြန်ဆုတ်ခဲ့ကြပါတယ်။ အဲဒီအဖြစ်ဟာ မင်းခေါင်လက်ထက်က ဖြစ်တာပါ။ အဲဒီတော့ မင်းခေါင်ရဲ့ မိဖုရားတစ်ပါးဖြစ်ခဲ့သူ ရှင်ဘို့မယ်အဖို့ သတိုးဟာ ကျွန်စော်နံနေသူ ဖြစ်နေပါတယ်။

ကျွန်မကတော့ ရှင်ဘို့မယ်ရဲ့ ကိုယ်ပိုင်ဘဝ မရှိရှာတဲ့အဖြစ်ကြောင့် သနားနေရာက သူ့ရဲ့ထက်မြက်တဲ့စရိုက်ကြောင့် နာမည်ဆိုးရတာကိုလည်း စိတ်မကောင်းဖြစ်ရပါတယ်။ မိုးညှင်းသတိုးနဲ့တွေ့ပြန်တော့ စိတ်ဓာတ်အကျကြီး ကျနိုင်လောက်အောင် အဖြစ်ဆိုးတွေ၊ ဆုံးရှုံးမှုတွေကြောင့်



ပျော့ပျောင်းညင်သာ နေသင့်ပါလျက်နဲ့ မာနကဲမောက်ပြီး ခပ်ရဲရဲ ခပ်ရိုင်းရိုင်းပြောလိုက်တာကို အံ့သြတကြီး ဖြစ်သွားမိပါတယ်။ ပဒေသရာဇ်ခေတ်ဆိုတာ မင်းဖြစ်နေသူရဲ့ သဘောနဲ့မတွေ့ရင် ချက်ချင်းကုပ်ပေါ်မှာ ဓားဝဲသွားနိုင်တဲ့ ခေတ်ဖြစ်ပါတယ်။ အဲဒီလိုအဖြစ်တွေကို ရှင်ဘို့မယ် ခါးခါးသီးသီး မြင်တွေ့ခဲ့ဖူးပါတယ်။

မိုးညှင်းသတိုးက နန်းတော်တွင်းမှာ သာယာတဲ့အိမ်ဆောက်ပြီး ရှင်ဘို့မယ်ကို နေစေခဲ့ပါတယ်။ မိဖုရားအဖြစ်လည်း သိမ်းပိုက်ခဲ့ပါတယ်။ မိုးညှင်းသတိုးဆိုတာကလည်းအင်မတန်သဘောထားပြည့်ဝသူ မင်းတစ်ပါးဖြစ်ပါတယ်။

ရာဇဝင်များမှာ မင်းအကြောင်းပါသလို မိဖုရားအကြောင်းများလည်း ပါတတ်ပါတယ်။ အခု ရှင်ဘို့မယ်အကြောင်းမှာလည်း ဒီလိုပါပဲ။ မိုးညှင်းသတိုးအကြောင်းသာ သူကွယ်လွန်သည်အထိ ရာဇဝင်ထဲမှာ ပါပါတယ်။ ရှင်ဘို့မယ် အကြောင်းတော့ ပါလာခြင်းမရှိတော့ပါဘူး။

ကျွန်မဟာ ရှင်ဘို့မယ်အကြောင်းကို ကောင်းတယ်၊ ဒါမှမဟုတ်ဆိုးတယ်လို့ မဝေဖန်လိုပါဘူး။ ပဒေသရာဇ်ခေတ်မှာ အုပ်စိုးသူပဒေသရာဇ်များကပေါက်ပွားတဲ့ မိန်းမသားဖြစ်ပါစေ၊ ကိုယ်ပိုင်ဘဝမရှိရှာကြပါဘူး။ ပင်ကိုထက်မြက်စေသူ၊ မာနကြီးသူများဖြစ်ခဲ့လို့ နန်းတွင်းရေးအရှုပ်အထွေးများမှာ ကိုယ်တိုင်ပါဝင် လှုပ်ရှားနိုင်ခဲ့သည့်တိုင်အောင် နာမည်ဆိုးနဲ့ တွင်တတ်ကြတယ်ဆိုတာကိုသာ အလေးအနက် တင်ပြလိုပါတယ်။

စာပေဂျာနယ်၊ အမှတ် ၈/၈၉

× × × × ×

www.burmeseclassic.com

www.burmeseclassic.com




# တာလမေသီရိ

ရာဇဝင်ထဲက မိန်းမသားများအကြောင်း ကျွန်မပြောခဲ့တာ တော်တော်အချိန်ကြာသွားပါပြီ။ ဦးရေလည်းများခဲ့ပါပြီ။ ပြောသမျှအကြောင်းတွေကလည်း ထီးနဲ့နန်းနဲ့ကြငှန်းနဲ့ နီးစပ်တဲ့သူတွေအကြောင်း ဖြစ်ပါတယ်။ ဒါပေမယ့် အားကျစရာကောင်းတဲ့အကြောင်းအနေနဲ့ ကျွန်မ မပြောခဲ့ပါဘူး။ အဲဒါကလည်း အားကျစရာမကောင်းလို့ပဲ ဖြစ်ပါတယ်။

မိန်းမသားတွေမှာ ထီးနဲ့နန်းနဲ့ ကြငှန်းနဲ့နီးလေလေ ထီးရေးနန်းရေး အရှုတ်အထွေးတွေရဲ့ဒဏ်ကို မရှုမလှ ခံကြရလေလေဆိုတဲ့ အကြောင်းကို သမိုင်းနောက်ခံနဲ့ယှဉ်ပြီး လေ့လာရတာ လွန်စွာ စိတ်ဝင်စားစရာကောင်းလှပါတယ်။

ဒီတစ်ပတ်ပြောပြချင်တဲ့ အကြောင်းကတော့ သမိုင်းဘာသာနဲ့ အလှမ်းကွာနေကြသူများဆိုရင် မကြားဘူးတဲ့အမည်ရှင် မွန်မင်းသမီးကလေး ဖြစ်ပါတယ်။

အဲဒီမင်းသမီးကလေးရဲ့အကြောင်းကို ပြောမယ်ဆိုရင် ပုဂံနိုင်ငံတော်ရဲ့ အရှိန်အဝါကျဆင်းခါစအချိန် ယခု မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှာ ပဒေသရာဇ်နိုင်ငံငယ်ကလေးများအဖြစ် တစ်နယ်တစ်မင်းစိုးစံလာတာက စရပါလိမ့်မယ်။ မုတ္တမမြို့မှာ 'မဂဒူး'အမည်ရှိတဲ့ ထက်မြက်တက်ကြွသူ လူငယ်တစ်ဦးက ထီးနန်းတည်ထောင်ခဲ့ပါတယ်။ သူက 'ဝါရီရူမင်း' လို့ ဘွဲ့ခံခဲ့တဲ့အတွက် အဲဒီမင်းက ဆင်းသက်လာတဲ့ မင်းဆက်ကို 'ဝါရီရူမင်းဆက်'လို့ ခေါ်တွင်ပါတယ်။

ဝါရီရူမင်းဆက်က အတော်အတန် အရည်အချင်းနဲ့ ပြည့်စုံတယ်လို့ ဆိုနိုင်သူမင်းတစ်ပါးကတော့ 'ဗညားဦး' ဘွဲ့ခံသူဖြစ်ပါတယ်။ သူ့ရဲ့ဘွဲ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူရှင်ဆိုတဲ့ နာမဝိသေသနတောင်မှ ပါပါသေးတယ်။

ပုဂံနိုင်ငံတော်ရဲ့ အရှိန်အဝါကျဆင်းအပြီး မြန်မာနိုင်ငံတော်အထက်ပိုင်းမှာ ပေါ်ပေါက်နေတဲ့ ပဒေသရာဇ်နိုင်ငံငယ်များမှာလည်း သူ့ပြဿနာနဲ့သူရှိသလို မုတ္တမမှာလည်း သူ့ပြဿနာနဲ့သူ လုံးပန်းနေကြရတာကို တွေ့ရပါတယ်။ ပုဂံနိုင်ငံတော် အရှိန်အဝါတက်နေတဲ့အခါတုန်းက အားချင်းမယှဉ်သာလို့ မယှဉ်ခဲ့တဲ့ အိမ်နီးနားချင်းနိုင်ငံများဟာ ပုဂံပြိုကွဲတဲ့အခါမှာ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းက ပဒေသရာဇ်နိုင်ငံငယ်များကို ဝင်ရောက်ထိပါးကြတာ တွေ့ကြရပါတယ်။

မုတ္တမကို ဇင်းမယ်က ဝင်ရောက်ထိပါးပါတယ်။ ဗညားဦးမင်းဟာ ဝိုင်းဝန်းလုပ်ကြံနေကြသူ ဇင်းမယ်သားများကို တွန်းလှန်လိုက်နိုင်ပါတယ်။ ဇင်းမယ်စစ်ကို တွန်းလှန်အပြီးမှာ မင်းနှင့်တကွ ပြည်သူတို့မှာ ထားအပ်တဲ့ စိတ်ထားကတော့ မိမိတို့ရဲ့အင်အားကို မိမိတို့ ဖြည့်တင်းကြမယ်ဆိုတဲ့ အသိပဲ ဖြစ်ပါတယ်။ ဖြည့်တင်းတဲ့အခါမှာလည်း ဘယ်လိုနည်းနဲ့ဖြည့်တင်းရင် ပိုပြီးစနစ်တကျရှိမလဲဆိုတာ သိကြရမယ်ဖြစ်ပါတယ်။

ဗညားဦးမင်းဟာ အင်အားကို ပြန်လည်ဖြည့်တင်းဖို့ကြံတာတော့ မှန်ပါရဲ့၊ သို့သော် လုပ်နည်းကိုင်နည်းက မှားနေပါတယ်။ အဲဒီအမှားကတော့ ဇင်းမယ်စစ်ကို နိုင်လိုက်တာဟာ သူ့ဆီမှာ ဆင်ဖြူတော်ရှိလို့ပဲ။ အခု ဆင်ဖြူတော်သေဆုံးသွားပြီးဖြစ်တဲ့အတွက် ဆင်ဖြူတော်အစားရှာရမယ်ဆိုတဲ့အသိနဲ့ မိမိနန်းစံနေတဲ့ မုတ္တမမြို့တော်ကခွာပြီး ဆင်ဖမ်းဖို့တောထဲသွားရောက်ပြီး နေထိုင်ပါတယ်။ အချိန်ကာလအားဖြင့် လေးလကြာပါတယ်။ မင်းညီမင်းသား မိဖုရားကအစ သူ့ရဲ့အတွင်းလူများကိုပါ ခေါ်ဆောင်သွားခဲ့ပါတယ်။

အုပ်ချုပ်သူမင်းနဲ့ ကင်းလွတ်နေတဲ့ မုတ္တမကို ဗညားဦးရဲ့ဆွေရင်းမျိုးချာများက ဦးဆောင်ပြီး စီးနင်းသိမ်းပိုက်လိုက်ကြပါတယ်။ ဒါကလည်း မဆန်းပါဘူး။ ပဒေသရာဇ်ခေတ်မှာ ထင်းခွေလယ်လုပ် စားမခုတ်ဆိုသလို မိမိတို့ တတ်စွမ်းသလို လုပ်ကိုင်စားသောက်တတ်သူများအနေနဲ့ ထီးနန်းစည်းစိမ်ဆိုတာကို မမှန်းပါဘူး။ မိမိတို့ဘာသာ ဝဝလင်လင် စားသောက်ပြီး အေးအေးဆေးဆေးနေကြဖို့ပဲ အာသီသရှိပါတယ်။ ထီးနန်းစည်းစိမ်ကိုမှန်းတယ်၊ လုပ်ကြံတယ်ဆိုတာကတော့ ထီးနန်းရဲ့အရသာ၊ ထီးနန်းရဲ့အရှိန်



အဝါကို သိနားလည်သူများသာ ဖြစ်လေ့ရှိပါတယ်။

ဗညားဦးမင်းဟာ သူ့ရဲ့အမတ်ကြီးတစ်ဦးဖြစ်သူက နေပြည်တော်ကိုပြန်ဖို့ အကျိုးအကြောင်းပြပြီး တင်လျှောက်တာနဲ့ ဆင်ဖြူတော်မရခင် မုတ္တမပြန်ခဲ့ကြတယ်။ မုတ္တမကိုရောက်တဲ့အခါမှာ စီးနင်းအုပ်ချုပ်ထားနှင့်သူများလက်ထဲကို မုတ္တမရောက်နေခဲ့ပြီဆိုတာကို တွေ့ကြရပါတယ်။ မြို့စည်းပြစည်း အနိုင်အလုံနဲ့နေတဲ့သူများလက်ထဲက မုတ္တမကိုပြန်လည်ရအောင် လုပ်ကြံရင်း ဗညားဦးမှာ သူရဲကောင်းအများအပြား ဆုံးရှုံးခဲ့ရပါတယ်။

နောက်တော့ မုတ္တမကိုမရခင် အခြေမပျက်အောင် ဒုန်ဝန်းကိုသွားရောက်ပြီး ထီးနန်းစိုးစံပါတယ်။ အဲဒီလို အစိတ်စိတ်အမြွှာမြွှာ ကွဲနေတဲ့ ပဒေသရာဇ်နိုင်ငံငယ်ကလေးများဟာ အတွင်းကိုလိုက်စားနေတဲ့အနာလို အချင်းချင်း မသင့်မတင့်နဲ့ အမြဲတမ်းအားပြိုင်ပြီး နေခဲ့ကြပါတယ်။

အနာဟာ ကြာရှည်စွာ အကင်းမသေတဲ့အခါမှာ ပြင်ပကပိုးမွှားများကို ဖိတ်ခေါ်သလို ပြင်ပကပိုးမွှားများကို မတားဆီးနိုင်တော့သလို ဖြစ်လာတတ်ပါတယ်။

ဒုန်ဝန်းမှာ ဗညားဦးမင်း စိုးစံနေတာကို အန္တရာယ်တစ်ခုလို့ ယူဆသူ မြထဗက ဗညားဦးကို အပြီးတိုင် ရှင်းလင်းနိုင်ဖို့အတွက် ဇင်းမယ်မင်းထံက အကူအညီကို တောင်းပါတယ်။ ဇင်းမယ်မင်းကလည်း သူ့ရဲ့ အကျိုးအမြတ်ရနိုင်ခြေကို တွက်ဆပြီး မုတ္တမဘက်ကကူဖို့ စစ်ပြင်ပါတယ်။

အဲဒီအကြောင်းများကို ကြားရတဲ့အခါမှာ ဗညားဦးက သူ့ရဲ့ မှူးကြီးမတ်ရာများနဲ့ တိုင်ပင်ဆွေးနွေးပါတယ်။ မှူးကြီးမတ်ရာများကလည်း သူ့ခေတ်နဲ့ သူ့အခါနဲ့အညီ သင့်တော်တဲ့ထွက်ပေါက်တစ်ခုကို အကြံပေးကြပါတယ်။

ဗညားဦးမင်းဟာ သူ့ရဲ့ပညာရှိ အမတ်များရဲ့အကြံပေးချက်အရ ဇင်းမယ်မင်းရဲ့ရန်က ရှောင်နိုင်ဖို့အတွက် 'မိဖုရားနှင်းအုံခေါင်း'က မွေးဖွားသူသမီးတော် 'တလမေသီရိ'ကို ဇင်းမယ်မင်းကို ဆက်သလိုက်ပါတယ်။ သမီးတစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ သမီးနဲ့အတူ ဆင်ပေါက်ငါးစီးအပြင် အခြားသော လက်ဆောင်ပဏ္ဏာများလည်း ပါပါတယ်။

ဗညားဦးထံက ပဏ္ဏာများကို လက်ခံရရှိပြီးတဲ့နောက်မှာတော့ ဇင်းမယ်မင်းဟာ မုတ္တမဘက်က စစ်ကူဖို့ အစီအစဉ်ကို ဖျက်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖင်းမယ်က ဝင်ရောက်တိုက်ခိုက်ခြင်း မပြုတော့ပေမယ့် ဗညားဦးမင်းရင်ဆိုင်ရတဲ့ ပြည်တွင်းအားပြိုင်မှုကတော့ ငြိမ်းအေးသွားခြင်းမရှိခဲ့ပါဘူး။ ဗညားဦးဟာ ဒုန်ဝန်းမှာ စိုးစံလို့ (၆)နှစ်ကြာတဲ့အခါမှာ သူ့ရဲ့ပြိုင်ဘက်များကိုမယှဉ်နိုင်တာကြောင့် လက်လွတ်ထွက်ပြေးရတဲ့ အခြေအနေကို ရောက်ခဲ့ပါတယ်။ သူထွက်ပြေးပြီး အခြေပြုတဲ့ဒေသကတော့ ပုဂံခေတ်အခါမှာ ထင်ရှားခဲ့တဲ့ ဥဿာပဲခူး မြို့ဟောင်းဒေသပဲဖြစ်ပါတယ်။ နောင်မှာ ဟံသာဝတီဗိုး၊ ဟံသာဝတီ ဒဂုန်စသည်ဖြင့် ထင်ရှားလာမယ့် ဒေသကို အခြေပြုနိုင်တဲ့အခါမှာ ဗညားဦးရဲ့အခြေအနေဟာ တည်မြဲလာခဲ့ပါတယ်။ ဒဂုန်မြို့စားအဖြစ် အစောပိုင်းကတည်းက ချီးမြှောက်ခဲ့ပြီး ဒဂုန်မှာအနေများခဲ့သူ ဗညားဦးရဲ့ အစ်မတော် စန္ဒာဒေဝီဘွဲ့ခံ (မဟာဒေဝီ)ကလည်း မောင်ဖြစ်သူကို အဘက်ဘက်က အကူအညီပေးခဲ့ပါတယ်။

ဟံသာဝတီဗိုးမှာ အခြေတကျ ဖြစ်နေတဲ့အခါမှာလည်း မုတ္တမဒေသမှာတော့ ပုန်ကန်သူ ဗြထဗနဲ့ လောက်ဖြားတို့ရဲ့ရန်ကတော့ မငြိမ်းသေးပါဘူး။

စစ်ပြုရင်း ခံရမှာစိုးလို့ ဖင်းမယ်ကို ဆက်သခြင်းခံလိုက်ရရှာတဲ့ မင်းသမီးကလေး တလမေသီရိရဲ့ အခြေအနေကတော့ မကောင်းပါဘူး။ တလမေသီရိဟာ အစောပိုင်းကတည်းက နှစ်ပြည့်တစ်ပြည် ရွှေလမ်း ငွေလမ်း ဖောက်ချင်လို့ သမီးကညာ အပြန်အလှန်ဆက်ကြတာမဟုတ်ဘဲ အညံ့ခံတဲ့ အနေနဲ့ ဆက်သခံရတာဖြစ်ပါတယ်။ အဲဒါကြောင့် ဖင်းမယ်နန်းတွင်းမှာ တလမေသီရိကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်၊ အရှက်ရအောင်နှိမ်ပြီး ဆက်ဆံတာကို ခံရပါတယ်။ တလမေသီရိရဲ့ အဖြစ်သနစ်များကို ကြားတဲ့အခါမှာ ဖခင်ဖြစ်သူ ဗညားဦးမင်းအနေနဲ့ များစွာကိုယ်စိတ်ဆင်းရဲပါတယ်။

သူဟာ သမီးဖြစ်သူကို ရွေးယူချင်ပါတယ်။ ရွေးယူဖို့ကလည်း သူနဲ့ စစ်ပြိုင်နေရတဲ့ သူ့ဆွေမျိုး သူနဲ့အမျိုးတူသူက ချီးမြှောက်လို့ ဒီအခြေအနေကို ရောက်လာခဲ့ကြသူ ဗြထဗနဲ့ လောက်ဖြားတို့ရဲ့အကူအညီပါမှ ဖြစ်ပါမယ်။ တစ်နည်းဆိုရရင် သူတို့နဲ့ အညီအညွတ်ဖြစ်ဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖင်းမယ်ကသမီးကို ပြန်ခေါ်ရင် အချင်းချင်းကလည်း ညီညွတ်ဦးမှကိုး။ မညီမညွတ်ရင် သမီးပြန်ခေါ်တာ အကြောင်းပြုပြီး ကျူးကျော်တာထပ်ပြီး ခံရဖွယ်ရှိနေပါတယ်။



အဲဒီတော့မှ ဗညားဦးဟာ သူ့ရဲ့မာန်ကို သူချပြီး သူနဲ့ပြိုင်ဘက်များထံကို စာရေးပါတယ်။ အတိုချုပ်ပြောရရင်တော့ အချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြရလို့ ဖင်းမယ်မင်းကိုဆက်သလိုက်ရတဲ့ တလမေသီရိဟာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေတဲ့အကြောင်း၊ အဲဒီသမီးကိုပြန်ပြီး ရွေးနုတ်ယူချင်တဲ့အကြောင်းနဲ့ သူ(ဗညားဦး)ရဲ့ ချီးမြှင့်မြှောက်စားခြင်းကို ခံပြီးမှ သူ့ကို အာခံကြတာ မကောင်းတဲ့အကြောင်းများကို ရေးထားတဲ့စာ ဖြစ်ပါတယ်။

သူ့ရဲ့ ပြိုင်ဘက်များကလည်း စာပြန်ပါတယ်။ တကယ်လို့ သူတို့ကို ပေးထားတဲ့ စည်းစိမ်ကို မရုပ်သိမ်းဘူးဆိုရင်၊ သူတို့ရဲ့အပြစ်များကိုလည်း လွှတ်မယ်ဆိုရင် သူတို့ကိုယ်တိုင် တလမေသီရိကို ပြန်ရွေးပေးပါမယ်ဆိုတဲ့ အကြောင်းစာထဲမှာ ပါပါတယ်။ ဗညားဦးမှာ သမီးဖြစ်သူကို ပြန်ရနိုင်ဖို့ ရွေးစရာလမ်း မရှိတော့တဲ့အတွက် သူ့ဒေါသကို သူမျိုသိပ်ပြီး ဗြထဗတို့ရဲ့ အဆိုပြုချက်ကို လက်ခံရပါတော့တယ်။

အဲဒီအချိန်မှာ ဗညားဦးက သမီးကလေးကိုရွေးဖို့ ရွှေနွက်တစ်ဆယ် (ဆယ်ပိဿာ)နဲ့ ဆင်ပေါက်ဆယ်စီးကို ဗြထဗနဲ့ လောက်ဖြားတို့ဆီ ပို့လိုက်ပါတယ်။

ဗြထဗက ရွှေငါးပိဿာဖြည့်ပြီး အဲဒီလက်ဆောင်တွေနဲ့အတူ ရာဇသံ ရေးပြီး ဖင်းမယ်မင်းထံကို တလမေသီရိကို ပြန်ပို့ဖို့ ပို့လိုက်ပါတယ်။ ဒီလိုပစ္စည်းတွေရပြီးတဲ့နောက်တော့ တလမေသီရိကို မူလကတည်းက တန်ဖိုးမထားတဲ့ ဖင်းမယ်မင်းကလည်း မြန်မာနိုင်ငံဘက်ကို ပြန်ပို့လိုက်ပါတယ်။ အဲဒီလိုနဲ့ ဗိုးမှာနန်းစံနေတဲ့ ဗညားဦးထံကို တလမေသီရိပြန်ရောက်လာပါတယ်။ သမီးနဲ့ သူ့ခမည်းတော်တို့ ပြန်တွေ့ကြတဲ့အခါမှာ လွန်စွာကြေကွဲဝမ်းနည်းကြတယ်။ ခမည်းတော်မှာ ရင်ဆို့တက်သွားတယ် စသည်ဖြင့် စာတွေထဲမှာ ဖတ်ရပါတယ်။ ကြေကွဲစရာကောင်းတာကတော့ သားအဖနှစ်ယောက်အနေနဲ့သာမကပါဘူး။ တစ်နိုင်ငံလုံးအနေနဲ့လည်း ကြေကွဲစရာပါပဲ။ အချင်းချင်း မသင့်ကြလို့ သူတစ်ပါးကို အောက်ကျခံပြီး သမီးရော ပစ္စည်းပါ ဆက်ရတယ်။ သမီးခများမှာလည်း လွန်စွာမှ သိမ်ငယ်ခဲ့ရတယ်။ ပြန်ရဖို့ကျတော့လည်း မတန်တဆပစ္စည်းတွေပေးရပြန်တယ်ဆိုတဲ့အချက်တွေဟာ မြန်မာနိုင်ငံသမိုင်းအနေနဲ့လည်း အမည်းစက်စွန်းခံရပဲ့ အချက်တွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တလမေသီရိကို သူ့ရဲ့ဖခမည်းတော်က ပရိတ်ရေတွေ ဘာတွေနဲ့ သွန်းပြီး စိတ်ချမ်းသာအောင် ထားပါတယ်။

အဲဒီလိုနဲ့ နေလာရာက ဗညားဦးရဲ့စစ်တပ်ထဲမှာ ပါဝင်အမှုထမ်းပြီး ကျဆုံးခဲ့ရသူ ဗိုလ်တစ်ဦးရဲ့သား 'သမိန်မရူး'ဆိုသူက တလမေသီရိကို ကြိုက်နှစ်သက်လာပါတယ်။ သမိန်မရူးဆိုတာ လူကြမ်းစိတ်ကြမ်းရှိသူ စစ်ဗိုလ်တစ်ဦးပါ။ တလမေသီရိကို လိုချင်တော့ မင်းကြီးကိုးကွယ်တဲ့ ဆရာတော်ကတစ်ဆင့် ရွှေငါးပိဿာတင်ပြီး တောင်းပါတယ်။ အမှန်ဆိုရင် တလမေသီရိ အရာကျခဲ့ပြီဆိုတာ မပြောဘဲသိနေရပါပြီ။ မင်းသမီးကို သာမန်ဗိုလ်တစ်ဦးက တောင်းခံဝံ့တာ ရှားပါးတဲ့အဖြစ်ပါပဲ။

ဗညားဦးအနေနဲ့ကလည်း ရှေ့နောက်ဆင်ခြင်ပြီး ညီလာခံသဘင်မှာတောင် ထုတ်ပြောခဲ့ပါတယ်။ တကယ်လို့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ အရှက်ရပြီး ဇင်းမယ်ကပြန်လာရှာတဲ့ သမီးတော်ကို သူနဲ့အဆင့်ညီတဲ့ မင်းသားတစ်ပါးပါးနဲ့ လက်ထပ်ထိမ်းမြားနိုင်ခဲ့ရင် တစ်နေ့မှာ သမီးတော်ကို သူ့ကြင်ရာတော်က နိုင်စားလာစရာ အကြောင်းရှိတယ်။

မရူးဆိုတာကတော့ သူ့(ဗညားဦး)ရဲ့ အမှုတော်ကိုထမ်းရင်း ဆင်ကျောက်ကုန်းထက်မှာ ကျဆုံးသွားရတဲ့ သစ္စာရှိအမှုထမ်းရဲ့ သားတစ်ဦးလည်းဖြစ်တယ်။ တလမေသီရိထက် များစွာအဆင့်နိမ့်လို့ နိုင်စားရဲမှာလည်းမဟုတ်ဘူး။ ငါ့သစ္စာကိုလည်း ဖောက်မှာမဟုတ်ဘူးဆိုပြီး တလမေသီရိနဲ့ သမိန်မရူးကို လက်ထပ်ထိမ်းမြားပေးခဲ့ပါတယ်။

မင်္ဂလာပွဲသဘင်ကိုလည်း (၇)ရက်တောင်မှ ခမ်းခမ်းနားနားကျင်းပပေးခဲ့ပါတယ်။ သမီးတော်လေးကို သူ့ထိန်းနန်းအရေးကိစ္စမှာ စတေးခဲ့ရတာအတွက် အလျော်ပေးသလို ဖြစ်ခဲ့ရတဲ့ ဆင်းရဲမှုတွေအတွက် ကုစားပေးသလို လုပ်ခဲ့ရှာတဲ့ ခမည်းတော်တစ်ဦးရဲ့ စေတနာပဲ ဖြစ်ပါတယ်။

တလမေသီရိနဲ့ သမိန်မရူးတို့အနေနဲ့ အိမ်တောင်ဦးမှာ ပျော်ခဲ့ကြရှာမှာပါပဲ။ မင်းသမီးမို့ မရူးကလည်း အလေးအမြတ်ပြုခဲ့မှာ သေချာပါတယ်။ ဒါပေမယ့် သူတို့ဘဝထဲကို အရှိုးတော် မဟာဒေဝီ ဝင်ရောက်လာတဲ့အခါမှာတော့ အရာရာဟာ ရှုပ်ထွေးလာပါတော့တယ်။

အရှိုးတော် မဟာဒေဝီဆိုတာက ဒဂုံမြို့စားဖြစ်သူ ဗညားဦးရဲ့ အစ်မတော်တစ်ဦး ဖြစ်ပါတယ်။ အစောပိုင်းကတည်းက ဗညားဦးနိုင်ငံ



အုပ်ချုပ်ရာမှာ ကူညီခဲ့သူဖြစ်ပါတယ်။ ရာဇာဓိရာဇ်ဆိုတဲ့ဘွဲ့နဲ့ မင်းဖြစ်လာမည့် အမိမဲ့သားကို ကောက်ယူမွေးစားခဲ့သူလည်း ဖြစ်ပါတယ်။

အဲဒီ မဟာဒေဝီဟာတလမေသီရိတို့ အိမ်ထောင်သက်သုံးနှစ်အရမှာ သမိန်မရူးနဲ့ ငြိစွန်းခဲ့တယ်လို့ လူအများက စွပ်စွဲကြတာကို ခံခဲ့ရပါတယ်။ မင်းပရိသတ်အလယ်မှာ အရှယ်နဲ့မမျှအောင် အနေအထိုင် ကလက်ခဲ့ကြတဲ့အတွက် လူအများရဲ့စာချိုးခြင်းကိုတောင် ခံခဲ့ကြရပါတယ်။

အဲဒီအကြောင်းကို တလမေသီရိသိခဲ့မှာပါပဲ။ ဒါပေမယ့် အရှိုးတော်ကိုလည်း ကြောက်ရရှာသူ၊ မူလကတည်းက စိတ်ဓာတ်အရ သိမ်ငယ်နေရှာသူဖြစ်တဲ့အတွက် ဘာမှမပြောခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ အရှိုးတော်ရဲ့ အကြံကို လူအများက ကောက်ချက်ချကြတာကတော့ ဗညားဦးကွယ်လွန်ရင် တကယ်ထီးနန်းရထိုက်သူ မင်းသားများကိုဖယ်ရှားမယ်။ ပြီးရင် မရူးကိုနန်းတင်မယ်။ မရူးဘုရင်ဖြစ်တဲ့အခါမှာ သူကမိဖုရားအဖြစ်ခံယူမယ် စသည်ဖြင့် မနှစ်လိုစရာ အကြောင်းစုံပါပါတယ်။

ရာဇာဓိရာဇ်ဘွဲ့ခံမည့် မင်းသားဗညားနွဲ့ [illegible]တော့ မရူးနဲ့တစ်ဖက်က အကြည်အသာဆက်ဆံချင်ဟန်ပြုပြီး တစ်ဖက်ကလည်း လက်ဦးမှုရအောင် ကြံဆောင်ပါတယ်။ အဲဒီလိုနဲ့ ဗညားနွဲ့ဟာ ဒဂုံကို ထွက်ပြေးပြီး မြို့ကို စီးနင်းကာ တစ်စင်ထောင်ပါတော့တယ်။

ဗဂိုးမှာတော့ ဗညားဦးလည်း နာမကျန်းဖြစ်ခဲ့ပါပြီ။ အရှိုးတော်နဲ့ မရူးတို့ကလည်း ပြောင်ပြောင်တင်းတင်း အသာစီးရယူဖို့ပင် ပြင်ဆင်ခဲ့ကြပါပြီ။ တလမေသီရိခမျာမှာ ဘယ်လိုခံစားနေရရှာမယ်ဆိုတာ စာတွေထဲမှာ မပါတော့ပါဘူး။ သူ့ထက်အရေးကြီးတဲ့ ဗညားနွဲ့၊ မရူး၊ အရှိုးတော် မဟာဒေဝီစတဲ့ သူများအကြောင်းသာ စာမျက်နှာအနှံ့ ပါဝင်လာပါတော့တယ်။

တလမေသီရိဟာမင်းသမီးတစ်ဦးဖြစ်ပေမယ့် နောက်ပိုင်းမှာဗညားနွဲ့ ကောက်ယူလိုက်သူ ဆိသည်မ 'မွေမနိတ်'အကြောင်းမျှလောက်တောင်မှ ရာဇဝင်မှာစာတင်ခံရခြင်း မရှိတော့ပါဘူး။ ဒါပေမယ့် သူနဲ့မရူးတို့ဟာ မကွဲမကွာ ပေါင်းသင်းနေဆဲ ဖြစ်ပါတယ်။ ဗဂိုးသူ ဗဂိုးသားများအနေနဲ့ကတော့ မရူးလိုသာမန်အဆင့်၊ သာမန်အရည်အချင်းနဲ့လူမျိုး အရှိုးတော်လို အရွယ်နဲ့မလိုက် ဖောက်ပြားတဲ့လူမျိုးတွေထက် ဗညားနွဲ့ဘက်ကို စိတ်ညွတ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ဗညားနွဲ့ဘက်ကို နိုဝင်ကြသူတွေများပါတယ်။ ဗညားဦး ဆုံးတဲ့အခါ ဗညားနွဲ့ရဲ့ နန်းသိမ်းတိုက်ပွဲမှာ မရှူးတို့အရေးနိမ့်ပြီး အဖမ်းခံ ရပါတယ်။

ဗညားနွဲ့ဟာ မရှူးနဲ့တလမေသီရိကို သူထီးနန်းသိမ်းတဲ့ပွဲခံနေတဲ့ အနိုက်မှာမဏ္ဍပ်ကနားကြီးရဲ့ဆင်ကပ်အောက်မှာ ချည်နှောင်စေခဲ့ပါတယ်။ အရိုးတော် မဟာဒေဝီကို ဖမ်းဆီးခေါ်လာတဲ့အခါမှာတော့ အဲဒီလို ချည် နှောင်ထားသူနှစ်ယောက်ကို မြင်တာနဲ့ မေ့မြောသွားပါတယ်။

ထီးနန်းသိမ်းတဲ့ကိစ္စပြီးတဲ့အခါမှာတော့ အရိုးတော်ကို ငယ်က ကျွေးမွေးဖူးတဲ့ ကျေးဇူးများကိုထောက်ထားပြီး အသက်ကလွှတ်ပါတယ်။ မရှူးနဲ့ တလမေသီရိကိုတော့ ကွပ်မျက်စေခဲ့ပါတယ်။

နိဂုံးပိုင်းမှာတော့ သနားစရာကောင်းတဲ့ တလမေသီရိအကြောင်းကို သိပ်မပြောလိုတော့ပါဘူး။ ထီးရေး နန်းရေးအရှုပ်အထွေးကြားမှာ သူများ ကိုယ်ကျိုးအတွက် စတေးခံရဖို့ အဖြစ်ဆိုးတွေကို ခါးသီးပြင်းထန်စွာခံရဖို့ မင်းသမီးဖြစ်လာရရှာသူကလေးတစ်ယောက်ပါပဲ။ သာမန် မိန်းမတစ် ယောက်လောက်မှ ကိုယ်ဘဝကိုယ် မပိုင်ရှာပါကလားလို့ သံဝေဂစကားပဲ ပြောချင်ပါတယ်။

ကလျာမဂ္ဂဇင်း ဂျူလိုင် ၈၉

× × × × ×




www.burmeseclassic.com

www.burmeseclassic.com



# ရှင်စောပု

ရှင်စောပုဆိုတဲ့အမည်ကိုကြား လိုက်တာနဲ့ မြန်မာ့သမိုင်းမှာ တစ်ဦးတည်းမို့ ထူးထူးခြားခြား မှတ်မိနေတဲ့ ဘုရင်မကြီးပဲလို့ သိကြမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ရွှေတိဂုံလို ရွှေမော်ဓောလို ကြီးမားတဲ့ ကုသိုလ်တော်ကြီးများကို ပြုပြင်ခဲ့သူ ဒါယိကာမကြီးအဖြစ် သိလေ့ရှိကြပါတယ်။ တစ်ဦးတည်းမို့ ထူးခြားသလောက် သမိုင်းစဉ်တစ်လျှောက်မှာ လူချစ်လူခင်များခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ရှင်စောပုရဲ့ ဘဝကို သေသေချာချာ လေ့လာမိတဲ့အခါမှာတော့ အားကျဝံ့လောက်စရာ မရှိတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပဒေသရာဇ်ခေတ်က ထုံးထမ်းစဉ်လာများကို ဘဝနဲ့ရင်းပြီး ခံစားသည်းခံရတဲ့ သူ့ဒုက္ခကို စာနာမိရုံနဲ့ ထိတ်လန့်စရာ ကောင်းလွန်းလို့ဖြစ်ပါတယ်။

ရှင်စောပုကို နားလည်နိုင်ဖို့ ရာဇာဓိရာဇ်ရဲ့ သမီးတော်ဘဝကစပြီး လေ့လာကြည့်ဖို့လိုပါတယ်။ ရာဇာဓိရာဇ်ဆိုတာ ဝါရီရူးမင်းဆက်မှာ အကျော်ကြားဆုံး စစ်ဘုရင်တစ်ပါး ဖြစ်ပါတယ်။ ရဲရင့်သူ၊ ရက်စက်သူ၊ ရက်ရောသူ၊ အောင်ပွဲအရများသူ ဖြစ်ပါတယ်။

ရာဇာဓိရာဇ်ဟာ သူ့ရဲ့ကောင်းများကို လေးစားမြတ်နိုးသလောက် ချီးမြှင့်မြှောက်စားသလောက် မိဖုရားများကိုတော့ ကိုယ်ပိုင်ပစ္စည်းလို သဘောထားသူဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ရာဇာဓိရာဇ်အားအထားရဆုံး သူ့ရဲ့ကောင်းတစ်ယောက်ကတော့ လဂွန်းအိမ်ဖြစ်ပါတယ်။ လဂွန်းအိမ်ကို အောင်ပွဲအရများတဲ့ စစ်သူကြီးတစ်ဦးအနေနဲ့ ဘုရင်က သူ့ရဲ့ကိုယ်လုပ်တော်များကို ဆုလာဘ်အဖြစ်ပေးကာ စည်းစိမ်ကြီးစွာ ခံစားနေထိုင်စေခဲ့ပါတယ်။ ရာဇာဓိရာဇ်ဟာ လုပ်ရေးကြံရေးခက်လှတဲ့ မြောင်းမြကိုဝိုင်းရံတိုက်ခိုက်တဲ့အခါမှာ လဂွန်းအိမ်ကိုဦးဆောင်ဖို့ တာဝန်ပေးလိုပါတယ်။ အဲဒါကြောင့် တစ်နေ့မှာ သူ့ရှေ့တော်မှောက်ကို လဂွန်းအိမ်အရောက်လာစေဖို့ ဆင့်ခေါ်ပြီး အဲဒီတာဝန်ကို ပေးရင်း အားပေးစကားပြောပါတယ်။

အဲဒီနောက် ရှင်စောပုရဲ့မိခင် တလသုဒ္ဓမာယာ မိဖုရားကိုကွမ်းယာပြီး လဂွန်းအိမ်ကို ကိုယ်တိုင်ကမ်းပေးဖို့ စေနိုင်းခဲ့ပါတယ်။ ဘုရင်နဲ့သာ အပ်စပ်တဲ့ မိဖုရားကို ဒီလိုပြုနိုင်းခြင်းဟာ ပဒေသရာဇ်ခေတ်ထုံးစံနဲ့ဆိုရင် အလွန်အကျူး ချီးမြှင့်လိုက်တာ ဖြစ်ပါတယ်။

လဂွန်းအိမ်ကလည်း သူမပါရင် ပွဲမပြီးဘူးဆိုတာ သိပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘုရင်က သူ့ကိုဘယ်လောက်ချစ်၊ ဘယ်လောက်သည်းခံနိုင်မလဲဆိုတာကိုလည်း သိချင်စမ်းချင်လာပါတယ်။ အဲဒါကြောင့် စစ်ထွက်ရမယ့်နေမှာ မထွက်ဘဲနေလိုက်ပါတယ်။ လာပြီးစုံစမ်းတဲ့အကြီးအကဲတွေကိုတော့ သူဟာ တလသုဒ္ဓမာယာ မိဖုရားကို မြင်ပြီးကတည်းက မရရင် မနေနိုင်ဖြစ်လာတာနဲ့ စစ်မထွက်ဘဲ နေလိုက်တာပါလို့ ပြောလွှတ်လိုက်ပါတယ်။ စစ်ရေးက ဆိုင်းထားလို့မရတဲ့အချိန် ဖြစ်နေလေတော့ အဲဒီအကြောင်းကို ဘုရင်ထံ ပြန်မလျှောက်လို့ကလည်း မဖြစ်တာနဲ့ လျှောက်တင်ကြရပါတယ်။ ဘုရင့်စိတ်နဲ့ လျှောက်တင်တဲ့စကားမတွေ့ခဲ့ရင် လဂွန်းအိမ်ရော ကြားကလူတွေပါ သေကြေရမယ့်စကား ဖြစ်နေပါတယ်။

ရာဇာဓိရာဇ်က လဂွန်းအိမ်ပြောလိုက်တဲ့စကားကို ကြားတဲ့အခါမှာ 'မိဖုရားကို ငါမနမြော၊ သင်ကိုသာ ငါနမြောသည်' လို့ ဆိုပါတယ်။ နောက်ထပ်ပြီး ပြောတဲ့စကားနဲ့ လုပ်တဲ့လုပ်ရပ်တွေက ရာဇာဓိရာဇ်ရဲ့ မိဖုရားများအပေါ်မှာ ထားတဲ့သဘောထား ပေါ်လွင်အောင် ပြနေပါတယ်။

ရာဇာဓိရာဇ်က 'မိဖုရားဆိုသည်မှာ ငါတို့၏ အပေါ်အဖက်ဖြစ်သည်၊ လူ့ဘုံတွင် ငါတို့ကို အလိုဖြည့်ဖို့နှင့် စိတ်ပျော်ရွှင်ဖို့ဖြစ်သည်' လို့ပြောပါတယ်။ ပြီးတော့ သူ့ခြေထောက်ကိုဖက်ပြီး ငိုကာယိုကာနဲ့ တောင်းပန်နေတဲ့ မိဖုရားကို လဂွန်းအိမ်က ဘုရင့်သဘောကို သိရ၍ 'ဝမ်းသာပါသည်' လို့ဆိုပြီး မိဖုရားနဲ့ဘုရင်ကိုပါ လက်ဆောင်ပစ္စည်းများနဲ့ ကန်တော့ပြီး မိဖုရားကို ဘုရင့်ထံပြန်ပို့ခဲ့တယ်။

ရှင်စောပုဟာ သူ့ရဲ့မိခင် မိဖုရားကနေပြီး အလိုလိုလျှောကျမလို

www.burmeseclassic.com



ဖြစ်သွားတဲ့အချိန်မှာ သိတတ်တဲ့ ၈ နှစ်–၉ နှစ်အရွယ် ရောက်နေပါပြီ။ အဲဒါကြောင့် အဲဒီအဖြစ်အပျက်များနဲ့ပက်သက်ပြီး များစွာထိတ်လန့်နေခဲ့ပေလိမ့်မယ်။ များစွာစိတ်ဆင်းရဲ နေခဲ့ပေလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။

ရှင်စောပု အသက် ၂၀ အရွယ် ရောက်လာတဲ့အခါမှာ ဖခမည်းတော်ရဲ့တူတော် သမိန်စည်သူနဲ့ လက်ဆက်ရပါတယ်။ သမီးနှစ်ယောက်၊ သားတစ်ယောက် မွေးဖွားပြီး အိမ်ထောင်သက် ၅ နှစ်အရမှာ သမိန်စည်သူ ကွယ်လွန်ခဲ့ပါတယ်။ နောက် ၃ နှစ်အရမှာတော့ ခမည်းတော် ရာဇာဓိရာဇ် ကွယ်လွန်ခဲ့ပါတယ်။

ရာဇာဓိရာဇ် နန်းတက်စမှာ ဖြစ်ပွားခဲ့တဲ့ အင်းဝ ဟံသာဝတီတို့ အားပြိုင်တဲ့ အနှစ်လေးဆယ်စစ်ပွဲဟာ သူကွယ်လွန်တဲ့အထိ အဆုံးမသတ်သေးပါဘူး။ ရာဇာဓိရာဇ် ကွယ်လွန်ပြီးစမှာ သူ့ရဲ့သားတော်အချင်းချင်း မညီညွတ်ကြတဲ့အတွက် အင်းဝဘုရင် ဆင်ဖြူရှင်သီဟသူ အလုံးအရင်းနဲ့ ချီတက်လာပါတယ်။

ဟံသာဝတီညီနောင်များ အချင်းချင်း မညီညွတ်ကြတာကြောင့် သီဟသူနဲ့ ရင်ဆိုင်ရာမှာ အရေးမလှ ဖြစ်ခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ရှင်စောပုနဲ့ တစ်မိပေါက် နောင်တော်အရင်းဖြစ်သူ ဗညားရံက နှမတော် ရှင်စောပုကို သီဟသူထံ ဆက်သလိုက်ပါတော့တယ်။

သီဟသူက ရှင်စောပုကို မြတ်မြတ်နိုးနိုး ကြိုဆိုလက်ခံပါတယ်။ အဲဒီအချိန်မှာ ရှင်စောပုဟာအသက် ၂၉ နှစ်သာရှိသေးပြီး ရုပ်အဆင်းအလွန်တင့်တယ်ပြေပြစ်တယ်လို့ ဆိုပါတယ်။ သီဟသူဟာ ရှင်စောပုကို ရပြီးတဲ့နောက်မှာ သူ့တပ်များကိုနုတ်ပြီး အင်းဝဘက်ကို ပြန်လည်ဆုတ်ခွာခဲ့ပါတယ်။

ရှင်စောပုဟာ အသက်အရွယ် အလွန်ငယ်သေးတဲ့ သားသမီး သုံးယောက်ကိုခွဲပြီး သီဟသူနောက်ကို လိုက်သွားရရှာတာပါ။ အငယ်ဆုံး သားကလေးဟာ ၃ နှစ်သာသာပဲ ရှိပါသေးတယ်။ သူ့ကို ချစ်ကြည်ရေးပဏ္ဏာအဖြစ် လူစင်စစ်က ပန်ဆည်းဥစ္စာတစ်ခုလို လက်ပြောင်းပေးလိုက်တာကို ခံခဲ့ရပေမယ့် ငြင်းဆန်နိုင်ခွင့်၊ ငြင်းဆန်နိုင်အား မရှိပါဘူး။ အဲဒီအဖြစ်ဟာ ပဒေသရာဇ်ခေတ်ထုံးစံနဲ့အညီ ဖြစ်လာတာမို့ ရှင်စောပုမှာ မငြင်းမဆန် လိုက်နာရမှာပါပဲ။



ရှင်စောပုဟာ မငြင်းဆန်နိုင်လို့ လိုက်နာရပေမယ့် သားသမီး၊ ဆွေမျိုးနဲ့ ဇာတိဒေသတို့ကိုခွဲခွာပြီး ဒေသအသစ်၊ သခင်အသစ်မှာ ဘယ်လိုအဖြစ်မျိုးတွေနဲ့များ ကြုံရပါ့မလဲလို့တွေးပြီး များစွာထိတ်လန့်နေပေလိမ့်မယ်၊ သူ့ကို သူစိမ်းများလက်ထဲ ထည့်လိုက်နိုင်ရက်သူ မောင်များကိုလည်း များစွာ နာကြည်းနေပေလိမ့်မယ်လို့ မှန်းဆမိပါတယ်။

အင်းဝကိုရောက်လာတဲ့ ရှင်စောပုရဲ့ဘဝဟာ ဘုရင်သီဟသူရဲ့ မြတ်နိုးမှု၊ ချီးမြှင့်မှု၊ ချစ်ခင်ယုယမှုများကို ခံယူရင်း စိတ်ဆင်းရဲနေရတဲ့ဘဝ၊ စိုးရိမ်သောက များနေရတဲ့ဘဝ ဖြစ်ပါတယ်။ အကြောင်းကတော့ အစောပိုင်းမှာ ဘုရင်ရဲ့မေတ္တာတွေ၊ အကြင်နာတွေကို တစ်ဦးတည်းမူပိုင်ထိန်းထားနိုင်ပြီး ရှင်စောပုရောက်ခါမှ အပစ်ပယ်ခံရတဲ့ ရှင်ဘို့မယ်ရဲ့ အငြိုးအတေးများကို ခံရလို့ပဲဖြစ်ပါတယ်။

ရှင်ဘို့မယ်အနေနဲ့ အရာကျသလို ခံစားရတဲ့အတွက် ဘုရင့်အပေါ်မှာ ပြင်းထန်တဲ့ရန်ငြိုး ထားခဲ့ပါတယ်။ သီဟသူကိုအသေတိုက်ပြီး အင်းဝကို သိမ်းယူနိုင်ဖို့ အုန်းဘောင်စော်ဘွားကို ချိုပင့်ခဲ့ပါတယ်။ ဘုရင်ဘယ်နေရာမှာ အမေ့မေ့အလျော့လျော့ စံစားတတ်တယ်ဆိုတာကိုပါ သတင်းပေးလိုက်ပါသေးတယ်။

အုန်းဘောင်အင်းအားစုများရဲ့ ဝိုင်းဝန်း တိုက်ခိုက်မှုကိုခုခံရင်း ဘုရင်သီဟသူ ကျဆုံးသွားခဲ့ပါတယ်။ ရှင်စောပုနဲ့ သီဟသူဟာ ၃ နှစ်နီးပါးပဲ ပေါင်းရပါတယ်။

သီဟသူကျဆုံးပြီးဖြစ်ပွားလာတဲ့အဖြစ်အပျက်အပြောင်းအလဲတွေက များပြားမြန်ဆန်လွန်းလို့ ရှင်စောပုမှာ ဆောက်တည်ရာကို မနည်းပဲရှာရမယ်ဖြစ်ပါတယ်။ သီဟသူရဲ့ အရိက်အရာကို ရှင်ဘို့မယ်က ကလေးကျေးတောင်ညိုကို ပေးစေချင်ပါတယ်။ ကလေးမှာ မြို့စားအဖြစ်နဲ့ရောက်နေတဲ့ ကျေးတောင်ညိုဟာ မင်းကြီးစွာစော်ကဲရဲ့ သားတော်အကြီးဖြစ်သူ တရဖျားရဲ့သားဖြစ်တဲ့အတွက် မင်းသားစင်စစ်လို့ ဆိုနိုင်ပါတယ်။

တရဖျားဟာ (၇) လသောက် နန်းစံပြီးမှ အလုပ်ကြံခံရသူဖြစ်ပါတယ်။ အဲဒီနေရာမှာ မင်းခေါင်နန်းတက်ခဲ့လို့ တရဖျားရဲ့သားဟာ ထီးနန်းမရဘဲ မြို့စားဘဝနဲ့ ကျေနပ်နေရတာဖြစ်ပါတယ်။ မင်းခေါင်ရဲ့သား သီဟသူ ရုလိုကျဆုံးသွားချိန်မှာတော့ ကျေးတောင်ညိုကို နန်းတင်ဖို့ ရှင်ဘို့မယ်နဲ့ အပေါင်းပါတို့က ကြိုးစားခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘို့မယ်နဲ့ ဆန်ကျင်ဘက် အင်အားစုကတော့ သီဟသူရဲ့ မိဖုရားကြီးတစ်ပါးဖြစ်သူ တန်ဆောင်းရှင်ပဲ ဖြစ်ပါတယ်။ တန်ဆောင်းရှင်ဘက်က အားသာသွားတဲ့အတွက် သူ့ရဲ့သားတော် မင်းလှငယ် နန်းတက်လာပါတယ်။ မင်းလှငယ် နန်းတက်တဲ့အချိန်မှာ အသက် ၉ နှစ်သာရှိပါသေးတယ်။

ရှင်စောပုဟာ အားပြိုင်တဲ့အထဲမှာ မပါပေမယ့် မင်းလှငယ် ဘုရင်ဖြစ်တဲ့အချိန်မှာတော့ အဲဒီခေတ်က ပဒေသရာဇ်ဓလေ့ထုံးစံများနဲ့အညီ မင်းလှငယ်ရဲ့မိဖုရား ဖြစ်လာပါတော့တယ်။

နန်းစံသက်(၃)လအရမှာ မင်းလှငယ် အဆိပ်သင့်ပြီး ကွယ်လွန်ခဲ့ပါတယ်။ အဲဒီအချိန်မှာ အင်းဝကိုအလုံးအရင်းနဲ့ ရောက်လာပြီဖြစ်တဲ့ ကလေးကျေးတောင်ညိုဟာ ထီးနန်းကိုဝင်ရောက် သိမ်းပိုက်ခဲ့ပါတယ်။

ရှင်စောပုလည်း ဆိုခဲ့တဲ့အတိုင်း ပဒေသရာဇ်ထုံးစံနဲ့အညီ ကျေးတောင်ညိုရဲ့ မိဖုရားဘဝကို ရောက်ခဲ့ရပြန်ပါတယ်။

ကျေးတောင်ညိုနန်းတက်လာပြီဆိုတာနဲ့ မိုးညှင်းစားသတိုးလည်း အင်းဝကို အလုံးအရင်းနဲ့ လာရောက်ဝန်းရံပြီး တိုက်ခိုက်ပါတော့တယ်။ အစောပိုင်းက ရှင်ဘို့မယ်ရဲ့ဖိတ်ခေါ်မှုကြောင့် အင်းဝဘက်ကိုရောက်နေတဲ့ အုန်းဘောင်တပ်များဟာ မိုးညှင်းအင်အားစုကို မယှဉ်နိုင်တာနဲ့ ဆုတ်ခွာသွားကြပါတယ်။ ကျေးတောင်ညိုကလည်း ရနိုင်တဲ့အင်အားကိုစုပြီး မိုးညှင်းတပ်များကို တွန်းလှန်ဖို့ ကြိုးပမ်းခဲ့ပါတယ်။

အဲဒီလိုကြိုးပမ်းတဲ့အခါမှာ ပုခန်းတရဖျားရဲ့အကူအညီကိုလိုချင်တာနဲ့ ရှင်စောပုကို ပုခန်းတရဖျားလက်ကို အပ်လိုက်ပါတယ်။ ရှင်စောပုမှာ မင်းသမီးစင်စစ်ဖြစ်လျက်နဲ့ မိဖုရားအရာက လျောကျပြီး မြို့စားကတော်ဘဝ ရောက်ရပြန်ပါတယ်။

မူလကတည်းက ပဒေသရာဇ်ထုံးတမ်းစဉ်လာတို့ကို မဖီဆန်မတော်လှန်နိုင်ခဲ့လို့ မင်းယောက်ျားများပြုသမျှကို သည်းခံနေခဲ့ရတဲ့ ရှင်စောပုဟာ အခုလို နိုင်ငံရေး၊ စစ်ရေးရှုပ်ထွေးပြီး သူ့ကိုမလိုတဲ့သူတွေ ကြီးစိုးနေတဲ့ အချိန်မှာ အသက်မဆုံးဘဲနေနိုင်တာ ကံကောင်းတယ်လို့ မှတ်ယူရမယ့် အနေအထားမှာ ရှိနေရှာပါတယ်။

မိုးညှင်းသတိုးကိုမယှဉ်နိုင်တာနဲ့ ရှင်ဘို့မယ်ကိုခေါ်ပြီး ကျေးတောင်ညို



ထွက်ပြေးသွားခဲ့ပါတယ်။ မိုးညှင်းသတိုးဟာ အဲဒီအခါမှာ အင်းဝမြို့ထဲဝင်လာပြီး ချပ်ဝတ်တန်ဆာများကိုတောင်မချွတ်အားဘဲ ထီးနန်းကိုသိမ်းပိုက်ပြီး ဘိသိက်ခံခဲ့ပါတယ်။

မင်းအဖြစ်ကို ရပြီးတဲ့နောက် ချီးမြှင့်သင့်သူကို ချီးမြှင့်၊ ကွပ်မျက်သင့်သူကို ကွပ်မျက်ရတဲ့အလုပ်ကို မိုးညှင်းသတိုးလုပ်ရပါတယ်။ အဲဒီအချိန်မှာ ဘိသိက်ခံ မိဖုရားစင်စစ်က တရဖျားလက်ထဲရောက်နေရှာသူ ရှင်စောပုကို တွေ့ပါတယ်။ အဲဒါနဲ့ မိုးညှင်းသတိုးက ရှင်စောပုကို ပြန်လည်သိမ်းပိုက်ပြီး မိဖုရားအရာနဲ့ ပြန်လည်ချီးမြှောက်ပြန်ပါတယ်။

မိုးညှင်းသတိုးလက်ထဲကို ပြန်ရောက်ရပေမယ့် ရှင်စောပုခမြာ မပျော်ပိုက်နိုင်တော့ပါဘူး၊ မိုးညှင်းသတိုးဟာ ခုအချိန်မှာ မင်းအဖြစ်ကို ရောက်နေပေမယ့် ရှင်စောပုမင်းသမီးဘဝတုန်းကတော့ သူဟာသူရဲကောင်းစစ်သူကြီး တစ်ယောက်မျှသာဖြစ်ပါတယ်။ လဂွန်းအိမ်နဲ့ အဆင့်ညီအရွယ်ညီ တစ်ယောက်မျှသာ ဖြစ်ပါတယ်။ အခုအခါမှာ မင်းအဖြစ်ကို ရောက်ပြီး ရှင်စောပုကို ပြန်လည်မြှောက်စားတာကလည်း ရှေးထုံးစံနဲ့ အညီဖြစ်အောင် လုပ်တဲ့သဘောမျှသာ ဖြစ်ပါတယ်။ မြတ်နိုးယုယခြင်း နည်းပါးခဲ့ပါတယ်။

အဲဒီလို မမြတ်နိုးတဲ့အတူတူ ဟံသာဝတီကို ပြန်ပါရစေလို့ လျှောက်တင်ဖို့ ... သာမန်တွေလိုတောင်းဆိုလို့ကလည်း မရနိုင်ပါဘူး။ ရှင်စောပုဟာ အရင်မင်းများလက်ထက်က ဘိသိက်ခံမိဖုရားဖြစ်ခဲ့တဲ့အတွက် မိုးညှင်းသတိုးအဖို့ သိမ်းပိုက်ထားရမယ့် အဆောင်အယောင်တစ်ခု ဖြစ်နေပါတယ်။

ဒါ့တင်မက ဟံသာဝတီမင်းများအနေနဲ့ စစ်ပြေငြိမ်းရေးအတွက်ပေးအပ်လိုက်တဲ့ ပဏ္ဏာတော်မင်းသမီး ဖြစ်နေပြန်ပါတယ်။

ရှင်စောပုဟာ မပျော်ပိုက်ဘဲ အင်းဝမှာ စံစားနေရင်း အညာအရပ်မှာ ပိဋကတ်စာပေများ လာရောက်လေ့လာသင်ယူနေတဲ့ မွန်အမျိုးသား ရဟန်းနှစ်ပါးနဲ့ ဆက်သွယ်မိပါတယ်။

ရှင်စောပုက သူ မကျန်းမမာဖြစ်နေတဲ့အကြောင်း မိုးညှင်းသတိုးယုံကြည်အောင် သက်သေပြခဲ့ပါတယ်။

ပြီးမှ အဲဒီရဟန်းနှစ်ပါးကို အမြဲမပြတ်ဆည်းကပ်ခွင့်တောင်းခဲ့ပါတယ်။ သဘောထားကြီးတဲ့ မိုးညှင်းသတိုးကလည်း ခွင့်ပြုခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ဖြစ်သူဟာ ရှင်စောပုကို ထူးထူးခြားခြား မြတ်နိုးယုယခြင်းမရှိပေမယ့် အလေးဂရုပြုတော်မူပုံရပါတယ်။ အစစအရာရာ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပြီးတဲ့အခါမှာ မွန်ရဟန်းနှစ်ပါးနဲ့ ရှင်စောပုတို့ရေကြောင်းကစုန်ပြီး တိတ်တဆိတ်ထွက်ပြေးပါတယ်။ မိုးညှင်းသတိုး သိသွားတဲ့အခါမှာ လိုက်လံဖမ်းဆီးဖို့ ကြိုးစားခဲ့ပါသေးတယ်။ နောက်အမီမလိုက်နိုင်တော့တာနဲ့ လက်လျှော့လိုက်ပါတယ်။

အဲဒီလိုနဲ့ ဟံသာဝတီကို (၇)နှစ်ကြာအောင် ခွဲခွာပြီး အင်းဝမှာနေခဲ့ရတဲ့ မင်းသမီး ရှင်စောပုဟာ ၁၄၃၀မှာ ဟံသာဝတီကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။

ရှင်စောပု ဟံသာဝတီကို ပြန်လည်ဆိုက်ရောက်ချိန်မှာ သူ့ရဲ့မောင်တော်အရင်းဖြစ်တဲ့ ဗညားရံ မင်းပြုနေချိန်ဖြစ်ပါတယ်။ မောင်တော်က ဝမ်းသာအားရနဲ့ ရှင်စောပုကို နန်းတွင်းမှာအိမ်ဆောက်ပြီး သာသာယာယာ စိုးစံနေစေပါတယ်။

ငယ်ငယ်ကတည်းက ခွဲထားခဲ့ရတဲ့ သားတော်ဗညားဗရုက ရှင်စောပုကို မမှတ်မိဘဲ ဖြစ်နေတယ်လို့ ဆိုပါတယ်။ ရှင်စောပုမှာ ဝမ်းသာနေတဲ့ကြားက ကြေကွဲရမယ့် အဖြစ်ပါပဲ။

ရှင်စောပုဟာ နန်းတော်တွင်းက စံအိမ်မှာ အေးချမ်းစွာ သားသမီးများနဲ့အတူ စံနေရင်း သူ့ကို အင်းဝကနေထွက်ပြေးတဲ့အခါမှာ ကူညီခဲ့တဲ့ အရှင်ဓမ္မရေနဲ့ အရှင်ဉာဏတို့ကို မူလကထက်ပိုပြီး ကိုးကွယ်ဆည်းကပ်ခဲ့ပါတယ်။

အရှင်နှစ်ပါးနဲ့ ပိုမိုတွေ့ထိခွင့်ရလာတဲ့အခါမှာ သူတို့ရဲ့စိတ်နေသဘောသဘာဝကိုပိုပြီး သိခွင့်ရလာခဲ့မယ် ဖြစ်ပါတယ်။ ထီးနန်းအရေးနဲ့ ပတ်သက်တဲ့ကိစ္စတွေကိုပိုပြီး သိခွင့်ရလာတဲ့အခါမှာအင်းဝနဲ့ဟံသာဝတီဟာ အတူတူပါပဲကလားဆိုပြီး ရှင်စောပုအနေနဲ့ များစွာစိတ်ထိခိုက်မယ်လို့ မှန်းဆနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူရောက်တဲ့အချိန်မှာ နန်းတက်ပြီးသားဖြစ်နေတဲ့ ဗညားရံဟာ အဖတူအမေကွဲ နောင်တော်ဗညားဓမ္မရာဇာကို အဆိပ်နဲ့လုပ်ကြံပြီး ထီးနန်းကို အရယူခဲ့သူဖြစ်တယ်ဆိုတာ တစ်နည်းနည်းနဲ့ ကြားသိခဲ့မှာပါပဲ။

ဗညားရံဟာ နမတော် ပြန်ရောက်ပြီး ၁၆ နှစ်အရမှာ ကွယ်လွန်ခဲ့ပါ



တယ်။ သူထီးနန်းစံနေခိုက်မှာ နောင်တော်ဗညားဓမ္မရာဇာရဲ့သားတော် ဗညားကျန်းဟာ ဘုရင့်ကိုယ်လုပ်တော်တစ်ယောက်နဲ့ ရည်ငံမိတာပေါက်ကြားသွားတာနဲ့ အင်းဝဘက်ကို ထွက်ပြေးသွားခဲ့ပါတယ်။

ဗညားရံရဲ့ အရိုက်အရာကို ရှင်စောပုရဲ့သားတော် ဗညားဗရုဆက်ခံခဲ့ပါတယ်။ အဲဒီမင်းနန်းစံသက် ၄ နှစ်အရမှာ လုပ်ကြံခြင်းခံရပြီး ကွယ်လွန်ပြန်ပါတယ်။ ဗညားဗရုရဲ့ အရိုက်အရာကို ဗညားကျန်း ဆက်ခံပါတယ်။ အင်းဝဘက်ကို ခိုဝင်သွားဖူးတဲ့ ဗညားကျန်းပဲဖြစ်ပါတယ်။ သူ့ရဲ့နန်းစံသက်ကလည်း ၃နှစ်ပဲကြာပါတယ်။

ဗညားကျန်း ကွယ်လွန်တဲ့အခါမှာ ဗညားရံမင်းရဲ့သားတော် လိတ်မွတ်ထော နန်းတက်ပါတယ်။ လိတ်မွတ်ထောဟာ ပြည်သူပြည်သားတို့ကို ညှဉ်းပန်းသူဖြစ်လို့ ၇ လသာ နန်းစံခွင့်ရခဲ့ပါတယ်။

ဟံသာဝတီသားတွေဟာ စစ်မက်ထူပြောမှုနဲ့ နန်းလုမှုများကို ငြီးငွေ့တာကြာပါပြီ။ အဲဒါကြောင့် အသက်အရွယ်ကြီးရင့်ပြီး ကုသိုလ်ရေးမှာ ထုံမွေ့သူရှင်စောပုကိုပဲ အများဆန္ဒအရ ရွေးချယ်ပြီး ဘုရင်မအဖြစ် တင်မြှောက်ခဲ့ကြပါတယ်။

ရှင်စောပု ဘုရင်မဖြစ်လာတဲ့အခါမှာ အသက်၅၉နှစ်ရှိပါပြီ။ အဲဒါကြောင့် ဗညားထော(မင်းအို)ဆိုတဲ့ဘွဲ့ကို လိုက်လျောစွာ ခံယူခဲ့ပါတယ်။

ရှင်စောပု ဘုရင်မဖြစ်လာတဲ့အခါမှာ စစ်ဘေးကကင်းဝေးလာပြီဖြစ်တဲ့ ဟံသာဝတီရဲ့ ပြည်တွင်းရေး အခြေအနေဟာ ငြိမ်းအေးသာယာလာပါတယ်။ ကုန်ကူးသန်းရောင်းဝယ်မှုများ ဖွံ့ဖြိုးလာတဲ့အတွက် နိုင်ငံရဲ့ စီးပွားရေးလည်း တိုးတက်လာခဲ့ပါတယ်။

ရှင်စောပု ဘုရင်မဖြစ်လာတဲ့အခါမှာ ရေးကထက် ပိုပြီးကုသိုလ်ရေးကိစ္စ[illegible]ကို ဆောင်ရွက်ခဲ့ပါတယ်။ ရှင်စောပုရဲ့ကျေးဇူးကြောင့် ရွှေတိဂုံ၊ ရွှေမော်ဓောအစရှိတဲ့ စေတီတော်ကြီးများဟာ နောင်းလူတို့ ဂုဏ်ယူဖွယ်ရာသပ္ပါယ်တင့်တယ်တဲ့ အခြေအနေကို ရောက်လာကြပါတယ်။ ရှင်စောပု ကုသိုလ်ကောင်းမှုပြုပုံမှာ စနစ်တကျရှိလှတဲ့အတွက် တာရှည်တည်တံ့နိုင်မြဲခဲ့ပါတယ်။

ရှင်စောပုဘိသိက်ခံမင်းတစ်ပါးအဖြစ်ရောက်လာတဲ့အခါမှာ သာမန်မင်းယောက်ျားတောင် မလုပ်ဆောင်နိုင်တဲ့ကိစ္စကိုအောင်မြင်စွာဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်။ အဲဒီကိစ္စကတော့ သူ့စိတ်ကြိုက် နန်းလျာရွေးတဲ့ကိစ္စဖြစ်ပါတယ်။

ရှင်စောပု အင်းဝကအပြေးမှာ ကူညီခဲ့တဲ့ ရဟန်းနှစ်ပါးအနက် အရှင်ဓမ္မရေကိုလူဝတ်လဲပြီး နန်းလျာအဖြစ်ထားမယ်လို့ မှူးမတ်များကို ဦးစွာပြောကြား အသိပေးပါတယ်။ မှူးမတ်များက မကျေမနပ်ဖြစ်ပြီး ကန့်ကွက်စကား ပြောကြပါတယ်။

အဲဒီအချိန်မှာ ရှင်စောပုက လူတကာ ဖြတ်သွားဖြတ်လာလုပ်နေတဲ့ တံတားအောက်ဘက်က ယက်မတစ်ချောင်းကိုယူပြီး မြတ်စွာဘုရားရုပ်ပွား တော်ထုစေပါတယ်။ အဲဒီနောက် ရွှေချ၊ အနေကဇာတင်ပြီး မှူးမတ်များ ကို ပြသခဲ့ပါတယ်။ မှူးမတ်များက ရုပ်ပွားတော်ကို ပူးမြော်ကြတဲ့အခါမှာ တော့ ရှင်စောပုက ရုပ်ပွားတော်ရဲ့ မူလသဘာဝကို ဖော်ပြောခဲ့ပါတယ်။ အဲဒီလိုပါပဲ။ ရှင်ဓမ္မရေဟာ ဆင်းရဲသား မှုဆိုးမသား ရဟန်းလူထွက်ဖြစ်ပါ စေ အရည်အချင်းနဲ့ ပြည့်စုံသူမို့ ဘုရင်ဖြစ်လာရင် လက်ခံကြရမှာပဲလို့ ပြောခဲ့ပါတယ်။

ရှင်စောပုဟာ အင်းဝမှာရော၊ ဟံသာဝတီမှာပါ ထီးနန်းလုမှုကြောင့် နိုင်ငံသားများ နစ်နာခဲ့ရတာကို သူ့ဘဝနဲ့ရင်းပြီး သိနားလည်လာခဲ့ရသူ ဖြစ်ပါတယ်။ မိမိဘုရင်ဖြစ်ဖို့၊ မိမိဘက်သား ဘုရင်ဖြစ်ဖို့အတွက် အရက် စက်ကြီး ရက်စက်ကြတာကိုလည်း ကြုံတွေ့ခဲ့ရပေါင်းများပါပြီ။ အဲဒါ ကြောင့် သူကိုယ်တိုင် ဘုရင်ဖြစ်လာတဲ့အခါမှာ အဲဒီအကျင့်ဆိုးတွေနဲ့ ရင်းနှီးနေတဲ့ သူ့သွေးသားရင်းချာ ပဒေသရာဇ်အနွယ်တော်များကို နန်းလျာ ထားဖို့ များစွာ ဝန်လေးတော်မူဟန် တူပါတယ်။

ရှင်ဓမ္မရေဟာ ပိဋကတ်သုံးပုံကို အာဂုံဆောင်ခဲ့သူဖြစ်လို့ ပညာရှင် တစ်ဦး၊ တစ်နည်းဆိုရင် နှလုံးရည်နှင့် ပြည့်ဝသူ တစ်ဦးဖြစ်ပ ယ်။ ရှင်စောပုကို ကယ်ဆယ်တဲ့ အချိန်တုန်းကလည်း စွန့်စားဆောင်ရွက် တက်ကြွခဲ့သူ တစ်ဦးဖြစ်ကြောင်းကို ရှင်စောပုကိုယ်တိုင် သိမြင်ခဲ့ပြီး ဖြစ်ပါတယ်။ သူဟာ လိုအပ်ရင် လက်ရုံးရည်လည်း ပြနိုင်သူလို့ ဆိုနိုင် ပါတယ်။ အဲဒါကြောင့် ဓမ္မရေသည် ထက်မြက်သည့် ပညာရှင်ဘုရင် ဖြစ်လာနိုင်ပေသည်လို့ ရှင်စောပု ယူဆခဲ့ဟန်တူပါတယ်။

ရှင်ဓမ္မရေကို လူထွက်စေပြီးတဲ့နောက် သမီးတော်အကြီး မိပကာထော် နဲ့ ထိမ်းမြားပေးခဲ့ပါတယ်။ သားမက်တော်ကို ဓမ္မစေတီအမည်နဲ့ ထီးနန်းစိုး



စံဖို့ ရှင်စောပု နန်းစံသက် ၇ နှစ်အရမှာ လွှဲအပ်ပေးခဲ့ပါတယ်။

ရှင်စောပု လူရွေးမှန်တယ်ဆိုတာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတဲ့ ဟံသာဝတီက သက်သေပြနေပါတယ်။

ရှင်စောပုရဲ့ဘဝကို တစ်ဆစ်စီ တစ်ပိုင်းစီ လေ့လာကြည့်မိတဲ့အခါ မှာ ပဒေသရာဇ်ခေတ်ရဲ့ ဆိုးဝါးပြင်းထန်တဲ့ ထုံးတမ်းဓလေ့တွေနဲ့ ထီးရေး နန်းရေး အရှုပ်အထွေးတွေကြောင့် ရှင်စောပုမှာ ကိုယ်ရောစိတ်ပါ များစွာ ပင်ပန်းခဲ့တယ်ဆိုတာ သိရပါတယ်။ ဒါပေမယ့် အဲဒီလို အဖြစ်အပျက်တွေ ကြောင့် မီးပြင်းထိုးပြီး ချေးချွတ်သန့်စင်ထားလို့ ဖြူစင်ဝင်းအိနေတဲ့ ရွှေစင်ရွှေသားလို ရှင်စောပုဟာ တစ်ပါးဆိုတစ်ပါး ရာဇဝင်မှာ ကောင်းစွာ စံတင်ထားအပ်တဲ့ မိန်းမသား ဖြစ်လာပါတော့တယ်။

(ရှင်စောပု နန်းတက်တဲ့နှစ်မှာ ၁၄၅၃ ဖြစ်ပြီး ၁၄၇၂ မှာ ကွယ် လွန်ခဲ့ပါတယ်။)

စာပေဂျာနယ်၊ အမှတ်-၁၀/၉၀

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းနု

# စစ်ကိုင်းမင်းရဲ့ ရှင်မင်းနု

မြန်မာရာဇဝင်မှာ နာမည်ဆိုးနဲ့ မှတ်တမ်းတင်ခံရသူ မိန်းမသား အရေအတွက် အနည်းငယ်အထဲမှာ နန်းမတော်မယ်နုလို လူသိများသူ ရှင်မင်းနုတစ်ယောက်ပါပါတယ်။

သူ့အကြောင်းကို အဆက်ဆက် မကောင်းပြောကြတာ များတဲ့အတွက် ကောင်းကွက်များရှိရင်တောင်မှ အဲဒီကောင်းကွက်များကို လူသိများဖို့ အခွင့်သာမယ် မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့ရန်သူ သာယာဝတီမင်း အာဏာရပြီးတဲ့နောက်မှာ အစဉ်အဆက်တက်လာတဲ့ မင်းများကလည်း သာယာဝတီရဲ့ အနွယ်တော်များ ဖြစ်နေကြလို့ပါပဲ။

ရာဇဝင်မှာ မိန်းမသားတစ်ယောက် ထင်ရှားလာဖို့ဆိုတာ တယ်ပြီး လွယ်လှတဲ့ကိစ္စ မဟုတ်ပါဘူး။ ပဒေသရာဇ်ခေတ်မှာဆိုတော့ မိန်းမသား တစ်ယောက်ထင်ရှားဖို့ ပထမဆုံးလိုအပ်ချက်ဟာ ပဒေသရာဇ်အသိုင်းအဝိုင်းမှာ နေရာရဖို့ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ပင်ကိုယ်က မထက်မြက်သူများဟာ အလိုလိုမှေးမှိန်သွားတတ်ပြီး ထက်မြက်သူများကျတော့ နာမည်ကောင်းနဲ့ဖြစ်စေ၊ နာမည်ဆိုးနဲ့ဖြစ်စေ ထင်ပေါ်ကျော်ကြားလာတတ်ပါတယ်။

ဘာပဲဖြစ်ဖြစ် သူတို့အကြောင်းကို လေ့လာရတာ၊ တွေးဆရတာ စိတ်ဝင်စားဖွယ် ကောင်းပါတယ်။ ပြီးတော့ ရာဇဝင်ကြောင်းကိုလည်း တစ်ပါတည်း စဉ်းစားသုံးသပ်ပြီး ဖြစ်သွားနိုင်ပါတယ်။

မြန်မာရာဇဝင်မှာ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် စသည်ဖြင့် ပြောဆိုသုံးနှုန်းတတ်ပေမယ့် ဘယ်မင်းဆက်ကိုမှ မင်းသွေးစစ်တယ်ရယ်လို့ ပြောလို့မရနိုင်ပါဘူး။ မြန်မာနိုင်ငံမှာ ထင်ရှား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ပဒေသရာဇ်နိုင်ငံ၊ ဧကရာဇ်နိုင်ငံများကို စတင်ထူထောင်ကြသူများဟာ များသောအားဖြင့် ထီးဆောင်းနန်းနေမျိုးမဟုတ်တဲ့ တေပါးမင်းများ ဖြစ်ကြပါတယ်။

ပမာပြောရရင် ကျန်စစ်မင်း၊ ဘုရင့်နောင်နဲ့ အလောင်းမင်းတရားကြီးတို့ဟာ တေပါးမင်းများ ဖြစ်ကြပါတယ်။

အလောင်းမင်းတရားကြီးဟာ အထွတ်အထိပ်ကိုရောက်ပြီးတဲ့နောက် သူမရှိတဲ့အခါ ထီးနန်းကို ညီနောင်များအဆင့်ဆင့် အုပ်စိုးကြဖို့ မှာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဆိုခဲ့ပြီးတဲ့အတိုင်း မင်းသွေးစစ်စစ်ရယ်လို့ မဆိုသာကြသူများ ထီးနန်းရတတ်လို့ပဲလား၊ ဒါမှမဟုတ် မြန်မာ့ရိုးရာ ထူးခြားမှုကြောင့်ပဲလား မဆိုနိုင်ပါဘူး။ ထီးမွေနန်းမွေ ဆက်ခံရေးမှုကတော့ အတိအကျမရှိရိုးအမှန်ပါပဲ။

အလောင်းမင်းတရားကြီး မရှိတဲ့နောက်မှာ သားတော်အကြီး တပယင်းစားက ထီးနန်းဆက်ခံပါတယ်။ သူ့ကို နောင်တော်ကြီးမင်းလို့ လူသိများပါတယ်။ သူမရှိတဲ့နောက်မှာ ညီတော်သူ မြေဒူးစားက ထီးနန်းဆက်ခံပါတယ်။ အဲဒီအထိတော့ အလောင်းမင်းတရားရဲ့ အလိုကျပဲ ဖြစ်ပါတယ်။ မြေဒူးမင်းဟာ ဆင်ဖြူရှင်ဘွဲ့ကို ခံယူတော်မူပါတယ်။ သူ့လက်ထက်မှာ ဖြစ်ပွားတဲ့ မန်ချူးကျူးကျော်စစ်ကိုလည်း အောင်မြင်စွာ တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ပါတယ်။ အဲဒီခေတ်စကားနဲ့ပြောရရင် သူဟာဘုန်းကံထက်တဲ့ ဘုရင်တစ်ပါး ဖြစ်ပါတယ်။ အဲဒါကြောင့် သူကွယ်လွန်တဲ့အခါမှာ ကြိုတင်ရွေးချယ်ထားခဲ့တဲ့ အိမ်ရှေ့မင်းဖြစ်သူ သူ့ရဲ့သား စဉ့်ကူးစားက ထီးနန်းဆက်ခံခဲ့ပါတယ်။ စဉ့်ကူးမင်းဟာ ဖခင်လို ဘုန်းထက်သူမဟုတ်တဲ့အတွက် ဖောင်းကားစား ပုန်ကန်ရာမှာ နန်းကျခဲ့ပါတယ်။ ဖောင်းကားစားဟာ နောင်တော်ကြီးရဲ့သား ဖြစ်ပါတယ်။

ဖောင်းကားစားဟာ ထီးနန်းကို ပိုင်ပိုင်နိုင်နိုင် သိမ်းယူအုပ်စိုးနိုင်စွမ်းမရှိပါဘူး။ အဲဒါကြောင့် သူ့ကိုနန်းချပြီး အလောင်းမင်းတရားရဲ့ သားတော်တစ်ပါးဖြစ်သူ ဗဒုံစားမင်းသား နန်းတက်လာခဲ့ပါတယ်။ သူ့ကို မြန်မာရာဇဝင်မှာ ဘိုးတော်ဘုရားရယ်လို့ လူသိများပါတယ်။

ဘိုးတော်ဘုရားဟာ သူ့ရဲ့သားတော်ကို အိမ်ရှေ့အရာထားပါတယ်။ အိမ်ရှေ့မင်းဟာ ဖခင်ထက်အရင်ကွယ်လွန်ခဲ့လို့ သူ့ရဲ့အိမ်ရှေ့အရိုက်



အရာကို ဘိုးတော်ရဲ့မြေးတော်သူ စစ်ကိုင်းစားမင်းသားက ဆက်ခံပါတယ်။

စစ်ကိုင်းစားမင်းသားဟာ ဘကြီးတော်လို့ မြန်မာရာဇဝင်မှာ လူသိများခဲ့ပါတယ်။ သူအလွန်မြတ်နိုးတော်မူသူကတော့ ရှင်မင်းနဲ ဖြစ်ပါတယ်။

စစ်ကိုင်းမင်းသားဟာ အိမ်ရှေ့မင်းအရိုက်အရာကို အသက် (၂၃)နှစ်မှာ ဆက်ခံခဲ့ပါတယ်။ မင်းပျိုမင်းလွင်ပီပီ လွတ်လပ်စွာ မြင်းတစ်စီးနဲ့ သွားလာနေထိုင်လေ့ရှိသူ ဖြစ်တဲ့အတွက် ဖလံခုံရွာဇာတိဖြစ်သူ ရှင်မင်းနဲကို အမရပူရ နေပြည်တော်မှာ မြင်တွေ့ပြီး မြတ်နိုးတော်မူလို့ ကောက်ယူခဲ့ပါတယ်။ ရှင်မင်းနဲ အိမ်ရှေ့မင်းရဲ့ စံအိမ်တော်ကို ရောက်လာတဲ့အချိန်မှာ စစ်ကိုင်းမင်းသားမှာ ဘိုးတော်က ဆောင်နှင်းထားတဲ့ အိမ်ရှေ့မိဖုရားရှိပြီးနေပြီဖြစ်ပါတယ်။ အိမ်ရှေ့မိဖုရားဟာ မီးဖွားရင်း ကွယ်လွန်သွားခဲ့ပါတယ်။ ဘိုးတော်မင်းတရားကြီးဟာ စစ်ကိုင်းမင်းရဲ့အိမ်တော်မှာ ရှင်မင်းနဲ ရောက်နေတာကို နှစ်မြို့က်ခြင်းမရှိပါဘူး။ ဒါကြောင့် မင်းသမီးငယ်ကလေးတစ်ပါးဖြစ်သူ ပန်းတောင်းမင်းသမီးကို ရွှေနန်းကုံးစံနဲ့အညီ အိမ်ရှေ့မိဖုရားအဖြစ် ထပ်မံထိမ်းမြားပေးပြန်ပါတယ်။ ဒါပေမယ့် အိမ်ရှေ့မင်းကတော့ ရှင်မင်းနဲမှရှင်မင်းနဲ ဖြစ်နေပါတယ်။

ရှင်မင်းနဲကို ပဒေသရာဇ်အသိုင်းအဝန်းက အမျိုးနိမ့်သူတစ်ဦးအဖြစ် မှတ်ယူပါတယ်။ ရှေ့မှာ မလှန်ဝံ့ပေမယ့် ကွယ်ရာမှာတော့ နန်းမတော်မယ်နုလို့ပဲ မခန့်လေးစား ခေါ်ကြပါတယ်။ မယ်နုကို ပဒေသရာဇ်အသိုင်းအဝိုင်းကသာမက သူ့ရပ်သူ့ရွာက လူများကပါ များစွာမလေးစားကြဘူးလို့လည်း ဆိုကြပါတယ်။

စစ်ကိုင်းမင်းဟာ အိမ်ရှေ့စံအဖြစ် ၁၁ နှစ်ကျော်ကျော်နေပြီးမှ ဘိုးတော်နတ်ရွာစံတဲ့အတွက် ၁၈၁၉ ခုနှစ်မှာ ထီးနန်းကိုသိမ်းပိုက်ခဲ့ပါတယ်။ သူ မင်းအဖြစ်ကို ရလာတဲ့အခါမှာ မိဖုရားခေါင်ကြီးဖြစ်လာသူကတော့ ရှင်မင်းနဲပဲဖြစ်ပါတယ်။ ဘုရင်ဖြစ်သူက များစွာမြတ်နိုးတော်မူတဲ့အတွက် ရှင်မင်းနဲကို ကွယ်ရာမှာ ထိပါးပုတ်ခတ်ပြောဆိုကြတာ များလှပါတယ်။ သူခေတ်နှင့်သူ အယူသည်းကြလေတော့ ဘုရင်ဟာ သာမန်ထက်ကဲပြီး သူ့ကိုမြတ်နိုးနေတာဟာ ရှင်မင်းနဲက စုန်းမကြီးဖြစ်နေလို့ ပြုစားထားတာလို့လည်း ဆိုကြပါတယ်။ မောင်အရင်းဖြစ်သူ စလင်းမြို့စား

www.burmeseclassic.com

www.burmeseclassic.com



မောင်အိုကိုတောင် မောင်အရင်းမဟုတ်လေဟန်လည်း ပြောကြပါသေးတယ်။

ဘာပဲဖြစ်ဖြစ် စစ်ကိုင်းမင်းဟာ အမရပူရမြို့တော်ကနေပြီး စတုတ္ထအကြိမ် မြို့သစ်ပြန်တည်တဲ့ အင်းဝကိုပြောင်းရွှေ့ပြီး မြို့သိမ်းပွဲခံတဲ့အခါမှာ သူ့ရဲ့သဘောထားကို မင်းပရိတ်သတ်များ သိနားလည်အောင် ပြသခဲ့ပါတယ်။ ပြသပုံကတော့ နန်းဥယာဉ်ထဲကို ရှင်မင်းနရဲ့လက်ကိုဆွဲပြီး ဝင်ရောက်ခဲ့ခြင်းပဲဖြစ်ပါတယ်။

စစ်ကိုင်းမင်းအနေနဲ့ အဲသလောက် မြတ်နိုးတယ်ဆိုတော့ ရှင်မင်းနဟာ ချောမောလှပလွန်းသူ ဖြစ်ရမယ်လို့ထင်ရင် မှားပါလိမ့်မယ်။ သူဟာ သာမန်ရှက်ကြမ်းရေချိုလောက်ပဲ ရှိသူဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမယ့် အနေအထိုင်တတ်ပြီး အပြုအစုကောင်းလို့၊ ပါးနပ်လိမ္မာလို့သာ ဘုရင်ရဲ့ချစ်ခင်မြတ်နိုးမှုကို ထိန်းသိမ်းထားနိုင်သူ ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

ရှင်မင်းနဟာ ဘုရင်မင်းမြတ်အလွန်မြတ်နိုးတဲ့ မိဖုရားခေါင်ကြီးဖြစ်လာတဲ့အခါမှာ ထီးနန်းခလေ့အရ အရာရာမှာ သူမပါမပြီး ဖြစ်လာပါတယ်။ အင်းဝနန်းကို သိမ်းပိုက်ပြီးတဲ့အခါမှာ စစ်ကိုင်းမင်းဟာ မုဒ္ဒါဘိသေကခံပါတယ်။ အတူတွဲလျက် ဘိသိက်ခံရသူက ရှင်မင်းနဖြစ်ပါတယ်။ အဲဒီလိုကြီးကျယ်မြင့်မြတ်တဲ့ ဘိသိက်ခံမိဖုရားဆိုတော့ ဘုရင်မင်းနဲ့အတူတူ ကျင်းပသမျှညီလာခံများ၊ ကန်တော့ခံပွဲများကို တက်ရောက်ရပါတယ်။ တက်ရပုံမှာတော့ မလိုတဲ့သူများ အခံရခက်လေအောင် သီဟာသနပလ္လင်၊ ပဒုမာသနပလ္လင်များမှာ မင်းနဲ့အတူယှဉ်တွဲပြီး ထိုင်ရတာဖြစ်ပါတယ်။

တစ်စုံတစ်ယောက်ဟာ အဲဒီလောက် ကြီးမြင့်လာပြီဆိုတဲ့ အခါမှာ သူ့ကိုချဉ်းကပ်ခစားပြီး ကိုယ်ကျိုးပွားအောင် ကြံဆောင်သူများ ရှိလာတတ်ပါတယ်။ သူကိုယ်တိုင်ကတော့ မိမိနေရာမှာ မိမိမြဲအောင် ကိုယ်ပိုင်စွမ်းအားပွားဖို့ လိုနေတယ်ဆိုတာ သိထားသူဖြစ်ရင် ခစားလာသူများထဲက သူယုံကြည်အားထားရသူများကို ရွေးမြှောက်တော့မှာ ဖြစ်ပါတယ်။

ရှင်မင်းနအနေနဲ့ ထီးနန်းအလယ်မှာနေပြီး မိမိရဲ့ရပ်တည်ရေးအတွက် ကိုယ်ပိုင်စွမ်းအားပွားအောင် ကြံဆောင်မှုဖြစ်မှာကို သူကိုယ်တိုင်မဆိုထားနဲ့ သူ့အကြောင်းကို လေ့လာရသူများတောင် အလွယ်တကူ နားလည်



နိုင်လောက်တဲ့ အခြေအနေမှာ ရှိပါတယ်။ သူ့မှာ အားကိုးအားထား ပြုနိုင်သူ မောင်အရင်း စလင်းမြို့စား ဦးအိုရှိနေပြီး ဖြစ်ပါတယ်။ အဲဒီတော့ မောင်နှမနှစ်ယောက်ဟာ စည်းလုံးစွာနဲ့ အင်အားမွေးကြတော့တာပါပဲ။

ရှင်မင်းနတို့မောင်နှမ နန်းတွင်းမှာ အင်အားစုနိုင်တဲ့ အနေအထားကလည်း ရှိနေပါတယ်။ စစ်ကိုင်းမင်းဟာ မင်းပျိုမင်းလွင်ဘဝကတည်းက လွတ်လပ်ပျော်ပါးစွာ နေထိုင်တတ်ပါတယ်။ အခြွေအရံမပါဘဲလည်း လှည့်လည်သွားလာတတ်ပါတယ်။ အဲဒီလိုနည်းနဲ့ ရှင်မင်းနကို တွေ့ခဲ့သူဖြစ်ပါတယ်။ ရှင်မင်းနဟာ စစ်ကိုင်းမင်းရဲ့ဝသီကို ကောင်းစွာနားလည်လောက်အောင် လိမ္မာပါးနပ်သူ ဖြစ်ပါတယ်။ အဲဒါကြောင့် မင်းကိုလည်း အနုနည်းနဲ့ လွှမ်းမိုးထားနိုင်ပါတယ်။ မင်းကိုယ်တိုင်ကလည်း ပြည်တွင်းပြည်ပ အရေးများမှာ စိတ်မဝင်စားတဲ့အတွက် ယောက်ဖတော် စလင်းစားဦးအိုအဖို့ လွှတ်တော်တက်ပြီး ဝန်ကြီးများအပေါ် ဩဇာလွှမ်းမိုးနိုင်ခွင့်ကို အလွယ်တကူ ရလာပါတော့တယ်။

နန်းတွင်းမှာ မင်းညီမင်းသားများ သူ့အခြွေအရံအသင်းအပင်းနဲ့ သူစံစားနေကြပါတယ်။ အဲဒီအထဲမှာ စစ်ကိုင်းမင်းရဲ့ ညီတော်အရင်းဖြစ်တဲ့ သာယာဝတီမင်းသားလည်းပါပါတယ်။ သာယာဝတီမင်းသားဟာ ရှင်မင်းနနဲ့ မောင်ဖြစ်သူတို့ကို အခြားအခြားသောသူများလိုပဲ အလိုမကျနိုင် မကြည်ဖြူနိုင်သူ ဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ ဦးအိုရဲ့နေရာကို အစောပိုင်းက ပြိုင်ဆိုင်ရယူထားဖို့ အားမထုတ်ခဲ့ပါဘူး။ သူ့နောင်တော်နည်းတူ ပျော်ပျော်ပါးပါးပဲ စံစားနေထိုင်ခဲ့ပါတယ်။

ရှင်မင်းနတို့မောင်နှမဟာ သူတို့ကိုဘုရင်မင်းမြတ်ကလွဲလို့ ကြည်ဖြူသူမရှိသလောက် နည်းပါးတယ်ဆိုတာ သိပြီးတဲ့နောက် သူတို့ဘက်သားများနဲ့ ပြည်တွင်းရေးကို အပိုင်ကိုင်ထားနိုင်အောင် ကြိုးစားကြတာများတယ်လို့ မဆိုသာပါဘူး။ ဘာကြောင့်လဲဆိုတော့ ပဒေသရာဇ်ခေတ်မှာ အင်အားဟာ အမှန်တရားဖြစ်ပြီး လက်ဦးမှုရထားရေးဟာ အရေးကြီးလို့ပဲဖြစ်ပါတယ်။

အဲဒီလိုအခြေအနေမျိုးနဲ့ နန်းတွင်းမှာရှုပ်ထွေးနေလေတော့ ဘုရင်မင်းမြတ်ရော၊ ရှင်မင်းနတို့ရော၊ သူတို့ကိုမလိုလားသူများရော နန်းတော်အပြင်ဘက်မှာ ဘာတွေဖြစ်နေကြသလဲဆိုတာ သေသေချာချာသိနိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အလမ်း နည်းပါးနေပါတယ်။

စစ်ကိုင်းမင်းနန်းတက်ခဲ့တဲ့ ၁၈၁၉ ခုမှာ ဥရောပမှာ နပိုလီယံစစ်ပွဲများပြီးတာ ၄ နှစ်ကြာပါပြီ။ သဘောကတော့ အင်္ဂလိပ်ဟာ အင်အားကြီးမားပြီး ပြင်သစ်ကို အနိုင်ရထားပါပြီ။ လက်အောက်ခံနယ်များကို အပြိုင်သိမ်းပိုက်ရာမှာလည်း ပြင်သစ်ဟာ အင်္ဂလိပ်နဲ့တန်းတူ ပြိုင်ဆိုင်မှု မရှိတော့ဘူးလို့ ဆိုနိုင်တဲ့အနေအထား ရောက်သွားပြီဖြစ်ပါတယ်။

၁၈ ရာစုမှာ ဖြစ်ပွားပေါ်ပေါက်ခဲ့တဲ့ စက်မှုခေတ်ပြောင်းတော်လှန်ရေးကြောင့် အင်္ဂလန်နိုင်ငံမှာ ရောင်းကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ၁၉ ရာစုအစောပိုင်းမှာ များစွာတိုးတက်လာပါပြီ။ အဲဒီတော့ အပိုင်ဈေးကွက်အဖြစ် နယ်ချဲ့ဖို့လည်း ကြိုးပမ်းမှုများ ပိုပြီးလုပ်လာကြပါပြီ။ အဲဒီလိုအခြေအနေမှာ အင်္ဂလိပ်ဟာ အန္တိယနိုင်ငံမှာ နယ်အချို့ကို အပိုင်သိမ်းထားပြီး ဖြစ်နေပါတယ်။ အဲဒီနယ်များနဲ့ မြန်မာနိုင်ငံတို့ နယ်စပ်ချင်းဆက်စပ်နေလေတော့ ပြဿနာခဏခဏ ပေါ်ခဲ့ဖူးပါတယ်။ အင်္ဂလိပ်က သူတို့အနေနဲ့ ပြင်သစ်နဲ့အားပြိုင်နေရချိန် အင်္ဂလိပ်ဩဇာ အိန္ဒိယမှာဖြန့်ကျက်ဖို့ ကြိုးစားနေရချိန်တုန်းကတော့ မြန်မာနဲ့ ပြဿနာမဖြစ်အောင် သံတမန်နည်းအရ ဖြေရှင်းခဲ့ပါတယ်။

၁၈၂၄ ခုရောက်တဲ့အခါမှာတော့ သူတို့ဟာ မြန်မာနိုင်ငံကို ကျူးကျော်ဖို့ အစစအရာရာမှာ ပြင်ဆင်ပြီးဖြစ်လာပါတယ်။ အဲဒါကြောင့် ရှင်မဖြူကျွန်းအရေးမှာ တင်းတင်းမာမာဆက်ဆံပြီး စစ်ကြေညာတိုက်ခိုက်တဲ့အထိ ဖြစ်လာပါတယ်။

အချို့သော နယ်ချဲ့သမိုင်းဆရာများက အဲဒီအင်္ဂလိပ် ကျူးကျော်စစ်ဖြစ်ရတာ နန်းမတော်မယ်နုက စစ်လိုလားပြီး သူရဲ့စစ်သူကြီးမဟာဗန္ဓုလက စစ်ရေးအရအစွမ်းပြရင်း အချီးမြှင့် အမြှောက်အစားခံချင်လို့ ဖြစ်တယ်လို့ ပြောကြပါတယ်။ အဲဒီအချက်ဟာ မှားပါတယ်။ ရှင်မင်းနုနဲ့ မဟာဗန္ဓုလတို့ မရှိရင်လည်း အပိုင်ဈေးကွက်ရှာနေချင်တဲ့ အင်္ဂလိပ်က စစ်ဖြစ်အောင် လှုံ့ဆော်မှာပဲ ဖြစ်ပါတယ်။

တစ်ချက်ကိုတော့ စဉ်းစားစရာရှိပါတယ်။ မြန်မာတို့ဟာ အိမ်နီးချင်းနိုင်ငံများနဲ့ စစ်ဖြစ်ပွားတဲ့အခါမှာ နိုင်ချီကများတဲ့အပြင် စစ်ကြောင့် နယ်မြေဆုံးရှုံးရတယ်ဆိုတာ အတွေ့အကြုံမရှိခဲ့ပါဘူး။ နောက်တစ်ချက်ကလည်း



ဈေးကွက်ရှာဖို့ စစ်တိုက်သူများဟာ လက်နက်ဆန်းများကို အပတ်တကုတ် တီထွင်ထုတ်လုပ်တတ်လို့ သူတို့ရဲ့စစ်အင်အားဟာ ကြီးမားလှတယ်ဆိုတာကို အင်းဝရွှေနန်းသူနန်းသားများဟာ သေချာဂနမသိကြပါဘူး။ သူတို့သိတာကတော့ ထီးနန်းကို အပြိုင်သိမ်းနိုင်ရေးပါပဲ။ အဲဒါကြောင့် ရန်ကုန်ဘက်ကို စစ်ထွက်ခဲ့တဲ့ သာယာဝတီမင်းသားဟာ နောင်တော်ကိုစောင်းပြီး 'စုန်းမကြီးလင် ပန်းတောင်းကို တောင်ညာတင်မှ ညီချစ်မောင်ရွှေညာရပ်ကို ပြန်ခဲ့မယ်လေး' ဆိုတဲ့လေ့လော့်သံနဲ့ အကြေကိုဆင်းသွားတယ်လို့ ဆိုပါတယ်။ ရှင်မင်းနုတို့နဲ့ သာယာဝတီးမင်းသားကြားမှာ စစ်မီးထက်အလျှံညီးတဲ့ အမုန်းမီးစဟာ ပွားသည်ထက်ပွားနေပြီ ဖြစ်ပါတယ်။

ပထမ အင်္ဂလိပ်ကျူးကျော်စစ်မှာ ရှင်မင်းနုတို့ အားထားရတဲ့စစ်သူကြီး မဟာဗန္ဓုလ ကျဆုံးပါတယ်။ ရှင်မင်းနုဟာအဲဒီသတင်းကြားတဲ့အခါ ငိုကြွေးရှာတယ်လို့ဆိုကြပါတယ်။ စစ်ရေးမှာ မြန်မာဘက်က တစ်ဆုတ်တည်းဆုတ်နေရလေတော့ သာယာဝတီက စစ်ပြေငြိမ်းလိုတဲ့ဘက်မှာရှိနေပါတယ်။ ရှင်မင်းနုနဲ့ ဦးအိုတို့က စစ်မှုရေးအခြေအနေကို တကယ်တမ်းပါဝင်တိုက်ခိုက်နေရသူ သာယာဝတီမင်းလောက် ဂနသေချာစွာမသိတော့ မာနမချနိုင်သေးပါဘူး။ အဲဒီတော့ စစ်ပြေငြိမ်းရေးကို ဆန့်ကျင်ပါတယ်။ အစောပိုင်းမှာ ဘုရင်က သူ့ဘက်ပါပါတယ်။ ဒါပေမယ့် တခြားမှူးမတ်များရဲ့ ရှင်းလင်းလျှောက်ထားချက်အရ စစ်ပြေငြိမ်းဖို့ ဘုရင်ကိုယ်တိုင် အရေးတောင်းခဲ့ပါတယ်။

ရန္တပိုစာချုပ်အရ မြန်မာဘက်က ရခိုင်နဲ့တနင်္သာရီကိုပေးရတဲ့အပြင် စစ်လျော်ကြေးငွေများလည်း ပေးရပါတယ်။ အင်္ဂလိပ်သံဖြစ်သူ 'ဘာနေ'ကိုလည်း နေပြည်တော်မှာ လက်ခံခဲ့ရပါတယ်။ ပထမအရစ် စစ်လျော်ကြေးပေးရာမှာ ရှင်မင်းနုပိုင်ငွေများကိုပါ စုဆောင်းပေးလိုက်ရတယ်လို့ ဆိုပါတယ်။

စစ်ကိုင်းမင်းဟာ မူလကတည်းက တိုင်းရေးပြည်ရေးမှာ စိတ်မဝင်စားဘဲ သက်သာသလို နေလာခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် အခုလို စစ်ရှုံးဘုရင် ဖြစ်လာတဲ့အခါမှာတော့ မိမိစိတ်ကို မိမိမဖြေသာနိုင်ဘဲ ကိုယ်ကျန်းမာရေးသာမက စိတ်ကျန်းမာရေးပါ ချွတ်ယွင်းစပြုလာခဲ့ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ဖြစ်သူ စိတ်မတည်မငြိမ်ဖြစ်လေ နန်းတွင်းအားပြိုင်မှု ရှုပ်ထွေးလေ ဖြစ်လာပါတယ်။ ရှင်မင်းနတို့ မောင်နှမနဲ့ သာယာဝတီမင်းသားတို့ဟာ အုပ်စုဖွဲ့ပြီး စောင်နေကြပါတယ်၊ စလင်းမင်းသားက သာယာဝတီမင်းသားနဲ့ အပေါင်းအပါနှမတော် ပုဂံမင်းသမီးရဲ့ကျွန်ကို ဖမ်းဆီးဖို့ ကြိုးစားလာတဲ့အခါမှာ သာယာဝတီမင်းသားတို့အုပ်စုဟာ လက်ဦးမှုရယူရေးအတွက် ရွှေဘိုဘက်ကို ထွက်ခွါသွားခဲ့ကြပါတယ်။

ပြည်တွင်းရေးအခြေအနေကို အကဲခတ်ပြီး စဉ်းစားရရင် စစ်ကိုင်းမင်းဟာ ထီးနန်းအမွေကို ပြဿနာများနှင့်တကွ ဆက်ခံခဲ့ရသူဖြစ်ပါတယ်။ ယိုးဒယားကို သွားရောက်တိုက်ခိုက်ခဲ့ကြတဲ့ စစ်ဆင်မှုများကြောင့် စစ်ပန်းပြီး ပြည်တွင်းစီးပွားရေး ကျဆင်းခဲ့ပါတယ်။ ပြီးတော့ ပထမကျူးကျော်စစ်ဖြစ်လာစေတဲ့ နယ်စပ်ပြဿနာများကိုလည်း ဆက်လက်ရင်ဆိုင်ရပါတယ်။ အဲဒီလို ခက်ခဲတဲ့နိုင်ငံရေးပြဿနာများကိုစစ်ကိုင်းမင်းက ဖြေရှင်းရန်လည်း မသိ၊ ဖြေရှင်းနိုင်စွမ်းလည်းမရှိနဲ့ သူ့ဘာသာသူ ပျော်သလိုနေလေတော့ နေရာတကာ တွင်ကျယ်နေကြတဲ့ ရှင်မင်းနတို့ မောင်နှမအဖို့ရာမှာ တိုင်းသူပြည်သားများ မကျေနပ်သမှုကို အပြည့်အဝခံနေရပါတော့တယ်။ ရှင်ဘုရင်ညံ့တာကို ညံ့တယ်လို့မမြင်၊ သူညံ့လို့ မိဖုရားအလွှမ်းမိုးခံရတာကိုလည်း အကြောင်းရင်း မစဉ်းစားကြတော့ဘဲ ရှင်မင်းနတို့ကိုပဲ ငြိုးနေကြပါတယ်။ အဲဒါကြောင့်လည်း ရွှေဘိုဘက်ကိုတက်သွားတဲ့ သာယာဝတီမင်းဘက်ကို ပူးပေါင်းကြသူ များသည်ထက်များလာကြတော့တာပါပဲ။

အတိုချုပ်ဆိုရရင် သာယာဝတီမင်းသားဘက်က အားသာပြီး အမရပူရကို အခြေပြုကာ နန်းတက်ခဲ့ပါတယ်။ နောင်တော်ကို အကျယ်ချုပ်နဲ့ထားခဲ့ပါတယ်။ ရှင်မင်းနနဲ့ ဦးအိုကိုတော့ စစ်ဆေးပြီး အပြစ်ပေးခဲ့ပါ( ယ်။ ရေမှာချပြီး သေဒဏ်ပေးလိုက်တာပါပဲ။

ရှင်မင်းနရဲ့ ကောင်းကွက်များကို မသိနိုင်တာထားပါတော့၊ ဆိုးကွက်များလို့ ဆိုရမှာတောင် ပြိုင်ဘက်ရန်သူများက အစဉ်အဆက်ဆိုသမျှသာ သိကြရတာပါ။ ဒါကိုလည်း နိုင်ငံတကာမှာ အာဏာရရှိရေးအတွက် အားပြိုင်မှုများ ဖြစ်ပွားခဲ့တာနဲ့နှိုင်းစာရင် ရှင်မင်းနကို ဆိုးလှချည့်လို့ဆိုဖို့ခက်နေပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ သူ့လုပ်ရပ်များမှာ ရက်စက်မှုထက် မသိနားမလည်မှုက ပိုပါတယ်။ ပြီးတော့ နန်းတွင်းရေး ကွက်ကွက်



ကလေးသာကြည့်ပြီး နိုင်ငံ့အရေးကိုမကြည့်။ နိုင်ငံတကာအရေးကို မသိတာက သူတစ်ယောက်တည်းလည်း မဟုတ်ပါဘူး။ အဲဒါကြောင့်လည်း သာယာဝတီမင်းလက်ထက်မှာ နိုင်ငံကိုတိုးတက်လာအောင် စစ်ပြိုင်ရတဲ့အင်္ဂလိပ်တို့နဲ့ အစစအရာရာမှာ မနီးရိုးစွဲလိုက်နိုင်အောင် မကြံဆောင်နိုင်ခဲ့ပါဘူး။

နိဂုံးအနေနဲ့တော့ စိတ်ဝင်စားစဖွယ်ဖြစ်ရပ်ကလေးကို တင်ပြလိုပါသေးတယ်။ ယခုထက်တိုင် အင်းဝမြို့ဟောင်းမှာ မယ်နုအုတ်ကျောင်းလို့တွင်တဲ့ မဟာအောင်မြေဘုံစံ အုတ်ကျောင်းရှိပါတယ်။ အဲဒီအုတ်ကျောင်းမှာ သီတင်းသုံးခဲ့ဖူးတဲ့ ဆရာတော်ဦးပုတ်ကို ရှင်မင်းနက အလွန်ကြည်ညိုပါတယ်။

သူ့ကိုရေမှာချပြီး သေဒဏ်ပေးတော့မယ်ဆိုတော့ ဆရာတော်ကို နောက်ဆုံးဖူးတွေ့ဖို့ အခွင့်တောင်းပါတယ်။ အခွင့်ရတဲ့အခါမှာ ဆရာတော့်ထံကို အာဏာသားများ ခြံရံပြီး သွားရောက်ဖူးမြော်ပါတယ်။ အဲဒီအချိန်မှာ ဆရာတော်ဟာ အမရပူရ မင်္ဂလာဘုံကျော် ကျောင်းတိုက်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ရှင်မင်းနဟာ စာကြည့်နေတဲ့ ဆရာတော်ကို ဖူးမြော်ပြီး သူဟာ သာယာဝတီမင်းရဲ့စီရင်ခြင်းကို ခံရတော့မယ်ဆိုတာကို လျှောက်ထားပါတယ်။ ဆရာတော်ကလည်း "မိနု သူ့ကြွေးရှိက ဆပ်ရလိမ့်မည်" လို့ တိုတိုပဲ မိန့်တော်မူပါတယ်။ ရှင်မင်းနဟာ အကင်းပါးသူ ထက်မြက်သူ ဖြစ်လေတော့ တိုတောင်းလှတဲ့ ဆရာတော်စကားကို ကောင်းစွာနားလည်ပုံပေါ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘာကိုမှထပ်ပြီး မလျှောက်ထားတော့ဘဲ အာဏာသားတို့ခေါ်တဲ့နောက်ကို တည်ငြိမ်အေးဆေးစွာ လိုက်သွားခဲ့လို့ပဲ ဖြစ်ပါတယ်။

ရှင်မင်းနဟာ ပဒေသရာဇ်ခေတ် မိန်မသားများရဲ့အနေနဲ့ အမြင့်မားဆုံးနေရာကို အလွန်အလှမ်းဝေးတဲ့ အခြေအနေကနေပြီး ကံအားလျော်စွာ တက်လှမ်းနိုင်ခဲ့သူ ဖြစ်ပါတယ်။ သူဟာ အဲဒီနေရာကို ရောက်နိုင်ဖို့ အရေးအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သူ စစ်ကိုင်းမင်းကို ကောင်းစွာကြိုးကိုင်နိုင်ခဲ့သူ ဖြစ်ပါတယ်။ အဲဒီလို ကြိုးကိုင်နိုင်စွမ်းရှိပေမယ့် အခြေအနေအရပ်ရပ်ကို ကောင်းစွာသုံးသပ်နိုင်တဲ့ပညာ ဗဟုသုတနဲ့တော့ မပြည့်စုံရှာပါဘူး။

ရှင်မင်းနဟာ ထက်မြက်သူ၊ သတ္တိရှိသူ၊ လုပ်သမျှကိစ္စတို့ရဲ့ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျိုးဆိုးပြစ်များကို ဝံ့ဝံ့စားစားခံနိုင်သူလို့ ဆိုရင်မှားမယ်မဟုတ်ပါဘူး။ အဲဒီ လိုစိတ်ထားမျိုးကို ပညာတို့ သတိတို့နဲ့သာ တွဲပေးနိုင်ရင် ရာဇဝင်မှာ နာမည်ဆိုးနဲ့ တွင်ကောင်းမှတွင်ပေမယ်လို့ ယူဆရပါတယ်။ ဒါပေမယ့် ရာဇဝင်ဆိုတာကလည်း ပြောရခက်သားကလား။ ဘာကြောင့်လဲဆိုတော့ ရသမျှ အထောက်အထားအပေါ်မှာသာ အခြေပြုကောက်ချက်ချရတာမို့ ကံသေကံမ မှန်မယ်လို့တော့ ဘယ်လိုမှ စွန့်စားပြီး အာမ မခံနိုင်ပါဘူး။

စာပေဂျာနယ်၊ အမှတ် ၁၁/၉၁

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဓာတုကလျာ

ရာဇဓာတုကလျာလို့ဆိုရင် ရတုဘုရင် နတ်သျှင်နောင်ရဲ့ ကြင်ဘက် သက်လျာအဖြစ် လူသိများပါတယ်။ အသက်အားဖြင့် ရာဇဓါတုကလျာက ၁၈ နှစ်မျှကြီးပြီး အရိုးတော်လည်း တော်စပ်နေပေမယ့် နတ်သျှင်နောင်က လွန်စွာမြတ်နိုးခြင်းကို ခံရသူအဖြစ် ကျော်ကြားပါတယ်။ သူတို့ရဲ့ဘဝ ဇာတ်ကြောင်းကို ဆွတ်ပျံ့တဲ့ မေတ္တာဇာတ်ကြောင်းလို့ လက်ခံနားလည် ထားကြပါတယ်။

ရာဇဓာတုကလျာရဲ့ဘဝကို သေသေချာချာ လေ့လာကြည့်မိရင်တော့ မေတ္တာဇာတ်လမ်းတစ်ခုထက်ပိုပြီး စိတ်ဝင်စားဖွယ်ကောင်းတာကို သိလာရမယ်ဖြစ်ပါတယ်။ ရာဇဓာတုကလျာဟာ ကိုယ်တိုင်ကိုယ်ကျ သမိုင်းကြောင်းကို ပြောင်းလဲစေနိုင်တဲ့ အမှုများကို ပြုခဲ့ပါတယ်လို့ မဆိုနိုင်ဘဲနဲ့ သမိုင်းကြောင်း အပြောင်းအလဲများစွာမှာ ပါဝင်ခဲ့ရသူ ဖြစ်ပါတယ်။

ရာဇဓာတုကလျာဆိုတဲ့ အမည်ကို ရခဲ့ပုံကလည်း ကြီးကျယ်တဲ့ သမိုင်းဖြစ်ရပ်နဲ့ ဆက်စပ်နေပါတယ်။ သူ့ရဲ့ဖခင်ဟာ ဟံသာဝတီဆင်ဖြူများရှင်ဘွဲ့ခံ ဘုရင့်နောင်ဖြစ်ပါတယ်။ ဘုရင့်နောင်ဟာ တပင်ရွှေထီးနဲ့ အတူ ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်သူ ဖြစ်ပါတယ်။ တပင်ရွှေထီး လုပ်ကြံခံရပြီး ကျဆုံးချိန်မှာ ဘုရင့်နောင်ဟာ စစ်ရေးကိစ္စများကြောင့် ဟံသာဝတီမှာမရှိပါဘူး။ အဲဒီလို အကျပ်အတည်း အခက်အခဲကြီးမားစွာနဲ့ ကြုံလာခဲ့ရပေမယ့် ဘုရင့်နောင်ဟာ တစ်နှစ်အကြာမှာ ဟံသာဝတီကို ပြန်လည်သိမ်းပိုက် နိုင်ခဲ့ပါတယ်။ ဘုရင့်နောင်ဟာ ၁၅၅၁ မှာ ဟံသာဝတီကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး အနှစ်သုံးဆယ်ကြာအောင် မင်းပြုခဲ့ပါတယ်။



ဘုရင့်နောင်လက်ထက်မှာ နိုင်ငံတော်ရဲ့ ပိုင်နက်အတွင်းကို ရောက်ရှိလာတဲ့ နိုင်ငံများကတော့ မဏိပူရနဲ့ ဇင်းမယ်တို့ဖြစ်ကြပါတယ်။ ထိုင်းကလည်း ဘုရင့်နောင်ကို ခန့်ညားလေးစားရပါတယ်။ အဲဒီလို ဘုန်းမီးနေလတောက်ပပြီး နိုင်ငံတော်ကို တိုးတက်စေခဲ့တဲ့ ဘုရင့်နောင် လက်ထက်မှာ ဟံသာဝတီနန်းတော်ဟာ အလွန်ပဲ ခမ်းနားကြီးကျယ်ခဲ့တယ်လို့ နေပြည်တော်ရောက် နိုင်ငံခြားသားများရဲ့ မှတ်တမ်းများအရ သိရပါတယ်။

အဲဒီလို ခမ်းနားကြီးကျယ်တဲ့ နန်းတော်ကြီးနဲ့စံမြန်းခဲ့သူ ဘုရင့်နောင်ဟာ မဟာစေတီလို့ ဘွဲ့တော်ရှိတဲ့ စေတီတော်ကြီးတစ်ဆူကို သက္ကရာဇ် ၁၅၅၈–၅၉ မှာ တည်တော်မူခဲ့ပါတယ်။ အဲဒီစေတီတော်မှာ ဌာပနာဖို့ ဓာတ်တော်များပို့ဆောင်တဲ့နေ့မှာ ဘုရင့်နောင်ရဲ့ မိဖုရား ရာဇဒေဝီရှင်မှာ သမီးတော်တစ်ဦး ဖွားမြင်ခဲ့ပါတယ်။ ဘုရင့်နောင်ဟာ အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သမီးတော်လေးကို ရာဇဓာတုကလျာလို့ အမည် ပေးတော်မူပါတယ်။ သမီးတော်ကလေးကို အလွန်လည်း မြတ်နိုးတော်မူတယ်လို့ သိရပါတယ်။

ရာဇဓာတုကလျာဟာ အဲဒီလိုမွေးကတည်းက ကြီးကျယ်တဲ့သမိုင်းကြောင်းနဲ့ ယှဉ်ခဲ့သူဖြစ်ပါတယ်။

မဟာစေတီတော်ကြီးရဲ့ ဌာပနာတိုက်ထဲမှာ ဓာတ်တော်များ၊ ရွှေငွေပေချပ်များပေါ်မှာ ရေးထားတဲ့ ပိဋကတ်တော်များ၊ အထူးထူးသော ရတနာပစ္စည်းများကို ဌာပနာပါတယ်။ ဒါ့အပြင် မင်းမိဖုရားတို့ရဲ့ ရုပ်တုများကိုလည်း ရွှေနဲ့သွန်းပြီးဘုရားကို တန်ဆောင်တိုင်ကိုင်ကာ ပူဇော်နေဟန် ထည့်သွင်းဌာပနာထားပါတယ်။ ရာဇဓာတုကလျာရဲ့ဘဝနဲ့ ဆက်စပ်နေတာမို့ ရုပ်တုသွန်းလုပ်ပြီး ဌာပနာတိုက်ထဲမှာ ထည့်သွင်းခံရသူများရဲ့ အမည်ကို ပြောပြထားလိုပါတယ်။

ဘုရင့်နောင်ရဲ့ရုပ်တုတော်၊ အတုလသီရိမဟာဒေဝီရှင် မိဖုရားကြီး (သခင်ကြီး) ရုပ်တုတော်၊ သမီးတော် အင်းဝမိဖုရားရုပ်တုတော်၊ မြေးတော် နတ်ရှင်မယ်တော် ရုပ်တုတော်၊ သားတော် မဟာဥပရာဇာရုပ်တုတော်၊ မြေးတော်မင်းကြီးစွာ ရုပ်တုတော်၊ ရာဇဒေဝီရှင်မိဖုရားရုပ်တုတော်၊ သားတော်မင်းသား စစ်ရုပ်တုတော်၊ သမီးတော်ရာဇဓာတုကလျာ ရုပ်တုတော် စန္ဒာဒေဝီရှင်မိဖုရား ရုပ်တုတော်၊ သမီးတော် မင်းခင်စောရုပ်တုတော်တို့ကို ရွှေစင်နဲ့သွန်းပြီး ထည့်သွင်းခဲ့တယ်လို့ သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၅၈၁–ခုနှစ်မှာ ဘုရင့်နောင် ကွယ်လွန်ခဲ့ပါတယ်။ ဘုရင့်နောင်ရဲ့ အရိက်အရာကို နန္ဒဘုရင်ခေါ် ငါးဆူဒါယကာက ဆက်ခံပါတယ်။ ရပ်တုစာရင်းမှာ သားတော် မဟာဥပရာဇာလို့ပါပါတယ်။ နန္ဒဘုရင်ဟာ သူဘိသိက်ခံတဲ့နေ့မှာ သူ့ရဲ့သားတော်အကြီးဆုံးကို အိမ်ရှေ့အရာအပ်နှင်း ခဲ့ပါတယ်။ ရပ်တုစာရင်းမှာ မြေးတော်မင်းကြီးစွာလို့ပါသူ ဖြစ်ပါတယ်။ အိမ်ရှေ့အရာကိုအပ်နှင်းရင်း အိမ်ရှေ့မင်းကို နန္ဒဘုရင်ရဲ့တူမ အင်းဝသတိုး မင်းစောရဲ့သမီးတော်နဲ့ လက်ထပ်ထိမ်းမြားပေးခဲ့ပါတယ်။ အဲဒီလို အိမ်ရှေ့ မိဖုရားဖြစ်လာသူကတော့ ရပ်တုစာရင်းမှာ မြေးတော် နတ်ရှင်မယ်တော်လို့ ပါသူဖြစ်ပါတယ်။

ဘုရင့်နောင် ကွယ်လွန်တဲ့အခါမှာ ရာဇဒေဝီကလျာဟာ အသက် ၂၂–နှစ်ရှိပါပြီ။ တကယ်ဆိုရင် မင်းသမီးတစ်ပါး အနေနဲ့ အရွယ်တော် သီသီပိုင်းနေပြီလို့ ဆိုရမယ်ဖြစ်ပါတယ်။ ရာဇဒေဝီကလျာရဲ့ မိခင်ဟာ သူ့အသက် ၅ နှစ် အရွယ်ကတည်းက ကွယ်လွန်ခဲ့ပါတယ်။ ဘုရင့်နောင် မင်းတရားကြီးအနေနဲ့ သားတော်များနဲ့သမီးတော်များကို သင့်တော်ရာရာ ရွေးပြီး စုံဖက်ပေးလေ့ရှိပေမယ့် မိတဆိုး ရာဇဒေဝီကလျာကိုတော့ သနား ကြင်နာခြင်းကြီးစွာထားပြီး အရွယ်ရောက်တယ်လို့ပဲ မထင်ခဲ့လို့ ထိမ်းမြား ပေးခြင်း မပြုခဲ့လေသလား၊ ဒါမှမဟုတ် ဘုရင့်နောင် ကွယ်လွန်ခါနီးအချိန် မှာ နိုင်ငံတော်အတွင်း အရေးအခင်းများစွာ ပေါ်ပေါက်ခဲ့လေတော့ သမီး တော် ရာဇဒေဝီကလျာအရေးကို မတွေးတော မစီစဉ်အားဘဲ ဖြစ်သွားလေ သလားလို့ စဉ်းစားစရာ အကြောင်းတွေ ရှိနေပါတယ်။

ဘာပဲဖြစ်ဖြစ် ဖခင်မင်းကြီး ကွယ်လွန်တဲ့အခါမှာ အပျိုစင်အဖြစ် ကျန်ရစ်ခဲ့ရှာတဲ့ ရာဇဒေဝီကလျာမှာ ကံခေတဲ့အဖြစ်တွေနဲ့တိုးခဲ့ရပါတော့ တယ်။ သူ့မှာ အရင်းအချာရယ်လို့ အမိတူ အဖတူ နောင်တော်တစ်ပါး မောင်တော်အငယ်တစ်ပါးရှိရာမှာ နောင်တော်ကတော့ ဇင်းမယ်ဘုရင် အဖြစ်နဲ့ ဇင်းမယ်ကိုရောက်ရှိနေပါတယ်။ မောင်တော်အငယ်ကတော့ မုတ္တမစားအဖြစ် မုတ္တမကို ရောက်ရှိနေပါတယ်။ ဟံသာဝတီနန်းတော် အတွင်းမှာ ဆွေတော်မျိုးတော် အများအပြားတော့ ရှိနေပါရဲ့။ သို့ပေမယ့် အရင်းအချာများနဲ့ ကင်းကွာပြီး အားငယ်စရာ ဖြစ်နေရှာတယ်လို့တော့ ဆိုနိုင်ပါတယ်။



ဖခင်မင်းကြီး ကွယ်လွန်ပြီး တစ်နှစ်ကြာတဲ့အခါမှာ ရာဇဒေဝီ ကလျာနဲ့ ပတ်သက်တဲ့ အရေးအခင်းတစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ နန္ဒ ဘုရင်ရဲ့သားတော်ကြီး အိမ်ရှေ့မင်းသားဖြစ်သူ မင်းကြီးစွာဟာ ရာဇဒေဝီ ကလျာကို စုံမက်တဲ့အတွက် လက်ဆောင်ပဏ္ဏာများဆက်သပြီး အဆက် အသွယ်လုပ်နေခဲ့ပါတယ်။ နန္ဒဘုရင် ဘိသိက်ခံစဉ်တုန်းက သူ့ကိုပါ အိမ်ရှေ့အရာအပ်နှင်းရင်းစုံဖက်ပေးခဲ့တဲ့ အိမ်ရှေ့မိဖုရားကို အလေးအမြတ် မပြုဘဲ နေခဲ့ပါတယ်။ တစ်နေ့မှာအိမ်ရှေ့မိဖုရားနဲ့ ခိုက်ရန်ဖြစ်ပွားပြီး မင်း ကြီးစွာက တွန်းဖယ်လိုက်ပါတယ်။ အိမ်ရှေ့မိဖုရား လဲကျသွားတဲ့အခါမှာ သလွန်စွန်းနဲ့တိုက်မိပြီး နဖူးကွဲကာ သွေးကျခဲ့ပါတယ်။

အိမ်ရှေ့မိဖုရားနတ်ရှင်မယ်တော်ဟာ အမျိုးအားဖြင့် မြင့်မြတ်သူဖြစ် လို့ မာန်လည်းကြီးပါတယ်။ ဘုရင့်နောင်နဲ့ မင်းတရားရွှေထီးရဲ့ အစ်မတော် သခင်ကြီးတို့ သင့်မြတ်ရာ ဖွားမြင်သူဟာ နတ်ရှင်မယ်တော်ရဲ့ အမိဖြစ်ပါ တယ်။ ဦးရီးတော်အရင်းက နန္ဒဘုရင်ဖြစ်ပါတယ်။ အဖဘက်ကတော့ ဘုရင့် နောင်ရဲ့ ညီတော်တစ်ပါးဖြစ်သူ အင်းဝဘုရင် သတိုးမင်းစော ဖြစ်ပါတယ်။

အိမ်ရှေ့မိဖုရားနတ်ရှင်မယ်တော်ဟာ နဖူးကထွက်တဲ့သွေးကို ဝတ်လဲတော်နဲ့သုတ်ပြီး ဘူးတစ်ခုထဲကို ထည့်လိုက်ပါတယ်။ ဘူးကို တံဆိပ် ခပ်ရိုက်ပြီး အင်းဝက အဖနဲ့ အမိထံ ပို့လိုက်ပါတယ်။ ရာဇဒေဝီကလျာကို သာ စွဲလမ်းပြီး လျစ်လျူရှုထားတဲ့ အိမ်ရှေ့မင်းအကြောင်းကိုလည်း စာနဲ့ ရေးသား ပေးပို့လိုက်ပါတယ်။

ရာဇဒေဝီကလျာအနေနဲ့ အိမ်ရှေ့မင်းကိုတုံ့ပြန်ပြီးမေတ္တာသက်ဝင်မှု ရှိမရှိ ရာဇဝင်ကြီးများမှာ ထည့်သွင်းရေးသားထားခြင်းမရှိပါဘူး။ ဒါပေမယ့် သူ့အမည်ကို ထည့်သွင်းပြီးရေးလိုက်တဲ့ နတ်ရှင်မယ်တော်ရဲ့ စာကြောင့် အင်းဝနဲ့ ဟံသာဝတီ စစ်မက်ဖြစ်ပွားတဲ့အထိ အခြေအနေ ဆိုးရွားသွားခဲ့ပါ တယ်။ စစ်ပွဲမှာအင်းဝဘက်က ရှုံးတာကြောင့် သတိုးမင်းစော ထွက်ပြေးရပါ တယ်။ ထွက်ပြေးရာလမ်းမှာ သတိုးမင်းစော ကွယ်လွန်ပါတယ်။

နန္ဒဘုရင်ဟာ သတိုးမင်းစောရဲ့မိဖုရား၊ သူ့ရဲ့နှမတော်အရင်းကို အင်းဝကနေပြီး ဟံသာဝတီအရောက် အခမ်းအနားနဲ့ ခေါ်ဆောင်ခဲ့ပါတယ်။ ဟံသာဝတီမှာလည်း အင်းဝမှာထက် အဆင့်အတန်း မနိမ့်ကျရအောင် တင့် တင့်တယ်တယ် ထားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဓေတုကလျာရဲ့ အဖြစ်က ဒီမှာတင် အဆုံးမသတ်သေးပါဘူး။ နန္ဒဘုရင်ဟာ မငြိမ်မသက်ဖြစ်လာတဲ့ ယိုးဒယားကို သွားရောက်တိုက်နိုက်ခဲ့ရပါတယ်။ အင်းဝနဲ့စစ်မက်ဖြစ်ပွားပြီး ၄ နှစ်ခန့်အကြာမှာ ဖြစ်ပါတယ်။ အဲဒီအချိန် အတောအတွင်း ဟံသာဝတီမှာ မင်းကြီးစွာက မြို့စောင့်တာဝန်နဲ့ ကျန်ရစ်ခဲ့ပါတယ်။ အိမ်ရှေ့မင်းဟာ မြို့ကိုသာစောင့်တာမဟုတ်ပါဘူး။ သူလုပ်ချင်ရာကို အတားအဆီးမရှိ လုပ်နိုင်ခွင့်ကိုပါ စောင့်နေသူဖြစ်လေတော့ရလာတဲ့အခွင့်အရေးကိုအရယူပြီး သူကြည်ဖြူနိုင်တဲ့ ရာဇဓေတုကလျာကို သိမ်းပိုက်ကာ မိဖုရားမြှောက်ခဲ့ပါတော့တယ်။

နန္ဒဘုရင် ယိုးဒယားက ပြန်ရောက်လာတဲ့အခါမှာ တူမတော် နတ်ရှင်မယ်တော်ကို သူ့မိခင်ဖြစ်သူနဲ့အတူ နေစေပြီး အားမငယ်ရအောင် အဆောင်အယောင် တိုးမြှင့်ပေးခဲ့ပါတယ်။

အဲဒီ အဖြစ်အပျက်များကို ထောက်လိုက်ရင် ရာဇဓေတုကလျာ ကြည်ဖြူသည်ဖြစ်စေ၊ မကြည်ဖြူသည်ဖြစ်စေ အိမ်ရှေ့မိဖုရားတော့ ဖြစ်လာခဲ့ပါရဲ့။ သို့ပေမယ့် သူ့ဘဝမှာက လူတကာ နှစ်လိုပြီး အေးချမ်းသာယာစွာ နေရမယ့်အစား စကားတင်းဆိုစရာ အရေးအခင်းတွေ များလှတာကို တွေ့ရပါတယ်။ အင်းဝနဲ့ဟံသာဝတီ စစ်မက်ဖြစ်ပွားတုန်းကလည်း အများက သည်လိုသေကြေအနာတရဖြစ်ရတာဟာ ရာဇဓေတုကလျာကြောင့် ဆိုတာ ခံခဲ့ရမှာပါပဲ။ မင်းကြီးစွာက ရာဇဓေတုကလျာကို သိမ်းပိုက်လိုက်တဲ့အခါမှာလည်း နန္ဒဘုရင်ကိုယ်တိုင်က စိတ်ကွက်သလို အများကလည်း စကားတင်းဆိုကြမယ်ဆိုတာ အလွယ်နဲ့ သဘောပေါက်နိုင်ပါမယ်။

သို့ပေမယ့် ရာဇဓေတုကလျာဟာ မိန်းမဆိုးကြီးအဖြစ် နန်းတွင်းရေးများမှာ ပါဝင်လာခြင်းမရှိခဲ့ပါဘူး။ ငြိမ်သက်အေးဆေးစွာ နေထိုင်ခဲ့ပါတယ်။ ရုပ်ရည်ရူပကာကလည်း အထူးလှပကြော့ရှင်းသူ ဖြစ်တယ်။ ဘုရင့်နောင်ရဲ့သမီးတော်လည်း ဖြစ်တယ်။ အနေအထိုင်ကလည်း သိမ်မွေ့တယ် ဆိုတော့ သူ့အဖြစ်က ဆိုးပေမယ့် သူ့အမည်ကတော့ ဆိုးမသွားရှာပါဘူး။

ရာဇဓေတုကလျာကို ရအောင်ယူခဲ့သူ အိမ်ရှေ့မင်းဟာ ဘုရင့်နောင်နဲ့ သခင်ကြီးတို့က တိုက်ရိုက်ဆင်းသက်သူ နန္ဒဘုရင်သားဖြစ်ပါတယ်။



သူ့မယ်တော်ကတော့ တပင်ရွှေထီးရဲ့ သမီးတော်ဖြစ်ပါတယ်။ အဲဒီလို ဆွေမျိုးစပ်ပြီး ကြည့်လိုက်ပြန်တော့ မင်းကြီးစွာလို့ တွင်ခဲ့တဲ့ အိမ်ရှေ့မင်းဟာ လိုချင်တာကို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ရအောင်ယူတတ်ဟာ မဆန်းလှပါဘူး။

ရာဇဓေတုကလျာနဲ့ မင်းကြီးစွာတို့ဟာ ဘုရင့်နောင်တည်ထောင်ခဲ့တဲ့ ဟံသာဝတီက ခမ်းနားကြီးကျယ်လှပါတယ်ဆိုတဲ့ အိမ်တော်၊ နန်းတော်တို့မှာ ပျော်ပျော်ပါးပါး စံမြန်းနေထိုင်ခွင့်မရနိုင်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ ပြည်ထဲရေး ပျက်ပြားလာလို့ပဲ ဖြစ်ပါတယ်။ ဆန်ရေစပါးရှားပါးခြင်း၊ စစ်မက်ထူပြောခြင်းတို့ကြောင့် ပြည်သူပြည်သားများ စိတ်နှလုံး ပူပန်ကြရပါတယ်။ ရာဇဓေတုကလျာနဲ့ လက်ဆက်ပြီး ၆ နှစ်အရမှာ မင်းကြီးစွာကိုယ်တိုင် ဦးဆောင်ပြီး 'ထိုင်း'ကို စစ်ချီတက် တိုက်နိုက်ဖို့ အကြောင်း ပေါ်ပေါက်လာပါတယ်။

အဲဒီတိုက်ပွဲဟာ မြန်မာနိုင်ငံသမိုင်းမှာ အမည်းစက်တစ်ခု ထင်ဆေခဲ့တဲ့ တိုက်ပွဲဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ မြန်မာအိမ်ရှေ့မင်းသားဟာ တိုင်းတစ်ပါးမှာ စစ်တိုက်ရင်း ကျဆုံးခဲ့ရလို့ပဲ ဖြစ်ပါတယ်။ မြန်မာတို့ဟာ 'ထိုင်း'ကို အကြိမ်ကြိမ်သွားရောက်တိုက်နိုက်ပြီး အကြိမ်ကြိမ်နိုင်ခဲ့ဖူးပါတယ်။ ဘုရင့်နောင်လက်ထက်က သွားရောက်တိုက်နိုက်ရာမှာ အောင်မြင်ရုံမျှသာမက 'ထိုင်း'မင်းသားတစ်ပါးကို မြန်မာနိုင်ငံအရောက် ခေါ်ဆောင်လာနိုင်ခဲ့ပါတယ်။ အဲဒီမင်းသားကို ဘုရင့်နောင်ရဲ့ မွေးစားသားအဖြစ် ဟံသာဝတီမှာနေစေခဲ့ပါတယ်။ မြန်မာစစ်သေနင်္ဗျူဟာများကိုလည်း သင်ယူခွင့်ပေးခဲ့ပါတယ်။ အဲဒီ 'ထိုင်းမင်းသား ဗြနရာဇ်'ကို 'ထိုင်း'ပြန်ခွင့်ပေးလိုက်တဲ့အခါမှာ ရန်မီးအကြိမ်ကြိမ် ဖြစ်ပွားပါတယ်။ မငးကြီးစွာ ကျဆုံးခဲ့တဲ့အခါက်မှာတော့ မြန်မာတို့ဟာ ကိုယ်သင်ပေးလိုက်တဲ့ စစ်ပညာနဲ့ ကိုယ့်ကိုပြန်ပြီး ရန်ပြုတာခံလိုက်ရတာပဲလို့ ဆိုနိုင်ပါတယ်။

မင်းကြီးစွာကျဆုံးတဲ့အခါမှာ မြန်မာတပ်များ ပြန်လည်ဆုတ်ခွာခဲ့ကြရပါတယ်။ အိမ်ရှေ့မင်းရဲ့ ရုပ်အလောင်းကိုလည်း ပြဒါးသုတ်ပြီး မပုပ်အောင် စီမံပြီး ပြန်ယူခဲ့ကြပါတယ်။ ဟံသာဝတီရောက်တဲ့အခါ ဖခမည်းတော်၊ မယ်တော်တို့နှင့်တကွ မင်းမိဖုရားစုံစုံလင်လင်က ကြေကွဲ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းစွာ ဆီးကြိုပြီး သင်္ဂြိုဟ်ကြပါတယ်။ အဲဒီအဖြစ်ကလည်း ကြေကွဲစရာကောင်းလှပါတယ်။ ပြည်ထဲရေးဆိုးရွားနေပြီဖြစ်တဲ့ ဟံသာဝတီအဖို့ ရိုးရိုးစစ်ရှုံးတာမဟုတ်ဘဲ နိုင်ငံရဲ့လက်ရုံးတစ်ဆူဖြစ်သူ အိမ်ရှေ့မင်းကို ဆုံးရှုံးခဲ့ရလို့ပဲ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ရာဇဓိရာဇ်ကလျာဟာ လွန်စွာ အနေခက်ရှာပေလိမ့်မယ်။ အိမ်ရှေ့မင်းရှိနေတုန်းကတော့ ဘယ်သူကမှ မကြည်ဖြူလို့ ပြုံးနေသည် ဖြစ်ပါစေ၊ အနေအထိုင်မှာတော့ ညှိုးရမယ်မဟုတ်ပါဘူး။ အိမ်ရှေ့မင်းမရှိတော့တဲ့ အချိန်မှာ ရာဇဓိရာဇ်ကလျာ ဘယ်လိုနေရရှာတယ်ဆိုတာ ရာဇဝင်ကြီးမှာ မပါပေမယ့် နိုင်ငံသားအများ ဘယ်လိုနေခဲ့ရတယ်ဆိုတာတော့ပါပါတယ်။

နန္ဒဘုရင်ရဲ့ မအောင်မြင်တဲ့ စစ်ရေးကြိုးပမ်းမှုများကြောင့် ရောက်ကြရတဲ့ ဆင်းရဲဒုက္ခများ၊ ဆန်ရေစပါးရှားကာ ဝတ်မွတ်ခေါင်းပါးလို့ ရောက်ကြတဲ့ ဆင်းရဲဒုက္ခများကြောင့် ဆူပူကြသူ၊ ပုန်စားပုန်ကန် ပြုကြသူများ များပြားလာပါတယ်။

နောက်ဆုံးမှာတော့ တောင်ငူမင်း မင်းရဲသီဟသူနဲ့ သူ့ရဲ့သားတော် နတ်သျှင်နောင်တို့ဟာ ရခိုင်ဘုရင် မင်းရာဇာကြီးနဲ့ ပူးပေါင်းပြီး ဟံသာဝတီကိုလုပ်ကြံ တိုက်ခိုက်ကြတော့တာပါပဲ။ အဲဒီဟံသာဝတီရဲ့ အိမ်ရှေ့မင်းသားအသစ် မင်းရဲကျော်စွာက အသက်ချမ်းသာပေးပါလို့ ခွင့်တောင်းပြီး လက်နက်ချပါတယ်။ သူ့ကိုတောင်ငူကိုပို့လိုက်ပါတယ်။ တောင်ငူဘုရင်က အသက်ကိုလွှတ်မယ်လို့ ကတိပေးတာကြောင့် သူ့ကို မသတ်ပါနဲ့လို့ တားမြစ်ထားတဲ့ကြားက နတ်သျှင်နောင်ဟာ မယ်တော်ကို တိုက်တဆိတ်ဆက်သွယ်ပြီး မင်းရဲကျော်စွာကို သတ်စေခဲ့ပါတယ်။ နတ်သျှင်နောင်ရဲ့မိခင် မင်းခင်စော ဆိုတာဟာ ဘုရင့်နောင်နဲ့ စန္ဒာဒေဝီတို့က ဖွားမြင်သူဖြစ်ပြီး မဟာစေတီဌာပနာတိုက်ထဲကို ရာဇဓိရာဇ်ကလျာတို့နဲ့အတူ ရုပ်တုသွန်းပြီးထည့်သွင်းဌာပနာခြင်းခံရသူ ဖြစ်ပါတယ်။

နန္ဒဘုရင်ဟာ သားတော် မင်းရဲကျော်စွာလက်နက်ချသွားပြီဆိုတာ သိလိုက်ရတော့ စိတ်လျှော့လိုက်ပါတယ်။ သူ့အသက်ကိုပါ လွှတ်ဖို့ တောင်းပန်ပြီး ဟံသာဝတီထီးနန်းကို ညီတော် တောင်ငူမင်းကို အပ်ပါတယ်။ တောင်ငူမင်းကလည်း နန္ဒဘုရင်ကို အသက်လွှတ်ကာ တောင်ငူ



ပို့ပြီး သာယာစွာထားပါတယ်။ ဒါပေမယ့် နတ်သျှင်နောင်နဲ့ သူ့မိခင်မင်းခင်စောတို့ တိုင်ပင်ပြီး နန္ဒဘုရင်ကိုလည်း လုပ်ကြံသတ်ဖြတ်လိုက်ကြပြန်ပါတယ်။

အားလုံးသော တိုက်ခိုက်မှု၊ သတ်ဖြတ်မှု ပြီးဆုံးသွားလောက်တဲ့အခါမှာ တောင်ငူဘုရင်ဟာ တောင်ငူမြို့ကို အသစ်ပြန်တည်ပါတယ်။ သူကိုယ်တိုင် မင်းဧကရာဇ်အဖြစ် ဘိသိက်ခံပြီး နတ်သျှင်နောင်ကို အိမ်ရှေ့နင်းပါတယ်။

အိမ်ရှေ့မိဖုရားကတော့ အသက် ၄၂ နှစ်ရှိပြီဖြစ်တဲ့ မုဆိုးမ ဓာတုကလျာဖြစ်ပါတယ်။မုဆိုးမဖြစ်ပြီး ၁၀ နှစ်အကြာမှာ အိမ်ရှေ့မိဖုရားအဖြစ်ကို ပြန်လည်ရရှိတာဖြစ်ပါတယ်။ တက်ကြွထက်မြက်သလောက် ရက်စက်တတ်သူ နတ်ရှင်နောင်က အသက် ၂၄ နှစ်ပဲရှိပါသေးတယ်။ အဲဒီလိုအရွယ်ချင်းကွာပြီး အခြေအနေများစွာ ပြောင်းလဲနေသည့်တိုင်အောင် လွန်စွာအလေးအနက်ပြုကာ မြတ်နိုးချစ်ခင်ခြင်းကို ခံနေရတာဟာ ရုပ်ရည်အလွန်လှပပြီး အရွယ်တင်သလောက် အနေအထိုင်ကလည်း တတ်ခဲ့ပေလိမ့်မယ်လို့ မှန်းဆရပါတယ်။

ရာဇဓိရာဇ်ကလျာ အိမ်ရှေ့မိဖုရားဖြစ်ပြီး ၇ လအကြာမှာ ကွယ်လွန်ခဲ့ပါတယ်။

ရာဇဓိရာဇ်ကလျာအကြောင်းကို အချစ်ဇာတ်၊ အလွမ်းဇာတ် အနေနဲ့ ဖတ်ခဲ့သိခဲ့သူများမည် ဖြစ်ပါတယ်။ ထူးခြားတာကလည်း သူနဲ့ လက်ဆက်ခဲ့ရသူများဟာ သူနဲ့အဖေတူအမေကွဲ နောင်တော်ရဲ့သား တူတော်နဲ့ အစ်မတော်ရဲ့သား တူတော်တို့ ဖြစ်ခဲ့ကြတာပါပဲ။ အဲဒီတူတော်နှစ်ယောက်စလုံးကလည်း လိုတာကိုရအောင် ယူတတ်ကြတဲ့ ဘုရင်များဖြစ်ကြပါတယ်။

ရာဇဓိရာဇ်ကလျာရဲ့ ဘဝအစပိုင်းကတော့ သာယာလှပပါတယ်။ အဲဒါကလည်း ဖခင်ဘုရင့်နောင်ရဲ့ အရှိန်အဝါ၊ ဟံသာဝတီရဲ့ ကြွယ်ဝတိုးတက်မှု အခြေအနေ၊ သူကိုယ်တိုင်ရဲ့လှပကြော့ရှင်းမှုနဲ့ ချစ်ခင်နှစ်လိုဖွယ် နေထိုင်တတ်မှုတို့ကြောင့် ဖြစ်ပါတယ်။

ဖခင်ကွယ်လွန်ပြီးတဲ့နောက်မှာ ရာဇဓိရာဇ်ကလျာရဲ့ ဇာတ်လမ်းက ဆန်းကြယ်လာပါတယ်။ တစ်ဖက်က လွန်စွာမြတ်နိုးခြင်း ခံရသလို

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကလည်း စကားတင်းဆိုစရာ၊ အများကမလိုစရာ အချစ်ဇာတ်လမ်းများနဲ့ ကြုံခဲ့ရပါတယ်။ ပိုပြီးဆိုးတာကတော့ ဟံသာဝတီရဲ့ သမိုင်းကြောင်း ဆုတ်ယုတ်လာတာပဲ ဖြစ်ပါတယ်။

နတ်သျှင်နောင်ရဲ့ အိမ်ရှေ့မိဖုရားအဖြစ် ၇ လသာ ကြာခဲ့တာကတော့ ကံဆိုးတယ်လို့ မဆိုသာပါဘူး။ ဘာကြောင့်လဲဆိုတော့ အသက်သာ ရှည်ခဲ့ရင် သစ္စာဖောက်သူရဲ့ မိဖုရားအဖြစ် လူသူအများငြိုငြင်မှုကို ခံရဖွယ် အကြောင်း ရှိနေလို့ပဲ ဖြစ်ပါတယ်။

ရာဇဝင်ထဲက မိန်းမသားဖြစ်သူ ရာဇဒေဝီကလျာဟာ သမိုင်းဖြစ်ရပ်များနဲ့ ကင်းကွာပြီး ရပ်တည်နေခဲ့တာ မဟုတ်ပါဘူး။ ဘုန်းကြီးသူရဲ့ သမီးတော်ဖြစ်သည့်တိုင်၊ ကိုယ်တိုင်ကလည်း အလွန်လှပသည့်တိုင်၊ မလှပတဲ့ သမိုင်းကြောင်းမှာ ကျင်လည်ခဲ့ရလို့ ကြေကွဲစရာ ဘဝဇာတ်ကြောင်းကိုသာ ချန်ရစ်နိုင်ခဲ့ပါတော့တယ်။

ကလျာမဂ္ဂဇင်း ဇန်နဝါရီ ၉၁၊

× × × × ×



# ကျန်စစ်မင်း၏ မိဖုရားများ

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်စစ်မင်းဆော်မိဖုရားများ

ရာဇဝင်မှာ ကြီးကျယ်မြင့်မြတ်သူများအဖြစ် စာတင်ခံရသူများရဲ့ ဘဝကို စေ့စေ့စပ်စပ် ကျေးတွေးဆဆ လေ့လာကြည့်မိတဲ့အခါမှာ သူတို့ရဲ့ ကြီးကျယ်မြင့်မြတ်မှုဟာ သူတို့ရဲ့ မိသားစုဘဝနဲ့ များစွာပတ်သက်ဆက်စပ်နေတယ်ဆိုတာ သိရပါတယ်။

မြန်မာရာဇဝင်မှာ ကျွန်စစ်သား၊ ထီးလှိုင်မင်း၊ ကျွန်စစ်မင်းကြီး စသည်ဖြင့် အမျိုးမျိုးရည်ညွှန်းခေါ်ဆိုကြတဲ့ ပုဂံခေတ်က မင်းတစ်ပါး အကြောင်းကို သိသူများပါတယ်။ သူဟာ သူ့ခေတ်သူ့အခါမှာလည်း လူတန်းစားအလွှာအသီးသီးက လူအများရဲ့ ချစ်ခင်ကြည်ညိုမှုကို ရယူ ထိမ်းသိမ်းထားနိုင်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ယနေ့ခေတ်တိုင်အောင် သူ့ အကြောင်းကို ဖတ်ရှုလေ့လာကြသူများ လူတစ်ဦးအနေနဲ့လည်း အောင်မြင်သလို မင်းတစ်ပါးအနေနဲ့လည်း ထင်ရှားကျော်ကြားခဲ့တဲ့ ကျွန်စစ်မင်းရဲ့ဘဝကို သူကချစ်မြတ်နိုးသလို သူ့ကိုလည်း ချစ်ခင်မြတ်နိုးကြတဲ့ မိန်းမသားများရဲ့ဘဝနဲ့ ဆက်စပ်တင်ပြလိုပါတယ်။

ကျွန်စစ်မင်းကို သူ့ခေတ်က လူအများက ချစ်ခင်ကြည်ညိုတယ်လို့ ဆိုခဲ့ရာမှာ အကြောင်းရှိပါတယ်။ အဲဒီအကြောင်းများကို သူ့မိဖုရားများနဲ့ ပတ်သက်ပြီး မဖေါ်ပြခင် ကျွန်စစ်မင်းကြီးရေးထိုးတဲ့ ရွှေစည်းခုံ မွန် ကျောက်စာက ကောက်နှုတ်ချက်များကို တင်ပြလိုပါတယ်။

ကျွန်စစ်မင်းက ...

**ချစ်သူနှင့်ကွဲကွာ၍ မျက်ရည်ရှိသောသူတို့ကို မေတ္တာစိတ်**
**တည်း ဟူသောလက်ဖြင့် သုတ်ပစ်လတ္တံ့။**
**စိတ်နှလုံးမသာသူတို့၏အညစ်အကြေးတည်းဟူသောနပ်ကို**



**သနားခြင်းတည်းဟူသောရေဖြင့် ဆေးကြောလတ္တံ့။**
**လကျာ်လက်ဖြင့်ထမင်းမုန့်တို့ကိုလူအပေါင်းအား ပေးလတ္တံ့။**
**လက်ဝဲလက်ဖြင့် အဝတ်ပုဆိုးပစ္စည်းတို့ကို ပေးလတ္တံ့။**
**ခပ်သိမ်းသောလူအပေါင်းတို့ကိုလည်း အမိရင်ဝယ်သားကဲ့**
**သို့ စောင့်ရှောက်လတ္တံ့** လို့ သူ့သဘောထားကို ကျောက်စာမှာ ဖွင့်ဆိုထားပါတယ်။ အဲဒီလို တိုင်းသူပြည်သားများရဲ့ အရေးကိစ္စ အဝဝတို့ကို စိတ်ဝင်စားပြီး ကြင်နာစိတ်ထားတတ်တဲ့ မင်းဖြစ်သူကို လူအများ ချစ်ခင်မြတ်နိုးကြမယ်ဆိုတာ အလွယ်တကူမှန်းဆလို့ ရနိုင်ပါတယ်။

အဲဒီလို လူအများအပေါ်မှာ ထူးထူးခြားခြား သနားကရုဏာထားတတ်သူ။ အဲဒီလို ကရုဏာထားကြောင်းကိုလည်းသိစေသူ ကျွန်စစ်မင်းသားရဲ့ မျိုးရိုးကို တိတိကျကျမပြောနိုင်ကြပါဘူး။ အနော်ရထာထံကို ဆက်သလိုက်တဲ့ တိုင်းတစ်ပါးက မင်းသမီးတစ်ပါးက မွေးဖွားသူ ဖြစ်တယ်လို့ ဆိုကြပါတယ်။ အနော်ရထာမင်းက သူနဲ့ကိုယ်ဝန်ရပြီးမှ အမျက်ရှိလို့ ပရိမ္မကိုပို့ထားရာမှ မွေးဖွားသူလို့ ဆိုကြသလို အဲဒီမင်းသမီးကို အပရိမ္မပို့အထားမှာ အခြားသူတစ်ဦးနဲ့ သင့်မြတ်ပြီး ကျွန်စစ်သား မွေးဖွားတယ်လို့ ဆိုကြသူများလည်း ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်စစ်သားဟာ အနော်ရထာလက်ထက်မှာရော သူ့ရဲ့သားတော် စောလူးလက်ထက်မှာရော စွမ်းစွမ်းတမံ အမှုတော်ထမ်းခဲ့သူ ဖြစ်ပါတယ်။ အနော်ရထာမင်းကိုရော စောလူးမင်းကိုပါ ငါ့အရှင်လို့ ကျွန်စစ်သားက ညွှန်းဆိုလေ့ရှိပါတယ်။ ပြီးတော့ သူ့အပေါ် မည်မျှပင်အမျက်ထားသည်ဖြစ်စေ သူ့ဘက်က သစ္စာလွန်စွာကြီးခဲ့တယ်ဆိုတာကို အထောက်အထားနဲ့တကွ သိရပါတယ်။

ကျွန်စစ်သား မင်းဖြစ်တဲ့အခါမှာ ဘိသိက်ခံမိဖုရားလေးပါးရှိပါတယ်။ မိဖုရားခေါင်ကြီးဖြစ်သူကတော့ အပယ်ရတနာပါ။ နောက် မဏိစန္ဒာ (ဥသာမင်းသမီးခင်ဦး)၊ ထီးလှိုင်သူကြီးသမီး ခင်တန်၊ ကျောင်းဖြူသူ မထီးတွမ သမ္ဗူလတို့ ဖြစ်ကြပါတယ်။

ရာဇဝင်ကြီးများမှာ ကျွန်စစ်သားရဲ့ စွန့်စားခန်းများနဲ့ တစ်ပါတည်း ပါဝင်လာတဲ့ မေတ္တာဇာတ်လမ်းကို ပြောပြရင်တော့ ဥသာပဲခူးက ခင်ဦး အကြောင်းကို စပြီးပြောရမှာဖြစ်ပါတယ်။ အနော်ရထာမင်းဟာ ပုဂံကို အခြေပြုပြီးနိုင်ငံတော်ကိုစစ်ရေးအရ ချဲ့ထွင်စည်းရုံးတဲ့အခါမှာကျွန်စစ်သား

www.burmeseclassic.com

www.burmeseclassic.com



ဟာ အားအထားရဆုံး စစ်သူကြီးတစ်ဦး ဖြစ်ခဲ့ပါတယ်။ အနော်ရထာဟာ ကျောစ်ဘုရင်ဖြစ်လာတဲ့အခါမှာ လက်အောက်ခံသူ ပဒေသရာဇ်များရဲ့ အရေးအခင်းဟာ သူ့အရေးအခင်း ဖြစ်လာပါတယ်။ အဲဒါကြောင့် ပဲခူးကို ဂျွမ်းစစ်သည်များ လာရောက်တိုက်ခိုက်ကြတဲ့အခါမှာ အနော်ရထာက စစ်ကူများ ပေးပို့ရပါတယ်။ စစ်ကူသွားသူ အရေအတွက်နည်းတာ များတာကို အငြင်းပွားကောင်း ပွားနိုင်ပေမယ့် စစ်ကူများရဲ့ ခေါင်းဆောင်ဟာ ကျန်စစ်သားဆိုတာကတော့ အငြင်းမပွားစတမ်း လက်ခံကြတဲ့အချက် ဖြစ်ပါတယ်။ ပြီးတော့ ဂျွမ်းစစ်သည်များကိုလည်း ကျန်စစ်သားဦးဆောင်တဲ့ စစ်ကူက အောင်အောင်မြင်မြင် တိုက်ထုတ်လိုက်နိုင်ပါတယ်။

ဥဿာပဲခူးမင်းဟာ သူ့ရဲ့နိုင်ငံ စစ်ရေးက ကင်းဝေးသွားတာနဲ့ အနော်ရထာကို များစွာကျေးဇူးတင်သွားပါတယ်။ အဲဒါကြောင့်သူ့ရဲ့သမီးတော် ခင်ဦးကို အနော်ရထာထံ ဆက်သလိုက်ပါတယ်။ ခင်ဦးကို ပဲခူးက ပုဂံကို အရောက်ခေါ်ဆောင်သွားဖို့ တာဝန်က ကျန်စစ်သားရဲ့တာဝန် ဖြစ်လာပါတယ်။

အဲဒီခေတ်အနေနဲ့ ဝေးလံလှတဲ့ခရီးကို ရက်ပေါင်းအတော်ကြာ သွားခဲ့ရမှာ ဖြစ်ပါတယ်။ ကျန်စစ်သားဟာအောင်ပွဲရတဲ့စစ်သူကြီး ဖြစ်သလို ပဲခူးရဲ့ကယ်တင်ရှင်ဖြစ်ပါတယ်။ အသက်ကလည်း(၂၀)ဝန်းကျင်မှာပဲ ရှိပါသေးတယ်။ အဲဒီတော့ သူ့လိုပဲငယ်ရွယ်တဲ့ မင်းသမီးနဲ့ အပြန်အလှန် ရည်ငံမိကြတာ မဆန်းလှပါဘူး။ ပုဂံကိုရောက်တဲ့အခါမှာ ခင်ဦးနဲ့ ကျန်စစ်သားတို့ရဲ့ မေတ္တာဇာတ်လမ်းကို အနော်ရထာဘုရင်ကို လျှောက်ထားကြတဲ့သူများ ရှိတဲ့အတွက် အနော်ရထာသိသွားပါတယ်။

စစ်ပွဲတိုင်းမှာ အားအကိုးရဆုံးစစ်သူကြီး၊ အစစအရာရာကိုယ်တူအပြုရဆုံး စစ်သူကြီး၊ အဲဒီစစ်သူကြီးနဲ့ အရွယ်အားဖြင့် လိုက်ဖက်တင့်တယ်တဲ့ ခင်ဦးကို အနော်ရထာထိမ်းမြားပေးသင့်ပါတယ်လို့ ခုခေတ်အတွေးနဲ့တွေးရင် မမှားပါဘူး။ ဒါပေမယ့် ပုဂံခေတ်ကအနေနဲ့ တွေးရရင် ခင်ဦးဟာ သာမန်မိန်းကလေးမဟုတ်ပေဘူး။ မင်းသမီးဖြစ်နေပါတယ်။ ပြီးတော့လည်း ပဒေသရာဇ်တစ်ပါးကနေပြီး တန်ဖိုးအထားရဆုံးပဏ္ဏာအဖြစ် ကျောစ်မင်းကြီးကို ဆက်သလိုက်တဲ့ မင်းရဲ့ဘဏ္ဍာဖြစ်နေပါတယ်။ အဲဒီတော့ မထိပါးသင့်ပေဘူး။ အဲဒီလိုနဲ့ ခင်ဦးဟာ ချစ်ခင်မြတ်နိုးရသူ၊



လေးစားအားထားရသူနဲ့ ကြည်နူးဆွတ်ပျံ့ဖွယ် လာခဲ့ရတဲ့ခရီးအဆုံးမှာ အနော်ရထာရဲ့ သိမ်းပိုက်ခြင်းကိုခံခဲ့ရပါတော့တယ်။ ဒါတင်မကသေးပါဘူး။ အနော်ရထာမင်းက ညီလာခံမိုလ်ပုံအလယ်အရောက် နှောင်ကြိုးတည်း ခေါ်ခဲ့စေပြီး သူ့ရဲ့လက်စွဲတော် အရိန္ဒမာလှံနဲ့ ထိုးလိုက်ပါတယ်။ ကံအားလျော်စွာပဲ လှံကိုမထိဘဲ ကြိုးပြတ်သွားတာနဲ့ ကျန်စစ်သားလည်း လှံကိုကောက်ယူပြီး ထွက်ပြေးသွားခဲ့ပါတယ်။ နန်းရင်ပြင်က ထွက်ပြေးသွားတဲ့ ကျန်စစ်သားကို မမီလိုက်ဘူးဆိုတဲ့ အချက်ကလည်း စဉ်းစားစရာပါပဲ။ ကျန်စစ်သားကို လူချင်းယှဉ်ဝံ့သူ နည်းတာကလည်းတစ်ကြောင်း၊ ချစ်ခင်လေးစားကြတာကလည်းတစ်ကြောင်းမို့ ဖမ်းပေးမယ့်သူ မရှိတာဖြစ်နိုင်စရာ အကြောင်းတစ်ခုလို့ တွေးဆမိပါတယ်။ အနော်ရထာလိုထက်မြက်တဲ့ ကျောဇ်တစ်ပါးကိုယ်တိုင်ကလည်း ထုံးစံအရသာ စီရင်ရတာဖြစ်ပြီး သူ့ရဲ့သူရဲကောင်းကို လက်ရဖမ်းပြီး အသေသတ်လိုစိတ်ရှိဟန်မတူဘူးလို့ တွေးဆနိုင်ပြန်ပါတယ်။

ကျန်စစ်သား ပုဂံကပြေးခဲ့တာ ကျောင်းဖြူဆိုတဲ့ အရပ်ကိုရောက်သွားပါတယ်။ ကျောင်းဖြူအရပ်က တစ်ခုသောကျောင်းကို ဝင်ခိုတဲ့အခါမှာ ကျောင်းထိုင်မထေရ် (မထီး) က သူ့ရဲ့ဥပမိရုပ်နဲ့ လှုပ်ရှားပုံ အမူအရာတို့ကို အကဲခတ်မိပါတယ်။ မထီးက ကျန်စစ်သားဟာ ထူးခြားသူဖြစ်တယ်။ တစ်နေ့မှာ ကောင်းစားမယ်လို့ ဆုံးဖြတ်ချက်လိုက်ပါတယ်။ အဲဒါကြောင့် တူမဖြစ်သူ သမ္ဘူလနဲ့စုံဖက်ပြီး ကောင်းစွာ လက်ခံပြုစုထားခဲ့ပါတယ်။

အဲဒီအချက်ဟာဖြင့် ကျန်စစ်သားရဲ့ ကိုယ်ရည်ကိုယ်သွေးထူးခြားတောက်ပြောင်မှုကို ဖော်ပြတဲ့အချက်ပဲ ဖြစ်ပါတယ်။ အနော်ရထာလိုတန်ခိုးဩဇာကြီးမားတဲ့ ဘုရင်ရဲ့အမျက်သင့်ခံရလို့ တိမ်းရှောင်နေရသူတစ်ဦးကို လက်သင့်ခံဝံ့ရုံတင်မကဘဲ ဆွေမျိုးတော်စပ်သည်အထိ ချစ်ခင်မြတ်နိုးမှုထားကြတယ်ဆိုတာ ဘယ်ခေတ်ကစံနဲ့ကြည့်ကြည့် ထူးခြားတယ်လို့ပဲ ထပ်တလဲလဲဆိုရမှာဖြစ်ပါတယ်။ ကျန်စစ်သားဟာ မင်းပြစ်ကြောင့် ပြေးလာရင်း မင်းကိုပုန်းစားပုန်ကန်ခြင်းပြုဖို့ ကြိုးစားနေလို့ ကျန်စစ်သားကောင်းစားရင် အကျိုးရှိအောင်ဆိုပြီး မူးပေါင်းတာလည်း မဟုတ်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကျန်စစ်သားက ပုန်ကန်ဖို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးမှထားတဲ့သူ မဟုတ်ပါဘဲကလား။ အဲဒီတော့ ကျန်စစ်သား ကောင်းစားနိုင်တယ်ဆိုတာ သူ့ကိုချစ်လို့ခင်လို့သာ လက်ခံမှတ်ယူတဲ့ မျှော်လင့်ချက်ဖြစ်ပါတယ်။ အဲဒီအချက်များကို စဉ်းစားမိရင် ကျန်စစ်သား ဟာ ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေးကို ပိုင်ဆိုင်သူဖြစ်ရမယ်။ တွေ့ ကြုံဆုံကြသူများကို ချစ်ခင်လေးမြတ်လာအောင် စည်းရုံးနိုင်စွမ်း ရှိရမယ် လို့သာ ကောက်ချက်ချရပါတော့တယ်။

အနော်ရထာမင်း ကွယ်လွန်တဲ့အခါမှာ စောလူးမင်းနန်းတက်လာ ပါတယ်။ မှူးကြီးမတ်ရာများက ဖျောင်းဖျကြလို့ ကျန်စစ်သားကိုပုဂံပြန်ခဲ့ ဖို့ ဆင့်ခေါ်ခဲ့ပါတယ်။ ကျန်စစ်သားဟာ ကိုယ်ဝန်အရင့်အမာရှိနေတဲ့ သမ္ဘူလကို သားယောက်ျားမွေးရင် လိုက်ခဲ့ဖို့မှာပြီး ပုဂံကိုပြန်ခဲ့ပါတယ်။ ပုဂံပြန်ရောက်ပြီး စောလူမင်းရဲ့ ချီးမြှောက်မှုကိုမခံရခင်မှာ မလိုသူတို့ရဲ့ စကားကြောင့် စောလူးရဲ့အမျက်သင့်ခြင်း ခံရပြန်ပါတယ်။ အနော်ရထာ မင်း ကွယ်လွန်တဲ့အခါမှာ စောလူးမင်းဟာ ခင်ဦးကို ရှေးထုံးစံနှင့်အညီ သိမ်းပိုက်ပြီး မိဖုရားအရာမှာ ထားခဲ့ပါတယ်။ ကျန်စစ်သား ပုဂံပြန်ရောက် တာနဲ့ သူတို့အချင်းချင်း ပြန်လည်ဆက်သွယ်ပါတယ်ဆိုတဲ့ သတင်း ထွက်လာတာကြောင့် စောလူးက ကျန်စစ်သားကို ဒလသို့ပို့စေခဲ့ပါတယ်။ မှူးကြီးမတ်ရာများက အဲဒီသတင်းမမှန်တဲ့အကြောင်းကို သေချာဂန စွာဖြေရှင်းပြကြတဲ့အခါမှာ ဒလကိုမရောက်ခင် ကျန်စစ်သားကို ပြန်ခေါ်ခဲ့ ပါတယ်။

ခင်ဦးဟာ ပုဂံကိုလာရင်း ချစ်ခင်တွယ်တာရသူကို တွေ့ခဲ့ပါတယ်။ အဲဒီနောက် အဲဒီခေတ်က နိုင်ငံအချင်းချင့်း ဆက်ဆံရေး အာမခံပစ္စည်း တစ်ခုလို မချစ်မနှစ်သက်တဲ့သူရဲ့ မိဖုရားအဖြစ်နဲ့ ကောင်းစွာခံစား နေရပါတယ်။ အဲဒီဘုရင် ကွယ်လွန်ပြန်တဲ့အခါ သူကတော့ ဘာမှ ဆုံးဖြတ်နိုင်ခြင်း မရှိခဲ့ပါဘူး။ မိမိရဲ့နေပြည်တော်ကိုလည်း ပြန်လို့မရဘဲ ရှေးထုံးစံနဲ့အညီ နောက်မင်းတစ်ပါးရဲ့ မိဖုရားအဖြစ် သိမ်းပိုက်တာကို ခံခဲ့ရပါတော့တယ်။ သူ့အနေနဲ့ အဲဒီခေတ်က မိန်မသားများအဖို့ အမြင့် ဆုံး အဆင့်ဖြစ်တဲ့ မိဖုရားဘဝကို ရောက်ခဲ့တာမှန်ပါတယ်။ ဒါပေမယ့် သူနဲ့ပတ်သက်ပြီး သူချစ်တဲ့ကျန်စစ်သားမှာ သေဘေးအကြိမ်ကြိမ် မင်းပြစ် အခါခါဆိုတာလို သင့်နေတော့တဲ့အတွက် ခင်ဦးဟာ များစွာမှ ကြေကွဲ



နေပေလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။

ကျန်စစ်သားကို စောလူးကပုဂံပြန်ခေါ်ခဲ့ပေမယ့် မြှောက်စားချီးမြှင့် ခြင်း ပြုခဲ့ပုံမပေါ်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကျန်စစ်သားဟာ သူ့ မြင်းကို သူကိုယ်တိုင်ကျောင်းရတယ်လို့ ဆိုပါတယ်။ အဲဒီအချိန်မှာမှ သူ မင်းဖြစ်တဲ့အခါမှာမိဖုရားခေါင်ကြီးအဖြစ် ချီးမြှင့်ခြင်းခံရတဲ့ အပယ်ရတနာ ရဲ့အမည်ကို ရာဇဝင်မှာ စတင်တွေ့ရပါတယ်။ သူ့ရဲ့ငယ်မည်က ဘယ်လို ခေါ်တယ် စသည်တို့ကိုမသိရပါဘူး။ ကျန်စစ်သား မြင်းကျောင်းရာကို အပယ်ရတနာကိုယ်တိုင် ထမင်းအုပ်လိုက်ပို့ရတယ်။ အဲဒီလိုဆင်းရဲစွာ နေထိုင်ကြရင်း တစ်နေ့မှာ ကျန်စစ်သားမောမောနဲ့ အိပ်နေတာကို ထမင်းပို့လာတဲ့ အပယ်ရတနာ လှမ်းမြင်ရပါတယ်။ ရိုးရိုးမြင်ရတာတော့ မဟုတ်ပါဘူး။ ကျန်စစ်သားကို နဂါးတစ်ကောင်က ပါးပျဉ်းနဲ့နေမပူအောင် ကာပေးနေတာတွေ့ရပါတယ်။ အပယ်ရတနာက တိတ်တိတ်နေပြီး ကျန်စစ်သားနိုးတော့မှ အကြောင်းကို ပြောပြတယ်လို့ဆိုပါတယ်။ အဲဒီ ဇာတ်ကြောင်းကလေးဟာ ခုခေတ်အနေနဲ့တော့ ယုံနိုင်စရာအကြောင်း နည်းပါးလှတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ ဒါပေမယ့် ကျန်စစ်သား မင်းဖြစ် တဲ့အခါမှာ နဂါးရုံဘုရားရဲ့ မနီးမဝေးမှာ အပယ်ရတနာဘုရားရယ်လို့ မင်းမိဖုရားတို့အပြိုင် ကုသိုလ်ပြုခဲ့ကြတာတော့ အမှန်ပါပဲ။

စောလူးဟာ နိုင်ငံကို ကောင်းစွာမအုပ်ချုပ်နိုင်တဲ့အတွက် ငရမန်ရဲ့ ပုန်ကန်မှုနဲ့ရင်ဆိုင်တွေ့ရပါတယ်။ စစ်ရေးမှာ မကျွမ်းကျင်တဲ့အတွက် ငရမန်ရဲ့ လက်အတွင်းကို စောလူးကျဆင်းသွားရတဲ့အခါမှာ ပုဂံထီးနန်းက မှူးကြီးမတ်ရာများက ကျန်စစ်သားကိုပင့်ခေါ်ပြီး ထီးနန်းအပ်ကြပါတယ်။ ဖခင် နော်ရထာရော၊ သား စောလူးရော ကျန်စစ်သားကို အမျက်ထားပြီး အပြစ်ပေးခဲ့ကြဖူးပါတယ်။ စောလူး ရန်သူလက်ကိုရောက်သွားရတာက လည်း စစ်ရေးမှာကျွမ်းတဲ့ ကျန်စစ်သားကိုအရာမထားခဲ့တာ အကြောင်း တစ်ရပ်အဖြစ် ပါပါတယ်။ အဲဒါတွေကိုကြည့်ပြီး ကျန်စစ်သားက စောလူးကို စိတ်နာမယ်ဆိုရင်နာစရာပါပဲ။ ဒါပေမယ့် ကျန်စစ်သားရဲ့ သဘောထားဟာ ဒီလောက်မသေးသိမ်ပါဘူး။ စောလူးမင်း သက်ရှိထင်ရှား ရှိနေသေးသရွေ့ ထီးနန်းကိုမသိမ်းပါဘူး။ သူ့အရှင်ကို ကယ်ဦးမယ်လို့ဆို ပြီး စောလူးကို ငရမန်လက်ထဲကကယ်ဖို့ ကြိုးစားပါတယ်။ မအောင်မြင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါမှာ ရန်သူလက်က လွတ်အောင်ပြေးရပါတယ်။ သူဟာ ပုဂံကိုပြန်ပြီး မဝင်ဘဲ အင်အားစုဆောင်းဖို့ ထီးလှိုင်ကိုသွားပါတယ်။ထီးလှိုင်သူကြီးက ကျန်စစ်သားကို စိတ်ရောကိုယ်ပါ ကူညီပါတယ်။ ပြီးတော့သူ့သမီးဖြစ်သူ ခင်တန်နဲ့လည်း လက်ဆက်စေပါတယ်။ အဲဒီအချိန်ကစပြီး ကျန်စစ်သားဟာ ထီးလှိုင်မင်းလို့ စာတင်ခံရတာပါပဲ။

ကျန်စစ်သားဟာ ထီးလှိုင်သူကြီးနဲ့ သူ့ရဲ့ဆရာ ရှင်ပုပ္ပါး၊မုဆိုးငစဉ့် စသူတို့ရဲ့အကူအညီနဲ့ ငရမန်ကိုအောင်မြင်ပြီး ပုဂံထီးနန်းကို ဆက်ခံပါတယ်။ထီးနန်းကို လက်တွေ့ဆက်ခံပြီး နိုင်ငံတော်စည်းလုံးရေး လုပ်ငန်းများကို ဖောက်ချလုပ်နေရတဲ့အတွက် နန်းသက် ၂ နှစ်ကြာမှ ဘိသေက သဘင်ဆင်ယင် ကျင်းပနိုင်ပါတယ်။ အဲဒီလိုဘိသိက်ခံတဲ့အခါမှာ စောစော က သူနဲ့ပတ်သက်တဲ့ မိန်းမသားများကို မိဖုရားများအဖြစ် ချီးမြှင့် မြှောက်စားခဲ့ပါတယ်။

မိဖုရားခေါင်ကြီးဖြစ်လာသူ အပယ်ရတနာမှ သမီးတော်တစ်ပါး ထွန်းကားလာခဲ့ပါတယ်။ ထင်ရှားတဲ့ ရွှေအိမ်သည် မင်းသမီးဖြစ်ပါတယ်။ အပယ်ရတနာဟာ ကျန်စစ်မင်းကြီး ဆင်းရဲစဉ်ကတည်းက သစ္စာရှိစွာ ပေါင်းသင်းလာခဲ့သူ ဖြစ်ပါတယ်။ သမီးတော်လေးအရွယ်ရောက်လာတဲ့ အခါမှာ တိုင်းတစ်ပါးသား ပဋိက္ခရားနဲ့ ရည်ငံတဲ့အတွက် မင်းကြီးရော မိဖုရားကြီးပါ စိတ်နှလုံးမချမ်းမြေ့ဖြစ်ရပါတယ်။ နိုင်ငံအုပ်ချုပ် မင်းလုပ်သူရဲ့ သမီးတော်ကို သွေးနှောသူတို့ရဲ့မိခင် ဖြစ်မသွားစေချင်တာနဲ့ အနော်ရထာရဲ့မြေး၊စောလူးရဲ့သား စောယွမ်းနဲ့လက်ဆက်ပေးခဲ့ပါတယ်။ အဲဒါကလည်း ကျန်စစ်မင်းအနေနဲ့ အနော်ရထာကို များစွာအလေးအမြတ် ထားတာကြောင့် အနော်ရထာရဲ့မြေးနဲ့ သမီးတော်ကို ပေးစား ပဲလို့ ရိုးရိုးတွေးလို့ရသလို၊ နိုင်ငံအုပ်ချုပ်သူအနေနဲ့ နိုင်ငံမှာရှိနေတဲ့ အင်အားစု များကို စည်းရုံးထားနိုင်ရေးကို ဦးစားပေးရစမြဲဖြစ်လို့ ဒီလိုအနော်ရထာ မင်းဆက်တစ်ပါးနဲ့ သမီးတော်ကိုလက်ဆက်ပေးခဲ့ တယ်လို့လည်းတွေးဆ နိုင်ပါတယ်။ရွှေအိမ်သည်ကမွေးလာတဲ့ အလောင်းစည်သူဟာ အနော်ရထာ ဆက်ကိုမှအလေးအမြတ်ပြုလိုသူများ၊ အနော်ရထာရဲ့ အနွယ်တော်များက လည်း လက်ခံနိုင်သလို ကျန်စစ်မင်းကိုမှ လေးစားသူများကလည်း လက်ခံ နိုင်တဲ့ မင်းတစ်ပါးဖြစ်ပါတယ်။



အပယ်ရတနာဟာ ချစ်သူနဲ့ခွဲခွာပြီး ဖခင်မင်းကြီး အလိုကျ ခြေတစ်ဖက်မသန်ရှာတဲ့ စောယွမ်းကို လက်ဆက်ရမယ့်သမီးတော်ကို အကြင်နာကြီးစွာနဲ့ ချော့မော့ဖျောင်းဖျခဲ့ပေလိမ့်မယ်။ ပြီးတော့လည်းသမီးတော်ကို အသနားပိုနေခဲ့ပေလိမ့်မယ်။မြေးတော်ကလေးမွေးဖွားလာပြီး ကျန်စစ်မင်းကြီးစိတ်နှလုံး ကြည်မွေ့တာကို မြင်ရတဲ့အခါမှာ သူလည်းများစွာဝမ်းသာ ခဲ့ပေလိမ့်မယ်လို့ တွေးဆရပါတယ်။ အပယ်ရတနာဂူဘုရားမှာတော့ ထေရဝါဒဗုဒ္ဓဘာသာ၊ မဟာယနဗုဒ္ဓဘာသာဆိုင်ရာ ဆေးရေးများသာမက ဟိန္ဒူအယူဝါဒနဲ့ဆိုင်တဲ့ ဆေးရေးများကို တွေ့ရပါတယ်။ ကျန်စစ်မင်း အနေနဲ့ သူ့လက်ထက်မှာ နိုင်ငံတော်စည်းလုံးရေး လူအများစိတ်နှလုံးအေး ချမ်းရေးကိုသာ အလေးထားတာကြောင့် အယူဝါဒအမျိုးမျိုး ရှင်သန်ခွင့်ရခဲ့ပါတယ်။ အပယ်ရတနာကလည်းမင်းကြီးလိုပဲ အများအလိုကျ ကြည်ညိုကိုးကွယ်နိုင်ရေးကို ဦးစားပေးပြီး ဂူဘုရားတည်ဆောက်ခဲ့ဟန်တူပါတယ်။

ကျန်စစ်မင်းရဲ့မိဖုရားများမှာ ခင်ဦးနဲ့ ခင်တန်အကြောင်းကဆက်ပြီး ပြောစရာမရှိပါဘူး။ ဘာကြောင့်လည်းဆိုတော့ သူတို့မှာ သားသမီးမမွေးဖွားခဲ့လို့ပါပဲ။

ခင်ဦးအနေနဲ့ ငယ်ကချွမ်းချစ်ခဲ့ရသူကို အခါခါလွမ်းကျန်ရစ်ခဲ့ရပြီး နောက်ဆုံးမှာတော့ လက်ဆက်ပေါင်းသင်းရုံမက ဘိသိက်ခံမိဖုရား ဖြစ်ခွင့် ရလာတာဟာ ကုသိုလ်ကံအထူးကောင်းသူ ဖြစ်လို့ပဲလို့ ပြောရမှာ ဖြစ်ပါတယ်။ ပဒေသရာဇ်ခေတ်က မိန်းမသားများအဖို့ လေ့ထုံးစံနဲ့အညီသာ နေထိုင်ခွင့်ရပါတယ်။ မိမိတို့လိုချင်တဲ့ အခြေအနေကိုဖန်တီးခွင့် နည်းပါးလှလို့ ခင်ဦးလိုဘဝမျိုးရလာဖို့ဆိုတာ အကြောင်းကြောင်းတွေ တိုက်ဆိုင်လာလို့သာ ဖြစ်ပါတယ်။

ခင်တန်အနေနဲ့လည်း ဘယ်လိုအနေအထားမျိုးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ မသိရသေးတဲ့အချိန် စစ်ရေးရှုတ်ထွေးနေတဲ့အချိန်မှာ ကျန်စစ်သားနဲ့ အကြောင်းဆက်ခဲ့ရသူဖြစ်ပါတယ်။ နောက်ဆုံးတော့ ကျန်စစ်သားရဲ့ ကိုယ်ရည်ကိုယ်သွေးကို လုံးဝဥဿုံယုံကြည်ကိုးစားခဲ့တာ မမှားဘူး။ အခြေအနေမြင့် မမြင့်ကို ချင့်ချိန်ပြီးမှ လက်ဆက်ခဲ့တာမဟုတ်ဘဲ လူကိုသာ တန်ဖိုးထားခဲ့သူ ခင်ဘန်တို့သားအဖဟာ စိတ်ထားမှန်လို့ ကံကောင်းခဲ့သူ များလို့ ဆိုရမယ်ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အပယ်ရတနာလိုပဲ သားသမီးကြောင့် ရာဇဝင်မှာ ပိုပြီးစာတင်ခံခဲ့ရသူကတော့ ကျောင်းဖြူရွာက မထီးတူမ သမ္ဘူလပဲဖြစ်ပါတယ်။ ကျန်စစ်သားဟာ ပုဂံမှာ မင်းကြီးအဖြစ် နိုးစံပြီဆိုတာနဲ့ ၇ နှစ်အရွယ်သားကို လက်ဆွဲပြီး ပုဂံကို သမ္ဘူလ လိုက်လာခဲ့ပါတယ်။ ကျန်စစ်မင်းက ဤမိန်းမမှာ ငါနိမ့်ကျစဉ်က ငါ့ကို ကောင်းစွာစောင့်ရှောက်သူ ဖြစ်ပေတယ်လို့ ဗိုလ်ပုံအလယ်မှာ ချီးကျူးစကားပြောကြားပြီး သားကိုလည်း ချစ်ခင်ယုယတော်မူပါတယ်။ သမ္ဘူလကို တိလောကဝဋံသကာဒေဝီ (သုံးလောကဦးဆောက်ပန်း) ဆိုတဲ့ဘွဲ့နဲ့ ကျွန်သုံးရွာကို စားစေပါတယ်။ သားကိုတော့ တောင်စဉ်ခုနှစ်ခရိုင်ကို စားစေပါတယ်။

ဦးဆောက်ပန်းကွယ်လွန်တဲ့အခါမှာ သားဖြစ်သူရာဇကုမာရ်ကို အမိစားခဲ့တဲ့ ကျွန်သုံးရွာနဲ့ လက်ဝတ်လက်စားများကို ဆက်ခံစေခဲ့ပါတယ်။

ရာဇကုမာရ်မင်းသားဟာ ဖခင်မကျန်းမမာဖြစ်လာတဲ့ အခါမှာ ဂူပြောက်ကြီးလို့တွင်တဲ့ ဂူဘုရားတစ်ဆူတည်ပါတယ်။ အမိရဲ့လက်ဝတ်လက်စားများကို အရည်ကျိုပြီး ရွှေဆင်းတုတစ်ဆူ သွန်းလုပ်ပူဇော်ပါတယ်။ ဖခင် ကျန်စစ်သားမင်းကြီးကို ဆင်းတုတော်ကို ဖူးမြော်ပြီး သာဓုခေါ်စေပါတယ်။ ပြီးမှဂူပြောက်ကြီးမှာ ကိန်းဝပ်စေခဲ့ပါတယ်။ မိခင်စားခဲ့ရတဲ့ ကျွန်သုံးရွာကိုလည်း ဘုရားကိုလှူဒါန်းခဲ့ပါတယ်။ အဲဒီအကြောင်းအရာတို့ကိုလည်း မွန်၊ မြန်မာ၊ ပါဠိ၊ ပျူလေးဘာသာနဲ့ လေးမျက်နှာ ကျောက်စာရေးထိုးခဲ့ပါတယ်။ ကျောက်စာမှာအလှူဒါနကို ဖျက်ဆီးကြသူများအတွက် ကျိန်စာတိုက်ရာမှာတောင်မှ ပြင်းထန်ရက်စက်ခြင်း မရှိဘဲ အရိမေတ္တေယျဘုရားကို မဖူးရစေလို့ပဲ လေလေးနက်နက် ဆိုခဲ့ပါတယ်။

ရာဇကုမာရ်ရဲ့ ဖခင်အပေါ်မှာထားတဲ့ မေတ္တာ၊ ဖခင်စိတ်ချမ်းသာပြီး ဘဝကူးကောင်းစေလိုတဲ့ စေတနာများကို သူ့လုပ်ရပ်အရ သိသာနိုင်ပါတယ်။ ပြီးတော့အဲဒီအကြောင်းကိုလည်း ဘာသာစကားလေးမျိုးနဲ့ မှတ်တမ်းတင်စေခဲ့တာ သူ့ရဲ့ဉာဏ်ပညာကြီးမားပုံကို ပြဆိုနေပါတယ်။ သမ္ဘူလဟာ ဖခင်ရဲ့မျက်ကွယ်မှာ မွေးဖွားလာရတဲ့သား၊ ဖခင်ရဲ့ရှေ့မှောက်ရောက်တဲ့အခါမှာလည်း သားရင်းစစ်စစ်ဖြစ်ပါလျက် ထီးနန်းဆက်ခံခွင့်မရခဲ့တဲ့သားကို မွေးမြူပြုစုပျိုးထောင်ရာမှာ အင်မတန်တော်ရှာပါပေတယ်လို့ ချီးကျူးရမယ်ဖြစ်ပါတယ်။ သားသမီးဆိုတာမိဘရဲ့အရိပ်ပါပဲ။ သမ္ဘူလ



သာမတော်ခဲ့ရင် ရာဇကုမာရ်ဟာ ဒီလောက်ဖခင်ကို ချစ်မြတ်နိုးတတ်မှာမဟုတ်ပါဘူး။ သမ္ဘူလဟာ ကျန်စစ်မင်းကို ကြီးမားတဲ့မေတ္တာနဲ့ချစ်ခင်ပြီး ဆုံးမရာမှာလည်း သူ့စိတ်ထဲက မေတ္တာဓာတ်ကို သားထံကူးစက်ပျံ့နှံ့စေခဲ့တယ်လို့ပဲ ဆိုရမည်ဖြစ်ပါတယ်။

ပုဂံရာဇဝင်မှာသာမက မြန်မာရာဇဝင်တစ်ခုလုံးမှာပါ လူချစ်လူခင်အများဆုံး မင်းတစ်ပါးလည်းဖြစ်၊ မေတ္တာဓာတ်လမ်းများကလည်း ဆွတ်ပျံ့ဖွယ်ရာ ဖြစ်လှတဲ့ သူ့ရဲ့ကောင်းမင်းတစ်ပါးလည်းဖြစ်သူ ကျန်စစ်သားဟာ စည်းလုံးသော မြန်မာနိုင်ငံကို မပြိုကွဲအောင် ထိန်းသိမ်းနိုင်သူအဖြစ် စာတင်ခြင်းခံရပါတယ်။

သူဟာ သူ့လက်ထက်မှာသာမက သူ့ကိုဆက်ခံတဲ့မင်းလက်ထက်အထိ နိုင်ငံတော်ကိုတည်တံ့ခိုင်မာအောင် ကြံစည်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အနော်ရထာမင်းဆက်ကိုရော ကျန်စစ်မင်းဆက်ကိုပါ လက်ခံကြသူများကလည်း တညီတညွတ်တည်း လက်ခံနိုင်တဲ့ မင်းတစ်ပါးအဖြစ် မြေးတော်ကို နန်းပေးခဲ့ပါတယ်။ အဲဒီလိုမြေးတော်တစ်ပါး မွေးဖွားပေးခဲ့သူ သမီးတော်ကို ဖခင်အလိုကျ စေယွမ်းနဲ့လက်ဆက်နိုင်အောင် နားချပေးနိုင်တဲ့သူဟာ မိဖုရားကြီး အပယ်ရတနာပဲဖြစ်ပါတယ်။ ထို့အတူ မြေးတော်ကိုနန်းအပ်ပြီး သားတော်အရင်းကို တောင်စဉ်ခုနှစ်ခရိုင်ကိုသာ စားစေခဲ့သည့်တိုင်အောင် သားတော်ကဖခင်ကို ချစ်ခင်ကြည်ညိုမြဲ ချစ်ခင်ကြည်ညိုစေပြီး ဆူပူခြင်း၊ ပုန်ကန်ခြင်း မပြုရုံသာမက အဖရဲ့ကျေးဇူးတရားကို လောကုတ္တရာနည်းနဲ့ ဆပ်တတ်အောင်ဆုံးမနိုင်ခဲ့သူဟာ သမ္ဘူလခေါ် ဦးဆောက်ပန်း မိဖုရားဖြစ်ပါတယ်။

အဲဒီလို အကြောင်းများကိုလေ့လာပြီး စဉ်းစားတွေးဆရင်း အဖြေထုတ်မိတာကတော့ ပုဂံတည်ရာမှာ မိဖုရားများလည်း ပါတယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

မြားနတ်မောင်၊ ဧပြီ ၉၁။

www.burmeseclassic.com

www.burmeseclassic.com




# ရာဇာဓိရာဇ်၏ မိဖုရားများ

ရာဇာဓိရာဇ်မှာ ၁၃၈၅ မှ ၁၄၂၃ အထိ ဟံသာဝတီတွင် စိုးစံခဲ့သော မင်းဖြစ်သည်။ ထိုမင်းနှင့်ပတ်သက်သော ရာဇဝင်ကြောင်းမှာ လွန်စွာကြွယ်ဝသည်။ ရှုတ်ထွေးသည်။ အကြောင်းအရာစုံသည်။ စိတ်ဝင်စားစဖွယ် ဖြစ်သည်။ ထိုမင်းနှင့်ပတ်သက်၍ ပြောရမည်ဆိုလျှင် ငယ်စဉ်ဘဝမှစ၍ ကွယ်လွန်သည်အထိ အဆန်းတကြယ် ရှိလှပေသည်။

ရာဇာဓိရာဇ်သည် ဗညားဦး၏ သားတော်ဖြစ်သည်။ သူ၏ရုပ်သွင်မှာ ကြမ်းတမ်းလှသဖြင့် ခမည်းတော်ကများစွာချစ်ခင်နှစ်သက်ခြင်းမရှိ။ သူကွယ်လွန်သည့်အခါတွင် အပသုံကို ထီးနန်းမပေးပါနှင့်ဟုပင် မှာခဲ့ပေးသည်။

ရာဇာဓိရာဇ်၏ ငယ်မည်မှာ အပသုံဗန်စက်ဖြစ်၍ အရွယ်ရောက်သောအခါ ဖခမည်းတော်က ဗညားနွဲ့ဟူသော အမည်အရည်ကိုပေးသည်။ ဗညားနွဲ့ကို ဖခမည်းတော်ကသာ ထီးနန်းမပေးလိုသည် မဟုတ်ပေ။ ထီးနန်းစည်းစိမ်ကို ချိန်နေသော ယောက်ဖတော်သမိန်မရူးတို့အုပ်စု၊ ဦးရီးတော်မြောင်းမြအား လောက်ဖျားတို့အုပ်စု စသည်တို့ကလည်း ဗညားနွဲ့ရထိုက်သည့် ထီးနန်းကို လုယူလိုကြသည်။

ဗညားနွဲ့သည် သူ၏ဖခမည်းတော် မကျန်းမမာဖြစ်လာချိန်တွင် တခြားသောပြိုင်ဘက်တို့ထက် လက်ဦးမှုရယူလိုသောကြောင့် ဟံသာဝတီမှ ဒဂုံသို့ ထွက်ခွာလာခဲ့သည်။ ဖခမည်းတော် ကွယ်လွန်ခါနီးအချိန်တွင် ဟံသာဝတီပဲခူးသို့ ပြန်လည်ချီတက်ကာ ဖခမည်းတော် ကွယ်လွန်သည်နှင့် ပဲခူးသို့ဝင်၍ ထီးနန်းကိုသိမ်းပိုက်ခဲ့သည်။

ဟံသာဝတီ ထီးနန်းကို လက်ဦးမှုရယူရန် ဒဂုံမှနေ၍ ထောင်ထား

www.burmeseclassic.com

www.burmeseclassic.com



ခြားနားသည့်အချိန်မှာ ၈ လမျှသာကြာသည်။ ထီးနန်းကိုသိမ်းပိုက်သည့် အချိန်တွင် ဗညားနွဲ့၏အသက်မှာ ၁၆ နှစ်မျှသာ ရှိပေသေးသည်။

ဗညားနွဲ့သည် ဟံသာဝတီထီးနန်းကို ရာဇာဓိရာဇ်ဘွဲ့ခံကာ သိမ်းပိုက်ပြီးသည့်နောက်တွင်လည်း ပဒေသရာဇ်နိုင်ငံအများအပြားနှင့် ဆက်ကာ ဆက်ကာ စစ်ရေးပြိုင်ခဲ့ရသည်။ ရာဇာဓိရာဇ် အနိုင်ရသည့်အကြိမ် များပါ သည်။ သူသည်စစ်ရေးကျွမ်းကျင်သည့် သူရဲကောင်းတစ်ဦးဖြစ်သည့်ပြင် သူရဲကောင်းများကိုလည်း ချီးမြှောက်တတ်သည်။ ဆွေရင်းမျိုးရင်း အသိုင်း အဝိုင်းလည်း များပြားသည်။ သူ၏ပင်ကိုစရိုက်အရ ရက်ရောသလောက် လည်း ရက်စက်တတ်သည်။ ထိုအကြောင်းများသည် အောင်ပွဲအရဆုံး မင်းအဖြစ်သို့ တွန်းပို့နေသော အကြောင်းများဖြစ်ပေသည်။

ရာဇာဓိရာဇ် ရုပ်ရည်မှာ ဆံပင်ကောက်သည်၊ နှမ္ဗူးမောက်သည်၊ မျက်လုံးပြူးသည်၊အသားညိုသည်၊ကိုယ်လက်ကြံနိုင်ကာ ကြမ်းတမ်းသည်။ ထိုကဲ့သို့ ကြမ်းတမ်းရက်စက်သော ရုပ်လက္ခဏာရှိသည့်မင်း၏ဘဝ ဇာတ် လမ်းတွင် မိန်းမလှအများအပြား ပါဝင်ပတ်သက်လျက်ရှိသည်။ ရာဇာဓိရာဇ် ၏ ကိုယ်ရေးကိုယ်တာ အဖြစ်များသည် သူ၏နိုင်ငံရေး စစ်ရေးလှုပ်ရှားမှု များနှင့် တစ်သားတည်း ရက်ဖောက်ယှက်နွယ်လျက်ရှိသည်။

ရာဇာဓိရာဇ်က မိဖုရားအဖြစ် သိမ်းပိုက်မြှောက်စားခံရသူများ ထီး ဆောင်းမင်းအချင်းချင်း ဆက်သကြသူများ၊ မှူးမတ်များက ဆက်သသူ များ၊ စစ်ပွဲတွင်သိမ်းပိုက်ရရှိသူများ ဟူ၍ အမျိုးမျိုးရှိသည်။ အများအပြား လည်းရှိသည်။ ထိုထိုသော မိဖုရားများစွာအနက် သူ၏ယေချစ်ဖြစ်သူ တလမေဒေါနှင့်အထူးချစ်မြတ်နိုးခြင်းခံရသူ ပိယရာဇာဒေဝီဘွဲ့ခံ ဆီသည်မ မွေမနိတ်၊ တလသုဓမ္မာယာဘွဲ့ခံ မွေ့သင်တို့သည် စိတ်ဝင်စားဖွယ်ကောင်း လှပါသည်။

ဗညားနွဲ့၏အသက် ၁၅ နှစ်ခန့်တွင် ဖခမည်းတော်၏ အခြားသော မိဖုရားတစ်ပါးမှ မွေးဖွားခဲ့သူ အဖတူ အမိကွဲနှမတော် တလမေဒေါကို ခိုးယူထွက်ပြေးခဲ့သည်။ ဖခမည်းတော်မှာ ဗညားနွဲ့ကို ငြိုငြင်ရင်းစွဲ ရှိရ သည့်အထဲတွင် ဤကဲ့သို့ မသင့်မတင့်သည့် ကြံစည်မှုအတွက် လွန်စွာ စိတ်ဆိုးခဲ့သည်။ နှစ်ဦးစလုံးကို ဖမ်းစေကာ သမီးတော်ကိုမူ အပြစ်မယူဘဲ ဗညားနွဲ့ကိုမူ အကျဉ်းချထားသည်။ အတန်ကြာမှ မင်းကြီး၏အစ်မတော်



က နားချသောကြောင့် ဗညားနွဲ့ကိုလွှတ်ကာ တလမေဒေါနှင့် လက်ထပ် ပေါင်းသင်းခွင့်ပေးသည်။ သူတို့နှစ်ဦးမှ ဖွားမြင်သောသားကိုမူ အဘိုး ဖြစ်သူ ဗညားဦးက ချစ်ခင်ယုယစွာဖြင့် ဗောလောအဲကျွန်းတော ဟူသည့် အမည်ကို ပေးခဲ့သည်။

ဟံသာဝတီတွင် တလမေဒေါနှင့် လက်ထပ်ပေါင်းသင်းနေသည့် အချိန်မှာပင် ဗညားနွဲ့၌ ရန်သူများပေါ်ပေါက်လာသည်။ ထိုသူများမှာ ယောက်ဖတော်သူ သမိန်းမရူးနှင့် ဗညားဦး၏အစ်မတော်သူ မဟာဒေဝီတို့ ဖြစ်ကြသည်။ မဟာဒေဝီသည်တူမတော်သူ တလမေသီရိ၏ ခင်ပွန်းဖြစ်သူ နှင့် ငြိစွန်းသည်ဟု စွတ်စွဲခြင်းခံရသူဖြစ်သည်။

သမိန်းမရူးနှင့် မဟာဒေဝီတို့က ဗညားနွဲ့ကို လုပ်ကြံရန် ဗညား နွဲ့၏ အကြံအစည်တို့ကိုဖျက်ရန် ကြံနေသည့်အခါက ကြင်ဖက်ဖြစ်သူ တလမေဒေါသည် ဗညားနွဲ့ကို သတိပေးသည်မှာ အကြိမ်ကြိမ်ဖြစ်သည်။ ဗညားနွဲ့ကို သမိန်ရူးတို့နှင့် ဆက်ဆံသည့်အခါ မည်ကဲ့သို့ဆက်ဆံပြောဆို သင့်သည်ကိုလည်း အကြံပေးလေ့ရှိသည်။

ဗညားနွဲ့သည် ထောင်ထားခြားနားရန် ဒဂုံသို့ထွက်သည့်အခါတွင်မူ တလမေဒေါနှင့်လည်း မတိုင်ပင်၊တလမေဒေါနှင့်သားကိုလည်း ခေါ်ဆောင် ခြင်းမပြုဘဲ ထွက်ခွာသွားခဲ့သည်။ ရှေးအခါက စစ်ချီစစ်တက်ပြုသည့်အခါ များတွင် မိဖုရားများကိုပါ ခေါ်ဆောင်သွားလေ့ရှိသည်။ ယခုကဲ့သို့ ဗညားနွဲ့ ဒဂုံသို့ထွက်ခြင်းမှာ ထောင်ထားခြားနားရန် ထွက်ခြင်းဖြစ်၍ တလမေဒေါ ကို မြတ်နိုးသည်မှန်ပါက တစ်ပါတည်း ခေါ်သွားသင့်ပေသည်။

ဗညားနွဲ့ ဒဂုံသို့ထွက်ခွာသွားကြောင်း ဖခမည်းတော်သိသည့် အခါ တလမေဒေါကို ဆင့်ခေါ်၍ အကျိုးအကြောင်းကို ဖခမည်းတော်အား ကြို ၍ မပြောရကောင်းလားဟု အပြစ်တင်သည်။ တလမေဒေါက ဗညားသည် သူ့ကိုသားမယားဟု အလေးအမြတ်မပြုသည်မှာ ကြာပါပြီ။ ထို့ကြောင့် ဒဂုံသို့ထွက်မည့်အရေးကို မသိပါဟု ပြန်လည်ဖြေကြားခဲ့သည်။

တလမေဒေါပြောသည်မှာ မှန်လောက်ပါသည်။ ဗညားနွဲ့ဒဂုံတွင် ၈–လကြာမျှနေသည့်အချိန်တွင် ဆီသည်မ မွေမနိတ်ကို ပထမကောက်ယူ သည်။ ထို့နောက် နဂ္ဂဒါရွာသူ မွေ့သင်ကိုကောက်ယူသည်။ မွေမနိတ်ကို ကောက်ယူကြောင်း သိရသည့်အခါတွင် တလမေဒေါမှာ များစွာစိတ်ထိ ခိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗညားနွဲ့က သူ့ကိုပြန်လာရန် အတန်တန်မှာကြားနေသော အရိုးတော် မဟာဒေဝီထံသို့ စာပြန်ရာတွင် သူ၏အထိန်းတော် မွေ့အဲလောကို စေလွှတ်ပါဟု မှာလိုက်သည်။ တလမေဒေါက မွေ့အဲလောနှင့်အတူ ဆီတစ်အိုးနှင့် ချိန်ခွင်တစ်ခုကိုလက်ဆောင်ပါးလိုက်သည်။ သူသည် မင်းကြောဇ် သမီးတော်ဖြစ်သည်။ မွေမနိတ်မှာမူ သာမန်အရပ်သူ ဆီသည်မျှသာ ဖြစ်သည် ဆိုသည့်အချက်ကို ပြောလိုဟန် ရှိပေသည်။

တလမေဒေါမှာ အချစ်ရေးတွင် တိုက်ရင်းရှုံးနေရသူသာ ဖြစ်သည်။ ဗညားနွဲ့သည် ပဲခူးသို့ ပြန်လည်ချီတက်လာပြီးလျှင် ဖခမည်းတော် ကွယ်လွန်ကြောင်းသိသည်နှင့် မွေမနိတ်ကို ပိယရာဇာဒေဝီ၊ မွေ့သင်ကို တလသုဒ္ဓမာယာ ဟူသောဘွဲ့များကို ပေးခဲ့သည်။ ပြီးမှသာ တလမေဒေါကို အခေါ်နိုင်းလိုက်သည်။ တလမေဒေါက မလိုက်ဘဲ ငိုရှိုသာနေရှာပါသည်။ ခေါ်လာသူက သားတော်ကိုကောက်၍ချီကာ ပြန်သွားသည့် အခါမှာလည်း သူမတားဆီးနိုင်ပါ။ သားကိုဗညားနွဲ့ကခေါ်ပိုင်ခွင့်ရှိနေပေသည်။

ဗညားနွဲ့သည် ဖခမည်းတော်၏ ထီးနန်းကို ၁၆ နှစ်အရွယ်တွင် သိမ်းပိုက်ပြီးနောက် အသက် ၂၃ နှစ်အရွယ်တွင် ရာဇာဘိသိက်ခံခဲ့သည်။ ထိုသို့ဘိသိက်ခံရာတွင် တလမေဒေါကို ဘွဲ့အမည်အရည်ပေးခြင်း၊ အတူဘိသိက်ခံခြင်းမပြုဘဲ ပြစ်ပယ်ထားသည်။ ထို့အပြင် တလမေဒေါကို ဖခမည်းတော်က ပေးအပ်ချီးမြှင့်ခဲ့သော လက်ဝတ်ရတနာများကိုပါ သိမ်းယူစေခဲ့သည်။ တလမေဒေါက လက်ဝတ်ရတနာတို့ အနက်မှတန်ဖိုးကြီးလှသောလက်စွပ် ၁၂ ကွင်းမှတစ်ပါး အားလုံးကို ပေးလိုက်ပါသည်။ ထိုလက်စွပ်တို့ကို ဆံထုံးတွင်ထည့်၍ သိမ်းထားလိုက်ပါသည်။ ဗညားနွဲ့သည် ထိုလက်စွတ်တို့ကို (ဆံထုံးကိုဖြေ၍)ယူခဲ့ရမည်ဆိုကာ အမတ်ဒိန်ကို စေလွှတ်လိုက်သည်။

အရာရာတွင် ချင့်ချိန်တတ်သော အမတ်ဒိန်က မင်းသမီးထံသွားကာ ရှိနိုးရင်းငို၍နေသည်တွင် တလမေဒေါက အကျိုးအကြောင်းတို့ကိုမေးသည်။ အမတ်ဒိန်က မင်းကြောဇ်၏ သမီးတော် တလမေဒေါ၏ ဆံပင်တို့ကို မထိဝံ့သောကြောင့် ငို၍နေရသည်ဟုဖြေကြားသည်။ တလမေဒေါသည် ဗညားနွဲ့၏ရက်စက်သော အမိန့်တို့ကိုကြားသည်တွင် သူ၏ ဆံပင်ကို ကိုယ်တိုင်ဖြေကာ လက်စွပ်တို့ကို ပေးလိုက်သည်။



ထို့နောက်ငယ်ချစ်မယားဖြစ်ပါလျက် မထောက်ထားသော ဗညားနွဲ့ကို စိတ်နာလှသောကြောင့် အဆိပ်သောက်ကာ သေကြောင်းကြံစည်သွားခဲ့ရှာသည်။

တလမေဒေါ၏ကံကြမ္မာမှာ သေသည်အထိ ဆိုးတုန့်ပင်။ ရာဇာဓိရာဇ်က တလမေဒေါမရှိသည့်နောက် သားတော်ကို အထိန်းတော်ဖြင့်မွေးစေခဲ့သည်။ ထိုသားတော်သည် မင်းဖျိုမင်းလွင် ဘဝရောက်သည်နှင့် စစ်ဆင်စစ်တက်နည်းများကို လိုက်စားလေ့လာသည်။ ထိုအပြုအမူသည် မဆန်းသောအပြုအမူဖြစ်ပါသည်။ ရာဇာဓိရာဇ်ကဲ့သို့သော မင်းကြောဇ်၏သား စစ်မက်ထူပြောချိန်တွင် မွေးဖွားကြီးပြင်းရသော သူငယ်တစ်ယောက်အဖို့ စစ်ရေးကို စိတ်ဝင်စားသည်မှာ သဘာဝကျပါသည်။

သို့သော် ရာဇာဓိရာဇ်သည် သူ့ကိုပုန်ကန်မည်ဟု အထင်မှားကာ သားတော်ဗောလောအဲကျွန်းတောကို သတ်စေခဲ့သည်။ ဤတွင် တလမေဒေါနှင့် ဇာတ်လမ်း ပြတ်ခဲ့သည်။

ရာဇာဓိရာဇ်ဘဝတွင် မတရားမှု အများအပြားကို ဖြစ်ပွားစေခဲ့သော မိန်းမသားတစ်ဦးမှာ ဆီသည်မ မွေမနိတ်ဖြစ်သည်။ ဆီသည်မသည် မင်းသား၏ဘဝတွင်းသို့ သူ့ဆန္ဒအရ တိုးဝင်ခဲ့ခြင်းမဟုတ်ပေ။ သူ့ဘာသာသူ ရွှင်ရွှင်ပျပျသီချင်းများကို သီဆိုကာ ဆီရောင်းနေစဉ် မင်းသားကမြင်သွားခြင်းဖြစ်သည်။ သူ့အကြောင်းကိုမေးသည့် အခါမှာလည်း သူ၏ခင်ပွန်းလင်အမည်ကို ထည့်သွင်းကာ ဖြေခဲ့ပါသည်။ သို့သော်လိုချင်သည်ကို ရအောင်ယူတတ်သော မင်းသားက မွေမနိတ်ကို မင်္ဂလာစံအိမ်သို့ ခေါ်လာကာ တော်ကောက်ခဲ့သည်။ မွေမနိတ်၏ခင်ပွန်းမှာလည်း မင်းသားကို ကြေ ်သောကြောင့် ပဲခူးသို့ ထွက်ပြေးရသည်။

မွေမနိတ်မည်ကဲ့သို့ ခံစားရသည်။ မည်ကဲ့သို့ပြောသည် စသည့် မွေမနိတ်၏ ကိုယ်ပိုင်ခံစားချက်နှင့် ပတ်သက်၍ ရာဇဝင်တွင်မပါ။ တလမေဒေါထံမှ ဆီအိုးနှင့်ချိန်ခွင်ရသည့်အချိန်က ပြောသည့်စကားအရ သူ၏ စိတ်နေသဘာဝကို အကဲခတ်နိုင်သည်။ အရှင်မင်းသမီးက ကျွန်တော်မကို ဆီသည်ဆို၍ပြယ်ရယ်ပြုတိုင်း ရှက်ရမည်လော။ ကျွန်တော်မမှာ ဆီသည် အမှန်ဖြစ်သည်ဟုဆိုကာ ဆီအိုးကိုသိမ်းယူသည်ဟု ဆိုခဲ့သည်။ ထိုအချက်

www.burmeseclassic.com

www.burmeseclassic.com



ကိုထောက်၍ သူ၏စိတ်သည် မာကျောသည်။ အမုန်ကိုရင်ဆိုင်ဝံ့သည်။ သို့သော်...စက်ထန်ခြင်းမရှိဟု ဆိုနိုင်ပါသည်။

ရာဇာဓိရာဇ်သည် ဒဂုံတွင်လည်း ယာယီနန်းဆောက်ကာ မွေမနိတ်ကိုထားသည်။ သူ့အကြောင်းကို စပ်၍ပြောသည့်အခါ အိမနိတ်ငယ်ဟု ချစ်စနိုးခေါ်သည်။ ပဲခူးသို့ရောက်၍ ထီးနန်းဆက်ခံကာနီးတွင် ပိယရာဇာဒေဝီဟူသည့် ဘွဲ့ကိုပေးသည်။ အတူရေသွန်းခံ၍ မင်းအဖြစ်ကိုယူသည်။ ဖခမည်းတော်၏ စံနန်းသို့ ဝင်သည့်အခါ ပိယရာဇာဒေဝီ၏ လက်ကိုဆွဲ၍ ဝင်သည် စသည့်အချက်တို့သည် ရာဇာဓိရာဇ်က မွေမနိတ်ကို မည်မျှမြတ်နိုးချစ်ခင်တော်မူသည့် အချက်တို့ကို ပြသည့်သာဓကပင်ဖြစ်သည်။ ထပ်မံ၍ ဘိသိက်ခံရာတွင်လည်း မိဖုရားကြီးအရာကို ပိယရာဇာဒေဝီသာ ရခဲ့သည်။ ထို့ပြင် တလမေဒေါကို အသက်ဆုံးသည့်အထိ ဒုက္ခပေးကာ အရယူခဲ့သော နန်းစဉ်ရတနာတို့ကိုလည်း ပိယရာဇာဒေဝီ ရရှိခဲ့သည်။

ရက်စက်သော၊ ကြမ်းတမ်းသော ရာဇာဓိရာဇ်၏ အသည်းနှလုံးကို ယူကျုံးနိုင်သည့် ချစ်ဖွယ်သော စကားတို့ကို ဆိုတတ်သောကြောင့်ပင် ပိယရာဇာဒေဝီဟု တွင်ခဲ့ပေသည်ဟု မှန်းဆရပေသည်။ သူသည်မိဖုရားကြီးအဖြစ် အဆုံးအစွန်အထိ ကောင်းစားခဲ့သည်မှာ မှန်ပါ၏။ သို့သော် သူ့အကြောင်းကို အထွေအထူးပြောရန်စကား များစွာမရှိအောင် သူ့စကားကား ဆိတ်လှပေသည်။

ရာဇာဓိရာဇ်သည် ဒဂုံတွင်(ဂ)လမျှသာ ကြာခဲ့သည်ဟု ဆိုခဲ့ပေပြီ။ ထိုအချိန်အတောအတွင်း စစ်ရေး၊ မက်ရေး၊ နိုင်ငံရေးတို့နှင့် လုံးလည်လိုက်ကာ မအားမလပ် ဖြစ်နေခဲ့ရသည်။ ထိုသို့မအားမလပ်ဖြစ်နေသည့် အထဲတွင် မွေမနိတ်ကိုကောက်ယူနိုင်သည်။ မွေမနိတ်ကိုလည်း ( ) စွာ မြတ်နိုး အရေးပေးခဲ့သည်။ သို့သော် နဂ္ဂဒါရွာသူ မွေ့သင်ကို မြင်ပြန်သည့် အခါတွင်လည်း မြတ်နိုးစိတ်ပေါ်ပေါက်ပြန်ကာ ကောက်ယူခဲ့ပြန်သည်။ မွေမနိတ်မှာ မွေ့သင်ကို ဘဝတူချင်းဟု ကိုယ်ချင်းစာစိတ်ဖြင့် လက်ခံခဲ့သလား၊ မိမိ၏နေရာကို လုယူမည့်သူအဖြစ် ဝန်တိုခြင်းဖြင့် စောင့်ကြည့်နေခဲ့သလားဆိုသည့် မေးခွန်းကိုဖြေရန် အထောက်အထားမရှိပေ။

ဟံသာဝတီထီးနန်း သိမ်းပိုက်ရန်အသွားတွင် မွေမနိတ်နည်းတူ မွေ့သင်ကိုလည်း ဆင်တစ်စီးပေါ်တင်၍ ခေါ်ဆောင်သွားခဲ့သည်။ ထီနန်းကို



မသိမ်းပိုက်မီ မွေမနိတ်နှင့်တစ်နေ့တည်း တလသုဒ္ဓမာယာဘွဲ့ ပေးခဲ့သည်။

တလသုဒ္ဓမာယာသည် သမီးတော်ရှင်စောပုနှင့် သားတော်ဗညားကျန်းကို ဖွားမြင်ခဲ့သည်။ တလသုဒ္ဓမာယာနှင့် ပတ်သက်၍ ပြောစမှတ်ဖြစ်ဖွယ်ကိစ္စတစ်ခုမှာ ရှင်စောပုအသက် ၉ နှစ်ခန့်အရတွင် ဖြစ်ပွားခဲ့ပေသည်။

ရာဇာဓိရာဇ်သည် လဝွန်းအိမ်အမည်အရည်ဖြင့် မြှောက်စားထားသော သူရဲကောင်းကို လွန်စွာအားကိုအားထားပြုခဲ့သည်။ တစ်နေ့တွင် လဝွန်းအိမ်ကိုခေါ်၍ လုပ်ရေးကြဲရေး လွန်စွာခက်သော မြောင်းမြကို လဝွန်းအိမ် ကိုယ်တိုင်ဦးစီး၍ တိုက်ရန်တာဝန်ပေးသည်။ ထိုသို့တာဝန်ပေးသည့် အချိန်တွင် ရာဇာဓိရာဇ်အပါး၌ တလသုဒ္ဓမာယာသည် ခစားလျက်ရှိသည်။ ဘုရင်က မိဖုရားကို သူစားသော ရွှေကွမ်းအစ်မှ ကွမ်းတစ်ယာ ယာစေကာ လဝွန်းအိမ်ကို ကမ်းပေးစေခဲ့သည်။ သူရဲကောင်းပင်ဖြစ်လင့်ကစား မင်းစားသော ရွှေခွက်မှ မိဖုရားကိုယ်တိုင် ယာပေးသောကွမ်းကို စားရခြင်းသည် အဆမတန် ချီးမြှောက်ခံရခြင်း ဖြစ်သည်။

လဝွန်းအိမ်သည် မိမိနေရာသို့ ရောက်လျှင်စဉ်းစား၏။ မြောင်းမြသည် လုပ်ရေးကြဲရေးခက်လှသည်။ လုပ်ကြံလျှင်လည်း အသက်ကိုစွန့်ရန် အရေးကြုံနိုင်သည်။ ရာဇာဓိရာဇ်သည် သူ့ကိုအမှန်တကယ် ချစ်ခင်သည်မှန်ပါက စွန့်ရကျိုးနပ်သည်။ ဘုရင်က တကယ်ချစ်မချစ် သိရအောင်စမ်းမည်ဟုကြံကာ စစ်ထွက်ရမည့် အချိန်တွင်မထွက်ဘဲ အိပ်၍နေခဲ့သည်။

လဝွန်းအိမ်စစ်မထွက်သဖြင့် လာရောက်မေးမြန်းကြသည့် မှူးကြီးမတ်ကြီးများကို လဝွန်းအိမ်က တလမေသုဒ္ဓမာယာမိဖုရားကို စွဲလမ်းနေသောကြောင့် စစ်မထွက်နိုင်ဘဲ ရှိရပါသည်။ တလမေသုဒ္ဓမာယာကိုရမှသာ စစ်ထွက်နိုင်ပါမည်ဟု ပြောကြားခဲ့သည်။ မှူးကြီးမတ်ရာတို့က ဖျောင်းဖျသော်လည်း မရ။ မှူးကြီးမတ်ရာဝို့မှာလည်း ဘုရင်ကို လွန်စွာကြောက်ရွံ့ကြသည့်ကြားက သူ၏သူရဲကောင်း စစ်မထွက်သည့်အကြောင်းအရင်းကို သျှောက်တင်ကြရသည်။

လဝွန်းအိမ်၏ ပြောစကားကို ဘုရင်ကြားသိသည့်အခါတွင် အမျက်မထွက်ဘဲ မိဖုရားဆိုသည်မှာ ယောက်ျားသားတို့၏စိတ်ကို ပျော်မွေ့အောင် ဖျော်ဖြေသူသာ ဖြစ်သည်။ သူရဲကောင်းသာလျှင် အရေးထားထိုက်သဖြစ်သည်ဟူသော စကားမျိုးကိုဆို၍ တလသုဒ္ဓမာယာကို လဝွန်းအိမ်ထံသို့

www.burmeseclassic.com

www.burmeseclassic.com



ပို့စေမည်ဟု ဆိုသည့်အခါတွင် တလသုဒ္ဓမာယာက ဘုရင်၏ ခြေကိုဖက်၍ ငိုကြွေး တောင်းပန်ခဲ့သေးသည်။ သို့သော် ဘုရင်ကသူ့ကို လဝ္ဂန်းအိမ်ထံသို့ အရောက်ပို့စေခဲ့သည်။

လဝ္ဂန်းအိမ်သည် မိဖုရားရောက်မလာမီကပင် ကန်တော့ပစ္စည်းများနှင့် အသင့်စောင့်နေကာ ဆီးကြိုကန်တော့သည်။ ဘုရင်က သူ့ကိုမည်ရွေ့မည်မျှ ချစ်သည်ကို စမ်းသပ်လို၍ ဤကဲ့သို့ပြောရပါသည်။ ယခုမူ အမှန်တကယ် ချစ်မြတ်နိုးတော်မူကြောင်း သိရ၍ စစ်ထွက်ပါတော့မည်ဟုဆိုကာ မိဖုရားကို ဘုရင့်ထံပြန်ပို့ခဲ့သည်။

ရာဇာဓိရာဇ်သည် သူရဲကောင်းကို ချစ်မြတ်နိုး၍ သူရဲကောင်းများကို ချီးမြှောက်လေ့ရှိကာ စစ်ပွဲများကို အကြိမ်ကြိမ် အောင်မြင်အောင် တိုက်ခိုက်လေ့ရှိသဖြင့် ရာဇဝင်တွင် ကျော်ကြားလာခဲ့သော မင်းတစ်ပါးဖြစ်သည်။

ထိုဘုရင်လက်ထက်တွင် အစွမ်းအစရှိသူ၊ စွန့်စားသူများအဖို့ကား အလားအလာ လွန်စွာကောင်းသည်ဟုဆိုနိုင်သည်။ သို့သော် သူ၏ဘဝတွင် အကြောင်းအားလျော်စွာ သူနှင့်နီးစပ်ခွင့်ရ၍ သူ၏ချစ်မြတ်နိုးခြင်းခံရသော အမျိုးသမီးသုံးဦး၏ဘဝကို လေ့လာမိသည့် အခါမှာမူ သူတို့၏ အလားအလာကို သူတို့ဘာသာပင် သိခွင့်မရနိုင်အောင် ဆိုးလှချေသည်ဟု ပြောရမည်ဖြစ်၏။ တလမေဒေါသည် လွန်စွာငယ်ရွယ်သည့် အခါကပင် ရာဇာဓိရာဇ်၏ ငယ်ချစ်ဇနီးအဖြစ်သို့ ရောက်ခဲ့သည်။ သူ့ဘက်မှ ချွတ်ယွင်းချက်မရှိပါဘဲနှင့် အသက်ဆုံးသည်အထိ ရာဇာဓိရာဇ်၏ ရက်စက်စွာ ဆက်ဆံခြင်းကို ခံခဲ့ရသည်။

ပိယရာဇာဒေဝီမှာကား ချီးမြှင့်မြှောက်စားခြင်းကို အများထက်ကဲကာ ခံခဲ့ရပါ၏။ သို့သော်သူ၏ ငယ်ပေါင်းချစ်လင်အတွက် ရတက်မအေးဘဲ ဆွေးနေကောင်း ဆွေးနေမည်ဖြစ်သည်။ ဘုရင်၏ကောက်ယူခြင်းကို မခံပါက သူ၏အသက်မှာလည်း ဆုံးရှုံးဖွယ်ပင်။ ထို့ကြောင့် ပိယရာဇာဒေဝီမှာလည်း ခင်စစ်အားဖြင့် ကိုယ်ပိုင်ဘဝ မရှိပေ။

တလသုဒ္ဓမာယာ၏ အဖြစ်မှာလည်း လဝ္ဂန်းအိမ်သာ စိတ်ကောင်းမရှိပါက ဆိုးလှချေသည်ဟု ဆိုရမည်ဖြစ်သည်။ ချစ်စဖွယ် သားငယ်သမီးငယ်တို့၏ မျက်နှာကိုမျှမထောက်ထားဘဲ ဘုရင်က ပစ္စည်းဝတ္ထုတစ်ခု



သဖွယ် သဘောထားကာ လက်ဆောင်အဖြစ် သူရဲကောင်းအား ချီးမြှင့်ခြင်းခံရသည်ကား ကြေကွဲဖွယ်ပင်။

ပဒေသရာဇ်ခေတ်တွင် အမြင့်မားဆုံးဟု ဆိုနိုင်သော မိဖုရား၏ စည်းစိမ်ကို ခံစားနေရသည်ဖြစ်စေကာမူ မိန်းမသားတို့၏ ဘဝမှာ အလားအလာ မျှော်လင့်ချက်နှင့် အာမခံချက်မရှိဟုဆိုပါက မှားမည်မဟုတ်ချေ။

မြားနတ်မောင်–ဇူလိုင်လ ၉၁

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



အရိုးတော်မဟာဒေဝီ

# အရိုးတော် မဟာဒေဝီ

ဟံသာဝတီ ပဒေသရာဇ် နိုင်ငံသမိုင်းတွင် "အရိုးတော်မဟာဒေဝီ" ဟု ရည်ညွှန်းပြောဆိုခြင်းခံရသူမှာ ဗညားဦးမင်း၏ အစ်မတော် ရာဇာဓိရာဇ်၏ အရိုးတော် ဒဂုံမြို့စား ဖြစ်ပေသည်။

မဟာဒေဝီဟုကျော်ကြားသူမှာ ဆောဇိပ်မင်းနှင့် နှင်းအံ့ပိုခေါ် စန္ဒာမင်းလှမိဖုရားတို့မှ ဖွားမြင်သည့် သားသမီးသုံးယောက်အနက်မှ အလတ်ဖြစ်သည်။ အကြီးဆုံးအစ်မမှာ ငယ်က ကွယ်လွန်သည်။ အလတ်ဖြစ်သူကို ငယ်စဉ်က 'မွေ့န' ဟု ခေါ်ခဲ့သည်။

ထိုနောက်မှ ခေါင်းနှနှစ်လုံးရှိ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ခြင်း အောင်မြင်သည့် အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ 'ဝိ' ဟုမွန်ဘာသာဖြင့်ခေါ်သည့် ထူးခြားသော သဖန်းသီးကြီးတစ်လုံး ဆက်သခြင်းခံရသဖြင့် အတိတ်နမိတ်ကောင်း ယူ၍လည်းကောင်း 'ဝိဟာရဒေဝီ' ဟု ဖခမည်းတော်က အမည်ပေးခဲ့သည်။

မောင်တော်သူ ဗညားဦး မင်းဖြစ်သည့် တစ်လျှောက်လုံးတွင် မဟာဒေဝီဟူသော အမည်ဖြင့် ကျော်ကြားပါသည်။

အရိုးတော်၏ အသက်မှာ ဗညားဦးထက်(၂)နှစ်ခန့်ကြီးမည်ဟု ခန့်မှန်းရပါက ဗညားဦးမင်းဖြစ်သည့် အချိန်တွင်(၂၈)နှစ်ခန့် ရှိပြီဟုမှန်းဆနိုင်သည်။ ဗညားဦးလက်ထက်တွင် စစ်သူကြီး 'ဖြတ်ထပိုက်' နှင့် စုံဖက်စေ၍ ဒဂုံမြို့ကို စားရပါသည်။

ဗညားဦး၏ဘဝဇာတ်ကြောင်းသည် အစ်မတော်၏ဘဝဇာတ်ကြောင်းနှင့် တစ်သားတည်းဖြစ်နေသည်ကို ရာဇဝင်တွင်အထင်းသားတွေ့ရသည်။ ဗညားဦး မုတ္တမတွင် မင်းပြုပြီးသည်နှင့် ဇင်းမယ်သားတို့ ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်နိုက်ခြင်းကို ခံရသည်။ ဗညားဦးက သူ၏ဆင်ဖြူတော်ကြောင့် ဖင်းမယ်သားတို့ကို နိုင်လိုက်သည်ဟု စွဲလမ်းလျက်ရှိသည်။ ထို့ကြောင့် ဆင်ဖြူတော်သေဆုံးသည့်အခါတွင် သူကိုယ်တိုင် တောထဲသို့ဝင်၍ ဆင်ဖြူ ရှိန်းဖြင့် ဆင်ကျော့လေသည်။

ဆင်ကျော့သွားနေစဉ်အတွင်း တူတော်မင်းသားတို့ ပုန်ကန်ကြ၍ မုတ္တမသို့ ပြန်လာရသည်။

မုတ္တမမှာ တူတော်သူက အနိုင်အနဲ နေနင်ပြီးဖြစ်၍ ဒုန်းဝင်းမြို့ကို အခြေပြုကာ မုတ္တမကို လုပ်ကြံရသည်။ ဗညားဦး နောက်တန်းသို့ရောက် နေစဉ် မဟာဒေဝီ၏ ကြင်ရာတော် ဖြတ်ထပိုက်မှာ ရှေ့တန်းကို ကွပ်ကဲ ရသည်။

ထိုသို့ကွပ်ကဲနေစဉ် ရန်သူတို့က ဥပါယ်တံမျဉ်ဖြင့် ပို့ဆက်လာသော အဆိပ်ပါသည့်အစာကိုစားမိ၍ ဖြတ်ထပိုက် သေဆုံးခဲ့သည်။

ဗညားဦးသည် အလွန်စိတ်မချမ်းမသာ ဖြစ်တော်မူ၏။ သို့သော် စွန့်စားဝံ့သူ စစ်သူကြီးဇေယျသူရ ဆိုသူတစ်ဦး ပေါ်ပေါက်လာပြန်ကာ သူနှင့် အစ်မတော်ကို စုံဖက်စေပြန်သည်။ ဒဂုံမြို့ကိုလည်း ဆက်လက်စား စေခဲ့သည်။

ဇေယျသူရမှာ ဗညားဦး၏အမှုတော်ကို ထမ်းဆောင်ရင်း တိုက်ပွဲ တစ်ခုတွင် ကျဆုံးပြန်သည်။ ဗညားဦးမှာ အစ်မတော်အတွက်လည်း ကြေကွဲ သည်နှင့်အမျှ သူ၏စစ်ရေးအတွက်လည်း ရင်လေးစရာ ကြုံရပြန်သည်။ အစ်မတော်ကိုမူ ဒဂုံမြို့စားအဖြစ် ဆက်လက်ချီးမြှောက်သည်။

ဗညားဦးမှာ စစ်ရေးတွင် အရှုံးများနှင့် ဆက်လက်၍ ရင်ဆိုင်နေခဲ့ ရသည်။ မုတ္တမတွင် အနိုင်အနဲနေသည့် တူတော်က ဖင်းမယ်ဘုရင်ထံ အကူ အညီတောင်းခံကြောင်း ကြားသိရသည်။ ထိုအချိန်တွင် အမတ်ကြီးများ၏ တိုက်တွန်းချက်အရ ဗညားဦးက သမီးတော် တလမေသီရိကို ဖင်းမယ်မင်း ထံ ဆက်သလိုက်ရသည်။ ထိုအခါမှ ဖင်းမယ်မင်းကလည်း မုတ္တမဘက်သို့ စစ်ကူမပေးဘဲ နေခဲ့သည်။

မုတ္တမမှ စွန့်စားသူ တူတော်သည် ဗညားဦးစံနေသော ဒုန်းဝန်းသို့ ဝင်ရောက်တိုက်နိုက်ပြန်သည်။ ဗညားဦးလည်း ရရာလူသူတို့ကို စုရုံးခေါ် ဆောင်ကာ ဆင်တစ်စီးဖြင့် ပဲခူးသို့ ထွက်ပြေးခဲ့ရသည်။



ပဲခူးသို့ ဗညားဦးရောက်ရှိလာပြီဟူသောသတင်းကို ကြားသိရသည့် အခါ အစ်မတော် မဟာဒေဝီက ဒဂုံမှပဲခူးသို့လာ၍တွေ့သည်။ မောင်နှမ နှစ်ယောက် ဖက်၍ငိုကြရာသည်။ ထို့နောက် တိုင်းရေးပြည်ရေးတို့ကို မောင်နှမတို့ ဆွေးနွေးကြလေသည်။ ဗညားဦးသည် ၁၃၆၉–ခုတွင် ပဲခူးကို မင်းနေပြည်အဖြစ် အသစ်တည်ကာ စိုးစံသည်မှာလည်း အစ်မဖြစ်သူက မောင်နှမနှစ်ယောက် တစ်ဦးနှင့်တစ်ဦး နီးနီးနားနား အားပြုလို၍ တိုက် တွန်းသည့် အကြောင်းလည်း တစ်ချက်ပါနိုင်ပေသည်။

ဒုန်းဝန်းမှ ပဲခူးသို့ ထွက်ပြေးရာလမ်းတွင် တာဝန်ကျေပွန်ခဲ့သော ဆင်ကဲကို ဗညားဦးက မချီးမြှောက်ဘဲနေသည်ကို မဟာဒေဝီက ချီးမြှောက် ရန် တိုက်တွန်းသည်။ ဗညားဦးကသူ့ကို မချေမငံပြောဆိုသဖြင့် မချီးမြှောက် နိုင်ကြောင်းဖြေဆိုသည်။ မဟာဒေဝီက ထိုဆင်ကဲကို ခေါ်ယူချီးမြှောက်ခဲ့ပါ သည်။ ထိုအချက်ကိုကြည့်၍ မဟာဒေဝီ၏ စိတ်ထားဖြောင့်မှန်ကြောင်း သိနိုင်ပေသည်။

ပဲခူးသို့မရောက်မီ (၂)နှစ်ခန့်ကပင် မွေ့ဒေါခေါ် မိဖုရားက သားဦး တစ်ဦး ဖွားမြင်သည်။ ထိုသား၏လျှာတွင် အစက်ပါသောကြောင့် 'အပသုံ ပန်စက်'ဟု ငယ်မည်တွင်သည်။ ကြီးပြင်းလာသောအခါ 'ဗညားနွဲ့' ဟု ဖခမည်းတော်က အမည်ပေးသည်။

အပသုံ၏မိခင်မှာ အပသုံငယ်စဉ်ကပင် ကွယ်လွန်ခဲ့ရာ မဟာဒေဝီ က ကောက်ယူမွေးစားရသည်။ မဟာဒေဝီသည် အပသုံကိုသားအရင်းပမာ ချစ်ခင်သည်။

ကလေးမတ်တပ်သွားသည့် အရွယ်တွင် မဟာဒေဝီက နန်းတော်သို့ ဝင်၍ ဖခင်နှင့်တွေ့ပေးသည်။ ဖခင်ဖြစ်သူက အပသုံသည် ငါ့သားအရင်း ဖြစ်သော်လည်း ရုပ်ရည်ကြမ်းလှသည်။ ရက်စက်မည့်အသွင်ရှိသည်။ ငါမရှိ သော် သူ့ကိုထီးနန်းမပေးပါနှင့်၊ ငါ့သားအငယ်ကိုသာ ထီးနန်းပေးပါဟု ပြောခဲ့သည်။

ဖခင်၏နှစ်ခြိုက်သဘောကျခြင်းကို မရခဲ့သော ဗညားနွဲ့သည် အသက်(၁၅)နှစ်ခန့်တွင် ဖခင်၏ အခြားမိဖုရားမှမွေးသူ အဖတူအမိကွဲ နှမတော်'တလမေဒေါ'ကို ခိုးယူထွက်ပြေးခဲ့သည်။

ဖခမည်းတော်က အမျက်ထွက်လှ၍ သူတို့နှစ်ဦးကို ပြန်ဖမ်းကာ

www.burmeseclassic.com

www.burmeseclassic.com



သမီးကိုခေါ်ပြီး အနားတွင်ထားသည်။ သားကိုမူ အစောပိုင်းကပင် မနှစ်မြို့လှသည်နှင့် အကျဉ်းချထားခဲ့သည်။

မဟာဒေဝီက တူတော်ဗညားနွဲ့အတွက် အကြိမ်ကြိမ်အခါခါ တောင်းပန်သောကြောင့် ဗညားနွဲ့ကို အကျဉ်းမှလွှတ်ခဲ့သည်။ သူတို့နှစ်ဦးကို လက်ဆက်ခွင့်ရရန် မဟာဒေဝီကပင် ဆောင်ရွက်ပေးသဖြင့် လက်ဆက်ပေါင်းသင်းကြကာ မဟာဒေဝီက သူ၏အိမ်အနီးမှာပင် အိမ်ဆောက်၍ နေစေခဲ့သည်။

ထိုအရေးကိစ္စမတိုင်မီမှာပင် ဗညားဦးအဖို့ ဇင်းမယ်မင်းထံ ဆက်သထားသော သမီးတော် 'တလမေသီရိ' ကို ပြန်ခေါ်ရန် ကိစ္စကြုံလာသည်။ တလမေသီရိကို ဇင်းမယ်မင်းက အလေးတယူမပြုဘဲ ပစ်ပယ်ထားသဖြင့် တလမေသီရိမှာ အရှက်ရကာ ဆင်းရဲနေသည်ကို ကြားသိရ၍၊ ဗညားဦးမှာ များစွာကြေကွဲနေရသည်။

ထို့ကြောင့် ဗညားဦးသည် သူ့ကိုပုန်စားနေကြသော ညီတော်နှင့် တူတော်တို့ထံ အကျိုးအကြောင်းကို စာရေးသားပေးပို့ခဲ့သည်။ သူတို့၏ အကူအညီဖြင့် ဇင်းမယ်မင်းထံမှ သမီးကို ဆင်ပေါက်ဆယ်စီး၊ ရွှေ ၁၅ ပိဿာဖြင့် ပြန်ရွေးခဲ့ရသည်။ ပဲခူးသို့ မင်းသမီးပြန်ရောက်သည်တွင် သားအဖနှစ်ယောက် လွန်စွာကြေကွဲကြရသည်။ ဖခမည်းတော်ကလည်း သမီးတော်ကို အေးအေးသက်သာ စံနေစေသည်။

ထိုသမီးတော်ကို ဗညားဦး ကိုးစားခဲ့ရသော စစ်သူကြီးတစ်ဦး၏ သား'သမိန်မရူး'က ချစ်ခင်နှစ်သက်သောကြောင့် မင်း၏ဆရာတော်ထံမှ တစ်ဆင့် ရွှေ ငါးပိဿာတင်၍ တောင်းသည်။ ဗညားဦးမှာ 'တလမေသီရိ' ၏ ဘဝနာခဲ့သည်ကိုလည်း သနားသည်။ ထိုအားနည်းချက်ကိုထောက်၍ မင်းညီမင်းသားတစ်ဦးဦးနှင့် ပေးစားမိသော် အပြောအဆိုခံရမည်ကိုလည်း စိုးရိမ်သည်။

သမိန်မရူးမှာလည်း ဗညားဦးအတွက် အသက်စွန့်ကာ တိုက်ခိုက်ခဲ့သော စစ်သူကြီးတစ်ဦး၏ သားဖြစ်သောကြောင့် ထောက်ထားစရာရှိနေပေသည်။ ထို့ကြောင့် တလမေသီရိနှင့် သမိန်မရူးကို လက်ထပ်ခွင့်ပေးသည်။ ထိမ်းမြားမင်္ဂလာကိုလည်း (၇) ရက်တိုင်တိုင် ကျင်းပပေးခဲ့သည်။

ဗညားဦးက သူမကျန်းမာသည့်အခါတွင် အစ်မတော်ကို ပြည်တွင်း



ရေးကိစ္စများကို စီရင်ခွင့်ပေးလေ့ရှိသည်။ မဟာဒေဝီသည် ဒဂုံတွင် အိမ်တော်နှင့်စံနေသော်လည်း အခါအားလျော်စွာ ပဲခူးသို့ရွှေ့၍ စံနေရတတ်သည်။

ထိုသို့နေ၍ သမိန်မရူးနှင့်တလမေသီရိ လက်ဆက်ပြီး သုံးနှစ်အကြာတွင် မဟာဒေဝီနှင့် သမိန်မရူးတို့ ငြိစွန်းကြသည်ဟု အများကပြောဆိုကြခြင်းကို ခံကြရတော့သည်။

ထိုသို့ ငြိစွန်းသည့်အချိန်မှာ တလမေဒေါ်နှင့် ဗညားနွဲ့တို့ လက်ထပ်ပြီးစ အချိန်ခန့်တွင် ဖြစ်ပါသည်။

မဟာဒေဝီနှင့် သမိန်မရူးတို့သည် အများရှေ့မှာပင် ကလူကျီစယ်ပြုလေ့ရှိကြသည်။ ဗညားဦးမင်း နာမကျန်းသည့်အတွက် နတ်ပွဲကျင်းပရာတွင်လည်း အများတကာ သောက်စားကာပျော်မြူးစဉ် တစ်ဦးနှင့်တစ်ဦး မျက်စိခြင်း စကားပြောကြသည်။ တလမေသီရိကလည်းမြင်သည်။ စိတ်မကောင်းသည့်မျက်နှာဖြင့် နေနေသည်။ ထိုစဉ်တွင် သမိန်မရူးက ခြေကိုဆန့်လိုက်၍ ဗညားနွဲ့ကိုထိသည်။ ဗညားနွဲ့၏ အမိတူအဖကွဲနောင်တော်က မခံမရပ်နိုင်ဖြစ်၍ ရန်စကားဆိုသည်။ မဟာဒေဝီက ထိုရန်စကားဆိုသူကို ဖိနှိပ်ပြောဆို၍ သမိန်မရူးကို ကာကွယ်သည်။

ထို့နောက် သမိန်မရူးက ဗညားနွဲ့ကို တောင်းပန်ကန်တော့ချင်သည်ဆို၍ ဗညားနွဲ့၏အိမ်သို့ သမိန်မရူးနှင့် တလမေသီရိကို မဟာဒေဝီက လိုက်၍ ပို့ပြန်သည်။

မဟာဒေဝီသည် သမိန်မရူးနှင့် အနေအထိုင်မဆင်ခြင်ဘဲ မင်းညီမင်းသားများ အရှက်ရစေသည်အထိ လှုပ်အလယ်တွင်နေသည်။ သမိန်မရူးက [illegible]လေးမစားစားပြီးသား သရက်စေ့ဖြင့် ပေါက်သည်ကိုခံသည်။ သမိန်မရူးကို [illegible]ွမ်းသီးစိမ်းနှင့် ထုံးကိုကျွေး၍ သမိန်မရူး ထုံးပေါက်သည့်အခါ မဟာဒေဝီက ကျီစယ်ပြုံး ပြုံးသည်။

ထိုသို့နေထိုင်ကြသည့်ပြင် သမိန်မရူးကို အားပေးအားမြှောက်စကားများလည်း ပြောလေ့ရှိသည်။ ထိုသို့သောအဖြစ်တို့ကို ဗညားဦးမင်း မသိနိုင်ပါ။ အကြောင်းမှာ နာမကျန်းဖြစ်နေသောကြောင့် တိုင်းရေး၊ ပြည်ရေးကိုပင် အစ်မတော်အား လွှဲအပ်ထားရသောကြောင့်ဖြစ်သည်။

မဟာဒေဝီသည် သူငယ်စဉ်က သားရင်းပမာ ကျွေးမွေးသုတ်သင်ပေး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ဗညားနွဲ့ကိုလည်း မထောက်ထားနိုင်၊ မညှာတာနိုင်တော့ပေ။ ဗညားနွဲ့ကို ဖမ်းဆီးသုတ်သင်ရန်အတွက် နေရာပင်မရွေးနိုင်ဘဲ နှစ်ကိုယ်ကြား တိုင်ပင်ကြသောကြောင့် မဟာဒေဝီနှင့် သမိန်မရူးကို မှူးမတ်များက ပါ မနှစ်မြို့သည့် အနေသို့ ရောက်လာခဲ့လေသည်။

ဗညားနွဲ့သည် မဟာဒေဝီနှင့် သမိန်မရူးတို့ကို အလိမ္မာနှင့်ဆက်ဆံကာ သူတို့သတိမမူနိုင်မီ ဒဂုံသို့ ထွက်ခွာသွားခဲ့သည်။

ဒဂုံသို့ ရောက်သည်နှင့် အရှင်တော်မဟာဒေဝီ၏ အိမ်တော်ကို စီးနင်းကာ မဟာဒေဝီ၏ဘက်တော်သား (၂၀)ကို သုတ်သင်လိုက်သည်။ မဟာဒေဝီ၏ ဘဏ္ဍာတိုက်မှ အဝတ်ပုဆိုးနှင့်တကွ ရွှေငွေတို့ကို ထုတ်ယူသည်။ သူ့ဘက်ပါမည့်သူများကို သိမ်းသွင်းသည်။ စစ်ရေးပြင်ဆင်မှုများလည်း ပြုလေတော့သည်။

မဟာဒေဝီသည် ဗညားနွဲ့ကို ပထမသော်လိုက်၍ ဖမ်းရန်အမိန့်ပေးသည်။ ထိုအမိန့်ကိုစစ်သူကြီးများက (ဥပါယ်တံမျဉ်ဖြင့်) မနာခံဘဲ ရှောင်ကြသည်။ နောက်ပိုင်းတွင် ဗညားနွဲ့ကို ပဲခူးသို့ပြန်ခဲ့ရန် စာအတန်တန်ရေးသည်။ အထောက်တော်များ၊ အကြိုတော်များလည်း စေလွှတ်ခဲ့လေသည်။သို့သော် သူ၏အထောက်တော်များ၊အကြိုတော်များမှာဗညားနွဲ့၏ ဘက်တော်သားများ အဖြစ်သို့သာ ရောက်သွားကြသည်။

မဟာဒေဝီ၏သဘောထားအစစ်ဖြစ်သော သမိန်မရူးကို နန်းတင်ရေးနှင့် ဗညားနွဲ့ကို သုတ်သင်ရေး စသည်တို့ကိုလည်း ဗညားနွဲ့၏ အထောက်တော်များမှတစ်ဆင့် ပေါက်ကြားသဖြင့် ဗညားနွဲ့ကို အသာတကြည် ခေါ်၍မရဘဲ ရှိနေရသည်။

ဗညားဦးမင်းမှာ ရောဂါသည်းလှသဖြင့် အစ်မတော် မဟာ ကို ထီးဖြူအပ်ကာ တိုင်းရေးပြည်ရေး စီရင်စေသည့်အချိန်သို့ ရောက်လာခဲ့သည်။

ထိုအချိန်တွင် မဟာဒေဝီသည် သမိန်မရူးကို တပ်မှူးဗိုလ်ချုပ်အဖြစ် ခန့်အပ်ကာ ဗညားနွဲ့ကို ဝိုင်းဝန်းတိုက်ခိုက်ရန် စစ်တပ်များ စီရင်သည်။ သူ့ဘက်သားများထံမှ စစ်တပ်များ အကူအညီခေါ်သည်။

မြောင်းမြစားလောက်ဖျားက ပထမပိုင်းတွင် တပ်ကူပို့ခဲ့သည်။ သို့သော် မဟာဒေဝီ၏ အကြံအစည်ကို သိသည်နှင့် တပ်ရုပ်၍ ပြန်လေသည်။ မဟာဒေဝီ၏ အခြားသောတပ်များသည်လည်း စစ်ပြင်ဆင်မှုများ ပြုထားသည့်တိုင် ဗညားနွဲ့ရောက်သည်နှင့် ဗညားနွဲ့၏တပ်များနှင့်ပူးပေါင်းရန် စီမံပြီးဖြစ်လေသည်။



သမိန်မရူးကို တပ်မှူးဗိုလ်ချုပ်အဖြစ် အဆောင်အယောင်အပြည့်၊ အာဏာအပြည့် အပ်နှင်းထားခဲ့သည်။

သို့သော် သူသည် ဗညားနွဲ့နှင့် တပ်ချင်းယှဉ်ရသည်နှင့်အကြောက်လွန်ကာ ထွက်ပြေးလေတော့သည်။ အခြားသောတပ်များသည်လည်း ပျက်တော့သည်။ မဟာဒေဝီမှာ မည်သူ့ကိုမျှ အားကိုး၍မရနိုင်သော အခြေအနေသို့ ရောက်သွားလေတော့သည်။

ဗညားနွဲ့သည် ပဲခူးကိုဝိုင်းရံနေစဉ်အတွင်း ဗညားဦးကွယ်လွန်သည်။ ထိုအချိန်တွင် ဗညားနွဲ့ကိုကြိုဆိုသူများမှာ ပွင့်ပွင့်လင်းလင်း ဆောင်ရွက်ကြတော့သည်။ ဗညားနွဲ့လည်း ပဲခူးသို့ဝင်သည်။

ဗညားနွဲ့သည် ရာဇာဓိရာဇ်ဘွဲ့ခံ၍ ထီးနန်းကို သိမ်းပိုက်ခါနီးအချိန်မှာပင် ထွက်ပြေးသွားသော သမိန်မရူးကို ဖမ်းမိလာသည်။ ရာဇာဓိရာဇ်သည် အရှင်တော်မဟာဒေဝီကိုလည်း အခေါ်လွှတ်လိုက်သည်။ မဟာဒေဝီသည် နှောင်ကြိုးတဲထားသော သမိန်မရူးကိုမြင်သည်နှင့် မေ့၍ လဲလေတော့သည်။

ရာဇာဓိရာဇ်သည် နန်းတက်ပွဲ မတိုင်မီမှာပင် သမိန်းမရူးကို သူသတ်တို့၏လက်သို့အပ်၍ ကွပ်မျက်စေသည်။

အရှင်တော် မဟာဒေဝီကိုမူ ငယ်စဉ်က ကျွေးမွေးစောင့်ရှောက်ခဲ့သော ကျေးဇူးကို ထောက်ထား၍ အပြစ်မလွှတ်ကာ ဒဂုံမြို့ကို စားမြဲတိုင်း စားစေခဲ့သည်။

ထိုအပြုအမူကြောင့် ရာဇာဓိရာဇ်ကို သဘောထားကြီးသူဟု သူ၏တိုင်းသူပြည်သားများက မြင်ကြလေသည်။ ချီးကျူးကြလေသည်။

ဤတွင်ဗညားဦးမင်း၏ အစ်မတော်၊ ဗညားဦးနှင့် တိုင်းပြည်ရေးတိုင်ပင်ဖော် တိုင်ပင်ဖက်၊ထီးဖြူကိုပင် ကိုယ်စားနှင်းခြင်းခံရသူ အရှင်တော်မဟာဒေဝီ၏ရာဇဝင် တစ်ခန်းရပ်ခဲ့ရသည်။

အရှင်တော်မဟာဒေဝီသည် မင်းသွေးလည်းဖြစ်သည်။ ပြည်ထဲရေးကိုလည်း နှံ့စပ်သည်။ လူတစ်ထူးကိုလည်း ချစ်ခင်တတ်သည်။ ချီးမြှောက်

www.burmeseclassic.com

www.burmeseclassic.com



သင့်သူကိုလည်း ရှီးမြှောက်တတ်သည်။ ဥပါယ်အရာ၌လည်း ကျွမ်းကျင်သည်။ နိုင်ငံ့အရေးတွင် သူ၏ခင်ပွန်းသည်နှစ်ဦးလည်း အသက်ပေးခဲ့ရသည်။ ထို့မျှနှင့်ပင် နိုင်ငံသားများအဖို့ မဟာဒေဝီကို ကြည်ညိုလေးစားရန် အသင့်ဖြစ်နေပြီးသော အခြေတွင်ရှိသည်။ ဗညားနွဲ့ကလည်း မိခင်ကိုယ်စား ချစ်ခင်အားကိုးခဲ့ရသူ ဖြစ်သည်။ ဗညားဦးသာမက ဗညားနွဲ့ကပါ မဟာဒေဝီကို တိုင်းရေး၊ ပြည်ရေးတွင် အရေးပေးနိုင်ခြေရှိပါသည်။

သို့သော် သူသည်အမှန်တကယ် တိုက်ပွဲမဝင်မီကပင် အရှုံးကြီးရှုံးသော အနေသို့ရောက်ခဲ့ရပေသည်။ အကြောင်းမှာ သူသည်မျူးမတ်တစ်ဦး၏သား ပညာဉာဏ်တုံးသော လူကြမ်းဖြစ်သူ သမိန်မရူးနှင့် ငြိစွန်းခဲ့သော အပြစ်ကြီးကို လူအများသိသည့်တိုင် မဆင်ခြင်နိုင်ဘဲ ကျူးလွန်ခဲ့သော ကြောင့်ဖြစ်သည်။

သမိန်မရူးသည် တခြားသူမဟုတ်ဘဲ တူမတလမေသီရိ၏ခင်ပွန်းလင် ဖြစ်နေပြန်သည်။ ထို့ကြောင့် မဟာဒေဝီသည် ရှိပြီးသားအစဉ်အလာ ပျက်ပြားကာ အရှုံးနှင့် တွေ့ရပေသည်။

သို့သော် မဟာဒေဝီသည် မိန်းမသားသာ မဟုတ်ပါက(ဗညားဦး၏ အစ်မတော်သာမဟုတ်ပဲ နှောင်တော်သာဖြစ်ပါက)သူကျူးလွန်သော အပြစ်ကို မည်သူမျှ အပြစ်ဟုဆိုကြမည် မဟုတ်ချေ။

ရာဇာဓိရာဇ်သည်လည်း လင်ရှိမယား'မွေမနိတ်'ကို အတင်းအကျပ်ကောက်ယူခဲ့သည်သာ ဖြစ်သည်။ သို့သော် ဤအကြောင်းနှင့် စပ်လျဉ်း၍ သူ့ကို မည်သူမျှ အဆိုးမပြောကြပေ။

ထို့ကြောင့် ရာဇဝင်ထဲက မိန်းမသားများအဖို့ရာ ခြေလှမ်းတစ်ချက်ပျက်မိပါက ယောကျ်ားသားများထက် ပို၍ကြီးလေးသော လူမှုရေးအပြစ်ဒဏ်ကို ခံရတတ်သည်ဟုပင် သုံးသပ်ချင်ပါသည်။

ကလျာမဂ္ဂဇင်း–ဩဂုတ် ၉၁

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

# နရသီဟပတေ့၏
# မိဖုရားကြီးဖွားစော

နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ ပုံပြင်ဆန်ဆန် လက်ခံထားကြတဲ့ သမိုင်းဖြစ်ရပ်များရှိပါတယ်။သမိုင်းအနေနဲ့ ရာစုနှစ်တစ်ခု၊ တစ်ခုကိုကြာလှတယ်လို့ မတွက်ဆကြပေမယ့် အချိန်ကြာလေလေ အဖြစ်မှန်နဲ့ ပုံပြင်ကြားမှာရှိတဲ့ ကွာဟချက်ကို ပေါင်းစပ်အဖြေရှာရတာ ခက်လေလေဆိုတာကို တွေ့ရပါတယ်။ အထူးသဖြင့် ခေတ်အဆက်ဆက်က လူအများရဲ့ နှလုံးသားမှာ နှစ်နှစ်သက်သက် လက်ခံထားကြတဲ့ အကြောင်းအရာများကို ချေဖျက်လို့ ချေဖျက်ဖို့ ကြိုးစားလို့ မရတတ်ပါဘူး။ ရသည့်တိုင်အောင် ရသအနေနဲ့တော့ ပျက်ပြားသွားတတ်ပါတယ်။

ပုဂံသမိုင်းမှာ ပုံပြင်ဆန်လှတဲ့ မိဖုရားတစ်ပါး ရှိပါတယ်။ အဲဒီပုံပြင်ဟာ မြန်မာအများနဲ့ ရင်နှီးလှသူ မိဖုရားစော ခေါ် ဖွားစောနဲ့ သက်ဆိုင်တဲ့ပုံပြင်ဖြစ်ပါတယ်။ ပုံပြင်လို့ ပြောရတာကတော့ ခေတ်ပြိုင်အထောက်အထားဖြစ်တဲ့ ကျောက်စာများမှာပါတဲ့ မိဖုရားစောနဲ့ အများသိရှိ လက်ခံထားတဲ့ မိဖုရားစောတို့ဟာ တစ်ယောက်တည်းဖြစ်လျက်နဲ့ အကြောင်းအရာ ကွဲပြားနေလို့ ဖြစ်ပါတယ်။ဘာပဲဖြစ်ဖြစ် လှပတဲ့ ပုံပြင်တစ်ခုကိုတော့ အရင်ပြောပြလိုပါတယ်။

ပုဂံခေတ်သက္ကရာဇ် (၁၂၄၀)မှာ နန်းတက်တဲ့ ဥဇနာမင်းလက်ထက်မှာ ဆိပ်ထိန်းကမ်းဖြူရွာက တောင်သူကြီးတစ်ဦးမှာ သမီးမိန်းကလေးတစ်ယောက် မွေးဖွားခဲ့ပါတယ်။ ကလေးမ ငယ်စဉ်ကတည်းက ထူးခြားတဲ့ အဖြစ်များနဲ့ကြုံခဲ့ရပါတယ်။ ပထမအဖြစ်ကတော့ လယ်ထွန်ရာ လိုက်သွား



တဲ့ သူငယ်မကိုမြွေငန်းတစ်ကောင်က အမွေတွေနဲ့ရစ်ပြီး ပါးပျဉ်းနဲ့ မိုးထားဖူးပါတယ်။ ဒုတိယအဖြစ်ကတော့ သူငယ်မစိုက်ပျိုးတဲ့ မြတ်လေးပင်က ပုန်းညက်၊ ချရား၊ စကားစတဲ့ပန်းတွေပါ ပွင့်ပါတယ်။ အဲဒီလောက်ထူးခြားနေတဲ့ အဖြစ်များကြောင့် ဥဇနာမင်းကြီးက သူငယ်မကို စိတ်ဝင်စားပါတယ်။

နတ်တော်လတိုင်းမှာ ဥဇနာမင်းကြီးဟာ ပုပ္ပါးတောင်ကိုတက်ပြီး မဟာဂီရိ နတ်မောင်နှမကို ပူဇော်လေ့ရှိပါတယ်။ သူငယ်မကလေး အရွယ်ရောက်စအချိန်မှာ မင်းကြီးဟာ ပုပ္ပါးကိုသွားရင် ဆိပ်ထိန်းကမ်းဖြူရွာကို ဝင်ပါတယ်။ အဲဒီအခါမှာ ပန်းသီနေတဲ့ သူငယ်မကိုမြင်ပြီး တော်ကောက်ခဲ့ပါတော့တယ်။ သူငယ်မဟာ မင်းကြီးအနားမှာနေပြီး ပြုစုလုပ်ကျွေးတဲ့အခါမှာ ပါးနပ်လိမ္မာလို့ မင်းကြီးက ကိုယ်လုပ်တော်ကြီးအရာနဲ့ ချီးမြှင့်ခဲ့ပါတယ်။

ဥဇနာမင်းဟာ နန်းသက်(၅)နှစ်အရမှာ ကွယ်လွန်ခဲ့ပါတယ်။ သူရဲ့အရိုက်အရာကို မင်းခွေးချေးလို့ ငယ်ငယ်ကအနေခါခံခဲ့ရတဲ့ မထင်မရှားမိဖုရားက ဖွားမြင်သူ သားတော်ငယ်တစ်ပါးတ ဆက်ခံပါတယ်။ အဲဒီလိုဆက်ခံခွင့်ရအောင် အမတ်ကြီးဖြစ်သူ ရာဇသင်္ကြန်က အကူအညီပေးခဲ့ပါတယ်။ ရာဇသင်္ကြန်က သားတော်အကြီး သီဟသူအပေါ်မှာ အမျက်ရှုလို့ သားတော်အငယ် မင်းဖြစ်အောင် ကူညီခဲ့တာဖြစ်ပါတယ်။ မင်းခွေးချေးဟာ မင်းဖြစ်လာတဲ့အခါမှာ နရသီဟပတေ့ဆိုတဲ့ ဘွဲ့ကိုယူခဲ့ပါတယ်။

နရသီဟပတေ့မင်းနဲ့ ပတ်သက်လို့ ပြောစရာအများကြီးရှိပေမယ့် မိဖုရားစောနဲ့ပတ်သက်တာကိုပဲ အထူးပြုပြောလိုပါတယ်။ နရသီဟပတေ့က အလွန်လောဘကြီးပါတယ်။ ပွဲတော်တည်ရင် ဟင်းခွက်သုံးရာပါမှ ဆိုသလိုပဲ မောင်းမများဆိုရင် အရေအတွက် သုံးထောင်တောင်မှ ရှိပါသတဲ့။ မိဖုရားကြီးအနေနဲ့ကတော့ မိဖုရားစောတစ်ပါးပဲ ထားပါသတဲ့။

နရသီဟပတေ့နဲ့ပတ်သက်တဲ့အကြောင်းတစ်ခုကတော့ ဉာဏ်ပညာနည်းပါးခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလို ဉာဏ်ပညာနည်းပါးလို့ မှားတဲ့အခါတိုင်းမှာ မိဖုရားဖွားစောက ဖျောင်းဖျဆုံးမတတ်တယ်လို့ ရာဇဝင်မှာပါပါတယ်။

ဥပမာပြောရရင် နရသီဟပတေ့က ကိုယ်တိုင်ကျန်းမာလွန်း၊ အနာ

www.burmeseclassic.com

www.burmeseclassic.com



ကင်းလွန်းလို့ သုံ့တစ်ပါးချေဆတ်တာကိုမြင်ရင် အမျက်ထွက်တတ်ပါသတဲ့။ နောက်တော့ မိဖုရားစောက ချေဆတ်တာဟာ လူအများမှာဖြစ်လေ့ရှိတတ်တဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်လို့ တင်လျှောက်ရတယ်လို့ ဆိုပါတယ်။ အဲဒီတော့မှ နရသီဟပတေ့က နောင်တရပါသတဲ့။

ပြီးတော့လည်း မင်းကြီးအိပ်ရာကနိုးရင် အနားမှာရှိတဲ့ ပန္နည်းများနဲ့ တွေ့ကရာလူကို ကောက်ကောက်ပေါက်တတ်လွန်းလို့ မိဖုရားစောကပဲ အနားမှာအန္တရာယ်ဖြစ်စေတဲ့ ဓား၊လှံ စတာတွေကို ဖယ်ရှားပြီး အသီးများကို ထားရပါသတဲ့။

ပုဂံသမိုင်းလို ကြီးကျယ်ထွန်းကားတဲ့ သမိုင်းမှာ နရသီဟပတေ့လို မင်းမျိုးပါနေတာ သူနဲ့ပတ်သက်တဲ့ ပညာဉာဏ်ကင်းမဲ့တဲ့အကြောင်းတွေကို ပြောနေရတာဟာ ပုံပြင်ဖြစ်သည့်တိုင် မနှစ်မြို့စရာကောင်းလှပါတယ်။ အဲဒီလို မနှစ်မြို့စရာကောင်းတဲ့ သူ့လက်ထက်မှာ ပိုပြီးမနှစ်မြို့စရာကောင်းတဲ့အဖြစ်နဲ့ ကြုံခဲ့ပါတော့တယ်။

အဲဒီအဖြစ်ကတော့ ပုံပြင်မဟုတ်ပါဘူး။ ၁၃ ရာစုမှာအင်အားကြီးမားထွန်းကားလာတဲ့ မွန်ဂိုတာတာခေါ် လူမျိုးများဟာ ပထမဆုံး တရုတ်နိုင်ငံကို တိုင်နိုက်သိမ်းပိုက်ပါတယ်။ စစ်ရေးမှာ အထူးကျွမ်းကျင်တဲ့ မွန်ဂိုများဟာ တရုတ်နိုင်ငံကိုရတဲ့အခါ တရုတ်လူမျိုးတို့ရဲ့ အဆင့်မြင့်တဲ့ ယဉ်ကျေးမှုကို ဆက်ခံခဲ့ပါတယ်။ ပြီးတဲ့အခါမှာတော့ နေရာအနှံ့သွားပြီး ရှိရှိသမျှနိုင်ငံများကို ကျူးကျော်တိုက်နိုက် သိမ်းပိုက်တော့တာပါပဲ။

အဲဒီ မွန်ဂိုတာတာများဟာ ပုဂံခေတ် နရသီဟပတေ့လက်ထက်မှာ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းကို ကျူးကျော်ဝင်ရောက်ခဲ့ပါတယ်။ မွန်ဂိုတာတာများကို ပုဂံခေတ်ကတော့ တရုတ်တရက်လို့ခေါ်ပါတယ်။ နရသီဟပတေ့ဟာ ပုံပြင်ဆန်ဆန်ပြောပြခဲ့တဲ့ အကြောင်းများကို ထောက်တဲ့အခါမှာလည်း လူတော်မဟုတ်ပါဘူး။ သမိုင်းအဖြစ်အပျက်ကို ပြောတဲ့အခါမှာလည်း လူတော်မဟုတ်ဘူးဆိုတာ သိရပါတယ်။ သူဟာ ပုဂံကို မကာကွယ်နိုင်ခဲ့ပါဘူး။ နိုင်ငံပျက်တော့မယ့်အခါမှာ သူလုပ်တတ်တာကတော့ ဘေးလွတ်အောင် ကိုယ်လွတ်ရုန်းပြေးတာပဲ ဖြစ်ပါတယ်။ အဲဒါကြောင့်လည်း သူ့ကို အဲဒီခေတ်ကအခုထိ တရုတ်ပြေးမင်းလို့ လူအများကခေါ်နေကြတာပဲ ဖြစ်ပါတယ်။



မွန်ဂိုတာတာများဟာ ပုဂံမှာအကြာကြီး တပ်စွဲမထားနိုင်ပါဘူး။ အစကတည်းက မြန်မာတို့ဟာ ပူပြင်းခြောက်သွေ့တဲ့အရပ်မှာ အခြေချတာဟာ အဲဒီလိုအေးတဲ့အရပ်က ရန်သူများ ကြာရှည်မနေနိုင်အောင် စဉ်းစားပြီး အခြေချခဲ့တာ ဖြစ်နိုင်ချေရှိပါတယ်။

နရသီဟပတေ့ဟာ မွန်ဂိုများပြန်လည်ဆုတ်ခွာချိန်ကို ဒလမှာနေရင်းစောင့်နေပါတယ်။ အဲဒီအချိန်မှာ ပုဂံတုန်းကလို ဟင်းခွက်သုံးရာနဲ့ ပွဲတော်မတည်နိုင်လို့ မျက်နှာကို အင်္ကျီလက်နဲ့ဖုံးပြီး ငိုသတဲ့။ အဲဒီအခါမှာလည်း မိဖုရားဖွားစောကပဲ သူ့ကို တရားပြပြီး ချော့ရတယ်လို့ ဆိုပါတယ်။

မွန်ဂိုများ ထွက်ခွာသွားပြီးလို့ ကြားရတဲ့အခါမှာ နရသီဟပတေ့ဟာ ပုဂံကိုပြန်ချင်ပါတယ်။ ပြန်ရရင် ကောင်း၊ မကောင်းကို မိဖုရားစောနဲ့ တိုင်ပင်ပါတယ်။ အဲဒီတော့ မိဖုရားစောက အလောင်းမင်း၊ ဆန်အုံသည့်ကားလွယ်စွ၊ ပြည်ထဲအရေး ခက်လှသည်။ ကျွန်သင်းခြေရှုံနည်းက ရန်သူတို့က လူစားရာ ဖြစ်တော့မည်။ မင်းကြီးသည် ပြည်ဝမ်းကို ဖောက်သည်နှင့်အတူ ပြည်ဝမ်းမည်သော သူဌေးသူကြွယ်တို့ကို အပြစ်ရှာပြီးဖျက်ဆီးပြီးလျှင် ဥစ္စာကိုယူသည်။ သူဌေးသူကြွယ်သေလျှင် သားမြေးကို အရာမပေး၊ ဥစ္စာကို သိမ်းယူလေသည်။ ပြည်မျက်စိကိုထုတ်သည်နှင့်အတူ သူ့မယားသူ့သမီးကိုယူသည်၊ ပြည်စွယ်ကို ချိုးသည်နှင့်အတူ သူရဲကောင်းတို့ကို သတ်ဖြတ်သည်လို့ မိဖုရားစောက မင်းကြီးရဲ့အပြစ်များကိုစုံအောင်လျှောက်ပါသတဲ့။

နရသီဟသတေ့ကတော့ ထုံးစံအတိုင်း နောင်တချည်းရနေပါတော့တယ်။ ဒါပေမယ့် ပုဂံကိုတော့ ပြန်လာခဲ့ပါတယ်။ ပြည်မြို့ကို ရောက်တဲ့အခါမှာ သားတော်သီဟသူက ဖောင်တော်ကိုတားပြီး အဆိပ်ခပ်တဲ့အစားအစာကို ဆက်ပါတယ်။ နရသီဟပတေ့က အဆိပ်ပါတာကို သိတော့မစားဘဲနေပါတယ်။ အဲဒီတော့ သီဟသူရဲ့ လူများက ဖောင်တော်ပေါ်ကို ဓား၊ လှံများကိုင်ပြီး တက်လာကြပါတယ်။ လုပ်ကြံကြဖို့ပေါ့။ အဲဒီတော့ မိဖုရားစောက ဓားဘေး၊ လှံဘေးနဲ့ သေရာတာထက်စာရင် အဆိပ်ထည့်ထားတာကိုစားပြီး သေရတာက တော်သေးတယ်လို့ ပြောတာနဲ့ နရသီဟပတေ့လည်း အဆိပ်ပါတဲ့ အစာစားပြီး ကွယ်လွန်သွားပါတော့တယ်။

သီဟသူဟာ ဖခင်ကို လုပ်ကြံနိုင်ခဲ့ပေမယ့် ပုဂံမှာ မင်းမပြုနိုင်ခင်

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးကို တိုက်ရင်း ကျဆုံးသွားခဲ့ပါတယ်။ ပုဂံမှာမင်းပြုဖို့ ကျော်စွာကို မိဖုရားစောနဲ့ မှူးကြီးမတ်ရာမျှား တိုင်ပင်ပြီး နန်းတင်ခဲ့ပါတယ်။

ကျော်စွာမင်းဟာ မိဖုရားစော နန်းတင်လို့ မင်းဖြစ်ပေမယ့်၊ မိဖုရားစောကို အရေးတယူမပြုဘဲ နေတဲ့အတွက် မိဖုရားစောက မြင်စိုင်းက ရှမ်းမြန်မာညီနောင်သုံးဦးနဲ့ ပူးပေါင်းပြီး ကျော်စွာကို မြင်စိုင်းရောက်အောင် ဥပါယ်တံမျဉ်နဲ့ ခေါ်ပါတယ်။ မြင်စိုင်းရောက်မှ ဖမ်းဆီးပြီး ရဟန်းဝတ်စေခဲ့ပါသတဲ့။

မိဖုရားစောဟာ ပုဂံမှာပဲဆက်ပြီး ရှိနေခဲ့ပါတယ်။ သူဟာ အသက်အရွယ် ထောက်လာခဲ့ပြီဖြစ်ပါတယ်။ မြင်စိုင်း ရှမ်းမြန်မာညီနောင် သုံးဦးအနက် အငယ်ဆုံး သီဟသူက ပင်းယမြို့ကို တည်ပါတယ်။ သီဟသူတို့ ဖခင်က ရှမ်း၊ မိခင်က မြန်မာနန်းတွင်းသူ ဖြစ်ပါတယ်။ သီဟသူ ကိုယ်တိုင် ပင်းယမြို့တည်နန်းတည်မင်း ဖြစ်လာတဲ့အခါမှာ မြန်မာ့ထီးနန်းဓလေ့ကိုသုံးပြီး နန်းတက်လိုပါတယ်။ ဒါပေမယ့် မြန်မာ့နန်းဓလေ့ကို သူမသိပါဘူး။ အဲဒီအခါမှာ ပုဂံမှာရှိတဲ့ မိဖုရားစော၊ အဲဒီအချိန်မှာတော့ ဖွားစောပေါ့လေ။ အဲဒီဖွားစောကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဖွားစောက ပထမတော့ စိတ်ကောက်ပြီး ပင်းယကို မသွားပါဘူး။ သီဟသူက အကြိမ်ကြိမ်ခေါ်မှ သွားပါတယ်။

ပင်းယကို ရေကြောင်းက ရောက်လာတဲ့ ဖွားစောကို သီယသူက ရေထဲဆင်းပြီး ကြိုတဲ့အထိအလေးအမြတ် ပြုပါတယ်။ ပြီးတော့ ဖွားစောရဲ့ အစီအမံ အကြံဉာဏ်များနဲ့အညီ ပင်းယထီးနန်းကို သိမ်းပိုက်တဲ့ပွဲကို ကျင်းပခဲ့ပါတယ်။

ဖွားစောက နန်းစဉ်သုံး သောက်ရေရွှေဖလားနဲ့ ခါးစည်းကြိုးကို လက်ဆောင်ပေးပါတယ်။ ပင်းယမင်း သီဟသူကလည်း မိဖုရားစောကို မင်းခမ်းမင်းနားအစုံနဲ့ ကန်တော့ခဲ့ပါတယ်လို့ ဆိုပါတယ်။

အခု ပြောပြခဲ့တဲ့ အကြောင်းတွေထဲမှာ သမိုင်းအချက်အလက်များပါသလို ပုံပြင်ဆန်တဲ့ အကြောင်းများလည်း မနည်းလှပါဘူး။ မြန်မာများအဖို့တော့ သာမန်အရပ်သူ မိန်းကလေး တစ်ယောက်ဘဝက မင်းအဆက်ဆက် အလေးထားရတဲ့ မိဖုရားဘဝရောက်လာသူ ဖွားစောကို ပုံပြင်ဆန်ဆန်လက်ခံထားကြတာ ကြာပါပြီ။ နေသားတကျတောင် ဖြစ်နေပါပြီ။



မင်းဆိုတာ အာဏာရှင် ရေမြေ့သနင်း ဖြစ်ပါတယ်။ အဲဒီလို လူများကို ဖျောင်းဖျဆုံးမနိုင်တဲ့ သူဆိုတော့လည်း လူအများက နှစ်လိုကြစမြဲပေါ့လေ။

ဒါပေမယ့် သမိုင်းဆိုတော့ အထောက်အထား ရှိရပါတယ်။ အထောက်အထားနဲ့ ပြောကြစို့လို့ဆိုတဲ့အခါမှာ မိဖုရားစောဟာ ပုံပြင်ထဲကလောက်တော့ စိတ်နှလုံးကို ယူကြုံးနိုင်စွမ်း ရှိချင်မှရှိမယ် ဖြစ်ပါတယ်။ ဒါပေမယ့် ပြောခဲ့တဲ့အတိုင်း သမိုင်းဆိုတာ အထောက်အထားရှိရပါမယ်။

မိဖုရားစော အကြောင်းကို သမိုင်းအထောက်အထားနဲ့ ပြောဖို့ရှာ ရှာတဲ့အခါမှာ တွေ့ရတဲ့ စောအမည်ခံ ပုဂံခေတ်က မင်းသမီးအရေအတွက်ဟာ အတော်များပါတယ်။ နောက် မိဖုရားစောအမည်ခံသူများကို တွက်စစ်တဲ့ အခါမှာလည်းလေးပါးတောင်မှရှိပါတယ်။ အဲဒီလေးပါးအနက်က ဖွားစောလို့တွင်တဲ့ မိဖုရားများကို စစ်ထုတ်လိုက်တဲ့အခါမှာ သုံးပါးကျန်ပါတယ်။

အဲဒီ သုံးပါးအနက်က ဒုတိယမြောက် မိဖုရားစောခေါ် ဖွားစောသာလျှင် နရသီဟပတေ့ရဲ့ မိဖုရားဖြစ်တယ်လို့ ကျောက်စာအထောက်အထားများအရ သိရပါတယ်။

ကျောက်စာများအရ သိရတဲ့ ဖွားစောဟာပုံပြင်ဆန်သော ဖွားစောလို သာမန်အရပ်သူ မဟုတ်ပါဘူး။ ပုဂံက ကျစွာမင်းကြီးရဲ့မြေး တော်ပါတယ်။ သူ့ရဲ့မိခင်၊ ဖခင်တို့အကြောင်းကို ကျောက်စာမှာ မတွေ့ရပေမယ့် မိခင်ရဲ့ညီမအရင်းဖြစ်သူဟာ ဥဇနာမင်းကြီးရဲ့ မိဖုရားဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ပန်းသုံးမျိုးပွင့်တဲ့ အပင်ကိုစိုက်သူ ဆိပ်ထိန်းကမ်းဖြူက သူငယ်မတော့ဖြင့် မဟုတ်ပေဘူးလို့ ဆိုရမယ် ဖြစ်ပါတယ်။

ရသီဟပတေ့မင်းကြီးရဲ့ မိဖုရားဖွားစောဟာ နရသီဟပတေ့မင်း ကွယ်လွန်တဲ့အခါမှာ သားတော် ကျော်စွာက ဆက်လက်ပြီး မိဖုရားမြှောက်တာ ခံခဲ့ရပါတယ်။ ဒါပေမယ့် ကျော်စွာနန်းမတက်မီမှာ ကွယ်လွန်ခဲ့တယ်လို့ ကျောက်စာများအရ ယူဆရပါတယ်။

မိဖုရားဖွားစောဟာ နရသီဟပတေ့နဲ့ ရာဇသူလို့ခေါ်တဲ့ သားတစ်ယောက် ရခဲ့ပါတယ်။ သူ့ရဲ့သားဟာ သူ့အရင် ကွယ်လွန်ခဲ့ပါတယ်။ ချစ်လှစွာသောသားလည်း ကွယ်လွန်ခဲ့တဲ့အပြင် လောကဓံကို အဖန်ဖန်ခံရပြီးဖြစ်လို့ ရှိတဲ့ပစ္စည်းများကို အကုန်စွန့်ပြီး လှူခဲ့ပါတယ်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



မှ သူဘယ်လိုသံဝေဂရပြီး ဘာတွေလှူခဲ့တယ်ဆိုတာကိုလည်း ကျောက်စာ ရေးထိုးထားငဲ့ပါတယ်။ အဲဒီကျောက်စာများကို စောလှဝန်းကျောက်စာ များလို့ခေါ်တဲ့အတွက် အဲဒီဖွားစောကို စောလှဝန်းဖွားစောလို့လည်း ခေါ် ကြပါတယ်။

မိဖုရားစောအကြောင်းကို လေ့လာရတာ ရသစုံပါတယ်။ အတွေး လည်း နက်စေနိုင်ပါတယ်။ သမိုင်းကို တိတိကျကျလိုက်ပြီး လေ့လာရင် အထောက်အထား လိုပါတယ်။ အထောက်အထားနဲ့ ပြောရင် မှားစရာ အကြောင်းနည်းပါးပါတယ်။ နို့မဟုတ်ရင်တော့ သမိုင်းရေးသူများဟာ (လောကီသားများပေမို့) လိုရာ ဆွဲရေးတတ်ကြပါတယ်။ ဆွဲပြီးရေးဖို့လည်း အကြောင်းတရားများက ရှိနေပါလိမ့်မယ်။

ဘာပဲပြောပြော မိဖုရားစောအကြောင်း လေ့လာရတာ စဉ်းစားစရာ၊ ခံစားစရာများပါတယ်လို့ဆိုရင် ငြင်းကြမယ်လို့ မထင်ပါဘူး။

မြားနတ်မောင်-စက်တင်ဘာ ၉၁

× × × × ×



အနောက်နန်းမဒေဝီ မမြလေး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အနောက်နန်းမိဖုရား မမြကလေး

၁၈၂၄–ခုတွင် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ ကျူးကျော်ဝင်ရောက်ခဲ့ကြသည်။ ထိုစစ်ပွဲတွင် ရှေ့တန်းစစ်မျက်နှာများ၌ တာဝန်ယူခဲ့သူ စစ်သူကြီး မဟာဗန္ဓုလသည် ဓနုဖြူခံတပ်တွင် ရန်သူ၏ပုံးဆန် ထိမှန်ကာ ကျဆုံးခဲ့ရသည်။ (၂)နှစ်မျှ အကြိတ်အနယ် တိုက်ခိုက်ကြပြီးနောက် ၁၈၂၆–ခုနှစ်တွင် ရန္တပိုစာချုပ်ချုပ်ဆိုကာ မြန်မာဘက်မှ စစ်ပြေငြိမ်းလိုက်ရသည်။ ထိုစစ်ပြီးဆုံးချိန်တွင် နောက်တန်းစစ်မျက်နှာကို တာဝန်ယူရသော သာယာဝတီမင်းသားသည် နေပြည်တော်သို့ ပြန်လည်ဆုတ်ခွာရမည့်အစား ဓနုဖြူသို့ ချီတက်လာခဲ့သည်။

ထို့နောက် ဟသ်ာတသူကြီးမှတစ်ဆင့် ဟသ်ာတမှ ရုပ်ရည်ချောမောလှပသည်ဟု ကျော်စောသတင်းရှိသော မမြကြူတ်ကို ဆင့်ခေါ်၍ သိမ်းပိုက်ခဲ့သည်။

အသက်(၁၇)နှစ်အရွယ် မမြကြူတ်သည် အသက် (၄၁)နှစ်အရွယ် သာယာဝတီမင်းသား၏ သိမ်းပိုက်မှုကို ခံရစဉ်က မည်ကဲ့သို့ ခံစားခဲ့သည်၊ မည်ကဲ့သို့ ပြုမူပြောဆိုခဲ့သည်တို့ကို ရာဇဝင်၌ စာတင်ထားခြင်း မရှိပေ။

မမြကြူတ်ကို အိမ်ရှေ့စံ သာယာဝတီမင်းသားက သိမ်းပိုက်အပြီးတွင်နန်းဆန်ဆန် 'မမြကလေး' ဟု ခေါ်တွင်စေခဲ့သည်။ ရွှေလောင်းတိုက်ကို စားစေ၍ အိမ်ရှေ့မင်း၏ မိဖုရားအရာပေးကာ မြောက်အိမ်တော်တွင် စံနေစေသည်။

မမြကလေးသည် အိမ်ရှေ့မိဖုရား ဖြစ်သည့်အချိန်တွင် အသက်သာ



ငယ်သည်မဟုတ်၊ အခြားမိဖုရားများထက် ဝါအားဖြင့်လည်း များစွာငယ်သည်။ အိမ်ရှေ့မင်း၏ မိဖုရားခေါင်မှ မွေးဖွားသော၊ နောင်တွင် ပုဂံမင်းအဖြစ် နန်းတက်လာမည့်သူသည်ပင် မမြကလေးထက် အသက်(၂)နှစ်မျှသာငယ်သည်။

သာယာဝတီမင်းသားသည် အသက်ငယ်ရွယ်နုပျိုသည့်ပြင် ရုပ်ရည်ကလည်း ချောမွေ့လွန်းသော မမြကလေးကို အစောပိုင်းတွင် ကောင်းစွာ ချီးမြှောက်ခဲ့ပေလိမ့်မည်။ မမြကလေးသည် အိမ်ရှေ့မိဖုရားအဖြစ် (၁၁)နှစ်မျှသာ နေခဲ့ရသည်။ ထိုသို့အိမ်ရှေ့မိဖုရားဘဝတွင် ရှိနေစဉ်အတွင်း သားတစ်ယောက် မွေးဖွားသော်လည်း ငယ်ငယ်ကပင် ကွယ်လွန်သည်။ သမီးတစ်ယောက် ထပ်မံမွေးဖွားခဲ့ရာ ထိုသမီးသည် 'လှိုင်ထိပ်ခေါင်တင်' အဖြစ် ကျော်ကြားမည့်သူဖြစ်သည်။ ထိုသို့ အိမ်ရှေ့မင်း၏ မိဖုရားအဖြစ် သိမ်းပိုက်ခံရပြီး များမကြာမီမှာပင် ချစ်ခြင်းမေတ္တာ လျော့ပါးလာမှုကို အခါအားလျော်စွာ ခံခဲ့ရသည်ဟု သိရှိရသည်။

ထိုသို့ သိရှိနိုင်မည်မှာ ရာဇဝင်တွင်ပါသောကြောင့်မဟုတ်ပေ။ စာဆိုစာစပ်တတ်သော မမြကလေး၏လက်ရာတေးထပ်များ၊ သဖြန်များ၊ ပတ်ပျိုးများမှတစ်ဆင့် သိရခြင်းဖြစ်သည်။

'ကံနေ–ကြိလေ–ဖန်ဝေနိုင်ပဲ–ဆွေး' စသည့် စာသားမျိုးမှာ လွန်မင်းစွာ စိတ်ငယ်နေသော မိန်းမသား၏ ခံစားမှုကို ပြဆိုနေသော အစပ်အဟပ်တို့ ဖြစ်ကြသည်။

'ရှိခိုးရှက်ကြာချီ' ပတ်ပျိုးမှာလည်း အိမ်ရှေ့မင်း၏ မိဖုရားဘဝက စပ်ဆိုခဲ့သော ပတ်ပျိုး ဖြစ်ပေသည်။ မမြကလေးသည် သာယာဝတီမင်း၏ အသိမ်းပိုက်ကိုခံရသောကြောင့် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မိဘရင်ခွင်မှ ခွာကာ အညာမြေသို့ လိုက်ခဲ့ရသည်။ သူ့မှာအားကိုးစရာဆို၍ သာယာဝတီမင်းသာ ရှိပေသည်။ ထို့ကြောင့်ပင် 'ထပ်ထပ်ကယ်မျှော်–ပြာသာဒ်ကယ်ဆောင်ဘုံပေါ်က အကြိုတော်သည်မယ်ထောက်ရတယ်၊ ကိုးခေါက်ပြန်ပေါ့' စသည့် သဖြန်မျိုးစပ်ကာ အမျှော်ဆိုက်ခဲ့ရပေသည်။

သာယာဝတီမင်းသားသည် စံအိမ်တော်တွင် ပန်းဥယျာဉ်စိုက်ကာ ပျော်ပါးသောက်စားကာ စံစားနေလေ့ရှိသည်။ အင်္ဂလိပ်ရွေး မွေးရန်လည်း ဝါသနာထုံလှသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မင်းသားဘဝမှာပင် မိဖုရားအများအပြားနှင့် ကိုယ်လုပ်တော်များကို ကောက်ယူပြီးဖြစ်သည်။ ထိုသို့ဖြင့် သူ၏ ကိုယ်ပိုင်ဘဝတွင် ယောကျ်ားသားတစ်ယောက်၏ ပြုဖွယ်ကိစ္စတို့ဖြင့် မအားမလပ်ဖြစ်နေပေသည်။ အိမ်ရှေ့မင်းတစ်ပါး အနေဖြင့်လည်း နန်းတွင်းရေးအရှုပ်အထွေးတို့နှင့် ရင်ဆိုင်နေရပေသည်။

သာယာဝတီမင်း၏ နောင်တော်ဖြစ်သူ စစ်ကိုင်းမင်း(ဘကြီးတော်)သည် တိုင်းရေးပြည်မှု အစုစုတို့၌ စိတ်ဝင်စားခြင်း မရှိလောက်အောင် စိတ်ပျံ့လွင့်နေသူဖြစ်သည်။ သူ၏စိတ်မတည်ငြိမ်မှုကို ကောင်းစွာအသုံးချ၍ တိုင်းရေးပြည်မှုတို့ကို ခြယ်လှယ်အုပ်ချုပ်နေသူမှာ မိဖုရားခေါင်ကြီး ရှင်မင်းနှနှင့် သူ၏မောင် စလင်းစားမင်းသားကြီးဦးအိုတို့ ဖြစ်ကြသည်။

သာယာဝတီမင်းသားသည် အခြားသော မင်းညီမင်းသားများနည်းတူ မိဖုရားခေါင်ကြီးကိုလည်းကောင်း၊ မင်းသားကြီး အခေါ်ခံနေရသူ ဘုရင့် ယောက်ဖတော်ကိုလည်းကောင်း များစွာမုန်းတီးသည်။ အထင်အမြင်သေးသည်။

စစ်ထွက်သွားစဉ်ကလည်း သူ၏ လေ့တော်သားများကို တက်ခတ်ရင်း 'စုန်းမကြီးလင် ပန်းတောင်းကို တောင်ညာတင်မှ ညီချစ်ခင် ရွှေညာရပ်ကို ပြန်နဲ့မယ်လေး'ဟုသီဆိုစေခဲ့ဖူးပြီ၊ ပန်းတောင်းစားမင်းသမီးကို ဘိုးတော်ဘုရားက မြေးတော်အိမ်ရှေ့မင်း ဘကြီးတော်နှင့် ရေသွန်းလက်ထပ်ပေးခဲ့သည်။ သို့သော် ဘကြီးတော်က ရှင်မင်းနကိုသာ မြတ်နိုး၍ ပန်းတောင်းမင်းသမီးကို လျစ်လျူရှုခဲ့သည်။ တစ်ဖက်က ဤကဲ့သို့ ပြောင်ပြောင်တင်းတင်း ရန်သူလို သဘောထားကာ တိုက်နိုက်မှုရှိသကဲ့သို့ တစ်ဖက်ကလည်း ချက်ကောင်းကိုစောင့်နေပေသည်။

တစ်နေ့တွင် ရာဇဝတ်သားတစ်ယောက်ကို သာယာဝတီမင်း၏ နမတော် ပုဂံမင်းသမီး၏ အိမ်တော်တွင် ဝှက်ထားသည်ဆိုကာ တပ်နှင့်စီးနင်းရှာဖွေသည်အထိ ဦးအိုတို့ဘက်မှ အတင့်ရဲလာသည်။ သာယာဝတီမင်းသားသည် သူ၏ဘက်တော်သား ညီတော်၊ နမတော်တို့နှင့် တိုင်ပင်ကာ လက်ဦးမှုယူသောအနေဖြင့် ရွှေဘိုသို့ အလုံးအရင်းနှင့်ထွက်ခွာသွားခဲ့သည်။

ထိုသို့ ရွှေဘိုကိုထွက်ခွာရာတွင် မိဖုရားများ၊ သားသမီးများ၊ အိမ်တော်ပါယယ်ကျွန်များ စုစုပေါင်း ခုနစ်ရာခန့်သည် မြစ်ကိုကူး၍ ကတိုက်ကရိုက်



လိုက်ပါသွားရသည်။ ထိုလူစုထဲတွင် မမြကလေးနှင့် သမီးတော်ကလေးလည်း ပါမည်ဖြစ်လေသည်။ မမြကလေးမှာ ထိုအချိန်က အသက် ၂၇ နှစ်သာရှိသေးသည်။ သမီးတော်ကလေးမှာ(၃)နှစ်အရွယ် လူမမည်မျှသာဖြစ်သည်။

ဘကြီးတော်မင်းက ညီတော်လက်သို့ ထီးနန်းကို မြန်မြန်ဆန်ဆန်ပင် လွှဲအပ်လိုက်သည်။ ထိုသို့လွှဲအပ်ခြင်းဖြင့် ပြည်တွင်းစစ်ဖြစ်မည့်အရေးကို ရှောင်လွှဲနိုင်ခဲ့သည်။ သို့သော် နောင်တော်မင်းတရားကြီးနှင့် စိတ်ချရသည်ဟု ယူဆရသူများမှတစ်ပါး ကျန်လူများကိုကွပ်မျက်သည်။ မိုးတော်ရှင်မင်းနှ၊ သူ၏မောင်တော်ဦးအိုနှင့် အပေါင်းအပါများ ကွပ်မျက်ခံရသည်။

သာယာဝတီမင်းသည် မင်းဖြစ်ပြီးနောက် မုဒ္ဒါဘိသိက်ခံရာတွင် မမြကလေးကို 'သီရိမဟာ သုရတနာစန္ဒာဒေဝီ'ဟူသောဘွဲ့ဖြင့် အနောက်နန်းကိုပေးခဲ့သည်။ဟသ်ာတမြို့ကိုလည်း စားစေသည်။ထိုအချိန်မှစ၍'အနောက်နန်းမတော် မမြကလေး'ဟု တွင်သည်။ ထိုအချိန်က(၄)နှစ်အရွယ်သာရှိသေးသော သမီးတော်ကလေးကိုလည်း လှိုင်မြို့ကိုစားစေခဲ့ရာ ထိုအချိန်မှစ၍ 'လှိုင်ထိပ်ခေါင်တင်'ဟု တွင်သည်။

သာယာဝတီမင်းသည် နန်းစံသက်(၉)နှစ်သာရှိသောမင်း ဖြစ်သည်။ ထိုနန်းစံသက်အတောအတွင်းတွင် သူဆောင်ရွက်ခဲ့သမျှတို့သည် ရက်ရက်ရောရော လွှေ့လွှေ့ရမ်းရမ်းရှိသလောက် ကြမ်းကြမ်းကြုတ်ကြုတ်လည်း ရှိလှပေသည်။

သူသည် ဘကြီးတော်မင်းတရား လက်ထက်က အင်္ဂလိပ်တို့နှင့် ချုပ်ဆိုခဲ့ရသော စစ်ပြေငြိမ်းစာချုပ်ကို လက်ခံရန်ငြင်းဆိုသည်။ ထို့ပြင် တပ်ထောင်တာမိုလ်ထုဖြင့် စည်ကားသိုက်မြိုက်စွာ ရန်ကုန်သို့ဆင်းလာကာ ရွှေတိဂုံ၏ အနောက်ဘက်တွင် ယာယီနန်းဆောက်၍နေသည်မှာ လေးလကျော်ငါးလနီးပါး ကြာသည်။ ထိုလုပ်ရပ်သည် ဆက်ဆံရေး ပျက်ပြားနေသော အင်္ဂလိပ်တို့ကို တပ်လှန့်လိုက်သကဲ့သို့ ဖြစ်သွားလေသည်။ ထို့ပြင် အခြေတကျရှိပြီဟု မဆိုသာသေးသော နေပြည်တော်မှ ဤမျှကြာအောင်ခွာလာခြင်းသည် မလိုလားအပ်သော လုပ်ရပ်ဖြစ်ပေသည်။

မမြကလေးအနေဖြင့် ရန်ကုန်တွင် ကုသိုလ် ပွားနိုင်ခဲ့ပါသည်။ ရွှေတိဂုံ အနောက်ဘက်မုခ်တန်ဆောင်းများအတွက် သစ်နှင့်လက်ကြေးငွေ လှူဒါန်းပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှ နေပြည်တော်သို့ ပြန်လည်ကြွချီတော်မူရန် သွေးဆောင်လျှောက်ထားပြီး တစ်စုတစ်စည်းတည်း ပြန်လည်ထွက်ခွာလာကြသည်။ ထိုခရီးလမ်းတွင် ရှေ့မှ ဦးဆောင်ချီတက်ရန် တာဝန်ပေးအပ်ခြင်းခံရသူမှာ အလယ်နန်းမိဖုရားမှ ဖွားမြင်သူ သာယာဝတီမင်း၏သားတော် ပြည်စားမင်းသား ဖြစ်သည်။ ပြည်စားသည် ထိုအပြန်လမ်းမှာပင် မကျိုးမနွံပြုလာလေသည်။ မကွေးတွင် တပ်ချကြရသည့်အချိန်တွင် ခမည်းတော်ထံမှခွင့်ပြုမိန့်ကို မတောင်းခံဘဲ ရွှေစက်တော်သို့ မြင်းစီးကာ ထွက်ခွာသွားခဲ့သည်။ သူ့ကို မင်းမိန့်ဖြင့် ပြန်ခေါ်ကာ တာဝန်မှ ရုပ်သိမ်း၍ နောက်တန်းမှာထားကာ ပြန်ခဲ့ရသည်။

နေပြည်တော်သို့ ပြန်ရောက်ပြီးနောက် လေးနှစ်ကြာသည့်အချိန်တွင် ပြည်မင်းသားနှင့် ပတ်သက်သော အရေးကိစ္စတစ်ခု ပေါ်ပေါက်သည်။ ပြည်မင်းသားသည် သူနှင့် သဘောချင်းကိုက်ညီသူတို့ကို မပြတ်ခေါ်ယူကာ စည်းဝေးတိုင်ပင်လေ့ရှိသည်။ ထိုတိုင်ပင်သည့် အမှုတွင်ပါသည့် သူတစ်ဦးကို ဘုရင်ကိုယ်တိုင် ခေါ်ယူစစ်ဆေးပြီး နန်းတော်အတွင်းတွင် လှံနှင့်ထိုး၍ သတ်သည်။ ပြည်မင်းသားလည်း အတားအဆီးတို့ကို ဖောက်၍ ထွက်ပြေးလေသည်။

ပြည်မင်းသား ထွက်ပြေးသည်နောက်သို့ ဖမ်းဆီးရန် လူများစေလွှတ်သည်။ တစ်ချိန်တည်းမှာပင် ကျန်ရစ်သည့် လူအများထဲမှ ပြည်မင်းသားဘက်ပါသူဟု ထင်ရသူများကိုလည်း ဘုရင်က ဖမ်းဆီးသတ်ဖြတ်စေသည်။ ပြည်မင်းကို လမ်းခရီးတွင်မိပါ၏။ သို့သော် စေလွှတ်လိုက်သည့် အထဲမှ လူအချို့မှာ မြန်မြန်ဆန်ဆန် မီအောင် မဆောင်ရွက်သည့်အပြစ်ဖြင့် အသတ်ခံရပြန်သည်။

ပြည်မင်းသားကို နေပြည်တော်အရောက် ခေါ်ခဲ့၍ စစ်ဆေးရာတွင် သူနှင့်သဘောထားတူသည့် သူ၏အပေါင်းပါများတွင် အနောက်နန်းမတော် မမြကလေးပါသည်ဟု သိရှိရသည်။

သာယာဝတီမင်းသည် မမြကလေးကိုသာမက မမြကလေးနှင့်အတူရှိနေသောမိခင် 'ခေါ်မယ်အိ'အပါအဝင် အိမ်တော်သားများကို ဖမ်းဆီး၍ သေဒဏ်ပေးလေသည်။ ရာဇဝင်များတွင် ထုံးတမ်းနှင့်အညီ စီရင်စေဟု ရေးသားလေ့ရှိသည်။



အချို့က ရေမှာချသည်ဟုဆိုကြ၍ အချို့က ဆင်နှင့်နင်း၍သတ်သည် ဟု ဆိုကြသည်။ မည်သည့် နည်းဖြင့်သေဆုံးရသည်ဖြစ်စေ အလွန်ပြင်းထန် ဆိုးရွားစွာ သေဆုံးရမည်မှာ သေချာပါသည်။

မမြကလေး သေဆုံးရချိန်တွင် သူ၏အသက်မှာ(၃၆)နှစ်သာ ရှိပါသေးသည်။ အသက်(၁၂)နှစ်အရွယ် လှိုင်ထိပ်ခေါင်တင် ကျန်ရစ်ခဲ့သည်။ သူသည် သေဒဏ်ခံရခါနီးအချိန်တွင် သောကပီးစီးကာ မဖြီးနိုင် မလိမ်းနိုင် ဖြစ်ရှာသည်။ အလွန်သန်စွမ်းလှသော ဆံပင်တို့ကိုကောင်းစွာ မထုံးနှောင်နိုင်သဖြင့် ဘီးဖြင့်ပတ်ထားရှာသည်။ ထိုကပိုကရိုအသွင်ကပင် လှပလွန်းလှသဖြင့် နန်းတွင်းသူများသည် အလားတူလိုက်လံထုံးဖွဲ့သည် ဆိုပါသည်။ ဆံပင်ကို ဘီးဖြင့်ပတ်ထားသည့် ဆံပင်ပုံမှာလည်း ပူပုံထုံးဟု ထင်ရှားလာခဲ့သည်။

သာယာဝတီမင်းမှာ နောက်တစ်နှစ်အကြာတွင် ကွယ်လွန်ခဲ့သည်။ သူ၏နောက်ဆုံးအချိန်များတွင် စိတ်ရောဂါဝေဒနာကို ပြင်းစွာ ခံစားခဲ့ရသည်ဟု သိရသည်။ ဤကဲ့သို့သော သူများသည် မည်သည့်ကိစ္စကိုမဆို ပြင်းပြင်းထန်ထန် ခံစားလုပ်ဆောင်တတ်မြဲဖြစ်သည်။ သံသယလည်း လွန်စွာကြီးတတ်ကြသည်။ သာယာဝတီမင်း၏ အနီးအပါးတွင် နေရသူများအဖို့ အနေကြပ်၊ အသေကြပ် ဖြစ်ရသည်မှာ မဆန်းပေ။

မမြကလေး စပ်ဆိုခဲ့သောစာများမှာ နန်းတွင်းသူတို့၏ဘဝကိုသာ ထင်ဟပ်နိုင်သော နန်းခလေ့ အမျှော်စိုက်များ၊ ဘုန်းတော်ဘွဲ့များ၊ မေတ္တာဘွဲ့များသာ ဖြစ်ပါသည်။ ဤစာများအနက် အချို့မှာ အမှန်တကယ် ခံစား၍ စပ်ဆိုသောစာများ ဖြစ်နိုင်သည်။

အချို့မှာမူ ဘုရင်၏ အလိုကိုလိုက်၍ အကြိုက်ဆောင်ကာ စပ်ဆိုရသော စာများလည်း ပါမည်ဖြစ်သည်။

တစ်ကြိမ်က မင်းမျက်သင့်သဖြင့် ကျဉ်းတိုက်တွင်း အကျဉ်းချထားခြင်းခံရဖူးသည်။ ထိုအကျဉ်းတိုက်ထဲတွင် 'ချစ်သမျှကို'ပတ်ပျိုးရေးသား၍ ဘုရင့်ထံဆက်သွင်းသည်။ ထိုအခါမှ ဘုရင်က အမျက်ပြေကာ အကျဉ်းမှ လွှတ်လိုက်လေသည်။

ငယ်ရွယ်သော မမြကလေးအဖို့ နာကြည်းချက်များလည်း ရှိနေသည်ဖြစ်ရာ နန်းတွင်းရေး အရှုပ်အထွေးတွင် ကြိုရာပါ ဖြစ်ခဲ့သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



မဆာန်းပေ၊ လက်ဦးမှုမရသဖြင့် ကွပ်မျက်ခြင်းခံရသော်လည်း မိန်းမဆိုး အဖြစ် ပြောဆိုရေးသားမှုကို မခံခဲ့ရချေ။

သက်ဦးဆံပိုင်ခေတ်တွင် အကြွင်းမဲ့အာဏာရှင် ဘုရင်တို့၏ မြတ်နိုး ခြင်းခံရသူ မိန်းမသားများမှာပင် ကိုယ်ပိုင်ဘဝမရှိ၍ ကြေကွဲဖွယ်ရာကောင်း လှပေသည်။

ကလျာ မဂ္ဂဇင်း၊ ဒီဇင်ဘာ-၉၁

× × × × ×




www.burmeseclassic.com

www.burmeseclassic.com

# ဆင်ဖြူမရှင်

သီရိပဝရမဟာရတနာဒေဝီ မိဖုရားခေါင်ကြီးသည် ရတနာပူရ စေတုတ္ထ မြို့တည်နန်းတည် ဘကြီးတော်မင်းတရားကြီးဘုရား၏ မိဖုရားခေါင်ကြီးတွင် မြင်သော သမီးတော်စစ်ဖြစ်၍ ရွှေနန်းတော် နန်းမဆောင်တော်ထက် မနေ့ဘာရ ထီးဖြူအုပ်မိုးလျက် ဖွားမြင်ခြင်း၊ သစ်နက်ရေခံခြင်း၊ ကြာချပ်တစ်ထောင်ရှိသောရွှေသား ပတ္တမြား သုံးရစ်စီ မနေ့လင်ပန်းဖြင့် ချင်းတန် သန့်စင်ခြင်း၊ မင်းခမ်းစုံကျင်းပလျက် မဟာဥကင်သ ဖွင့်တော်မူခြင်း စသည်ဖြင့် ဖမ္ဗူဒိပ်ခွင် မြေပြင်အနှံ့ ထူးမြတ်သော ရာဇဒ္ဓိ ရာဇာနုဘာဝတို့ကို ထွန်းတောက်ပစေလျက် ဖွားမြင်သော မြတ်သော နေနတ်နွယ်မြစ် သာကီယစစ် ဖြစ်၍တစ်ကြောင်း၊ မိန်းမမြတ်တို့၏ လက္ခဏာခြောက်ဆယ့်လေးပါးတို့နှင့် မချွတ်မယွင်းပြည့်စုံလျက် သူမတူ တန်ကဲလွန်ထူးမြတ်သော ဂုဏ်ထူးဝိသေသရှိသည်တစ်ကြောင်း၊ ကပ်ဦးမဟာသမ္မတမင်းမှ ဆင်းသက်ခဲ့သော ဥက္ကာမုခ သကျ သာကီဝင်မင်းတို့ထက် သဝေမပြား မျိုးနွယ်စဉ်ဆက် မပျက်မယွင်းစေရ စောင့်ရှောက်မြဲ ရာဇတန္တိပဝေဏီထုံးတမ်းနှင့် အကြောင်းညီစေလျက် မြတ်သော ပြည်ေ ကျဘက် မင်းမိဖုရားကြီးအဖြစ်ကို ဆောင်နှင်းတော်မူ၍ ရှိသည့်အတိုင်း ဒူရကတိုင်း ထားဝယ်မြို့က ဆက်သသည့် မဟာသုဘဒ္ဒာ ရတနာဆင်ဖြူတော်မကို သနားတော်မူသည်။ (သတ်ပုံများမူရင်းအတိုင်း)

အထက်ပါစာပိုဒ်မှာ မြန်မာနိုင်ငံအလုံး လွတ်လပ်ရေး ဆုံးရှုံးပြီးလို့ ခြောက်နှစ်ပြည့်ခါနီးဆဲဆဲမှာ ရေးသားပြီးစီးတဲ့ ကန္နီမြို့ စစ်ကဲမင်းထင်ရာဇာရဲ့ မန္တလေးရတနာပုံ မဟာရာဇဝင်တော်ကြီးထဲက တိုက်ရိုက် ထုတ်နုတ်တင်ပြထားတဲ့ စာပိုဒ်ဖြစ်ပါတယ်။



အဲဒီစာပိုဒ်ဟာ မင်းတုန်းမင်းတရားကြီးရဲ့ အလယ်နန်းစံ မိဖုရားကြီးနဲ့ ပတ်သက်ပါတယ်။ ပဒေသရာဇ်ခေတ်က ထုံးတမ်းစဉ်လာအရ မင်းတုန်းမင်းကြီးမှာ မိဖုရားအရေအတွက် အတော်များပါတယ်။ ဒါပေမယ့် အလေးအမြတ်အပြုခံရသူ မိဖုရားများကတော့ တောင်နန်းစံမိဖုရားကြီး၊ မြောက်နန်းစံမိဖုရားကြီးနဲ့ အလယ်နန်းစံမိဖုရားကြီးတို့ ဖြစ်ကြပါတယ်။

တောင်နန်းစံမိဖုရားကြီးဟာ မင်းတုန်းမင်းကြီးနဲ့ အဖတူ အမိကွဲတော်စပ်သူဖြစ်ပြီး မင်းတုန်းမင်းကြီးကိုယ်တော်တိုင် အလွန်လေးစားမြတ်နိုးတော်မူခြင်းခံရသူ ဖြစ်ပါတယ်။ ဗေဒင်ကျမ်းဂန်များကို နှံ့စပ်ပြီး ဘုရား၊ တရား၊ ရတနာသုံးပါးကိုလည်း ကိုင်းရှိုင်းပါတယ်။ အဲဒီမိဖုရားခေါင်ကြီးကွယ်လွန်တဲ့အခါမှာ အလယ်နန်းမိဖုရားက တောင်နန်းမိဖုရားအရာကို ချိန်ပါတယ်။ ဒါပေမယ့် မင်းတုန်းမင်းကြီးက ကွယ်လွန်သူမိဖုရားခေါင်ကြီးကို လေးစားသလို အလယ်နန်းမိဖုရားကို မလေးစားနိုင်ပါဘူး။ ဘုရင်နဲ့ တန်းတူရည်တူ နိုင်ငံ့အရေးများကို လိုက်ပါဆောင်ရွက်ခွင့်ရတဲ့ တောင်နန်းမိဖုရားနေရာကို အလယ်နန်းမိဖုရားကို ပေးလို့လည်း မဖြစ်ဘူးလို့ မင်းတုန်းမင်းကြီးက သူ့ဆပုံပေါ်ပါတယ်။

မင်းတုန်းမင်းက အလယ်နန်းမိဖုရားကို မလေးစားနိုင်တာကလည်း အကြောင်းရှိပါတယ်။ အလယ်နန်းမိဖုရားဟာ အလွန်စိတ်ဆတ်ပြီး အလိုလည်း အလွန်ကြီးပါတယ်။ တစ်နေ့တစ်နေ့ သူ့အလိုရှိတာတွေများပြီး ဘုရင်က မဖြည့်ဆည်းနိုင်တဲ့အခါမှာ စိတ်တိုစိတ်ကောက်တာ အကြိမ်ကြိမ်ပဲလို့ ဆိုပါတယ်။ အဲဒီအဆိုကိုမှန်းဆပြီးဆိုတာ မဟုတ်ပါဘူး။ မင်းတုန်းမင်းကြီးကိုယ်တိုင် စပ်ဆိုတယ်လို့သိရတဲ့ တေးထပ်ကိုအကြောင်းပြုပြီး ဆိုကြတဲ့အဆိုဖြစ်ပါတယ်။

မင်းတုန်းမင်းတရားကြီးဟာ စိတ်သဘောထား အလွန်ပြည့်ဝပြီး အေးဆေးတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ ဒါ့အပြင် အမြော်အမြင်ကြီးကြီးနဲ့ မိမိပိုင် မင်းနိုင်ငံကို ဗြိတိသျှတို့ အမြဲမသိမ်းပိုက်နိုင်အောင် အစွမ်းကုန်ကြိုးစားနေတဲ့သူလည်းဖြစ်ပါတယ်။ ကိစ္စပေါင်းများစွာကို သိမ်သိမ်မွေ့မွေ့ သတိရှိရှိ ဆောင်ရွက်လုပ်ကိုင်တတ်သူလည်း ဖြစ်ပါတယ်။ အဲဒီတော့ အလယ်နန်းမိဖုရားလို ဒိဟ်ဆတ်ပြီး အာဏာကိုလိုသလိုသုံးမည့်သူ တစ်ဦးကို ဘုရင်မှတစ်ပါး လုပ်ပိုင်ခွင့်များရှိတဲ့သူ တောင်နန်းစံမိဖုရားအရာမပေး

www.burmeseclassic.com

www.burmeseclassic.com



သင့်ဘူးလို့ မင်းတုန်းမင်းကြီးက ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမယ့် ဆင်ဖြူမရှင်လို့ တွင်လာမည့်သူဟာ ဘကြီးတော်လို့ လူသိများတဲ့ စစ်ကိုင်းမင်းရဲ့ သမီးတော်ရင်းကလည်း ဖြစ်နေပြန်ပါတယ်။ အဲဒီအချက်ကို ထောက်ထားပြီး သူ့ကို စိတ်ကျေနပ်အောင် တစ်ဖက်က ဖြည့်ဆည်းတဲ့ အနေနဲ့ အထက်က ဖော်ပြခဲ့တဲ့ ရာဇဝင်စကားအတိုင်း ဆင်ဖြူတစ်ကောင်ကို ပေးအပ်ချီးမြှင့်ပြီး ဆင်ဖြူမရှင်လို့ တွင်စေခဲ့ပါတယ်။

ဆင်ဖြူမရှင်ဆိုတဲ့ဘွဲ့ဟာ သူ့ခေတ် သူ့အခါမှာတော့ အလွန်ဂုဏ်ရှိတဲ့ဘွဲ့ဖြစ်ပါတယ်။ ဘုရင်မင်းတရားများကိုယ်တိုင် ဆင်ဖြူရှင်ဆိုတဲ့ဘွဲ့ကို အလွန်အလေးအမြတ်ပြုပါတယ်။ ဘုန်းတန်ခိုးအာနုဘော် ကြီးမားသူများမှ ဆင်ဖြူရတနာကို ရနိုင်တယ်။ ဆင်ဖြူရတနာကြောင့်ပင်လျှင် ဘုန်းတန်ခိုး တိုးတက်စေနိုင်တယ်လို့ အလေးအနက် ခံယူကြတဲ့အချိန် ဖြစ်ပါတယ်။ အဲဒါကြောင့် အလယ်နန်းမိဖုရားဟာ တောင်နန်းစံ မဖြစ်ရသည့်တိုင်အောင် ဘုန်းသမ္ဘာထက်တယ်ဆိုတဲ့အယူနဲ့ ဖြေသာသွားမယ်ဖြစ်ပါတယ်။ အဲဒီအဖြစ်ကိုထောက်ရင် မင်းတုန်းမင်းတရားရဲ့ပါးနပ်စွာ ပြဿနာဖြေရှင်းပုံကို နားလည်နိုင်ပါတယ်။

ဆင်ဖြူရှင်ဆိုတဲ့ဘွဲ့ကို ပေးတဲ့အခါမှာ သူ့ရဲ့မိဘမျိုးရိုးနဲ့ သူ့ကို ဘယ်လို မွေးဖွားသန့်စင်ခဲ့ပါတယ်ဆိုတဲ့အကြောင်းကို တခမ်းတနား ဖော်ပြထားတာ တွေ့ကြရပြီးဖြစ်ပါတယ်။ အဲဒီဖော်ပြချက်ကို တစ်စစီ ခွဲခြမ်းစိတ်ဖြာတဲ့အခါမှာ စိတ်ဝင်စားစရာကောင်းတဲ့ အချက်အလက် အတော်များများ ထွက်ပေါ်လာပါတယ်။

ဆင်ဖြူမရှင်ရဲ့ ဖခမည်းတော်ဟာ ဘကြီးတော်လို့ လူသိများတဲ့ စစ်ကိုင်းမင်း ဖြစ်ပါတယ်။ ဘကြီးတော်လို့ တွင်ရတာကလည်း ဒီလိုပါ။ နောက်မင်းများ လက်ထက်မှာ ရာဇဝင်ရေးကြသူများက ရာဇဝင်ရေးချိန်မှာ နန်းစံနေသူ မင်းရဲ့ ဘကြီး တော်စပ်သူကို ဘကြီးတော်ဘုရား၊ ဘိုးတော် တော်စပ်သူကို ဘိုးတော်ဘုရား စသည်ဖြင့် ညွှန်းဆိုရေးသားရာက စတင်ပြီး တွင်လာကြတာ ဖြစ်ပါတယ်။

ဘကြီးတော်ဟာ ဘိုးတော်ဘုရားလို့ တွင်တဲ့ ဗဒုံမင်းရဲ့မြေးတော်သူ ဖြစ်ပါတယ်။ ဘိုးတော်ဘုရားရဲ့ သားတော်ကြီး အိမ်ရှေ့မင်းဟာ အိမ်ရှေ့စံဘဝမှာပဲ ကွယ်လွန်ခဲ့တဲ့အတွက် မြေးတော်သူကို ဆက်လက်ပြီး အိမ်ရှေ့စံအရာ ပေးခဲ့ပါတယ်။ အဲဒီအိမ်ရှေ့စံ မင်းသားဟာ စစ်ကိုင်းမင်းခေါ် ဘကြီးတော်ပဲ ဖြစ်ပါတယ်။



စစ်ကိုင်းမင်းဟာ ငယ်စဉ်ကတည်းက ထီးနန်းလျှေများကို အလေးမထားဘဲ သွားလာနေထိုင်တတ်သူ ဖြစ်ပါတယ်။ နောက်လိုက်နောက်ပါ အနည်းငယ်နဲ့ နေရာအနှံ့ကို သွားလာရှိသူ စစ်ကိုင်းမင်းသားဟာ အမရပူရမြို့တစ် နေရာမှာ ဈေးရောင်းနေတဲ့ မယ်နုဆိုသူကလေးကို တွေ့ပြီး ကောက်ယူခဲ့ပါတယ်။ မယ်နုဟာ ရေဦးမြို့နယ် ဖလန်ရုံရွာ ဇာတိသူ ဖြစ်ပါတယ်။

မယ်နုလို့အများက မလေးမစားအခေါ်ခံရသူ သာမန်အရပ်သူကလေးဟာ အိမ်ရှေ့မင်းရဲ့ ချစ်ခြင်းမေတ္တာဟူသမျှကို သိမ်းကျုံးယူငင်ထားနိုင်ခဲ့သူ ဖြစ်လာပါတယ်။

၁၇၁၉–မှာ ဘိုးတော်မင်းတရားကြီး နတ်ရွာစံပါတယ်။ အဲဒီအချိန်မှာ စစ်ကိုင်းမင်းသားက ထီးနန်းကို ဆက်ခံသိမ်းပိုက်ပါတယ်။ မယ်နုဟာ မိဖုရားခေါင်ကြီးအဖြစ် ဘိသိက်သွန်ခြင်း ခံခဲ့ရပါတယ်။

၁၇၂၄–မှာ အင်းဝကို မြို့အသစ်အဖြစ် ရှဲ့ထွင်ပြင်ဆင်အပြီးမှာ မင်းမိဖုရားများဟာ အင်းဝကို ပြောင်းရွှေ့စံနေတော်မူပါတယ်။ အဲဒါကြောင့် ဘကြီးတော်ခေါ် စစ်ကိုင်းမင်းကို ရတနာပူရ စတုတ္ထမြို့တည်နန်းတည် မင်းတရားကြီးလို့ ညွှန်းဆိုခေါ်ဝေါ်ကြတာ ဖြစ်ပါတယ်။

စစ်ကိုင်းမင်းသား မင်းအဖြစ်ကိုရောက်ပြီး(၂)နှစ် အကြာမှာ မိဖုရားခေါင်ကြီးဖြစ်သူ ရှင်မင်းနု (မယ်နု) က သမီးတော်တစ်ပါး ဖွားမြင်ပါတယ်။ အဲဒီသမီးတော်ဟာ ဆင်ဖြူမရှင် ဖြစ်လာမည့်သူပါပဲ။ သူ့ကို ရွှေနန်းရှင်မယ်လို့ ခေါ်ကြပါတယ်။

ဘကြီးတော် မင်းတရားကလည်း မင်းဖြစ်ပြီး စိတ်ဓာတ်တက်ကြွနေတဲ့အချိန် ဖြစ်ပုံပေါ်ပါတယ်။ သမီးတော်ကို မွေးဖွားတဲ့သူကလည်း သူအလွန့်အလွန်ကို မြတ်နိုးလွန်းလို့ ချီးမြှောက်ထားတဲ့ မိဖုရားခေါင်ကြီး ဖြစ်နေပါတယ်။ တစ်ခါတုန်းက သာမန်အရပ်သူပဲ ဖြစ်ပါစေ မင်းဧကရာဇ်ရဲ့ မိဖုရားခေါင်ကြီး တစ်ပါးအနေနဲ့ မင်းခမ်းမင်းနားကို အပြည့်အဝ အသုံးချခဲ့ပါတယ်။ အဲဒီလို မင်းခမ်းမင်းနား စုံလင်စွာနဲ့ မွေးခဲ့တဲ့အတွက် ဆင်ဖြူမရှင်ဟာ မြန်မာမင်းများ အစဉ်အလာဂုဏ်ယူပြောဆိုခဲ့တဲ့ သာကီ

www.burmeseclassic.com

www.burmeseclassic.com



ဝင်အနွယ်အဆက် မင်းသမီးတစ်ပါးအဖြစ် ဖွင့်ဆိုခြင်းခံရသူ ဖြစ်ပါတယ်။

မွေးကင်းစကတည်းက ဖခမည်းတော်က စစ်ကိုင်းမြို့နဲ့ စဥ့်ကူးမြို့များကို လက်ဖွဲ့ခဲ့တဲ့အပြင် ရွှေငွေကျောက်သံပတ္တမြားများကိုလည်း လက်ဖွဲ့ပါတယ်။ မြပုခက်လည်း တင်ပါတယ်။

ဆင်ဖြူမရှင်လို့ တွင်လာမည့် မင်းသမီးကလေးဟာ အလွန်ဓား ထက်တယ်လို့ ကျော်ကြားသူ မိဖုရားကြီး ရှင်မင်းနရဲ့သမီးဖြစ်တဲ့အတွက် အများရဲ့ကြောက်ရွံ့ ရိုသေခြင်းကို အကြွင်းမဲ့ခံစားပြီး ကြီးပြင်းလာခဲ့ရပါတယ်။ အဲဒီအချိန်ကာလဟာ သူ့အသက် ၁၅ နှစ်အရွယ်အထိပဲ ကြာပါတယ်။

ဘကြီးတော်ဘုရားရဲ့ ညီတော်ရင်း သာယာဝတီမင်းသားနဲ့ ရှင်မင်းနတို့ဟာ နန်းတွင်းမှာ အားပြိုင်နေကြသူများ ဖြစ်ပါတယ်။ ရှင်မင်းနအားကိုး အားထားပြုသူကတော့ သူ့အစ်ကိုတော်သူ စလင်းစား ဦးအိုဖြစ်ပါတယ်။ ဘကြီးတော်ဘုရားဟာနန်းတွင်းရေးများကို အစောပိုင်းကတည်းက လေးလေးနက်နက် စိတ်ပါဝင်စားခြင်း မရှိခဲ့ပါဘူး။ အဲဒါကြောင့်လည်း ရှင်မင်းနနဲ့ ဦးအိုတို့ ပိုပြီးတွင်ကျယ်ခဲ့တာ ဖြစ်ပါတယ်။

သာယာဝတီမင်းသားဟာ ၁၈၃၇–ခုနှစ်မှာ ရွှေဘိုဘက်ကို အလုံးအရင်းနဲ့ထွက်ပြီး ပုန်ကန်ပါတယ်။ သူ့ဘက်က အရေးသာတဲ့အတွက် ဘကြီးတော်ဘုရားက ထီးနန်းကိုစွန့်ရပါတယ်။ ၁၈၄၀–ခုနှစ်မှာ ရှင်မင်းနနဲ့ သူ့ဘက်တော်သားများကို ကွပ်မျက်လိုက်ကြပါတယ်။

အဲဒီအချိန်မှာတော့ မွေးကင်းစကတည်းက အာဏာစက် ထက်ခဲ့သူ မင်းသမီးကလေး ရွှေနန်းရှင်းမယ်နရဲ့ ဘဝဟာ အထိနာခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

မူလကတည်းက စိတ်နေသဘာဝ ပျော့ပျောင်းကြသူများဟာ နာကြည်းကြေကွဲစရာ အကြောင်းကိစ္စများနဲ့ တွေ့ကြုံရတဲ့အခါမှာ စိတ်ထားပိုပြီး သိမ်မွေ့သွားတတ်ကြပါတယ်။ ရွှေနန်းရှင်မယ်လို မင်းသမီးအဖို့ကတော့ စိတ်ထားပိုပြီး ခက်ထန်လာတဲ့အပြင် သိုသိပ်ကောက်ကျစ်စွာ ကြံစည်တတ်လာတယ်ဆိုတာကို သမိုင်းဖြစ်ရပ်များက သက်သေပြနေပါတယ်။

သူဟာ ဘကြီးတော်ရဲ့ သမီးတော်ဖြစ်တဲ့အတွက် မင်းတုန်းမင်း



နန်းတက်လာတဲ့ အခါမှာ အလယ်နန်း မိဖုရားအဖြစ် မြှောက်စားတာကို ခံရပါတယ်။ တောင်နန်းမိဖုရားပြီးရင် မြောက်နန်းမိဖုရား၊ ပြီးမှ အလယ်နန်း မိဖုရားရယ်လို့ အဆင့်ဆင့် အရေးပါပါတယ်။ အဲဒီတော့ ရွှေနန်းရှင်မယ်ဟာ မိဖုရားဖြစ်လာသည့်တိုင်အောင် မကျေနပ်နိုင်ပါဘူး။

မင်းတုန်းမင်းကြီးရဲ့ တောင်နန်းမိဖုရားကြီးဟာ စိတ်နေစိတ်ထား အလွန်ကောင်းရုံ မကပါဘူး၊ လောကကြောင်း ဓမ္မကြောင်းကို များစွာ နှံ့စပ်တတ်ပွန် လိမ္မာသူဖြစ်ပါတယ်။ မင်းတုန်းမင်းကြီး ကိုယ်တော်တိုင်က အစ်မလို့ လေးမြတ်စွာခေါ်ဝေါ် ဆက်ဆံရသူ ဖြစ်ပါတယ်။ မင်းတုန်းမင်းကြီးရဲ့ တောင်နန်းမိဖုရားကြီးဖြစ်တဲ့ အားလျော်စွာ မင်းခမ်းမင်းနားများနဲ့ အလှူအတန်းများမှာ ရာဇပလ္လင်ပေါ်မှာ မင်းကြီးနဲ့ယှဉ်ပြီး အကန်တော့ခံရသူလည်း ဖြစ်ပါတယ်။

အဲဒီလိုနေရာမျိုးကို အလယ်နန်းမိဖုရား ရွှေနန်းရှင်မယ်က အလွန်လိုချင်ပါတယ်။ တောင်နန်းစံ မိဖုရားကြီး မကွယ်လွန်မီမှာပဲ အလယ်နန်းမိဖုရားကမွေးတဲ့ မြတောင်စုဖုယားဆိုတဲ့ မင်းသမီးအပါဝင် မင်းသားမင်းသမီးများရဲ့ နားထွင်း မင်္ဂလာအခမ်းအနားတစ်ခုမှာ ရွှေနန်းရှင်မယ်လုပ်ပုံဟာ သူ့ရဲ့အတွင်းသဘောကို ရှင်းရှင်းကြီး ပြနေပါတယ်။

နားထွင်းမင်္ဂလာ စတော့မည့်အချိန်မှာ မင်းတုန်းမင်းကြီးနဲ့ တောင်နန်းစံမိဖုရားကြီးတို့ဟာ ရာဇပလ္လင်ပေါ်မှာ နေရာယူထားပြီး ဖြစ်ပါတယ်။ ဘုရင်ထွက်တော်မမူခင်ကတည်းက နေရာယူပြီးဖြစ်နေကြတဲ့ ပရိသတ်ကလည်း နန်းမဆောင်မှာ အပြည့်ပါပဲ။ အဲဒီလို အချိန်ကောင်းမှာ ရွှေပြီး အလယ်နန်းမိဖုရား ရွှေနန်းရှင်မယ်ဟာ ပလ္လင်နောက်ဘက် လှေကားက တက်ပြီး မင်းတုန်းမင်းကြီးဘေးမှာ ဝင်ထိုင်လိုက်ပါတယ်။ အဲဒီလိုသူ့ခေတ်သူ့အခါမှာ အလေးအမြတ် လိုက်နာကြရတဲ့ ထီးနန်းဓလေ့ကိုပင်ဖျက်ပြီး သူ့စိတ်ထင်ရာကို သင့်မသင့် မစဉ်းစားဘဲ လုပ်တတ်သူ ဖြစ်ပါတယ်။ တောင်နန်းစံမိဖုရားကြီးဟာ နေရာတော်ကထပြီး သူ့နန်းကိုသူ ပြန်ကြွသွားခဲ့ပါတယ်။ မင်းတုန်းမင်းကြီးက အခမ်းအနား အပြီးမှာ အလယ်နန်းမိဖုရားကို အပြစ်တော်တင်တဲ့အခါ သားသမီးမမွေးတဲ့ တောင်နန်းစံတောင် ပလ္လင်ပေါ်မှာထိုင်ခွင့်ရှိသေးတာ သူ့လို သမီးတစ်ယောက်တောင် နားထွင်း

www.burmeseclassic.com

www.burmeseclassic.com



တဲ့အထဲပါနေသေးတဲ့ မိဖုရားအဖို့ ရာဇပလ္လင်ပေါ်မှာ ထိုင်ခွင့်ရှိပါတယ်လို့ ပြန်ပြီးဖြေလိုက်ပါတယ်။

အဲဒီလောက်ဆိုရင် ဆင်ဖြူမရှင်ဟာ တောင်နန်းစံ မိဖုရားကြီး ကွယ်လွန်တဲ့အခါမှာ သူကိုယ်တိုင် တောင်နန်းစံအဖြစ်ကို ရောက်ချင်တာ ရောက်ဖို့ ပူဆာတာဟာ သူ့သဘောသူ့သဘာဝနဲ့ ကိုက်ညီနေတယ်ဆိုတာ သိနိုင်ပါတယ်။ ထို့အတူပါပဲ မင်းတုန်းမင်းကြီးကလည်း အလယ်နန်း မိဖုရားကို တစ်ခြားနည်းနဲ့ ဘယ်လိုပဲချီးမြှောက်သည်ဖြစ်စေ တောင်နန်းစံ အရာကိုတော့ ဘယ်လိုမှ မပေးတာကလည်း သဘာဝကျတယ်လို့ ဆိုရမယ် ဖြစ်ပါတယ်။

ဆင်ဖြူမရှင်မှာ သားယောက်ျား မထွန်းကားပါဘူး။ သမီးသုံးယောက်သာ ထွန်းကားပါတယ်။ စုဖုရားကြီး၊ စုဖုရားလတ်၊ စုဖုရားကလေးတို့ဖြစ်ကြပါတယ်။ နိုင်ငံတော်မှာ အရေးအကြီးဆုံးနေရာကို သာမန်အရပ်သူဘဝကနေ ရောက်အောင်တက်လာခဲ့တဲ့ ရှင်မင်းနုရဲ့သွေး ပါတဲ့ အပြင် သူကိုယ်တိုင် ဆင်ဖြူမရှင်ရယ်လို့ အာဏာတန်ခိုး တိုးပွားထက်မြက် နေသူ တစ်ဦးအဖို့ သားမမွေးတာနဲ့ ဘုရင့်မယ်တော်ဘဝကို မရောက်ရ တော့ဘူးလား။ ဆင်ဖြူမရှင်အနေနဲ့ မင်းတစ်ပါးက တစ်ပါးပြောင်းတဲ့ အခါမှာ ဖြစ်ပေါ်လေ့ရှိတဲ့ လောကဓံကို ခံစားဖူးပြီးတဲ့အတွက် လက်ဦးမှု ရအောင် ကောက်ကျစ်စွာ ကြံစည်ပါတော့တယ်။

မင်းတုန်းမင်းတရား ထီးနန်းအုပ်ချုပ် မင်းလုပ်နိုင်ဖို့အတွက် နောင်တော် ပုဂံမင်းကို ပုန်ကန်ခဲ့ရပါတယ်။ သာယာဝတီမင်း လက်ထက်တုန်းကလိုပဲ ရွှေဘိုဘက်ကိုထွက်ပြီး ကြံစည်ခဲ့ရတာပါ။ အဲဒီအချိန်မှာ စစ်ရေးကအစ အားကိုးအားထားပြုခဲ့ရသူဟာ ညီတော်အရင်းဖြစ်သူ ကနောင်မင်းသား ဖြစ်ပါတယ်။ အဲဒါကြောင့် ကနောင်မင်းသားကို အိမ်ရှေ့အရာ ပေးခဲ့ပါတယ်။

ကနောင်မင်းသားဟာ မင်းတုန်းမင်းရဲ့ သားတော်နှစ်ပါးဖြစ်တဲ့ မြင်းကွန်းနဲ့ မြင်းခုံတိုင် မင်းသားတို့ ပုန်ကန်ကြတဲ့ အရေးအခင်းမှာ ကျဆုံးခဲ့ပါတယ်။

ကနောင် ကျဆုံးပြီးတဲ့နောက်မှာ မင်းတုန်းမင်းတရားကြီးဟာ



ဘယ်သူ့ကိုမှ အိမ်ရှေ့အရာမပေးခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အိမ်ရှေ့မင်းအဖြစ် တစ်ဦးတစ်ယောက်သောမင်းသားကို သတ်မှတ်လိုက်ရင် အဲဒီမင်းသားမှာလည်း အန္တရာယ်ရှိလာနိုင်ပါတယ်။ ပုန်ကန်မှုများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။

မင်းတုန်းမင်းကြီးက အဲဒီလို အန္တရာယ်ကိုရှောင်ဖို့ မင်းလောင်းအဖြစ် ဘယ်သူ့ကိုမှ မရွေးလေလေ ဆင်ဖြူမရှင်တို့လို အကြံကြီးသူများအနေနဲ့ အကောက်ကြံဖို့ လွယ်လေလေ ဖြစ်လာပါတယ်။

မင်းတုန်းမင်းကြီးမှာ သုံးဆယ်၊ မကရာနဲ့ ညောင်ရမ်းစတဲ့ လက်ရုံးရည် နှလုံးရည် ပြည့်ဝကြသူ သားတော်ကြီးများအပြင် သားတော် သမီးတော် အများအပြား ရှိပါတယ်။ အဲဒီသားတော်ကြီး သုံးဦးအနက်က တစ်ဦးဦး နန်းတက်လာရင် ဆင်ဖြူမရှင်အဖို့ ရှေ့ရေး သိမ်မကောင်းနိုင်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ သူက သာမန် မိဖုရားများလို အေးအေးသက်သာ နေချင်တာမှ မဟုတ်ပါဘဲကလား။ နိုင်ငံတော်ကို ဘုရင်နဲ့အတူ မဟုတ်ရင်တောင်မှ ဘုရင့်နောက်က ကြိုးဆွဲအုပ်ချုပ်ချင်သူ တစ်ဦးဖြစ်နေပါတယ်။

မင်းတုန်းမင်းကြီးဟာ နန်းတွင်းရေး မငြိမ်မသက်မှုများ၊ ပုန်စားပုန်ကန်ပြုမှုများကို နှိမ်နင်းရင်း နိုင်ငံတော်ရဲ့ စီးပွားရေး တိုးတက်မှုများကို ရရှိအောင်ဆောင်ရွက်ရင်း သာသနာတော် တိုးတက်စည်ပင်ပြန့်ပွားရေးအတွက် အားပေးရင်း၊ နိုင်ငံခြားဆက်ဆံရေးမှာ ပြေပြစ်မှုရှိပြီး မိမိမင်းနိုင်ငံရဲ့လွတ်လပ်မှုကို ထိန်းသိမ်းထားနိုင်အောင် အားထုတ်ရင်း သက်တော်ကြီးလာတာနဲ့အမျှ ကျန်းမာရေး ထိခိုက်လာပါတော့တယ်။ မင်းတုန်းမင်းတရားကြီးဟာ ဝမ်းကိုက်ရောဂါ၊ အဖျားရောဂါများနဲ့ အပြင်းအထန်နာမကျန်းဖြစ်ပြီး အိပ်ရာထဲလဲတဲ့အထိ ဖြစ်လာပါတယ်။

အဲဒီအချိန်မှာ ရှင်မင်းနုရဲ့သမီး ရွှေနန်းရှင်မယ်တော်ခေါ် အလယ်နန်းမိဖုရား ဆင်ဖြူမရှင်ဟာ အကြီးအကျယ် ကောက်ကျစ်စဉ်းလဲစွာနဲ့ ကိစ္စတစ်ခုကို အားထုတ်ဆောင်ရွက်ပါတော့တယ်။ အဲဒီကိစ္စကတော့ သူ့သမီးမြတောင်စား စုဖုရားလတ်နဲ့ ချစ်ကြိုက်နေသူ သီပေါမင်းသားထီးနန်းရရေးကိစ္စ ဖြစ်လာပါတယ်။

သီပေါမင်းသားဟာ အဲဒီအချိန်မှာ အသက် ၁၉-နှစ်ပဲ ရှိပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



မထင်ပေါ်လှတဲ့ လောင်းရှည်မိဖုရားရဲ့သားဖြစ်ပါတယ်။ အက်ပီဂျီအင်္ဂလိပ်စာသင်ကျောင်းမှာ စာသင်ခဲ့ဖူးပါတယ်။ မြန်မာစာမှာလည်း ပထမကြီးတန်းအထိ အောင်မြင်ခဲ့သူဖြစ်ပါတယ်။ သူ့ထက် အသက်ရော၊ ဝါရော၊ အစွမ်းအစရော များစွာသာတဲ့ နောင်တော်ကြီးများကို ကျော်ပြီး မင်းအဖြစ်ကိုရဖို့ သူမကြိုးစားခဲ့ဖူးပါဘူး။

ဒါပေမယ့် ဆင်ဖြူမရှင်ရဲ့သမီးတော်ကို ချစ်ကြိုက်နေခဲ့တာဟာဖြင့် ထီးနန်းလုရေးအတွက် လုံလောက်တဲ့ အရည်အချင်းဖြစ်နေပါတယ်။ အဲဒီအကြောင်းကို သူကိုယ်တိုင်သိခဲ့ခြင်း မရှိပါဘူး။

ဆင်ဖြူမရှင်ဟာ မင်းတုန်းမင်းကြီး မကျန်းမမာဖြစ်လာတဲ့အခါမှာ မှူးကြီးမတ်ရာထဲက အားအကိုးလောက်ဆုံးသူဖြစ်တဲ့ ကင်းဝန်မင်းကြီး ဦးကောင်းကို ချဉ်းကပ်ပါတယ်။ ဦးကောင်းဟာ လက်နက်ကိုင် ငါးသောင်းကို အုပ်ချုပ်ရတဲ့ သေနတ်ဝန်ကြီး ဖြစ်နေပါပြီ။ မှူးမတ်များအပေါ်မှာလည်း ဩဇာသက်ရောက်သူ ဖြစ်ပါတယ်။

ဦးကောင်းဟာ မင်းတုန်းမင်းကြီးရဲ့ သံကြီးတမန်ကြီးအဖြစ်နဲ့ နိုင်ငံရပ်ခြား ဒေသများကိုလည်း ရောက်ခဲ့ပြီဖြစ်လို့ မလေ့ထုံးစံအသစ်များ အုပ်ချုပ်ရေးနည်းစံနစ် အသစ်များကိုလည်း လေ့လာထားသူ၊ နှစ်ခြိုက်သဘောကျသူဖြစ်တယ်လို့ သိရပါတယ်။

ဆင်ဖြူမရှင်ဟာ ဦးကောင်းနဲ့ ဆွေးနွေးတဲ့အခါမှာ သီပေါမင်းသားရဲ့ အေးဆေးငြိမ်သက်တဲ့ သဘာဝနဲ့ သူ့ကိုထိန်းကျောင်းပြုပြင်လို့ လွယ်ကူနိုင်တဲ့အချက်ကို အဓိကထားပြီး ဆွေးနွေးခဲ့ပါတယ်။ ဘုရင့်အပေါ်မှာ ဩဇာညောင်းချင်သူ ဦးကောင်းနဲ့ ဘုရင့်မယ်တော် မဖြစ်နိုင်ရင် ဘုရင့်ယောက္ခမအဖြစ်ရောက်ချင်သေးတဲ့ ဆင်ဖြူမရှင်တို့ သဘောခြင်းတိုက်ဆိုင်သွားကြပါတယ်။ အဲဒီတော့ ဦးကောင်းရဲ့တာဝန်ပဲ ကျန်ပါတော့တယ်။

ဦးကောင်းဟာနန်းတော်ရဲ့တောင်ပန်းခုံ အုတ်တိုက်မှာ မှူးကြီးမတ်ရာအချို့ကို ခေါ်ယူပြီး သူလိုရာရအောင် ညှိနှိုင်းပါတယ်။ အဲဒီလိုနဲ့ မင်းညီမင်းသားများ စာရင်းမှာပါတဲ့ သီပေါမင်းသားဆိုတဲ့ အမည်ဘေးမှာ ချယားပွင့်ထိုးပြီး မင်းလောင်းအဖြစ် ရွေးချယ်လိုက်ကြပါတယ်။

ဒါပေမယ့် သီပေါမင်းသားကို အိမ်ရှေ့အရာ ပေးလိုက်ကြောင်း ချက်ချင်း မကြေညာရဲကြသေးပါဘူး။ ဆင်ဖြူမရှင်နဲ့ ဦးကောင်းတို့ဟာ



ကောက်ကျစ်စွာ စီမံထားတဲ့အတိုင်း မင်းတုန်းမင်းရဲ့အမည်ကိုသုံးပြီး မင်းမိန့်နဲ့ မင်းညီမင်းသားများကို နန်းတော်ကို ဆင့်ခေါ်ပါတယ်။ ညောင်ရမ်းစားနဲ့ ညောင်အုပ်စားညီနောင်ကတော့ သူတို့မယ်တော်ထံက သတင်းရပြီးလို့ နန်းတော်ကိုမလိုက်ဘဲ အင်္ဂလိပ်သံတဲကို ခိုဝင်ပါတယ်။ နန်းတော်ကိုလိုက် သွားသူများကတော့ မြို့တိုက်ကိုရောက်တာနဲ့ အဖမ်းခံကြရပါတယ်။

မင်းသားများအဖမ်းခံရပြီး တစ်ပတ်အကြာမှာ သီပေါမင်းသားကို အိမ်ရှေ့အရာ အပ်နှင်းတဲ့အကြောင်း မင်းတုန်းမင်းရဲ့ အမိန့်နဲ့ထုတ်ပြန်ပါတယ်။ မကျန်းမမာ ဖြစ်နေရှာတဲ့ မင်းတုန်းမင်းကြီးကပဲ ဆင်ဖြူမရှင်နားအချောင်းလို့ သဘောတူလေသလား၊ မင်းကြီးမသိဘဲ အဲဒီအမိန့်ကို ထုတ်ပြန်လေသလားဆိုတာ ခုထက်ထိ အငြင်းပွားနေကြဆဲပါပဲ။

အဲဒီအချိန်မှာ မင်းကြီးရဲ့ရောဂါ အနည်းငယ် သက်သာလာပြီးဖြစ်တဲ့အတိုင်း အဖမ်းခံရသူ မင်းသားများရဲ့မယ်တော်များက အတွင်းတော်ထဲကိုဝင်ပြီး မျက်ရည်စက်လက်နဲ့ အဖြစ်သနစ်များကို လျှောက်တင်ကြပါတယ်။

မင်းတုန်းမင်းကြီးက ချက်ချင်း မင်းညီမင်းသားများကို လွှတ်စေလို့ အမိန့်ပေးပါတယ်။ ပြီးတော့လည်း အဲဒီမင်းသား မင်းသမီးများကို အဝေးမြို့မှာ ဘုရင်ခံများအဖြစ် သွားရောက်ပြီးနေစေ၊ ခရီးလမ်းပန်းအတွက် အဆင်ပြေအောင် အစစစီစဉ်ပေးစေတဲ့ အမိန့်များ ထပ်ဆင့်ထုတ်ပြန်ပါတယ်။

သူမရှိရင် ဆင်ဖြူမရှင်တို့ရဲ့ရန်က မအေးသေးဘူး။ သူ့ရဲ့သားတော်၊ သမီးတော်များ အဝေးမှာနေမှ သက်သာမယ်လို့တွေးပြီး သေလုမျောပါး မကျန်းမမာဖြစ်နေရှာတဲ့အထဲက စီစဉ်တာ ဖြစ်ပါတယ်။

ဒါပေမယ့် လက်ဦးမှုရယူပြီးဖြစ်နေတဲ့ ဆင်ဖြူမရှင်တို့က မင်းသားမင်းသမီးများ အဝေးမြို့သို့သွားဖို့ စုဝေးနေစဉ်မှာပဲ ပြန်လည်ဖမ်းဆီးလိုက်ပါတယ်။

သီပေါမင်းဟာဆင်ဖြူမရှင်ရဲ့ အကြံကြီးမှုကြောင့် မမျှော်လင့်ဘဲ မင်းဖြစ်လာရသူ ဖြစ်ပါတယ်။ အစောကြီးကတည်းက ယောက္ခမကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မင်းဖြစ်ခဲ့သူဆိုလေတော့ နိုင်ငံတော်ကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် အုပ်ချုပ်နိုင်ခြင်း မရှိခဲ့ပါဘူး။

ဒါပေမယ့် မင်းလိုလိုက် မင်းကြိုက်ပြောသူများရဲ့ အသိုက်အဝန်းမှာ ကျင်လည်ပြီး မင်းစည်းစိမ်ကိုတော့ ကောင်းစွာခံစားခဲ့ပါတယ်။

ဆင်ဖြူမရှင်ဟာ မိဖုရားအဖြစ် သမီးသုံးယောက်စလုံးကို သီပေါမင်းနဲ့ ဆောင်နှင်းပါတယ်။ ကြီးစဉ်ငယ်လိုက် ဆိုသလို သမီးတော်အကြီးဆုံး စုဖုရားကြီးက မိဖုရားခေါင်ကြီးအဖြစ် သီပေါနဲ့အတူ ဘိသိက်သွန်းတာခံရမယ် ဖြစ်ပါတယ်။ အဲဒီလို ဘိသိက်သွန်းခါနီးဆဲဆဲမှာ ဆင်ဖြူမရှင်ဝင်လည်တဲ့အဖြစ်နဲ့ တိုးပါတော့တယ်။ အဲဒါကတော့ သမီးလတ်ဖြစ်သူ သီပေါရဲ့ယော်ချစ် စုဖုရားလတ်က ဘိသိက်ခံရမယ့် ဝတ်စုံအပြည့်နဲ့ ရုတ်တရက်ဝင်ပြီး နေရာယူလိုက်တာပဲ ဖြစ်ပါတယ်။

အဲဒီလိုစကတည်းက ဆင်ဖြူမရှင်ထင်သလို လုပ်လို့မရခဲ့တာဟာ တစ်နိုင်ငံလုံး ကျွန်ဘဝကိုရောက်ပြီး သီပေါမင်းနဲ့ မိဖုရားများ၊ မင်းသမီးများ၊ အခြံအရံများကို ရတနာဂီရိ အပို့ခံရတဲ့အထိ ရောက်သွားတဲ့အထိ ဖြစ်ပါတယ်။

ဆင်ဖြူမရှင်ဟာ အစောပိုင်းက ထားဝယ်ကို ပို့ထားခြင်း ခံခဲ့ရပါတယ်။ ၁၈၈၈ ခုနှစ်မှာ ထားဝယ်မှာ ပုန်ကန်မှုတစ်ခု ဖြစ်ပွားပါတယ်။ အဲဒါကြောင့် သူ့ကိုပါ အိန္ဒိယကို ပို့လိုက်ကြပါတယ်။ သူဟာ သီပေါနဲ့အတူ မနေချင်ဘူးလို့ ငြင်းဆိုခဲ့ပါသေးတယ်။ ဒါပေမယ့် သူ့ကို ရတနာဂီရိကိုပဲ ပို့လိုက်ပါတယ်။ မင်းအဖြစ်ကို သူတင်ပေးစဉ်က သူ့ဩဇာကိုက်လိမ့်မယ်လို့ ထင်ခဲ့တဲ့ သမက်တော်သီပေါနဲ့ မသင့်မတင့်ဖြစ်တာနဲ့ ရတနာဂီရိမှာ အိမ်ခွဲထားရတဲ့အဖြစ်ကို ရောက်ခဲ့ပါသေးတယ်။

နောက်ဆုံးမှာတော့ ဘယ်သူနဲ့မှ မသင့်တဲ့ ဆင်ဖြူမရှင်ကို ရန်ကုန်ပြန်ခွင့် ပေးလိုက်ကြပါတယ်။ သမီးတော်အကြီးနဲ့ ရန်ကုန်မှာအတူနေရင်း ၁၉၀၀ ပြည့်နှစ် မတ်လမှာ ဆင်ဖြူမရှင် ကွယ်လွန်သွားပါတယ်။

ဆင်ဖြူမရှင်ဟာ သင့်တော်သည်ဖြစ်စေ၊ မသင့်တော်သည်ဖြစ်စေ သူလုပ်ချင်ရာကို ရအောင်လုပ်တတ်သူ ဖြစ်ပါတယ်။ အရည်အချင်းတင်းပြည့်ကျပ်ပြည့် မရှိသူတစ်ယောက်ကိုနန်းတင်မှ သူ့ရဲ့တန်ခိုးဩဇာကြီးမားမယ်လို့ ယူဆတဲ့အတွက် လူတော်လူကောင်း များစွာကို ဖယ်ရှား



ပြီး သီပေါကို နန်းတင်ခဲ့သည်အထိလည်း ရက်စက်သူ၊ ကိုယ်ကျင့်သိက္ခာနည်းပါးသူ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ကျွန်သပေါက်ဘဝရောက်ရတာ သူတစ်ယောက်တည်းရဲ့ တာဝန်လို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် မိမိကိုယ်ကျိုးစီးပွားသက်သက်ကိုသာ ကြည့်တတ်ပြီး ကောက်ကျစ်စွာ ကြံစည်တတ်သူ ဆင်ဖြူမရှင်အတွက် မြန်မာ့သမိုင်းမှာ လွန်စွာအထိနာခဲ့ပါတယ် ဆိုတာကိုတော့ ငြင်းချက်ထုတ်ဖို့ မလွယ်ဘူးလို့ ကျွန်မယူဆပါတယ်။

ကလျာ၊ မတ်လ-၉၂

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ထိပ်ခေါင်တင်

# လှိုင်ထိပ်ခေါင်တင်

## (၁၈၃၃–၁၈၇၅)

သမိုင်းဖြစ်ရပ်များကို လေ့လာတဲ့အခါမှာ စနစ်တကျရှိအောင်၊ ရှင်းလင်းအောင် ကဏ္ဍကြီးလေးခု ခွဲပြီး လေ့လာကြတာ အများအသိပင် ဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည်ဖြင့် ခွဲခြားလေ့ရှိကြပါတယ်။

သမိုင်းစဉ်ကို ဦးဆောင်ပြီး တည်ဆောက်ခဲ့ကြသူများ၊ သမိုင်းမှာ ထူးချွန်ထင်ရှားကြသူများ အကြောင်းကို လေ့လာတဲ့အခါမှာ အချို့သော သူများဟာ နိုင်ငံရေးမှာ ထူးချွန်ကြပါတယ်။ ဦးဆောင်ခွင့်ရကြပါတယ်။ အချို့ကတော့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည်ဖြင့် သူ့ကဏ္ဍနဲ့သူ ထူးချွန်ကြပါတယ်။ ဦးဆောင်ခွင့်ရကြပါတယ်။ အလွန့်အလွန်ကို ထူးချွန်ကြသူများကတော့ ကဏ္ဍတစ်ခုမက သူတို့အစွမ်းအစကို ပြနိုင်ခဲ့ကြပါတယ်။

လူ့သမိုင်းဆိုတာက လူတို့ရဲ့ လုပ်ဆောင်ချက် အစီအစဉ်ကြီးကို အချိန်ကာလအပိုင်းအခြားနဲ့ စနစ်တကျလေ့လာတဲ့ပညာရပ် ဖြစ်ပါတယ်။ လူတို့ဟာ အစုအဝေး အသင်းအဖွဲ့နဲ့သာ နေတတ်တဲ့သူများဖြစ်ကြပါတယ်။ ကမ္ဘာ့သမိုင်းဦးကစပြီး တစ်စနဲ့တစ်စ တိုးတက်အောင် ကြံဆောင်လာကြပုံကို လေ့လာတဲ့အခါမှာ ကဏ္ဍတစ်ခုနဲ့တစ်ခုဟာ တစ်နွယ်ဝင်တစ်စင်ပါဆိုသလို ဆက်စပ်ဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။

နိုင်ငံရေး တည်ငြိမ်မှုရှိတဲ့အခါမှာ ကျန်ကဏ္ဍအသီးသီးဟာ တိုးတက်တဲ့အသွင်ကို ဆောင်ပါတယ်။ ထို့အတူပါပဲ အခြားသောကဏ္ဍများ

www.burmeseclassic.com

www.burmeseclassic.com



မှာ တိုးတက်တဲ့အဆင့်ကို ရောက်နေကြသူများ အနေနဲ့လည်း နိုင်ငံရေး တည်ငြိမ်မှု၊ တိုးတက်မှုကိုရအောင် ကြိုးစည်လုပ်ဆောင်နိုင်ကြပါတယ်။

စာဆိုတော်လှိုင်ထိပ်ခေါင်တင်အကြောင်းကိုပြောချင်တာဘာကြောင့် ဒီလောက် နိဒါန်းပျိုးနေရသလဲလို့များ တွေးမိနေကြမလား မသိပါဘူး။ ကျွန်မမှာတော့ အဲဒီအချက်တွေအကြောင်းပြောရတာ နိုင်လုံတဲ့အကြောင်း ရှိပါတယ်။

ကျွန်မတို့ငယ်ငယ်ကတည်းက မြန်မာစာ ပြဋ္ဌာန်းစာအုပ်များက တစ်ဆင့် အခြားအခြားသော စာနယ်ဇင်းများကို ဖတ်ရှုရာကတဆင့် လှိုင်ထိပ်ခေါင်တင်နဲ့ ရင်းနှီးခဲ့ကြပါတယ်။ လှိုင်ထိပ်ခေါင်တင်ဆိုတဲ့အမည် ကလေးကလည်း ခပ်လှလှ၊ သူ့ဘဝဇာတ်ကြောင်းနဲ့ သူရေးဖွဲ့တဲ့စာများက လည်း သနားစရာ၊ ကြေကွဲစရာဆိုတဲ့အကြောင်းကိုသာ ကျွန်မတို့ မှတ်မိခဲ့ ကြပါတယ်။

သူမွေးဖွားခဲ့တဲ့ခေတ်က နိုင်ငံရေးအခြေအနေ လူမှုရေးအခြေအနေ စသည်တို့ကိုတော့ ဆက်စပ်စဉ်းစားနိုင်ခြင်း မရှိခဲ့ကြပါဘူး။ အဲသလို စဉ်းစားနိုင်အောင်လည်း မသင်ကြားခဲ့ကြပါဘူး။

အခုအချိန်မှာတော့ စဉ်းစဉ်းစားစား ဖတ်ရှုနိုင်ပြီဖြစ်တဲ့အတွက် စဉ်းစားမိသလို တင်ပြလိုပါတယ်။

လှိုင်ထိပ်ခေါင်တင်ဟာ ရွှေဘိုမင်းခေါ် သာယာဝတီမင်းနဲ့ စာဆိုတော် အနောက်နန်းမိဖုရား မမြကလေးတို့ရဲ့ သမီးတော်ဖြစ်ပါတယ်။ သူ့ရဲ့ ဖခမည်းတော်နဲ့ မယ်တော်တို့ ဖူးစာဆုံရတဲ့အဖြစ်ကတော့ မြန်မာတစ်မျိုးသား လုံးနဲ့ ပတ်သက်တဲ့ ပထမ အင်္ဂလိပ်ကျူးကျော်စစ်နဲ့ ဆက်စပ်နေပါတယ်။ အင်္ဂလိပ်တို့နဲ့ စစ်ပြိုင်ပြီးတဲ့နောက် နေပြည်တော်ကို ပြန်လာတဲ့အခါမှာ သာယာဝတီမင်းသားဟာ 'မမြကလေး'လို့ နောင်မှာချစ်စနိုးခေါ်ကြမည့် 'မမြကြတ်'ဆိုသူကလေးကို သိမ်းပိုက်ပြီး ပြန်လာခဲ့ပါတယ်။

သာယာဝတီမင်းသားဟာ မိဖုရားအဖြစ် ချီးမြှင့်မည့်မိန်းမလှကလေး ကို ရခဲ့ပေမယ့် မြန်မာနိုင်ငံရဲ့ရခိုင်ကမ်းမြောင်ဒေသနဲ့ တနင်္သာရီကမ်း မြောင်ဒေသတို့ကိုတော့ မြန်မာတို့ကအင်္ဂလိပ်ကို ပေးအပ်လိုက်ရပြီးဖြစ်ပါ တယ်။

သာယာဝတီမင်းသားဟာနေပြည်တော် ပြန်ရောက်ပြီးတဲ့နောက်မှ-



လည်း နန်းတွင်းရေးက စစ်မဖြစ်ခင်ကလိုပဲ ရှုပ်ထွေးနေဆဲ ဖြစ်ပါတယ်။ နန်းတွင်းမှာ ကောင်းစွာမကျွမ်းမာတဲ့အပြင် နိုင်ငံရေးကို ထိန်းသိမ်းရာမှာ စိတ်မပါလှတဲ့ စစ်ကိုင်းမင်းရဲ့အားနည်းချက်ကို အခွင့်ကောင်းယူနေကြ တဲ့ ရှင်မင်းနဲ့ မောင်ဖြစ်သူ စလင်းမင်းသားကြီး ဦးအိုတို့ရှိပါတယ်။ အဲဒီအုပ်စုကို လက်မခံလိုကြသူများကတော့ သာယာဝတီမင်းသားနဲ့လာပြီး ပူပေါင်းကြပါတယ်။ ၁၈၃၇-ခုနှစ်မှာတော့ သာယာဝတီမင်းသားဟာ ရွှေဘိုဘက်ကို အလုံးအရင်းနဲ့ အတိအလင်းထွက်ပြီး ထီနန်းရရှိရေးကို ကြိုးပမ်းပါတော့တယ်။

သာယာဝတီမင်းသားဘက်က အနိုင်ရတဲ့အတွက် နောင်တော်ကို ထီးနန်းကချပြီး ရှင်မင်းနဲ့ ဦးအိုတို့ကိုသာမက သူတို့အပေါင်းပါများကိုပါ ကွပ်မျက်ခဲ့ပါတယ်။

သာယာဝတီမင်းသား ဘိသိက်ခံတဲ့အခါမှာတော့ မမြကြတ်ကို အနောက်နန်းကိုပေးပါတယ်။ အိမ်ရှေ့မိဖုရားဘဝကတည်းက သာယာဝတီ မြို့အပါအဝင် ရွှေလောင်းတိုက်ကို စားစေတဲ့အတွက် ရွှေလောင်းတိုက် သခင်မမြကလေးလို့ တွင်ပြီးသားဖြစ်နေတဲ့ အနောက်နန်းမိဖုရားမမြကလေး ကို ဟင်္သာတမြို့စားအဖြစ် ထပ်မံချီးမြှင့်ပါတယ်။ တစ်ချိန်တည်းမှာပဲ အသက်(၄)နှစ် အရွယ်ရောက်နေပြီးဖြစ်တဲ့ မမြကလေးကမွေးဖွားသူ 'မဖွားကြီး'ဆိုသူကလေးကို လှိုင်မြို့ကို စားစေပါတယ်။ အဲဒီအချိန်ကစပြီး မဖွားကြီးဟာ 'လှိုင်ထိပ်ခေါင်တင်'လို့ အမည်တွင်လာပါတော့တယ်။

နန်းတွင်းရေးမှာ အသာစီးရကြသူများအနေနဲ့ အလွန်ပဲပျော်စရာ ကောင်းခဲ့မယ်ဖြစ်ပါတယ်။ အထူးသဖြင့်ကလည်း ဘုရင်မင်းမြတ်က အထူး ချစ်ခင်ပြီး အရေးပေးခံခဲ့ရသူများဖြစ်လို့ မမြကလေးရော သူ့သမီး[illegible] ကလေးလှိုင်ထိပ်ခေါင်တင်ရော ပျော်ရွှင်ခဲ့ကြမယ်လို့ မှန်းဆရပါတယ်။

သာယာဝတီမင်းဟာ နိုင်ငံကိုချစ်သူ၊ စိတ်ဓာတ်ပြင်းထန်သူ ဖြစ်တာ တော့မှန်ပါရဲ့။ ဒါပေမယ့် အသိအမြင် ပွင့်လင်းသူတော့ မဟုတ်ခဲ့ပါဘူး။ အဲဒါကြောင့် ပြည်တွင်းရေးမှာရော နိုင်ငံခြားဆက်ဆံရေးမှာပါ သူလုပ် ဆောင်တဲ့အချက်များဟာ ဟန်ချက်မညီ ဖြစ်နေတာကို တွေ့ရပါတယ်။

သူကွယ်လွန်ကာနီးတစ်နှစ်အလို လှိုင်ထိပ်ခေါင်တင်ရဲ့အသက် (၁၂)နှစ် အရွယ်ရောက်တဲ့အခါမှာ တစ်ချိန်က သူအင်မတန် ချစ်မြတ်နိုးခဲ့

www.burmeseclassic.com

www.burmeseclassic.com



တဲ့ မိဖုရားမမြကလေးကို ပုန်ကန်ရန်ကြံစည်တဲ့ ပြည်မင်းသားနဲ့ ပူးပေါင်းတယ်ဆိုတဲ့ စွဲချက်နဲ့ အဆုံးစီရင်ခဲ့ပါတယ်။

လှိုင်ထိပ်ခေါင်တင်ကလေးဟာ(၁၂)နှစ်အရွယ်မှာ အဖြစ်ဆိုးကြီးနဲ့ ကြုံခဲ့ရပြီး လောကအလယ်မှာ မျက်စိသူငယ်နဲ့ ကျန်ရစ်ခဲ့ပါတော့တယ်။ သူ့ကို ကောက်ယူမွေးစား ထိန်းသိမ်းထားတဲ့သူကတော့ တစ်နေ့မှာ မင်းတုန်းမင်းကြီးရဲ့ မိဖုရားခေါင်ကြီးဖြစ်လာမည့် စုဖုရားကြီးပဲဖြစ်ပါတယ်။ စုဖုရားကြီးဟာ သာယာဝတီမင်းရဲ့ မိဖုရားခေါင်ကြီးကမွေးတဲ့ ပုဂံမင်းရဲ့ နှမတော်အရင်း ဖြစ်ပါတယ်။

သာယာဝတီမင်းဟာ မမြကလေးကိုကွပ်မျက်ပြီး တစ်နှစ်အကြာမှာ ကွယ်လွန်ခဲ့ပါတယ်။ သူ့အရိုက်အရာကို သားတော်ကြီး ပုဂံမင်းက ဆက်ခံပါတယ်။

ပုဂံမင်းရဲ့နန်းစံသက်ဟာ (၆)နှစ်ပဲကြာပါတယ်။ သူဟာအရည်အချင်း ညံ့ဖျင်းတဲ့မင်းတစ်ပါး ဖြစ်ပါတယ်။ သူနန်းမကျမီမှာပဲ အင်္ဂလိပ်တို့က ဒုတိယအကြိမ် ကျူးကျော် တိုက်ခိုက်တာကို ခံခဲ့ကြရပါတယ်။

အင်္ဂလိပ်ဒုတိယကျူးကျော်စစ် ဖြစ်နေဆဲမှာပဲ နန်းတွင်းရေးက ရှုပ်ထွေးလာပြန်ပါတယ်။ ဒီတစ်ခါ ရွှေဘိုဘက်ကို ထွက်သွားကြသူများကတော့ မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားတို့ ဖြစ်ပါတယ်။

၁၈၅၃–ခုနှစ်မှာ ပုဂံမင်းနန်းကျပြီး မင်းတုန်းမင်း နန်းတက်လာပါတယ်။ အင်္ဂလိပ်ဒုတိယကျူးကျော်စစ်ကတော့ ပြီးခဲ့ပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အောက်ပိုင်း ပဲခူးတိုင်းနဲ့ ဧရာဝတီတိုင်းနှစ်တိုင်းစလုံးကို အင်္ဂလိပ်တို့က အပိုင်သိမ်းပိုက်ယူလိုက်ပြီ ဖြစ်ပါတယ်။ မင်းတုန်းမင်းဟာ သူ့အထွတ်အထိပ်ကို ရောက်လာတဲ့အခါမှာ ညီတော်အရင်းဖြစ်သူ ကနောင်မင်းသားကို အိမ်ရှေ့အရာပေးပါတယ်။ ကနောင်မင်းသားမပါရင်လည်း ရွှေဘိုဘက်ကိုထွက်ပြီး ထီးနန်းကိုလုပ်ကြံတဲ့အရေးမှာ အခုလို လျင်လျင်မြန်မြန် အောင်မြင်ဖို့မလွယ်ပါဘူး။ ကနောင်မင်းသားကြီးဟာ အလွန်ထက်မြက်သူ ဖြစ်ပါတယ်။ စစ်ရေးစစ်ရာမှာသာမက နိုင်ငံကို အဘက်ဘက်က တိုးတက်အောင် ကြံဆောင်ရမယ်ဆိုတဲ့ အသိလည်း ရှိပါတယ်။ အဲဒီလို အသိအမြင်ပွင့်လင်းရုံသာမက လက်တွေ့အားဖြင့်လည်း ဆောင်ရွက်သင့်သည်များကို တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ပါတယ်။



ကနောင်မင်းရဲ့ လုပ်ဆောင်ကြိုးပမ်းချက်များကြောင့် နေပြည်တော်ဝန်းကျင်မှာ စက်ရုံများတည်ထောင်နိုင်ခဲ့ပါတယ်။ ထက်မြက်တက်ကြွသူလူငယ်လူရွယ်များကို ပညာတော်သင်များအဖြစ် ပြင်သစ်နိုင်ငံကို စေလွှတ်နိုင်ခဲ့ပါတယ်။ အချုပ်အားဖြင့်ဆိုရရင် နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေးများမှာ မင်းတုန်းမင်း၏ ဆောင်ရွက်ချက်များလို့ အများကသိကြပေမယ့် ကနောင်မင်းသားမပါဘဲနဲ့ မအောင်မြင်နိုင်တဲ့ ဆောင်ရွက်ချက်များသာ ဖြစ်ပါတယ်။ အဲဒီလို အရှိန်အဝါကြီးတဲ့ ကနောင်မင်းသားနဲ့ လှိုင်ထိပ်ခေါင်တင်ကို မင်းတုန်းမင်းနဲ့မိဖုရားကြီးဖြစ်သူတို့က ထိမ်းမြားလက်ထပ်ပေးခဲ့ပါတယ်။ လှိုင်ထိပ်ခေါင်တင်ဟာ အသက် ၂၀–အရွယ်မှာ အိမ်ရှေ့မိဖုရားအဖြစ်ကို ရောက်ခဲ့ပါတယ်။

လှိုင်ထိပ်ခေါင်တင်ဟာ အလွန်ချောမောလှပတဲ့မိဖုရားမမြကလေးရဲ့ သမီးတော်ဖြစ်ပါတယ်။ အဲဒါကြောင့် လှပသူအဖြစ် ထင်ရှားပါတယ်။ အိမ်ရှေ့မိဖုရား ဖြစ်လာတဲ့အချိန်မှာ အလှပန်းပွင့်ဆဲ အချိန်ကာလ ဖြစ်ပါတယ်။ မမြကလေးရဲ့ စာဆိုတော်ဗီဇကိုလည်း လှိုင်ထိပ်ခေါင်တင်က အမွေဆက်ခံနိုင်ခဲ့ပါတယ်။

စာဆိုတော်ဖြစ်လာဖို့အရေးမှာ မယ်တော့်ထံမှ ဗီဇရရုံသာမက လောကအကြောင်း၊ ဓမ္မအကြောင်းမှာ ကျွမ်းကျင်ပြီး အလွန်ပင် ယဉ်ကျေးတယ်လို့ ကျော်စောသတင်းရှိတဲ့ မင်းတုန်းမင်းရဲ့ မိဖုရားခေါင်ကြီးဖြစ်လာမယ့် စုဖုရားကြီးရဲ့ မွေးစားထိန်းသိမ်းမှုကို ခံယူခဲ့ရတာလည်း ပါနိုင်ပါတယ်။

မင်းတုန်းမင်းနဲ့ မိဖုရားခေါင်ကြီးတို့ကလည်း လှိုင်ထိပ်ခေါင်တင်ကို ကနောင်မင်းသားနဲ့ လက်ဆက်စေတာဟာ ချစ်မြတ်နိုးလွန်းလို့ ချီးမြှောက်တာလို့ ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်နေ့မှာ လှိုင်ထိပ်ခေါင်တင်ဟာ မိဖုရားကြီး ဖြစ်လာနိုင်လို့ပါပဲ။

အများသိကြတဲ့အတိုင်း လှိုင်နဲ့ကနောင်ဟာ သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးဘဝကို မရခဲ့ကြပါဘူး။ ကနောင်မင်းသားကြီးဟာ အိမ်ရှေ့မင်းသားကြီးဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့အရေးများနဲ့ စိတ်ရောလူပါမအားမလပ်ဖြစ်နေရမယ့် အချိန်ကလည်း များပါတယ်။ ဒါ့အပြင် အဲဒီခေတ်က မင်းညီမင်းသားများရဲ့ ထုံးစံအတိုင်း လှိုင်ထိပ်ခေါင်တင်နဲ့ ထိမ်းမြားခြင်း မပြုခင်ကတည်းက ကိုယ်လုပ်တော်များထားရှိခဲ့ပြီး သားသမီးများလည်း

www.burmeseclassic.com

www.burmeseclassic.com



ပွားစီးပြီးဖြစ်နေပါတယ်။ အဲဒီတော့ လှိုင်ထိပ်ခေါင်တင်လို ငယ်ငယ်ရွယ်ရွယ် နုနုနယ်နယ်နဲ့ အချစ်ခင်အမြတ်နိုးအယုယကို လုံးဝသိမ်းပိုက်ခံစားချင်သူ မိန်းမသားအဖို့ရာမှာတော့ အိမ်ရှေ့မိဖုရားဘဝဟာ ပျော်စရာကောင်းလှမယ် မဟုတ်ပါဘူး။

လှိုင်ထိပ်ခေါင်တင်ရဲ့ ဘဝပေးအသိအရလည်း ယောကျ်ားသားများရဲ့ကိစ္စများကို ဝင်ရောက်စွက်ဖက်ဝံ့မယ်မဟုတ်ပါဘူး။ ဒါ့အပြင် အသက်အရ အတွေ့အကြုံအရ အသိကြွယ် မာယာကြွယ်တဲ့ ကနောင်မင်းသားရဲ့ အခြားသောကိုယ်လုပ်တော်များနဲ့လည်း ယှဉ်ဝံ့မယ် မဟုတ်ဘူး။ အဲဒီတော့ သူတတ်နိုင်တဲ့နည်းနဲ့သူ ဖြေသိမ့်တော့တာပါပဲ။

စာဆိုတော် လှိုင်ထိပ်ခေါင်တင်ဟာ စာဆိုခြင်းဖြင့် သူ့ခံစားချက်များကို သူဖွင့်ဟပြီး သူ့ကိုယ်သူ ဖြေသိမ့်ပုံရပါတယ်။ လှိုင်ထိပ်ခေါင်တင်ရေးစပ်တဲ့ ဆောလယ်၊ ပတ်ပျိုး၊ တေးထပ်၊ လေးဆစ်၊ ရတုများမှာ သူနဲ့တကွ သူ့လိုနန်းလျှောင်ချိုင့်ခံ မိန်းမသားများရဲ့ခံစားမှုကို အထင်းသားတွေ့နိုင်ပါတယ်။

လှိုင်ထိပ်ခေါင်တင်ဟာ တေးကဗျာများသာမကဘဲ ဝိဇယကာရီလို၊ ဗွာနှာဝံသလို နန်းတွင်းဇာတ်တော်ကြီးများကိုလည်း ရေးသားခဲ့ပါသေးတယ်။ အဲဒီဇာတ်တော်များမှာလည်း သူကျင်လည်ရာ နန်းတော်တွင်းက အဖြစ်အပျက်များကို ရသစုံစွာနဲ့ ရေးသားခဲ့ပါတယ်။

အိမ်ထောင်ရေးမှာ မသာယာဘူးဆိုပေမယ့်လည်း ကနောင်မင်းသားဘက်ကရော သူ့ဘက်ကပါ မပြတ်နိုင်ကြတဲ့အတွက် မင်းတုန်းမင်းနဲ့ မိဖုရားကြီးတို့ကစီမံပေးတဲ့အတိုင်း တစ်အိမ်စီခွဲနေလို့ တစ်နှစ်အကြာမှာ ပြန်လည်ပေါင်းသင်းကြပါတယ်။

လှိုင်မင်းသမီးအဖို့ အတော်အတန် ဖြေသိမ့်စရာလည်း ရသွားပါတယ်။ အဲဒါကတော့ ထန်းတပင်မြို့ကို စားရလို့ ထန်းတပင်မင်းသားလို့ ခေါ်တွင်တဲ့ သားတော်တစ်ပါး ဖွားမြင်လိုက်လို့ပါပဲ။ အဲဒါကတော့ ကနောင်နဲ့ ခွဲမနေခင်ကတည်းက ရတဲ့သားဖြစ်ပါတယ်။ အမျှော်စိုက်တေးများအစား သားချော့တေးကို ရေးမိပြန်တော့တာပါပဲ။

အဲဒီလို ကျဉ်းမြောင်းတဲ့ အိမ်တွင်းရေး ပြဿနာထဲမှာ လှိုင်မင်းသမီး ကျင်လည်နေတဲ့အချိန်မှာတော့ ရတနာပုံ မင်းနိုင်ငံဟာ ကျယ်ပြော



ရှုပ်ထွေးတဲ့ ပြဿနာများနဲ့ ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။ ရန်သူအင်္ဂလိပ်တို့ဟာ ပင်လယ်ထွက်ပေါက်ကို အပိုင်စီးထားပြီးဖြစ်ပါတယ်။ အဲဒီတော့ မင်းတုန်းမင်းအနေနဲ့ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်မှာ အင်္ဂလိပ်တို့ တားဆီးပိတ်ပင်ထားမှုကြောင့် မလှုပ်သာမလှန့်သာဖြစ်နေရပါပြီ။

အဲဒီလို အကျပ်အတည်းကလွတ်အောင် မင်းတုန်းမင်းနဲ့ကနောင်မင်းသားတို့ဟာ မိမိတို့နိုင်ငံကို အင်အားဖြည့်တင်းဖို့ ခေတ်မီနိုင်ငံဖြစ်ဖို့ ဝီရိယစိုက်ထုတ်ပြီး ဆောင်ရွက်နေခဲ့ကြပါတယ်။

အဲဒီလို အခြေအနေမျိုးမှာ ပဒေသရာဇ်နိုင်ငံများမှာ တွေ့ရတတ်တဲ့ ပြဿနာမျိုးနဲ့ မင်းညီနောင်နှစ်ပါးတို့ ရင်ဆိုင်တိုးခဲ့ရပါတယ်။ အဲဒါကတော့ မင်းတုန်းမင်းအနေနဲ့ ညီတော်ကို အိမ်ရှေ့အရာပေးတာ မကျေနပ်ကြတဲ့ မြင်ကွန်းမင်းသားနဲ့ မြင်းခုံတိုင်မင်းသားတို့ရဲ့ ပုန်ကန်မှု ဖြစ်ပါတယ်။

၁၈၆၆ ခု၊ ဩဂုတ်လ ၂–ရက်နေ့မှာ မင်းတုန်းမင်းနဲ့ကနောင်မင်းသားအပါအဝင် မင်းမှူးမတ်တို့ဟာ ယာယီစံနန်းတော်မှာ တိုင်းရေးပြည်မှုကိစ္စများကို စည်းဝေးတိုင်ပင်နေကြပါတယ်။ အဲဒီအချိန်မှာ အလစ်ဝင်ရောက်စီးနင်းတဲ့ 'မြင်ကွန်းနဲ့ မြင်းခုံတိုင်မင်းသား'တို့ရဲ့လုပ်ကြံမှုကြောင့် ကနောင်မင်းသား ကျဆုံးခဲ့ရပါတယ်။ မင်းတုန်းမင်းကတော့ လွတ်မြောက်သွားပါတယ်။

လှိုင်ထိပ်ခေါင်တင်ရဲ့ဘဝဟာ စတင်ကြီးပြင်းလာကတည်းက သွေးစွန်းတဲ့အဖြစ်များနဲ့ တိုးခဲ့ရတဲ့ဘဝ ဖြစ်ပါတယ်။ အသက် ၁၂ နှစ် အရွယ်မှာ မယ်တော်ရော မယ်တော်ရဲ့မိခင် ဘွားတော်ကြီးရော မင်းပြစ် မင်းဒဏ်သင့်ပြီး ကြမ်းတမ်းတဲ့သေခြင်းနဲ့ သေဆုံးခဲ့ရပါတယ်။ အခုလည်း အားကိုးချစ်ခင် ရတဲ့ ခင်ပွန်းလင်ဟာ နန်းတွင်းပုန်ကန်မှုကြောင့် သွေးစိမ်းရှင်ရှင်ထွက်ကာ ကျဆုံးရပြန်ပြီ ဖြစ်ပါတယ်။

စာဆိုဆိုတာကတော့ အေးဆေးသာယာနေတဲ့အချိန်မှာ စာစပ်တတ်သလို အခုလို ပရိဒေဝမီး ညီးညီးတောက်လောင်နေတဲ့ အခါမှာလည်း စာဆိုနိုင်သေးတာပါပဲ။ ကနောင်မင်း ကျဆုံးပြီး နှစ်ရက်အကြာမှာ လှိုင်ထိပ်ခေါင်တင်ဟာ အပျိုတော်ခင်ဆိုင်ကြီးနဲ့အတူ ခင်ပွန်းသည်ရဲ့အလောင်းတော်ကိုသွားပြီးကြည့်ပါတယ်။ ပြီးတော့ ခင်ဆိုင်ကို လိုက်ရေးစေပြီး—

www.burmeseclassic.com

www.burmeseclassic.com



'အပုပ်တော် ကိုယ်တော်ကျပြီမို့
ရုပ်အိမ်တော်ညိုကာ ကြွသော်လည်း
ငိုသော်မှ မယ်မငို။
မကြဲတတ်လေဘု
စရုပ်မှာ ညှိသည်ဆုံးသည်သို့
ဖုန်းပြုသကို။
ထီးဖြူတော် ရှစ်ကျက်ကျင်းပါလို့
ကျောက်နီတင် ရွှေတည်းရယ်နဲ့
အမယ်မင်း သခင့်ကိုယ်
ရွှေဖိုနှင့် တင်ချင်သား။
ကြောင်းမနိုင်
မပေါင်းပိုင် အခြေဆိုက်တာကြောင့်
နှစ်လောင်းပြိုင်
သေကာလိုက်ချင်ပေ့
သောင်းထိုက်ညာမွှား။
(ခပ်ဖြည်းဖြည်းဆိုပြီး ချပေးပါတယ်။)

ကနောင်မင်းသားကျဆုံးပြီးတဲ့ အချိန်ကစပြီး နိုင်ငံတော်မှာ အရှိန်အဟုန်နဲ့ လုပ်ဆောင်နေကြတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ရပ်ဆိုင်းကုန်ကြပါတယ်။ ကနောင်မင်းသားရဲ့သားတော် 'ပတိန်းမင်းသား'ကစပြီး ပုန်ကန်မှုများလည်း ပေါ်ပေါက်ခဲ့ပါတယ်။

မင်းတုန်းမင်းကြီးဟာ လုပ်ဆောင်ဖွယ်ကိစ္စတို့ကိုအရှိန်မပျက် အောင် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် မင်းတို့ဆောင်ရွက်အပ်တဲ့ကိစ္စများထဲက အရေးအကြီးဆုံး လုပ်ငန်းတစ်ရပ်ဖြစ်တဲ့ အိမ်ရှေ့မင်းသား ရွေးချယ်ခြင်းကိုတော့ ရှောင်ရှားခဲ့ပါတော့တယ်။

မင်းသားတစ်ယောက်ယောက်ကို အိမ်ရှေ့မင်းအဖြစ် အပ်နှင်းရင် အဲဒီမင်းသားကို ဝိုင်းဝန်းလုပ်ကြံကြမည့်သူများ များပြားလို့ဆိုတဲ့ အချက်ကြောင့် အိမ်ရှေ့မင်းသားမရွေးတာလို့ ပြောဆိုကြ၊ ယူဆကြပါတယ်။

ဒါပေမယ့် ရတနာပုံမင်းနိုင်ငံရဲ့ရှေ့ရေးဟာ မသေချာမရေရာတော့ဘူးဆိုတာ အဲဒီအချက်နဲ့ပဲ သိသာလှပါပြီ။ လှိုင်ထိပ်ခေါင်တင်ရဲ့ ဘဝရှေ့ရေးကရော ဘယ်လိုနေပါလိမ့်လို့ စဉ်းစားရင် အဲဒီခေတ်ကနိုင်ငံရဲ့ အခြေအနေလိုပါပဲလို့ ယေဘုယျသဘောနဲ့ပြောရင် ရလောက်ပါတယ်။ အိမ်ရှေ့မင်း မရှိတော့တဲ့အတွက် အိမ်ရှေ့မိဖုရား မဟုတ်တော့ပါဘူး။ ချစ်ခင်စဖွယ် ရုပ်ရည်ရူပကာယရှိတယ်၊ မင်းတုန်းမင်းကစ မင်းညီမင်းသားတို့က သူ့ရဲ့အေးဆေးညှံ့သက်တဲ့ သဘာဝကြောင့် အသနားပိုကြမယ်။ ဒါပေမယ့် သူဟာ မင်းသားမင်းသမီးပေါင်း ရာနဲ့ချီပြီး ရှိနေတဲ့အထဲက သာမန်မင်းသမီးဘဝကို ရောက်သွားပြီး ဖြစ်ပါတယ်။ သူ့ရဲ့ သားတော်ထန်းတပင်မင်းသားဟာလည်း သာမန် မင်းသားတစ်ယောက်မျှသာ ဖြစ်သွားပါပြီ။

ယေစဉ်ကတည်းက ကြေကွဲမှု၊ ထိပ်လန့်နိုးရိမ်မှုများနဲ့ ကြီးပြင်းခဲ့ရပြီး အိမ်ရှေ့မိဖုရားဘဝမှာလည်း အရှင်သခင်ဖြစ်တဲ့ အိမ်ဦးနတ်ရဲ့ကြည်ဖြူ သဒ္ဓါရှိမှုကိုသာ မျှော်ကိုးနေခဲ့ရသူ ဖြစ်ပါတယ်။ အခုတော့ အိမ်ဦးနတ်ဖြစ်သူ အိမ်ရှေ့မင်းသားလည်း ကွယ်လွန်ခဲ့ပါပြီ။ နိုင်ငံအရေးကလည်း စိတ်မအေးစရာတွေချည်း ကြားရတာ များနေပါပြီ။ အဲဒီလို အခြေအနေမျိုးမှာ စာဆိုလှိုင်ထိပ်ခေါင်တင်ဟာ ကောင်းစွာမကျန်းမာတော့တဲ့ ကိုယ်နဲ့စိတ်ကို ဆေးကုသရင်း သနားစဖွယ် အချိန်ကုန်ခဲ့ရပါတယ်။

၁၈၇၅-ခုနှစ် လှိုင်ထိပ်ခေါင်တင်ရဲ့ အသက်၄၂နှစ်အရမှာ ကွယ်လွန်ခဲ့ရပါတယ်။ သူကိုယ်တိုင်ကတော့ မကျန်းမမာလို့ ကွယ်လွန်ခဲ့ရတာပါ။ ဒါပေမယ့် နောက်လေးနှစ်အကြာမှာ ဖတာဆိုး မိတာဆိုးဘဝနဲ့ကျန်ရစ်ရှာတဲ့ ထန်းတပင်မင်းသားလေးခမျာမှာတော့ သီပေါမင်းသား ထီးနန်းဆက်ခံနိုင်ရေးအတွက် သုတ်သင်ခြင်းခံရတဲ့ မင်းသားများထဲမှာ ပါသွားရှာပါတယ်။

လှိုင်မင်းသမီးဟာ တည်ငြိမ်အေးချမ်းခြင်းမရှိတဲ့ နိုင်ငံရေးအခြေအနေများနဲ့ ရင်ဆိုင်မွေးဖွားကြီးပြင်းခဲ့သူ တစ်ယောက်ဖြစ်ပါတယ်။လူတို့ရဲ့ စည်းစိမ်တကာမှာ မင်းစည်းစိမ်ဟာ အမြတ်ဆုံးလို့ အဲဒီခေတ်က ယူဆပါတယ်။ မင်းစည်းစိမ်နဲ့ အလွန်နီးကပ်တဲ့ နန်းတွင်းမှာ မွေးဖွားကြီးပြင်းရပါတယ်။ ဒါပေမယ့် ၂ူရင်ဆိုင်ရတဲ့အဖြစ်အပျက်များက ထီးနန်းရနိုင်ရေးအတွက် အကောက်ကြံခြင်း၊ လုပ်ကြံခြင်းများသာဖြစ်ပါတယ်။သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မပါဝင်ခဲ့ပေမယ့် သူနဲ့သက်ဆိုင်သူများဟာ ထီးနန်းစည်းစိမ် ရနိုင်ရေး ကိစ္စများကြောင့်ချည်း ကြမ်းတမ်းစွာ၊ ပြင်းထန်စွာအသတ်ခံသွားကြရရှာပါတယ်။

လိုင်တို့ခေတ်က လူမှုရေးအရ လိုင်ဟာနောက်တန်းမှာသာ ခင်ပွန်းဖြစ်သူရဲ့ ဘုန်းရိပ်ကိုခိုပြီး နေခဲ့ရပါတယ်။ နောက်တန်းမှာ မနေလိုလို့ ရှေ့တန်းကိုရောက်အောင် ကြိုးပမ်းကြသူများမှာလည်း သူ့ခေတ်သူ့အခါ သူ့အခြေအနေအရ မိန်းမဆိုးကြီးအဖြစ် ရာဇဝင်တွင်သွားကြသူများရှိသလို လိုင့်မိခင်လို အသက်ပေးသွားကြသူများလည်း ရှိပါတယ်။

လိုင်ထိပ်ခေါင်တင်ဟာ သူ့ခေတ်သူ့အခါက နန်းတွင်းရေးအခြေအနေရဲ့ ချုပ်နှောင်ခြင်းကို ခံနေခဲ့ရသူဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ များစွာသော မင်းသားမင်းသမီးများလို နိုင်ငံရေး၊ လူမှုရေး လှိုင်းများအောက်မှာ ပျောက်ကွယ်နစ်မြုပ်သွားခြင်း မရှိပါဘူး။

ဘာကြောင့်လဲဆိုတော့ လိုင်ထိပ်ခေါင်တင်ဟာ ထက်မြက်တဲ့ စာဆိုတစ်ဦးဖြစ်လို့ပါပဲ။

စာဆို လိုင်ထိပ်ခေါင်တင်အဖြစ် စာပေသမိုင်းမှာ ထွန်းတောက်တဲ့ ကြယ်တစ်ပွင့် ဖြစ်ခဲ့ပါတယ်။ ထူးချွန်ကြသူများဟာ တစ်နည်းမဟုတ် တစ်နည်းနဲ့ သမိုင်းမှာ နေရာရနိုင်ကြပါတယ်။

ကလျာ၊ မေလ-၁၉၉၂

× × × × ×



# အဋ္ဌမဟင်နရီ၏ မိဖုရား

www.burmeseclassic.com

www.burmeseclassic.com



# အဋ္ဌမဟင်နရီ၏ မိဖုရားများ

ဥရောပနိုင်ငံများက ခရစ်ယာန်ဘာသာဝင် ဘုရင်များဟာ မိဖုရားတစ်ပါးသာ တရားဝင်ထားခွင့် ရှိပါတယ်။ တရားဝင်တစ်ပါးသာ ထားခွင့်ရတယ်ဆိုတဲ့နောက်တော့ တရားမဝင်အမျိုးကြီး ထားလို့ရတယ်ဆိုတာ ရှင်းစရာတောင် မလိုတော့ပါဘူး။ အချစ်တော်များ၊ ကိုယ်လုပ်တော်များ၊ အလဲလဲ အလှယ်လှယ် ထားတတ်ကြပါတယ်။ အဲဒီတရားမဝင်သူများနဲ့ သားသမီး ပွားစီးတတ်ကြပါသေးတယ်။ အဲဒီသားသမီးများဟာ တရားမဝင်တဲ့အတွက် ထီးနန်းစည်းစိမ်နဲ့တော့ ဘာမှ မဆိုင်ဘူးပေါ့လေ။

အဋ္ဌမဟင်နရီဆိုတာ ပိုပြီးရှင်းအောင် ဆွေမျိုးစပ်ပြီး ပြောရရင် အပျိုစင် ဘုရင်မလို့တွင်တဲ့ ပထမအယ်လီဇဘက် ဘုရင်မရဲ့ ခမည်းတော် ဖြစ်ပါတယ်။ သူကတော့ အများ တကာထက်ကဲပြီး တရားဝင်မိဖုရား ခြောက်ပါးတောင်မှ ထားခဲ့ပါတယ်။

အဋ္ဌမဟင်နရီဟာ သတ္တမဟင်နရီရဲ့ ဒုတိယသားတော်ဖြစ်ပါတယ်။ ဥပရာဇာဖြစ်တဲ့ မင်းသားအာသာဟာ အိမ်ရှေ့စံအဖြစ်နဲ့ စပိန်မင်းသမီး ကက်သရင်းအော့ဖ်အာရဂွန်ကို လက်ဆက်ခဲ့ပါတယ်။ အဲဒီလို အာသာ အိမ်ရှေ့စံအဖြစ် ရှိနေတုန်းကတော့ ဟင်နရီကို ဘုန်းတော်ကြီးအဝတ်နိုင်းဖို့ ခမည်းတော်က စီစဉ်ထားခဲ့ပါတယ်။ အဲဒါကြောင့် သူ့ကိုစာတတ်အောင် သင်ကြားခဲ့ပါတယ်။ ဟင်နရီဟာ အင်္ဂလိပ်၊ ပြင်သစ်၊ လက်တင်၊ အီတလီ စကားများကို ပြောတတ်ရုံမက အနုပညာမှာ ထုံမွှေ့သူ ဖြစ်ခဲ့ပါတယ်။

နောင်တော် ဥပရာဇာ 'အာသာ' ဟာ 'အာရဂွန်' မင်းသမီး ကက်သရင်း



နဲ့လက်ဆက်ပြီး ခုနစ်လအကြာမှာ ကွယ်လွန်ပါတယ်။ အဲဒီအချိန်မှာ ဟင်နရီဟာ သာသနာ့ဘောင်ကို မဝင်ရတော့ဘဲ နောင်တော့်အရိုက်အရာကို ဆက်ခံပြီး ဥပရာဇာ ဖြစ်လာပါတော့တယ်။

အရှေ့တိုင်းနိုင်ငံများမှာတော့ ဘိသိက်ခံမိဖုရားကို နောက်တက်လာတဲ့မင်းက သိမ်းပိုက်ပြီး နန်းတင်တာ လုပ်ရိုးလုပ်စဉ်ပါပဲ။ မဆန်းပါဘူး။ ဒါပေမယ့် ရိုမန်ကက်သလစ် ခရစ်ယာန်ဘာသာဝင် မင်းသားတစ်ပါးအဖို့ ကွယ်လွန်သူ နောင်တော်နဲ့လက်ထပ်ထားသူ အိမ်ရှေ့မိဖုရားကို လက်ဆက်ဖို့ အခက်အခဲများစွာရှိပါတယ်။

စပိန်ဘုရင်ဖာဒီနန်နဲ့ သတ္တမဟင်နရီတို့ကလည်း သူတို့ကိုယ်တိုင် သာသနာစောင့် ရိုမန်ကက်သလစ်ဘုရင်များ ဖြစ်ပါလျက်နဲ့ ဝိနည်းရှောင်ပြီး ဟင်နရီနဲ့ ကက်သရင်းကို ပေးစားချင်ကြပါတယ်။ ဒါကလည်း နိုင်ငံအချင်းချင်း ချစ်ကြည်ရေးကိစ္စ မဟာမိတ်အုပ်စုဖွဲ့ဖို့ကိစ္စတွေ ရှိနေလို့ ဖြစ်ပါတယ်။

အာရဂွန်မင်းသမီး ကက်သရင်းကလည်း ဟင်နရီကို ဆွဲဆောင်ညို့ငင်ဖို့ ကြိုးစားပါတယ်။ အဲဒီလိုနဲ့ပဲ ခမည်းတော် သတ္တမဟင်နရီ ကွယ်လွန်ပြီး ရက်သတ္တခြောက်ပတ်ကြာတဲ့အခါ အဋ္ဌမဟင်နရီဟာ ကက်သရင်းနဲ့ လက်ဆက်ပြီး အင်္ဂလိပ်ထီးနန်းကို သိမ်းမြန်းခဲ့ပါတယ်။ အဲဒီအချိန်မှာ ဟင်နရီရဲ့အသက်က ၁၈ နှစ်ပဲ ရှိပါသေးတယ်။ ကက်သရင်းရဲ့အသက်ကတော့ ၂၃ နှစ်ကျော်ကျော် ရှိနေပါပြီ။

အဋ္ဌမဟင်နရီနဲ့ အာရဂွန်မင်းသမီးတို့ လက်ထပ်ကြတုန်းကတော့ အာသာနဲ့ကက်သရင်းတို့ဟာ အကြင်လင်မယားအရာ မရောက်ခဲ့လို့ ပုပ်ရဟန်းမင်းကြီးက ခွင့်ပြုတယ်ဆိုတဲ့ အချက်ကိုကိုင်ပြီး လက်ထပ်ခဲ့ကြတာဖြစ်ပါတယ်။

ကက်သရင်းဟာ နှစ်ပေါင်း ၂၂ နှစ်လောက် အဋ္ဌမဟင်နရီရဲ့ချစ်ခြင်းမေတ္တာကို ထိန်းထားနိုင်ခဲ့ပါတယ်။ သူ့အတွက် ကံဆိုးတာကတော့ သားယောကျ်ားလေး မွေးဖွားပေးနိုင်ခြင်း မရှိခဲ့တာပါဘဲ။ အဲဒီလို ကက်သရင်း အရွယ်ထောက်လာပြီး အသက် ၄၀ အရွယ် အလှပျက်ပြယ်တဲ့ အချိန်ကို ရောက်လာပါတော့တယ်။ အဲဒီအချိန်မှာ ဟင်နရီဟာ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ပစ်ဖို့ ကြိုးစားပါတော့တယ်။ သူ့ရဲ့တိတ်တဆိတ် တိုက်တွန်းချက်

www.burmeseclassic.com

www.burmeseclassic.com



အရှဘုန်းတော် ကြီး ကာဒီနယ်ဝူလ်ဆေးက ဟင်နရီကို ခုံရုံးဖွဲ့စစ်ဆေးပါတယ်။ အဲဒီသာသနာ့ခုံရုံးက ကက်သရင်းတဲ့ ဟင်နရီရဲ့ ထိမ်းမြားခြင်းကို တရားမဝင်ဘူးလို့ ယတိပြတ် မဆုံးဖြတ်နိုင်ခဲ့ပါဘူး။ အင်္ဂလန်နိုင်ငံက ဂိုဏ်းအုပ်ဘုန်းတော်ကြီးများထဲက ဆန္ဒခံယူကြတော့လည်း ဓမ္မည်းတော်နှစ်ပါးကိုယ်တိုင်က ပုပ်ရဟန်းမင်းကြီးထံက ခွင့်ပြုချက်ယူပြီးမှ လက်ထပ်တာမို့ တရားဝင်ပါတယ်လို့ ဆိုကြပြန်ပါတယ်။ ဟင်နရီက ဝူလ်ဆေးကို ပုပ်ရဟန်းမင်းထံက ကက်သရင်းနဲ့လက်ထပ်ထားတာ တရားမဝင်ဘူးဆိုတဲ့ ထုတ်ပြန်ချက် တောင်းဆိုနိုင်းလိုက်ပါတယ်။

အဲဒီလို မတင်မကျဖြစ်နေတဲ့အချိန်မှာ အဌမဟင်နရီနဲ့တွဲပြီး လူသိများလာသူကလေးကတော့ အန်ဘိုလင်ဆိုသူကလေး ဖြစ်ပါတယ်။အန်ဟာ အလှပဂေးတစ်ယောက်တော့ မဟုတ်ပါဘူး။ အရပ်ရှည်ရှည် ပိန်ပိန်နဲ့ မျက်လုံးနက်နက် ဆံပင်နက်နက်နဲ့ နှစ်သက်စဖွယ် ကောင်းသူကလေးသာ ဖြစ်ပါတယ်။ သူဟာ ကက်သရင်းမိဖုရားရဲ့အဆောင်က အပျိုတော်တစ်ဦး ဖြစ်ပါတယ်။ စိတ်ထက်ထက် နှုတ်သွက်သွက်နဲ့ ချစ်ခင်သူ နည်းပါးတဲ့သူ တစ်ဦး ဖြစ်ပါတယ်။ ဘုရင်ဟင်နရီကတော့ သူ့ကိုအတော်ပဲစွဲစွဲလမ်းလမ်း နှစ်ပေါက်အောင်စောင့်ပြီး ချစ်သဝဏ်လွှာ အများအပြား ရေးသားပေးပို့ခဲ့ပါတယ်။

ဟင်နရီဟာကက်သရင်းကိုကွာဖို့ကြိုးစားနေတဲ့အချိန်မှာ အန်ဘိုလင်နဲ့ တွဲနေပါပြီ။သူ့နဲ့ကက်သရင်းလက်ထပ်ထားတာ တရားမဝင်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ရောမက ပုပ်ရဟန်းမင်းကြီးက မပေးခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အာရဂွန်မင်းသမီး ကက်သရင်းရဲ့ တူတော်သူဟာ လက်ရှိ စပိန်ဧကရာဇ် ဖြစ်နေပါတယ်။ စပိန်က အီတလီနယ်များကို သိမ်းထားတာမို့ ပုပ်ရဟန်းမင်းကြီးဟာ စပိန်ဧကရာဇ်ကို မလွန်ဆန်နိုင်ပါဘူး။ အဲဒီလို မတင်မကျဖြစ်နေတဲ့အတွက် ကာဒီနယ်ဝူလ်ဆေးကို ဟင်နရီက ရာထူးက ချလိုက်ပါတယ်။

အဲဒီနောက်တော့ ဟင်နရီဟာ ရိုမန်ကက်သလစ်သာသနာစောင့်မင်းများ လိုက်နာလက်ခံတဲ့ ပုပ်ရဟန်းမင်းသည် သာသနာ့ အကြီးအကဲဆိုတဲ့ အချက်ကို ပယ်ဖျက်လိုက်ပါတယ်။ သူသာလျှင် အင်္ဂလန်နိုင်ငံ၏ ဘုရင်မင်းမြတ်ဖြစ်သလို သာသနာ၏ အကြီးအကဲလည်း ဖြစ်ပေတယ်လို့



ကြေညာခဲ့ပါတယ်။ အဲဒီနောက်တော့ ပုပ်ရဟန်းမင်းရဲ့ ခွင့်ပြုချက်ကို စောင့်စရာမလိုတော့ဘဲ အန်ဘိုလင်နဲ့တရားဝင်လက်ထပ်ခဲ့ပါတော့တယ်။ အာရဂွန်မင်းသမီး ကက်သရင်းနဲ့ သမီးတော် မေရီမင်းသမီးကိုတော့ နန်းတော်က ဖယ်ရှားလိုက်ပါတယ်။

အန်ဘိုလင်နဲ့ ဟင်နရီတို့ဟာ တစ်နာရီတောင်မှ မခွဲခွာနိုင်အောင် ချစ်ခင်ကြင်နာစွာနေထိုင်ကြရင်း ကိုးလကြာတဲ့အခါမှာ သမီးတော်တစ်ပါးကို ဖွားမြင်ပါတယ်။ နောင်အခါမှာ ပထမမြောက် အယ်လီဇဘက်ဘုရင်မ ဖြစ်လာမယ့်သူကလေး ဖြစ်ပါတယ်။

အဲဒီအချိန်ကစပြီး အန်ဘိုလင် ကံဇာတာ ညှိုးမှိန်လာတော့တာပါပဲ။ ဘာကြောင့်လဲဆိုတော့ ဟင်နရီဟာ သားယောကျ်ား မရနိုင်တာကြောင့် စိတ်ပျက်လက်ပျက်နဲ့ထွက်သွားရင်း တခြားသော မိန်းကလေးကိုတွေ့မြင်ပြီး ချစ်စိတ်တွေ ဝင်သွားခဲ့လို့ပါပဲ။

အန်ဘိုလင်ဟာ နောက်ကလေးတစ်ယောက်ကို ကိုယ်ဝန်ဆောင်ရင်း စိတ်လက်မချမ်းမသာဖြစ်ရာက ကိုယ်ဝန်လျှောခဲ့ပါတယ်။ အဲဒီအချိန်မှာတော့ သူ့ရဲ့ကာယိကဝေဒနာ၊ စေတသိက်ဝေဒနာများကို မင်းတရားကြီးက စာနာသနားခြင်းမဖြစ်တဲ့အပြင် သားယောကျ်ားဖြစ်တဲ့ ကိုယ်ဝန်ကိုမှ မထိန်းနိုင်ရကောင်းလားလို့ အပြစ်တင်မောင်းမဲ ပါတော့တယ်။

သူကိုယ်တိုင်ကတော့ နောက်တွေ့တဲ့မိန်းကလေးဂျိန်းဆေးမွားကိုသာ အရေးပေးပြီး လက်ဆောင်ပဏ္ဏာနဲ့ သဝဏ်လွှာများပို့နေခဲ့ပါတယ်။

ဟင်နရီဟာ ကက်သရင်းကို လက်ထပ်ချင်တုန်းကလည်း ဝိနည်းကို ရှောင်ပြီး လက်ထပ်ခဲ့ပါတယ်။ အန်ဘိုလင်ကို လိုချင်ပြန်တော့လည်း ကက်သရင်းကိုယူတာဟာ တရားမဝင်လို့ ကွာချင်ပါတယ်ဆိုပြီး မရရအောင်ကွာကာ ယူခဲ့တာပဲ။ မိန်းမတစ်ယောက်ယူဖို့ကို သာသနာရေး အပြောင်းအလဲဖြစ်အောင်တောင် မဆင်ခြင်နိုင်ဘဲ လုပ်ခဲ့သူဖြစ်ပါတယ်။ အခု ဂျိန်းဆေးမွားကို ယူချင်ပြန်ပါပြီ၊ ဘာလုပ်ရမလဲ၊ ဟင်နရီမှသာ ထုတ်နိုင်တဲ့ ဉာဏ်နီဉာဏ်နက်အစွမ်းနဲ့ အန်ဘိုလင်ကို ဖယ်ရှားတော့တာပါပဲ။

အန်ဘိုလင်ဟာ မင်းညီမင်းသားတချို့နဲ့ ဖောက်ပြားခဲ့ပါတယ်ဆိုတဲ့ စွဲချက်နဲ့ ဖမ်းဆီးပြီး အပြစ်ပေးခြင်းခံရပါတယ်။ အပြစ်ကတော့ခေါင်းဖြတ်

www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံခဲ့ရတဲ့ အပြစ်ပဲ ဖြစ်ပါတယ်။ အန်ဘိုလင်ရဲ့အသက် ၂၉ နှစ်ပဲ ရှိပါသေးတယ်။ ဘီသိက်ခံ မိဖုရားဘဝမှာ သုံးနှစ်ကျော်ရုံကလေးပဲ စံစားခဲ့ရပါတယ်။

အန်ဘိုလင် သေဒဏ်ခံရတဲ့နေ့မှာ အဝါရောင်ဝတ်ရုံကိုဝတ်ဆင်ကာ ပျော်ရွှင်စွာ တက်ကြွလာတော်မူတဲ့ ဟင်နရီဟာ ဆယ်ရက်အကြာမှာ အသက် ၂၁–နှစ်သာရှိသေးတဲ့ ဂျိန်းဆေးမွားကို လက်ဆက်ခဲ့ပါတယ်။ ဂျိန်းဆေးမွားကို ဟင်နရီက အတော်မြတ်နိုးခဲ့ပါတယ်။ သူ့စိတ်တိုင်းကျ အေးအေးဆေးဆေး နေတတ်သူကလေးဟာ သားတော်လေးတစ်ပါးကို ဖွားမြင်ရင်း ကွယ်လွန်ခဲ့ပါတယ်။ သူနဲ့ ဟင်နရီ ပေါင်းရတာ ၁၈ လသာ ကြာခဲ့ပါတယ်။

ဂျိန်းဆေးမွားကို ဟင်နရီက အလွန်မြတ်နိုးပါတယ်။ ဒါပေမယ့် သူ ကွယ်လွန်ပြီး များမကြာခင်မှာပဲ အန်အောဖ်ကလိဗ်လို့ခေါ်တဲ့ ဥရောပက ပရိုတက်စတင့်ဘာသာဝင် မင်းသမီးတစ်ပါးနဲ့ လက်ဆက်ခဲ့ပါတယ်။ ပရိုတက်စတင့်ဘာသာဝင် မင်းသမီးကိုလက်ဆက်ရတဲ့ ပထမအကြောင်းရင်းကတော့ စပိန်နဲ့ပြင်သစ်နိုင်ငံက ရိုမန်ကက်သလစ်ဘုရင်များကိုအန်တုဖို့ပဲ ဖြစ်ပါတယ်။ နောက်အကြောင်းရင်း တစ်ခုကတော့ ဟင်နရီရဲ့ မျက်နှာသာပေးမှုကို ရယူလိုတဲ့ မှူးမတ်တချို့က အန်အောဖ်ကလိဗ်ဟာ ဘယ့်ကလောက်လှပတယ်ဆိုတာကို သွေးဆောင် ပြောကြားထားလို့ပါ ဖြစ်ပါတယ်။ ဟင်နရီဟာ အန်မင်းသမီးကို ပေးဖို့လက်ဆောင်များ သယ်ပိုးပြီး မင်းစီးလှေကြီးတစ်စင်းနဲ့ မြစ်ကြောင်းက သွားခဲ့ပါတယ်။ မင်းသမီးနဲ့ တွေ့တဲ့အခါမှာတော့ ကြားထားရသမျှအကြောင်းတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ မင်းသမီးကို မြင်ရတော့တာပါပဲ။

အန်းမင်းသမီးဟာ တကယ်တော့ ရုပ်ဆိုးရှာပါတယ်။အဲဒါကြောင့်လည်း ဟင်နရီဟာတွေ့တာနဲ့ စိတ်ပျက်ပြီး မရှုနိုင်မရိုက်နိုင် အနေကို ရောက်သွားခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံရေးအခြေအနေကို ထိန်းသိမ်းတဲ့ အနေနဲ့အန်မင်းသမီးကို လက်ထပ်ခဲ့ပါတယ်။ မိန်းမယူစရာအကြောင်းကို နောကျေနေပြီဖြစ်တဲ့ဟင်နရီဟာ အန်နဲ့လက်ထပ်ရုံသာ လက်ထပ်ပြီး လူချင်း ကင်းကင်းရှင်းရှင်း နေခဲ့ပါတယ်။

အဲဒီလို ဘုရင်နဲ့မိဖုရား မေတ္တာမထားနိုင်ကြဘူး ဆိုတာ သိတဲ့



မှူးမတ်များက တခြားမင်းသမီးတစ်ပါးနဲ့ ဘုရင်ကို တွေ့ပေးကြပါတယ်။ အန်ဘိုလင်ရဲ့ ဦးလေးတော်သူ မှူးကြီးမတ်ရာတစ်ယောက်က သူ့ရဲ့တူမတစ်ယောက်ဖြစ်သူ ကက်သရင်းဟိုဝပ်ဒ်နဲ့ ဘုရင်ကို တွေ့ပေးတာဖြစ်ပါတယ်။ ကက်သရင်းဟိုဝပ်ဒ်က အလွန်လှလေတော့ ဟင်နရီက မြင်မြင်ချင်း သဘောကျပါတယ်။

အန်အောဖ်ကလိဗ်စ်ဟာ ဟင်နရီနဲ့ သဘောတူကွာရှင်းဖို့ လက်ခံပါတယ်။ သူ့ကိုတော့ ပင်စင်လစာပေးပြီး လန်ဒန်မှာ ထားရပါတယ်။

ရက်များစွာမကြာမီမှာ ငါးယောက်မြောက် မိဖုရားအဖြစ်နဲ့ ကက်သရင်းကို ယူခဲ့ပါတယ်။ ကက်သရင်းဟာ အသက် ၂၂ နှစ်လောက်သာ ရှိပါသေးတယ်။ ဆံပင်နီညိုညို မျက်လုံးစိမ်းပြာပြာနဲ့ ဟင်နရီရဲ့ မိဖုရားများ အနက်က အချောဆုံးမိဖုရားပါပဲ။ ဘုရင်ကတော့ မိဖုရားအချောအလှကိုရယူပြီး ငယ်မူငယ်သွေးများတောင် ပြန်နေပါတယ်။ သူ့ကိုယ်ခန္ဓာ ဝဝကြီးကို ပိန်သွားအောင် ကြိုးစားခဲ့ပါသေးတယ်။ ကက်သရင်းကတော့ သူ့ထက် အသက် ၃၀ လောက်ကြီးတဲ့ခင်ပွန်းလင်ကိုလည်း မချစ်မနှစ်သက်တဲ့အပြင် သူ့အပျိုဘဝက ချစ်ခဲ့ဖူးသူကို ဖွဲလမ်းဆဲဖြစ်ကြောင်းကိုလည်း နည်းနည်းမှ မကွယ်မဝှက်ဘဲ ပြောပြောနေပါတယ်။ အဲဒီအကြောင်းများကြောင့် ကက်သရင်းဟာ မိဖုရားဖြစ်ပြီး နှစ်နှစ်မှ မကြာခင် သေဒဏ်ပေးခြင်းခံရပါတယ်။ အန်ဘိုလင်ကို သတ်ခဲ့တဲ့ နေရာမှာပဲ ကက်သရင်းကို ခေါင်းဖြတ်သတ်ခဲ့ပါတယ်။

ကက်သရင်းဟိုဝဒ်ကို သေဒဏ်ပေးပြီးတဲ့နောက် တစ်နှစ်မှာ ဟင်နရီဘုရင်ဟာ ကက်သရင်းပါးဆိုတဲ့ အမျိုးသမီးတစ်ယောက်ကို လက်ထပ်ယူခဲ့ပြန်ပါတယ်။ ကက်သရင်းပါးဟာ ဟင်နရီရဲ့ အရင်က နှစ်ခါ လက်ထပ်ဖူးတဲ့ မုဆိုးမ တစ်ယောက်ဖြစ်ပါတယ်။ သူဟာအသက် ၃၁ နှစ်အရွယ် လေးနက်သော၊ ပညာတတ်သော၊ ဘာသာရေးမှာ နှစ်ထဲမွေ့သော အမျိုးသမီးဖြစ်ပါတယ်။သူဟာခြေထောက်က အနာကြောင့်ကောင်းစွာမမာတဲ့ ဟင်နရီဘုရင်ကို ကောင်းစွာပြုစုယုယ ပေးပါတယ်။ ဘုရင်ကြီးရဲ့ သမီးတော်များဖြစ်တဲ့ မေရီမင်းသမီးနဲ့ အဲလိဇဘက်မင်းသမီးတို့ကိုလည်း ဖခမည်းတော်နဲ့ အဆင်ပြေအောင် ဆက်သွယ်ပေးပါတယ်။ ဟင်နရီဟာ ကက်သရင်းပါးနဲ့ သုံးနှစ်မျှပေါင်းပြီး ၁၅၄၇ ခုနှစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ခဲ့ပါတယ်။ ကက်သရင်းပါးအရင် ဟင်နရီကွယ်လွန်ခဲ့တာဟာ ကက်သရင်းပါးအတွက် ကံကောင်းတယ်လို့ ဆိုရမှာပါ။

ဟင်နရီဟာ ရိုမန်ကက်သလစ် ခရစ်ယာန်ဘာသာဝင် ဘုရင်ဖြစ်ပါတယ်။ ကွယ်လွန်သူ နောင်တော်ရဲ့ဇနီး မုဆိုးမကို လက်ထပ်ယူစဉ်ကတည်းက သူကိုးကွယ်တဲ့ ဘာသာက ခွင့်မပြုဘူးဆိုတာ သိထားသူဖြစ်ပါတယ်။ နှစ်ဖက်သော ဖခမည်းတော်များက ပုပ်ရဟန်းမင်းကြီးထံက ခွင့်ပြုချက်ကို တောင်းခံပေးလို့ လက်ထပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ခွင့်ပြုမိန့်ကလည်း ကွယ်လွန်သူ အိမ်ရှေ့မင်းသားနဲ့ လက်ထပ်ပြီး တစ်မိုးတည်းအောက်မှာ ခုနှစ်လနေခဲ့သူ ကက်သရင်းဟာ အိမ်ရှေ့မင်းနဲ့ မငြိစွန်းခဲ့ဘူးဆိုတဲ့ ယုတ္တိမတန်တဲ့ အပြောပေါ်မှာ အခြေပြုပေးခဲ့တာပါ။ အဲဒီအချက်ကို ဘယ်သူမှလည်း မယုံပါဘူး။

အာရဂွန်မင်းသမီး အသက်ကြီးလာတဲ့အခါမှာ ဟင်နရီမှာ များလှသောင်းသောင်း မောင်းမအပေါင်းလည်း ရှိနေလျက်နဲ့ အန်ဘိုလင်ကို တရားဝင် ယူချင်လာပြန်ပါတယ်။

အဲဒီအခါကျတော့လည်း နောင်တော်ရဲ့ဇနီးဖြစ်ခဲ့လို့ ကက်သရင်းဟာ ဟင်နရီအဖို့ တရားဝင်ဇနီးမဖြစ်ခဲ့ပါဘူးလို့ မရှက်နိုင် မကြောက်နိုင် ပြောပြန်ပါတယ်။ နောက်တော့ သာသနာရေးကိုတောင် ပြုပြင်ပြောင်းလဲပြီး အန်ဘိုလင်ကို အရယူကာ ကက်သရင်းကို ကွာခဲ့ပါတယ်။

အန်ဘိုလင်ကိုလည်း စိတ်တိုင်းမကျတဲ့အခါမှာ အမှုဆင်ပြီး ခေါင်းဖြတ်သတ်ပြန်ပါတယ်။ နောက်တစ်ခါ လက်ဆက်သူ့ဂျိန်းဆေးမွားကတော့ သူ့ကြမ္မာနဲ့သူ မျက်နှာမြင်ရင်းကွယ်လွန်ခဲ့ပါတယ်။ ဂျိန်းဆေးမွားမွေးဖွားပေးခဲ့သူကတော့ ဟင်နရီ လိုချင်လှပါတယ်ဆိုတဲ့ သားယောကျ်ားကလေးပ

သားရပြီးပေမယ့် ဟင်နရီဟာ ခြေမငြိမ်သေးပါဘူး။ အန်ဆော့ဖ်ကလိဗ်ကို နိုင်ငံရေးအကျိုးအမြတ်လိုချင်လို့ လက်ထပ်ပါတယ်။ ပြီးတော့လည်း အန်ကအရုပ်ဆိုးလို့ကွာပြီး လှပေချော့ပေဆိုတဲ့ ကက်သရင်းဟိုဝပ်စ်ကို လက်ထပ်ပါတယ်။ သူ့ကိုမချစ်ဘဲ ငယ်ချစ်ကိုသာ တမ်းတနေလို့ ခေါင်းဖြတ်ကာ သတ်ပြန်ပါတယ်။ နောက်ဆုံးတော့လည်း ကက်သရင်းပါးဆိုသူ နှစ်ထပ်ကွမ်း မုဆိုးမကလေးရဲ့ရင်ခွင်မှာ ခေါင်းချသွားပါတော့တယ်။



အနုလိုချုပ်ပြီး ပြောခဲ့တဲ့အထဲမှာ ကွာရှင်းခံရသူ၊ သေဒဏ်အပြစ်ပေးခံရသူ၊ သေဆုံးသူ၊ ကျန်ရစ်သူ မိဖုရားများအကြောင်းကိုသာ ပြောနိုင်ပါတယ်။ တကယ်တော့ ဟင်နရီမိဖုရားများများ ယူဖို့အရေးမှာ အသက်စတေးသွားရသူ မှူးကြီးမတ်ရာများ၊ သာသနာ့ဝန်ထမ်းများရဲ့ အရေအတွက် အတော်များပါတယ်။

ကက်သရင်းအော့ဖ် အာရဂွန်မင်းသမီးကိုလည်း ချီးကျူးလိုပါတယ်။ သူ့ကိုကွာရှင်းပေးဖို့ နောက်ဆုတ်ပေးဖို့ အကျပ်ကိုင်တောင်းဆိုတိုင်း ကြံ့ကြံ့ခံပြီး ငြင်းဆိုခဲ့ပါတယ်။ နောက်ဆုံးတော့လည်း ဘုရင့်အာဏာနဲ့ သာသနာတော်ကိုတောင် ပြင်နေမှ သူလိုမိန်းမသားမှာ အရာကျရတော့တာပါပဲ။ ခေါင်းဖြတ်ပြီး အသတ်ခံရသူ အန်ဘိုလင်နဲ့ ကက်သရင်းဟိုဝပ်ဒ်တို့နှစ်ဦးကလည်း ချီးကျူးစရာပါပဲ။ သေဒဏ်ကို မကြောက်ရွံ့ဘဲ ရင်ဆိုင်ပြီး သူတို့ပြောချင်တဲ့အကြောင်းကို ပရိသတ်ကြားအောင် ပြောသွားသေးတာပါပဲ။

ဟင်နရီဘုရင်မိဖုရားများတဲ့အကြောင်း ပြောရတာ အကြောင်းနှစ်ခုရှိပါတယ်။ မြန်မာနိုင်ငံက ဘုရင်များအကြောင်းကို ရေးကြပြောကြရင် မိဖုရားအများကြီးထားတာကို တယ်ပြီးအပြစ်ပြောတတ်ကြပါတယ်။ နယ်ချဲ့သမိုင်းဆရာများက သာပြီးဆိုးပါတယ်။ တကယ်တော့ သူတို့ရဲ့ ဘုရင်များဟာ ခရစ်ယာန်ဘာသာအရ မိဖုရားတစ်ပါးသာ ထားခွင့်ရှိပါတယ်။ တရားမဝင်ထားတဲ့ မောင်းမမိဿံအရေအတွက်ကလည်း မနည်းရတဲ့အထဲမှာဟင်နရီလို ဝိနည်းရှောင်ပြီး လိုချင်တဲ့မိန်းမကိုရအောင်ယူတဲ့ ဘုရင်လည်း ရှိသေးတယ်ဆိုတာ သိစေချင်တာကတစ်ကြောင်း၊ သူ့ရဲ့မိဖုရားများဖြစ်ရတာ သူ့သဘောနဲ့အတွေ့ရင် ခေါင်းနဲ့ကိုယ် အိုးစားကွဲရတတ်တယ်ဆိုတာ သိစေချင်တာက တစ်ကြောင်းမို့ ဒီဆောင်းပါးကို ရေးရပါတယ်။

မြားနတ်မောင်၊ ဂျွန်-၉၁

× × × × ×

www.burmeseclassic.com

www.burmeseclassic.com




# ဘုရင်မ အဇ်ဘယ်လာ

## (၁၄၅၂–၁၅၀၄)

ကမ္ဘာ့သမိုင်းတွင် အရေးကြီးသောဖြစ်ရပ်များ များစွာ ဖြစ်ပွားခဲ့သည်။ ထိုထိုသော အရေးကြီးသည့်ဖြစ်ရပ်များစွာအနက် စည်းလုံးသော စပိန်နိုင်ငံပေါ်ပေါက်ခြင်း၊ စပိန်သာသနာ့ခုံရုံးပေါ်ပေါက်ခြင်း၊ ကိုလန်ဘတ်စ်သည် တောင်အမေရိကတိုက်သို့ ရောက်ရှိခြင်းစသည့် သမိုင်းဖြစ်ရပ်တို့သည် စပိန်ဘုရင်မအဇ်ဘယ်လာနှင့် တိုက်ရိုက်ပတ်သက်နေသည်။

စပိန်နိုင်ငံဟု မပေါ်ပေါက်မီက စပိန်နိုင်ငံ၏ လက်ရှိနယ်နမိတ်အတွင်းတွင် ကက်စတီးနှင့် အာရဂွန်ဟုခေါ်ဆိုသော နယ်နှစ်ခုရှိခဲ့သည်။ ကက်စတီးသည် အာရဂွန်ထက် ကျယ်ဝန်းသည်။ ထိုကက်စတီးနယ်တွင်(၁၅)ရာစု အလယ်ပိုင်းတွင် ဒုတိယဆြောက် ဂျွန်ဘုရင် စိုးစံခဲ့သည်။ ထိုဘုရင်တွင် မိဖုရားနှစ်ပါးရှိခဲ့ရာ ပထမမိဖုရားတွင် ဟင်နရီ အမည်ရှိ သားတော်တစ်ပါး ဖွားမြင်သည်။ ဒုတိယမိဖုရားတွင် အယ်လ်ဖွန်ဆိုနှင့် အဇ်ဘယ်လာအမည်ရှိသော သားတော်တစ်ပါးနှင့် သမီးတော်တစ်ပါး ဖွားမြင်ခဲ့သည်။

သားတော်အကြီး ဟင်နရီက ဖခင်ကွန်လွန်ချိန်တွင် စတုတ္ထမြောက် ဟင်နရီဟူသောဘွဲ့ဖြင့် ထီးနန်းဆက်ခံခဲ့သည်။ ဟင်နရီဘုရင်က ခမည်းတော်၏ ဒုတိယမိဖုရားနှင့် အဖေတူအမေကွဲ နှမတော်ကို အဝေးမြို့တစ်မြို့သို့ ပို့ထားခဲ့သည်။ အဇ်ဘယ်လာ၏မိခင်သည် အနှောင့်အယှက်ရာယ် မကောင်းသောဘဝတွင် နေရသူပီပီ ဘုရားတရားကို လွန်စွာဆည်းကပ်သည်။ သမီးတော်ကလေးကိုလည်း ဘုရားတရား၌ လွန်စွာသက်ဝင်ကိုင်းရှိုင်းအောင် နေ့ရှိသရွေ့ သွန်သင်ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထဟင်နရီဘုရင်ကို တိုင်းသူပြည်သားများက မကြည်ညိုပါ။ အကြောင်းမှာ သူ၏လက်ထက်တွင် နိုင်ငံ၏ တိုးတက်ရာတိုးတက်ကြောင်းကို လုပ်ဆောင်ပေးနိုင်ခြင်းလည်း မရှိ။ နန်းတော်တွင် လေလွင့်ပေါ့တန်သူများ ဝင်ထွက်ကျက်စားလေ့ရှိသည်။ သူ၏ မိဖုရားမှာလည်း ပြည်သူအများ၏စိတ်တွင် သိက္ခာရှိသည်ဟု အထင်ကြီးခံရသူမဟုတ် စသည်တို့ကြောင့် မကြည်ညိုခြင်းဖြစ်သည်။ ဟင်နရီတွင် သမီးတော်တစ်ပါး ထွန်းကားခဲ့သည်။ သို့သော် တိုင်းသူပြည်သားများက ထိုသမီးတော်ကို သူ၏ရင်သွေးစစ်စစ်ဟု လက်ခံယုံကြည်ခြင်း မရှိကြပေ။

ဟင်နရီသည် အများပြည်သူနှင့် အစ်ဘယ်လာတို့ လွတ်လပ်စွာဆက်ခံခွင့် ရှသွားမည်စိုးသောကြောင့် အစ်ဘယ်လာကို မြို့တော်တွင် ပြန်လည်နေထိုင်ရန် ဆင့်ခေါ်လိုက်သည်။

မြို့တော်တွင် ပြန်လည်နေထိုင်ခွင့်ရသည်နှင့် အစ်ဘယ်လာသည် အများ၏အာရုံစိုက်မှုကို ပိုမိုခံရတော့သည်။ အသက် (၁၆)နှစ် အရွယ် အရပ်မြင့်မြင့်၊ အသားအရေချောမွတ်ကာ၊ မျက်လုံးပြာပြာ၊ ဆံပင်နီညိုရောင်နှင့် ဆွဲဆောင်မှုရှိသူ ဘုရင့်သမီးအစ်ဘယ်လာကို ဥရောပမှ နယ်စပ်ပြည်ထောင် မင်းသားများက လက်ဆက်ခွင့် တောင်းခံလာကြသည်။

အစ်ဘယ်လာသည် မင်းသားများအနက်မှ အာရဂွန်နယ်သား မင်းသားဖာဒီနန်ကို ကြင်ဖက်သက်လျာအဖြစ် ရွေးချယ်ခဲ့သည်။ ဖာဒီနန်သည် အာရဂွန်နယ်မှ ဥပရာဇာဖြစ်သည်။

၁၄၆၉ ခုတွင် အစ်ဘယ်လာနှင့် ဖာဒီနန်တို့သည် ခရစ်ယာန်ထုံးစံနှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့ကြသည်။ ထိုလက်ထပ်ပွဲသည် ဘုရင်ဟင်နရီ၏မျက်ကွယ်တွင် ကျင်းပခဲ့သောကြောင့်သာ ထမြောက်အောင်မြင်ခြင်းဖြစ်သည်။ လက်ထပ်ပြီးသည့်အခါမှ သိရသောဟင်နရီက ကန့်ကွက်သည့်တိုင် ဘာသာတရားအရ တရားဝင်လက်ထပ်ပြီးသည်ကို ပယ်ဖျက်၍မရချေ။

ဟင်နရီ၏ အုပ်ချုပ်ရေးမူဝါဒသည် အပြောင်းအလဲမရှိသဖြင့် သူ့ကို တိုင်းသူပြည်သားအများက တစ်စထက်တစ်စ အကြည်ညိုမဲ့လာကြသည်။ ဘုရင်၏ အာဏာစက်ကိုလည်း လက်သင့်မခံလိုကြသဖြင့် နိုင်ငံတွင် မင်းမဲ့စရိုက် ထွန်းကားလာသည်။ ၁၄၇၄ ခုနှစ်တွင် ဟင်နရီ



ဘုရင် ကွယ်လွန်သည်။ ထိုအချိန်တွင် တိုင်းသူပြည်သားများက သူ၏သမီးတော်ကို ဖယ်ရှားကာ အစ်ဘယ်လာကို နန်းတင်ခဲ့ကြလေသည်။

အစ်ဘယ်လာ၏ ကြင်ရာတော်သည် နောက်(၅)နှစ်ကြာသည့်အချိန်တွင်မှ အာရဂွန်နယ်ကို ဆက်ခံခွင့်ရသည်။ ထိုအချိန်တွင် ဘုရင်နှင့်ဘုရင်မတို့၏ဘဝမှာ တစ်ခုတည်းပေါင်းစည်းထားသကဲ့သို့ သူတို့ ပိုင်ဆိုင်အုပ်ချုပ်နေသော နိုင်ငံနှစ်နိုင်ငံမှာလည်း တပေါင်းတစည်းတည်း ဖြစ်လာကြသည်။

ထိုသို့ပေါင်းစည်းကာစက နယ်သူနယ်သားများ၏ အလိုနှင့်ဆန့်ကျင်ရာမကျလေအောင် လွှတ်တော်ကို သီးခြားစီ ခွဲထားခဲ့သည်။ သို့သော် တစ်စတစ်စ နယ်နှစ်နယ်ပေါင်းသည်ဟူသော အမြင်မှေးမှိန်လာကာ နိုင်ငံတစ်နိုင်ငံတည်းဟူသော အမြင်သည် ပို၍ပီပြင်လာသည်။ နိုင်ငံသားများ၌လည်း ဒေသစွဲစိတ်ဓာတ်ထက် နိုင်ငံစွဲစိတ်ဓာတ် ပိုမိုရင့်သန်လာခဲ့သည်။

စည်းလုံးသော စပိန်နိုင်ငံတွင် ယခင်က မခံစားရဘူးသောနိုင်ငံရေးတည်ငြိမ်မှုကို ခံစားကြရသည်။ ဘုရင်မသည် အုပ်ချုပ်ရေးကို ကိုင်တွယ်ပြီးနောက် တရားဥပဒေများကို စိစစ်ပြဋ္ဌာန်းခြင်း၊ ကူးသန်းရောင်းဝယ်မှုဖွံ့ဖြိုးစေခြင်း၊ စိုက်ပျိုးရေးကိုတိုးချဲ့ခြင်း၊ ငွေကြေးစနစ်ကို ပိုမိုခိုင်မာလာစေခြင်း စသည့် နိုင်ငံအုပ်ချုပ်မင်းလုပ်ရာတွင် ကျွမ်းကျင်သည့်သူများမှသာ ကောင်းစွာဆောင်ရွက်နိုင်သော အမှုကိစ္စများကို ဆောင်ရွက်ခဲ့သည်။

နှောင်တော် ဟင်နရီ၏လက်ထက်က ဘုရင့်အာဏာကို ဖီဆန်အန်တုကျင့်ရှိခဲ့သော မှူးမတ်များကိုလည်း ဘုရင်မက ပြန်လည်ကျိုးနွံလာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

တိုင်းသူပြည်သားများကလည်း ဟင်နရီဘုရင်နှင့် မတူ၊ တစ်မူထူးခြားသော ဘုရင်မကို လေးစားကြပါသည်။ သူတို့၏အမြင်တွင် ဘုရင်မသည် ထက်မြက်၍ သဘောထားမှန်သည်။ ရုပ်ရည်ချောမောလှပသည့်အပြင် သိက္ခာလည်း ကြီးမားသည်ဟု ဂုဏ်ယူကြပါသည်။

ဘုရင်မ၏ နန်းတော်တွင် ယခင်ခေတ်များမှာတုန်းကကဲ့သို့ သိမ်ဖျင်းပေါ့တန်သူများ ဝင်ထွက်ကျက်စားနိုင်ခြင်း မရှိတော့ပေ။ ပညာ

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကြီးမားသော အသိပညာ၊ အတတ်ပညာ၊ အနုပညာတို့တွင် ထူးချွန်သောသူများ ဝင်ထွက်ခစားနိုင်ခွင့် ရလာပါသည်။ ဟင်နရီဘုရင် လက်ထက်နှင့် မတူတော့ဟုဆို၍ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော နေရာတစ်ခုအဖြစ်သို့ ရောက်ရှိသွားပြီဟု ယူဆလျှင် မှားမည်ဖြစ်သည်။ ပျော်ပွဲရွှင်ပွဲများ၊ စွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးလေ့ရှိသဖြင့် နန်းတော်မှာ စိုပြေမြဲ စိုပြေလျက်ရှိသည်။

တင်ပြခဲ့သော အကြောင်းအရာတို့သည် ပုံပြင်တစ်ခုပါ အချက်အလက်များသာဖြစ်ပါက နိဂုံးချုပ်၍ ရပြီဖြစ်သည်။ မင်းသားနှင့် မင်းသမီးလည်း ပေါင်းပြီးကြ၍ နိုင်ငံလည်း တည်ငြိမ်းကြပြီဖြစ်ရာ ပုံပြင်ဆိုလျှင် ပျော်ရွှင်စွာ အသက်ထက်ဆုံး ပေါင်းကြလေသတည်းဟု နိဂုံးစကားပြော၍ရပြီ။ သို့သော် ဘုရင်မ အဲလိဇဘက်လာ၏အကြောင်းသည် ပုံပြင်မဟုတ်သဖြင့် ဆက်လက်ပြောရင် စကားများစွာ ကျန်နေသေးသည်။

ဘုရင်မသည် ထီးနန်းအုပ်ချုပ် မင်းမလုပ်ခင်ကပင် သာသနာစောင့်မင်းတို့ဆောင်ရွက်သင့်သော အလုပ်တစ်ခုကိုလုပ်ပါမည်ဟု မိမိ ကိုးကွယ်သော ဆရာတော်တစ်ပါးကို ကတိပေးထားခဲ့ဖူးသည်။ သူကိုယ်တိုင်ကလည်း ဘုရားတရားကို လွန်စွာကိုးကွယ်ဆည်းကပ်ရန် တစေသွန်သင်ခြင်းကို ခံခဲ့ရသူဖြစ်သည်။ ထိုခေတ်က အယူအဆအရ သာသနာစောင့်မင်းတို့၏အလုပ်မှာ ရိုမန်ကက်သလစ် ခရစ်ယာန်သာသနာကို သန့်စင်အောင် ထိန်းခြင်းဖြစ်သည်။

ဘုရင်မ အဲလိဇဘက်လာသည် စပိန်နိုင်ငံရှိ သာသနာရေး သန့်စင်မှုကို ပြုပြင်ဆောင်ရွက်ရာတွင် ပုပ်ရဟန်းမင်းကြီးထံမှ အမိန့်ကိုခံ၍ ဆောင်ရွက်ရန် မလိုလားပေ။ ထို့ကြောင့် စပိန်နိုင်ငံအတွင်းတွင် ဘုရင်မ၏ အာဏာကိုသုံးကာ သာသနာရေးခုံရုံးတစ်ခု ဖွဲ့စည်းခွင့်ပေးရန်၊ သာသနာရေးတရားစီရင်ခွင့်ကို ဘုရင်မဆန္ဒရှိသည့်အတိုင်း ဆောင်ရွက်ခွင့်ပေးရန် ရဟန်းမင်းကြီးထံမှ ခွင့်တောင်းခဲ့ပါသည်။ ထိုစဉ်က ရဟန်းမင်းကြီးများမှာလည်း -သက်ဦးဆံပိုင်ဘုရင်များနှင့် ပနံစားအောင် ကျင့်ကြံကြသူများဖြစ်ရာ ဘုရင်မအလိုအတိုင်း ဆောင်ရွက်ရန် အခွင့်ကို လွယ်လွယ်ကူကူပင် ပေးခဲ့ပါသည်။ သာသနာရေးကိစ္စများကို လက်ဝယ်ထား၍ ဆောင်ရွက်နိုင်အောင် ကြံဆောင်ခြင်းသည် ဘုရင်မ၏ထက်မြက်မှုကို ပြနေသော အချက်ဖြစ်သည်။



ဘုရင်မ၏ ထက်မြက်မှုသည် ရက်စက်မှုနှင့် ဒွန်တွဲနေသည်ဖြစ်ရာ တိုင်းသူပြည်သားအချို့မှာ များစွာပင်ပန်းဆင်းရဲကြရသည်။ ထိုသူများမှာ ပဝေသဏီကပင် စပိန်နိုင်ငံဖြစ်လာမည့် နယ်များအတွင်းတွင် အခြေချနေခဲ့ကြသော ဂျူးလူမျိုးများနှင့် မိုးလူမျိုးများ ဖြစ်ကြပါသည်။ ဂျူးတို့သည် ခရစ်ယာန်တို့၏သံသယဖြင့် ဆက်ဆံခြင်းကို ခရစ်ယာန်ဘာသာ၏သမိုင်းအစကပင် ခံကြရသူများဖြစ်သည်။ မိုးတို့မှာမူ မူဆလင်ဘာသာဝင်များဖြစ်သည်။

ထိုဂျူးလူမျိုးများနှင့် မိုးလူမျိုးများသည် တစ်စထက်တစ်စ ခရစ်ယာန်ဘာသာဝင်ခဲ့ကြရာ ထိုသို့ ဘာသာပြောင်းသူများ စပိန်တွင် အရေအတွက်များခဲ့ပါသည်။ ထိုသူများသည် မိမိတို့၏ အယူအဆဟောင်းကို မစွန့်ဘဲ ခရစ်ယာန်ဘာသာဝင်များဖြစ်လေဟန်၊ ဟန်ဆောင်ကြသူများဟု ဘုရင်မ၏ ပတ်ဝန်းကျင်တွင် လက်ခံသုံးသပ်ကြသည်။

ဘုရင်မ တိုက်ရိုက်အုပ်ချုပ်စီမံသည့် သာသနာ့ခုံရုံးတော်က ထိုသူများကို ရုံးတင်စစ်ဆေး အပြစ်ပေးလေ့ရှိသည်။ ထိုစပိန်သာသနာ့ခုံရုံးတော်တွင် အသုံးပြုသည့် စစ်ဆေးနည်းများသည် နောင်ခေတ်လူတို့အဖို့ စိတ်ကူးရန်ပင် ခဲယဉ်းသည့် ရက်စက်သောနည်းများဖြစ်သည်။ ထိုနည်းများဖြင့် စွပ်စွဲချက်ဟူသမျှကို ဝန်မခံလျှင်လည်း အပြစ်ကျအောင်၊ ဝန်ခံလျှင်လည်း အပြစ်ရအောင် စစ်ဆေးအပြစ်ပေးလေ့ရှိပါသည်။ အပြစ်ပေးရာတွင်လည်း သေဒဏ်ကိုသာ အများဆုံးပေးလေ့ရှိပါသည်။ သေဒဏ်ပေးခြင်းမခံရသူများမှာလည်း သေရာပါဒဏ်ရာဒဏ်ချက်များဖြင့် ဒုက္ခိတဘဝ ရောက်ကြရတော့သည်။

မီးရှူးတိုင်များအဖြစ် သေဒဏ်ပေးခင်းခံရသူများ၏အရေအတွက်မှာ အနှစ်အစိတ်အတွင်း (၂၈၀၀၀)မျှ ရှိသည်ဟု ဆိုပါသည်။ ထိုအရေအတွက် အနက်မှ (၁၂၀၀၀)မှာ မီးရှို့၍ အသတ်ခံရသူများဖြစ်ပါသည်။

ဘုရင်မနှင့် ကြင်ရာတော်တို့သည် စပိန်နိုင်ငံအတွင်းတွင် သာသနာ့ခုံရုံးဖွဲ့၍ အယူမတူသူများကို နှိမ်နင်းရင်း တစ်ဖက်ကလည်း စပိန်၏ တောင်ပိုင်းတွင်ရှိသော ဂရင်နာဒါပြည်ကို တိုက်ခိုက်သိမ်းပိုက်ကြပြန်သည်။ ထိုပြည်သည် မူဆလင်ဘာသာဝင်များ၏ ပြည်ဖြစ်သည်။ စစ်ပွဲဆင်နွှဲရာတွင်လည်း အပြင်းထန်ဆုံး၊ အရက်စက်ဆုံးသောနည်းများကို

www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုသဖြင့် ဂရင်နာဒါကျဆုံးသည်နှင့် ကြွယ်ဝသော မူဆလင် ယဉ်ကျေးမှု လက်ကျန်များ ထိုနယ်မှ ပျောက်ကွယ်သွားခဲ့သည်။

(၁၄၉၂)ခုနှစ်တွင် ဘာသာရေးနှင့်ပတ်သက်၍ ဥပဒေတစ်ရပ်ကို ဘုရင်မနှင့် ကြင်ရာတော်တို့က ထုတ်ပြန်ခဲ့သည်။ ထိုဥပဒေအရ ခရစ်ယာန်ဘာသာကို ယုံကြည်ကိုးကွယ်ခြင်းမရှိကြသည့် ဂျူးလူမျိုးနှင့် မိုးလူမျိုးတို့သည် စပိန်နိုင်ငံမှ ထွက်ခွာသွားကြရသည်။

ထိုကဲ့သို့ သာသနာရေးကိစ္စများကို ပြင်းပြင်းထန်ထန် ဆောင်ရွက်နေသော ဘုရင်မအစ်ဘယ်လာသည် ခေတ်မီသောအလုပ်တစ်ခုကိုလည်း လုပ်ခဲ့ပေသေးသည်။ ထိုအလုပ်မှာ အနောက်ဘက်ရှုးရှူးသို့ ရွက်လွှင့်ခြင်းဖြင့် အရှေ့တိုင်းနိုင်ငံများသို့ ရောက်နိုင်သည်ဟု တင်ပြလာသော ဂျီနိုအာမြို့သား ကိုလန်ဗတ်စ်ကို သင်္ဘောနှင့် သင်္ဘောသားများသာမက စရိတ်စကများကိုပါ တာဝန်ယူ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ကိုလန်ဗတ်စ်၏ အယူအဆသည် မှန်ကန်ပါသည်။ သို့သော် ထိုခရီးစဉ်၏ အကြား၌ ထိုစဉ်က ဥရောပနိုင်ငံသားများမသိသေးသော အမေရိကတိုက်ကြီး နှစ်တိုက် ရှိနေသည်ဖြစ်ရာ ကိုလန်ဗတ်စ်သည် တောင်အမေရိကတိုက်သို့သာ ရောက်ခဲ့သည်။ ကိုလန်ဗတ်စ်၏ ရှေ့ပြေးတွေ့ရှိချက်များကြောင့် စပိန်တို့သည် ကြွယ်ဝသော ကိုလိုနီနိုင်ငံများကို တောင်အမေရိကတိုက်တွင် သိမ်းပိုက်နိုင်ခွင့် ရခဲ့ကြသည်။

အလယ်ခေတ်မှ အသိအမြင်ကောင်းစွာ ပွင့်လင်းမှု မရှိသေးသော ဘုရင်မတစ်ပါး၏ လုပ်ရပ်များသည် အစွန်းများစွာ ပါရှိပေသည်။ စပိန်နိုင်ငံထူထောင်ခြင်းသည် ခေတ်မီသည်။ ရေကြောင်းခရီးသစ် ရှာဖွေခြင်းသည် ခေတ်ရှေ့ပြေးသည်။ ထိုအပြုသဘောလုပ်ရပ်များကြောင့် စပိန်သည် နယ်ချဲ့အရင်းရှင်နိုင်ငံဖြစ်ရန် အင်အားအခြေအခံ ရလာသည်။ ကေရာဇ်နိုင်ငံအဖြစ်လည်း ဥရောမင်းအများက ခန့်ညားရသော အခြေအနေကို ထူထောင်နိုင်သည်။

သို့သော် သာသနာရေးအတွက် သူမတွေအောင် နှိပ်စက်ခြင်းကြောင့် နိုင်ငံအင်အား လျော့ပါးရသည်။ နိုင်ငံတွင်းတွင် ကောင်းရောင်းကောင်းဝယ်ပြု၍ အသက်မွေးခဲ့ကြသော လုပ်ငန်းရှင်များ၊ လုပ်ငန်းကျွမ်းကျင်သူများသည် ဂျူးလူမျိုးများ၊ မိုးလူမျိုးများဖြစ်သည်ဟုဆိုကာ



နှင်ထုတ်သောကြောင့် ထွက်ခွာသွားခဲ့ကြရသည်။ ထိုအကြောင်း၏ အကျိုးဆက်မှာ စပိန်နိုင်ငံ၏ စီးပွားရေး ကျဆင်းလာခြင်းပင်ဖြစ်သည်။ ထို့ကြောင့် စပိန်သည် တက်လုဆဲဆဲမှာပင် အားအင်ကုန်ခန်းသည့် အဖြစ်နှင့် ရင်ဆိုင်ရသည်။

အစ်ဘယ်လာသည် အမှန်ကိုလုပ်သည့်အခါတွင်လည်းကောင်း အမှားကိုကျူးလွန်သည့်အခါတွင်လည်းကောင်း ပြတ်ပြတ်သားသားရှိသည်ကို တွေ့ရသည်။ မွေးဖွားလာသည့် အချိန်မှစ၍ အာဏာကို အစွမ်းကုန် သုံးနိုင်ခွင့်ရှိသည်ဟူသော အသိဖြင့် ကြီးပြင်းမွေးဖွားလာသူတို့သည် တစ်ဘက်စွန်းရောက်သည့်အခါတွင် အရက်စက်ကြီးရက်စက်တတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထိုအချက်နှင့်ပတ်သက်၍မူ မိန်းမဖြစ်သည်၊ ယောကျ်ားဖြစ်သည်ဟု ခွဲခြားရန်မလိုပေ။ အစ်ဘယ်လာသည် အာဏာ၏အစွမ်းကို ကောင်းစွာသိ၍ ကောင်းစွာအသုံးပြုခဲ့သော မိန်းမသားဖြစ်ပေသည်။

ကလျာမဂ္ဂဇင်း၊ ဇူလိုင်လ-၉၁

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



နပိုလီယံ၏ မိဖုရားများ

# နပိုလီယံ၏ မိဖုရားများ

အရင့်အရင်တုန်းကတော့ မိဖုရားများအကြောင်းကို ပြောတယ်ဆိုရင် မင်းအကြောင်းကို အထူးပြုပြီး မပြောခဲ့ပါဘူး။ အခုတစ်ခါမှာတော့ မဟာဆိုမဟာသွေးလို့ တင်စားကြရတဲ့ ပဒေသရာဇ်အနွယ် မိဖုရားနှစ်ပါးကို ဘိသိက်မြှောက်ကာ လက်ဆက်ခဲ့သူဟာ ပြင်သစ်လူမျိုးလည်း မဟုတ်၊ သရဖူဆောင်းမင်းမျိုးက ဆင်းသက်လာသူလည်း မဟုတ်တဲ့ နပိုလီယံ ဖြစ်နေပါတယ်။ အဲဒါကြောင့် သူ့အကြောင်းတော့ နည်းနည်းဖြစ်ဖြစ် ပြောပြချင်ပါတယ်။

နပိုလီယံမျိုးရိုးအမည်က ဘိုနာပတ်ဖြစ်ပါတယ်။ သူဟာ ကော်ဆီးကားကျွန်းသား အီတလီအနွယ်က ဆင်းသက်လာသူ ဖြစ်ပါတယ်။ ကော်ဆီးကားကျွန်းဟာ နပိုလီယံမမွေးမီ တစ်နှစ်ကျော်ကျော်လောက်ကမှ ပြင်သစ်လက်အောက်ကို ရောက်ခဲ့တာ ဖြစ်ပါတယ်။

နပိုလီယံ ကိုးနှစ်အရွယ်ရောက်တဲ့အခါ သူ့ဖခင်က သူတို့ ညီအစ်ကိုကို ပြင်သစ်နိုင်ငံပို့ပြီး စာသင်စေပါတယ်။ နောက်ပိုင်းမှာတော့ ပဒေသရာဇ်အနွယ်ဝင်များသာ တက်ရောက်သင်ကြားခွင့်ရတဲ့ စစ်တက္ကသိုလ်ကို ဝင်ခွင့်ရအောင် သူ့ဖခင်က "ကော်ဆီးကားကျွန်းက အနွယ်တော်" အဆက်ဖြစ်ပါတယ်ဆိုတဲ့ သက်သေပြရုက်တစ်ခုနဲ့ ကြံဆောင်လို့ ရခဲ့ပါတယ်။

နပိုလီယံဟာ စစ်တက္ကသိုလ်က ဆင်းလာတဲ့အခါမှာ ပြင်သစ်တပ်မတော်ထဲကို ဝင်ပါတယ်။ အဲဒီအချိန်မှာ သူ့အသက်က ၁၆နှစ်ပဲ ရှိပါသေးတယ်။ သူဟာ တော်လှန်ရေးသမား ရောဘတ်စပီးယားနဲ့ များစွာ ခင်မင်ပါတယ်။ အဲဒါကြောင့် ၁၇၈၉မှာ ဖြစ်ပွားတဲ့ ပြင်သစ် ဘူစွာ

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးမှာ သူဟာ တက်ကြွတဲ့ ဂျက်ကိုဘင် ဂိုဏ်းသားတစ်ယောက် ဖြစ်ခဲ့ပါတယ်။

ပြင်သစ်တော်လှန်ရေးဟာ အသွင်မျိုးမျိုးပြောင်းခဲ့လို့ ပြည်တွင်းရေးလည်း ရှုပ်ထွေးခဲ့ပါတယ်။ ၁၇၉၅ ခု ရောက်တဲ့အခါမှာ ပြည်တွင်းစစ်ကိုထိန်းပြီး ပြည်ပက ဝိုင်းဝန်းတိုက်ခိုက်တဲ့ ပဒေသရာဇ်နိုင်ငံများရဲ့ ရန်ကိုလည်း တွန်းလှန်နိုင်အောင် ဒါရိုက်ထရီဆိုတဲ့အဖွဲ့ ဖွဲ့ပြီး အုပ်ချုပ်ဖို့ စီစဉ်ကြပါတယ်။

ဒါရိုက်ထရီမှာ ဩဇာကြီးမားတဲ့ ဘားရပ်စ်ဆိုသူ စစ်ဗိုလ်ကြီးတစ်ဦးကို အကြောင်းပြုပြီး နပိုလီယံဟာ ဂျိုးဇက်ဖင်းနဲ့ သိကျွမ်းခဲ့ရပါတယ်။ ၁၇၉၆မှာ အီတလီစစ်ဆင်ရေးကို နပိုလီယံက ဦးဆောင်ပြီး အောင်မြင်အောင် ဆင်နွှဲခဲ့ပါတယ်။ အဲဒီက ပြန်လာပြီးတဲ့နောက် အပြောင်းအလဲကို လိုချင်နေတဲ့လူတွေဟာ ပြင်သစ်မှာ အုံကြွနေပါတယ်။ အဲဒါကြောင့် အီတလီစစ်ဆင်ရေးကအပြန်မှာ နပိုလီယံဟာ ဒါရိုက်ထရီကို ဖယ်ရှားပြီး သူ့လက်ထဲမှာ အာဏာဟူသမျှ ဆုပ်ကိုင်ထားနိုင်သူ ပထမကောင်ဆယ်လူကြီးအဖြစ် ခံယူလိုက်ပါတော့တယ်။ ၁၇၉၉က သူလုံးဝကျဆုံးသွားတဲ့ ၁၈၁၄ခုနှစ်အထိ အချိန်ကာလ အတောအတွင်းမှာ ဥရောပအရေးအခင်းမှန်သမျှ သူ့လှုပ်ရှားမှုနဲ့ မကင်းခဲ့ပါဘူး။ အဲဒါကြောင့် အဲဒီကာလကို နပိုလီယံခေတ်လို့တောင် တင်စားခေါ်ဆိုလေ့ရှိပါတယ်။

ပြင်သစ်နိုင်ငံမှာ ဖြစ်ပွားတဲ့ ဘူဇွာတော်လှန်ရေးရဲ့ကြွေးကြော်သံများကတော့ လွတ်လပ်ခြင်း၊ ချစ်ကြည်ခြင်းနဲ့ ညီမျှခြင်းတို့ဖြစ်ကြပါတယ်။ ဥရောပတစ်ခွင်ကို နပိုလီယံရဲ့ စစ်ဆင်ရေးမှာ ပါဝင်ပြီး ရောက်ရှိသွားကြတဲ့ ပြင်သစ်တပ်များကတစ်ဆင့် အဲဒီကြွေးကြော်သံများ ပျံ့နှံ့သွားပါတယ်။ ကြွေးကြော်သံများက သယ်ပိုးသွားတဲ့ အတွေးအခေါ်များလည်း ပျံ့နှံ့သွားပါတယ်။ အဲဒီလို အချိန်မျိုးမှာ တော်လှန်ရေးစတင်ရာ ပြင်သစ်နိုင်ငံမှာတော့ တော်လှန်ရေးနဲ့ဆန့်ကျင်တဲ့ ဖြစ်ရပ်များ ပေါ်ပေါက် ဖြစ်ပွားနေကြပြီ ဖြစ်ပါတယ်။

နပိုလီယံဟာ ၁၈၀၄ ခုမှာ ဥပဒေသစ်တစ်ရပ်ကို ရေးဆွဲကာ



လူထုရဲ့ထောက်ခံမှုကို ရယူပြီး ပထမမြောက်နပိုလီယံဆိုတဲ့ဘွဲ့နဲ့ ဘုရင်ဧကရာဇ်အဖြစ်ကို ရောက်လာခဲ့ပါတယ်။

၁၈၀၄ခု ဒီဇင်ဘာလ ၂ ရက်မှာ နပိုလီယံ အဘိသိက်ခံတဲ့ပွဲကို ပါရီမြို့ ရှေးဟောင်းနော်ထရာဒမ် ဘုရားရှိခိုးကျောင်းကြီးမှာ ဆင်ယင်ကျင်းပခဲ့ပါတယ်။ မင်းပရိတ်သတ်အပေါင်းရဲ့မျက်မှောက်မှာ မင်းမြှောက်တန်ဆာ စုံလင်စွာဆင်ယင်ထားတဲ့ နပိုလီယံရဲ့ဦးခေါင်းထက်ကို ပုပ်ရဟန်းမင်းကြီး ပိုင်းယပ်စ်က သရဖူဆောင်းပြီး မင်းမြှောက်ပေးရမှာဖြစ်ပါတယ်။ နပိုလီယံဟာ မိနစ်ပိုင်းနောက်ကျမှာတောင်မှ မစောင့်နိုင်ဘဲ ရဟန်းမင်းကြီးရဲ့လက်ထဲက သရဖူကို ကိုယ်တိုင်ယူပြီးတော့ သူ့ခေါင်းထက်မှာ သူကိုယ်တိုင် ဆောင်းလိုက်ပါတယ်။ အဲဒီလိုထူးခြားတဲ့ ဘိသိက်ခံပွဲမှာ သူ့လက်နဲ့ သရဖူကိုဆောင်းပေးပြီး မိဖုရားမြှောက်လိုက်သူကတော့ ဂျိုးဇက်ဖင်းဆိုသူ ဖြစ်ပါတယ်။

ဂျိုးဇက်ဖင်းကို ၁၇၆၃ မှာ မာတိနီဆိုတဲ့နယ်မှာ မွေးဖွားပါတယ်။ သူ့ဖခင်ကတော့ အငြိမ်းစားရေတပ်ဗိုလ်တစ်ဦး ဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံမှာ အဲဒီအချိန်တုန်းကတော့ မျိုးရိုးအဆင့်မြင့်ပါတယ်ဆိုတဲ့ မိသားစုက မွေးဖွားလာသူ မိန်းကလေးများဟာ လှပတဲ့ရုပ်ရည်နဲ့ ပြည့်စုံရင် မိန်းမသားတို့မှာ ရှိသင့်တဲ့ အကျင့်စာရိတ္တနဲ့ အခြားသော အရည်အချင်းများ ပြည့်စုံအောင် ကြိုးစားဖို့အရေးကို မတွေးတောကြပါဘူး။ ပို၍ပို၍ အဆင့်မြင့်တဲ့ ခင်ပွန်းသည်နဲ့ လက်ဆက်နိုင်ရေးကို ပိုပြီးအလေးထားကြပါတယ်။ အဲဒါကြောင့် လှပတဲ့ ဂျိုးဇက်ဖင်းဆိုသူကလေးဟာ အသက် ၁၆နှစ်အရွယ်ရောက်တာနဲ့ မှူးမတ်တစ်ဦးဖြစ်သူ အလက်ဇန္ဒား ဗိုဟားနစ်ဆိုသူနဲ့ လက်ထပ်ခဲ့ပါတယ်။ အဲဒီလို လက်ထပ်တဲ့အချိန်ဟာ တော်လှန်ရေးကြီးမဖြစ်မီ ၁၀နှစ်အလိုက ဖြစ်ပါတယ်။ ဂျိုးဇက်ဖင်းဟာ အဲဒီပထမခင်ပွန်းနဲ့ သားသမီးနှစ်ယောက် ထွန်းကားခဲ့ပါတယ်။

၁၇၈၉ ပြင်သစ်တော်လှန်ရေး ဖြစ်ပွားပြီးတဲ့နောက်မှာ မဟာဆိမဟာသွေး မဟာမျိုး မဟာနွယ်များဟာ ဘေးအန္တရာယ်အသွယ်သွယ်နဲ့ ကြုံရပါတယ်။ တော်လှန်ရေးရဲ့အခြေအနေတွေ ရှုပ်ထွေးလာလေလေ တော်လှန်ရေးကို အဖတ်ဆည်ဖို့ မယုံကြည်ရသူများကို သတ်ဖြတ်ကြလေလေ ဖြစ်လာပါတယ်။ အဲဒီတော့ ဂျိုးဇက်ဖင်းရဲ့ ခင်ပွန်းကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မဟာနွယ်ဖြစ်တယ်ဆိုတဲ့ ပြစ်ချက်နဲ့ ၁၇၉၄မှာ ဂီလော့တင်ဆိုတဲ့ ခေါင်းဖြတ်စက်ပေါ်တင်ပြီး ခေါင်းဖြတ်ကာ သေဒဏ်ပေးလိုက်ပါတော့တယ်။ အဲဒီအချိန်မှာ ဂျိုးဇက်ဖင်းဟာလည်း အကျဉ်းချထားခြင်း ခံခဲ့ရပါတယ်။ မသေကောင်းမပျောက်ကောင်းဆိုသလိုပါပဲ။ တော်လှန်ရေးရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ရောဘတ်စပီးယား ကျဆုံးသွားတဲ့အခါမှာ ဂျိုးဇက်ဖင်း ထောင်က ထွက်လာခဲ့ပါတယ်။

ပြည်ထဲအရေး ပေါက်နဲ့ကျေးဆိုသလိုပါပဲ၊ တော်လှန်ရေးကြောင့် အပြောင်းအလဲများစွာ ပေါ်ပေါက်ခဲ့ရာက ၁၇၉၅မှာ ဒါရိုက်ထရီလည်း ထူထောင်ပြီးရော ဂျိုးဇက်ဖင်းတစ်ယောက် ရွှေထီးဆောင်းတဲ့ ဘဝကို ရောက်ရပြန်ပါရော။ အဲဒါကတော့ ဒါရိုက်ထရီ အစိုးရမှာ အရေးပါတဲ့ ဘားရက်စ်ဆိုသူက ဂျိုးဇက်ဖင်းကို အရာထားပြီး မြှောက်စားခဲ့လို့ပါပဲ။ ပြင်သစ်ရဲ့ထုံးစံအတိုင်း သူတို့နှစ်ဦးစာ မကင်းမရှင်းတဲ့သူများအဖြစ် နေထိုင်ခဲ့ကြပါတယ်။

နပိုလီယံကတော့ အဲဒီအချိန်အထိ ၂၅နှစ်အရွယ် လူပျိုကြီးဘဝမှာပဲ ရှိနေပါသေးတယ်။ သူ့ရဲ့အစ်ကိုဖြစ်သူ လက်ထပ်တဲ့အခါမှာ သူ့ ခယ်မ ဖြစ်လာရှာသူကလေး ဒေဇီရေးနဲ့ မေတ္တာသက်ဝင် ချစ်ခင်ဖူးပါရဲ့။ သို့သော် နပိုလီယံဟာ သာမန်လူများလို အိမ်ရာတည်ထောင်ပြီး သားသမီးများပွားစီးကာ ပျော်စရာရှာမဲ့သူ မဟုတ်ပေဘူး။ သူနဲ့ ဆက်ဆံတဲ့သူဟာ သူ့ကို ပိုမိုတိုးတက်စေအောင် ကြံဆောင်ပေးနိုင်တဲ့သူ ဖြစ်ရပေမယ်။ ဂျိုးဇက်ဖင်းကတော့ အဲဒီဒါရိုက်ထရီခေတ် ပြင်သစ်နိုင်ငံရေးလှုပ်ရှားမှုရေး အသိုင်းအဝိုင်းမှာ ရှေ့တန်းရောက်နေသူတစ်ဦး ဖြစ်ပါတယ်။ ဒါတင်မက အမျိုးသမီးက ချစ်အောင်ခင်အောင် ဆွဲဆောင်တတ်သူဖြစ်ပါတယ်။ အဲဒါကြောင့် နပိုလီယံနဲ့ ချစ်တဲ့ဘဝကို လျင်လျင်မြန်မြန်ပဲ ရောက်သွားကြပါတယ်။

ဂျိုးဇက်ဖင်းဟာ သိပ်ပြီးစိတ်မပါပေမယ့် တိုးတက်မယ့် အရည်အသွေးကို ကြိုတင်သိနိုင်လောက်အောင် ပါးနပ်သူဖြစ်တဲ့အတွက် နပိုလီယံရဲ့ လက်ထပ်ခွင့်တောင်းမှုကို လက်ခံခဲ့ပါတယ်။ နပိုလီယံ အီတလီစစ်ဆင်ရေးအတွက် စစ်ထွက်မသွားခင် ၁၇၉၆ခု မတ်လ ၉ရက်နေ့မှာ သူတို့နှစ်ယောက်ဟာ မင်းပရိတ်သတ်များ ရှေ့မှောက်မှာ ထိမ်းမြား



လက်ထပ်ခဲ့ကြပါတယ်။ နပိုလီယံဟာ ဂျိုးဇက်ဖင်းကို လွန်စွာချစ်ခင်မြတ်နိုးခဲ့တယ်ဆိုတာ စစ်မြေပြင်ကနေပြီး ဂျိုးဇက်ဖင်းဆီရေးတဲ့ သူ့ရဲ့စာများက သက်သေခံနေပါတယ်။ ဂျိုးဇက်ဖင်းကတော့ အတွေ့အကြုံများတဲ့ ပါရီသူအမျိုးသမီး ဖြစ်ပါတယ်။ သူ့အဖို့ စစ်ထွက်သွားတဲ့သူကို လွမ်းဆွတ်တသနေဖို့ အချိန်လည်း မရှိပါဘူး။ ဝါသနာလည်း မပါပါဘူး။ အဲဒီတော့ ပါရီမှာရှိနေတဲ့ စစ်ဗိုလ်ကလေးတစ်ဦးနဲ့ ပျော်ပျော်ပါးပါးပဲ နေပါတယ်။ အဲဒီလိုနေတာဟာ လူသိရှင်ကြားမို့ နပိုလီယံလဲ သိသွားပါတယ်။ အဲဒါကြောင့် အီတလီက ပြန်လာတဲ့အခါ ဂျိုးဇက်ဖင်းကိုကွာရှင်းဖို့ သူကြိုးစားပါတယ်။

၁၇၉၉ဆိုတော့ နပိုလီယံခေတ်စပြီဖြစ်ပါတယ်။ နပိုလီယံကို ပထမကောင်ဆယ်အဖြစ် တင်မြှောက်ကြပြီးပါပြီ။ အဲဒီတော့ အာဏာ အရပ်ရပ်ကို နပိုလီယံက လက်ဝယ်ထားပြီး ပြင်သစ်တစ်နိုင်ငံလုံးကို စိုးမိုးချုပ်နိုင်ပြီဖြစ်ပါတယ်။ အဲဒီလို အခြေအနေ ကြီးမြင့်လာပြီဖြစ်တဲ့ နပိုလီယံကို ဂျိုးဇက်ဖင်း လက်လွှတ်မခံနိုင်ပါဘူး။ အဲဒါကြောင့် သူရော သူ့သားသမီးများကပါ နပိုလီယံကို တောင်းပန်တိုးလျှိုးပါတော့တယ်။ လုံမှုရေးရာမှာ အင်မတန်ပါးနပ်ပြီး မူရာမာယာ အင်မတန်များတဲ့သူပီပီ စစ်ဗိုလ်ကြီးနပိုလီယံရဲ့နှလုံးသားကို ပျော့ပျောင်းအောင် စွမ်းဆောင်နိုင်ခဲ့လို့ ဂျိုးဇက်ဖင်းဟာ နပိုလီယံရဲ့ကြင်ရာဘဝက အရာမကျခဲ့ပါဘူး။ အဲဒီလို ကွာမလိုရှင်းမလို ဖြစ်ပြီးတဲ့နောက်မှာတော့ သူတို့မိသားစုဟာ အေးအေးချမ်းချမ်း ချစ်ချစ်ခင်ခင်ရှိတာကို တွေ့ရတယ်လို့ သမိုင်းမှတ်တမ်းအချို့မှာ ဆိုပါတယ်။

အဲဒီလိုနဲ့ နပိုလီယံ ဘိသိက်ခံတဲ့အချိန်ကို ရောက်လာခဲ့ပါတယ်။ ဘိသိက်ခံတဲ့အချိန်နီးလာလေလေ ဂျိုးဇက်ဖင်းကိုကွာရှင်းပြီး သင့်တော်တဲ့ မဟာနွယ်မင်းသမီးတစ်ပါးနဲ့ လက်ဆက်ဖို့ အကြံပေးသူတွေ များလာလေလေမို့ ဂျိုးဇက်ဖင်းဟာ စိတ်မအေးရပါဘူး။ ဒါပေမယ့် နပိုလီယံဟာ ဂျိုးဇက်ဖင်းကိုပဲ ဘိသိက်ခံမိဖုရားအဖြစ် ထားရှိဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

နပိုလီယံဟာ ပြုပြင်ပြောင်းလဲရေးများစွာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီပြုပြင်ပြောင်းလဲရေးများစွာအနက် သာသနာရေးနဲ့ပတ်သက်ပြီး ပြောင်းလဲမှုများဟာ ပုပ်ရဟန်းမင်းကြီးနဲ့ ရိုမန်ကက်သလစ်ကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



ကို များစွာ ဆန့်ကျင်ခဲ့ပါတယ်။ ဒါပေမယ့် သူကိုယ်တိုင် ကေရာဓ်ဘွဲ့ကို ခံတော့မယ်၊ သရဖူဆောင်းတော့မယ်လို့ စီစဉ်တဲ့အခါမှာတော့ မင်းအဖြစ် ပိုပြီးခိုင်မာအောင် သေချာအောင် ပုပ်ရဟန်းမင်းကြီးကိုယ်တိုင် သရဖူ ဆောင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။ ပုပ်ရဟန်းမင်းကြီးကလဲ ဥရောပမှာ ဘုန်းမီးနေလတောက်ပနေပြီဖြစ်တဲ့ နပိုလီယံကို သရဖူဆောင်းပေးချင်ပါ တယ်။ အဲဒီလို ရိုမန်ကက်သလစ် ခရစ်ယာန်ထုံးစံနဲ့အညီ ဘိသိက်ခံပွဲ ကျင်းပမယ့်အရေးကို ဂျိုးဇက်ဖင်းထက် ပိုပြီးစိတ်ဝင်စားတဲ့သူ မရှိတော့ ဘူးလို့ ဆိုနိုင်ပါတယ်။

နပိုလီယံနဲ့ ဂျိုးဇက်ဖင်းတို့ လက်ထပ်တုန်းက မင်းပရိတ်သတ် အလယ်မှာ လက်ထပ်ခဲ့တာမို့ ခရစ်ယာန်ဘာသာတို့ရဲ့အမြင်မှာ တရား မဝင်ပါဘူး။ ဂျိုးဇက်ဖင်းအနေနဲ့ကတော့ နပိုလီယံကို ခုလိုအချိန်မှာ လက်လွှတ်မခံနိုင်တော့ပါဘူး။ အဲဒါကြောင့် ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ထုံးစံအတိုင်း ဘိသိက်ခံရင်း ဒုတိယအကြိမ်ပြန်လည်လက်ထပ်သလို ဖြစ်နိုင်တာမို့ ဂျိုးဇက်ဖင်းအနေနဲ့ လွန်စွာကျေနပ်နေပါတယ်။

အထက်က တင်ပြခဲ့သလို ဘိသိက်ပွဲမှာ ဂျိုးဇက်ဖင်းဟာ သရဖူ ဆောင်း မိဖုရားကြီးဘဝကို ရခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ စိတ်ချလက်ချ မပျော်မွေ့နိုင်ပါဘူး။ နပိုလီယံကို ဘယ်လိုအနေအထား နဲ့ပဲခွဲခြမ်း ရင်းနှီးလိုကြသူတွေကလဲ များသထက် များလာပါတယ်။ အရွယ်တော်များသည်ထက် များလာတဲ့ နပိုလီယံကလဲ သူ့ထက်ကြီးပြီး သားသမီးထပ်မရနိုင်တဲ့၊ အထူးသဖြင့် အရိုက်အရာကို ဆက်ခံမယ့် သားတစ်ပါးကိုမှ မွေးဖွားမပေးနိုင်တဲ့ ဂျိုးဇက်ဖင်းကို တစ်စတစ်စ စိတ်ကုန်ခန်းလာတဲ့ အမူအရာကို ပြလာပါတယ်။

၁၈၀၈ ခုမှာတော့ လက်ထပ်ထိမ်းမြားခြင်းဆိုတဲ့ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ် အဲဒီဥပဒေအရ ၁၈၁၀ ခုနှစ်မှာ ဂျိုးဇက်ဖင်းနဲ့ နပိုလီယံ တို့ရဲ့ ထိမ်းမြားလက်ထပ်ခြင်းကို တရားမဝင်သော လက်ထပ်ထိမ်းမြားမှု အဖြစ် ကြေညာပြီး ပယ်ဖျက်ခဲ့ပါတယ်။

ဂျိုးဇက်ဖင်းဟာ ထွက်တော်မူ နန်းကစွာတယ်ဆိုတဲ့ အဖြစ်ဆိုးနဲ့ တိုးခဲ့ပေမယ့် ရင်းစားတော့ မဆုံးပါဘူး။ ပြည်သူများထံက အခွန်ဘဏ္ဍာ အဖြစ် ကောက်ခံထားတဲ့အထဲက ဂျိုးဇက်ဖင်းကို ပင်စင်လစာပေးရပါ



တယ်။ ဂျိုးဇက်ဖင်းဟာ လှပတဲ့ အိမ်ကြီးတစ်ဆောင်မှာ ရှားပါးတဲ့ ပန်းမာလ်များ စုဆောင်းစိုက်ပျိုးပြီး သာယာပြည့်စုံစွာ စံစားနေနိုင်ခဲ့ပါ တယ်။ နပိုလီယံ ကိုယ်တိုင်လည်း အလည်အပတ် သွားရောက်လေ့ရှိပါ တယ်။

ဂျိုးဇက်ဖင်းကို ကွာရှင်းရေးကိစ္စ တရားဝင်အောင် ဆောင်ရွက် နေတဲ့အချိန်မှာကတည်းက ဥရောပ မဟာမျိုးမဟာနွယ် မင်းသမီးတစ်ပါး နဲ့ တင့်တင့်တယ်တယ် လက်ထပ်နိုင်အောင် နပိုလီယံရဲ့ သံတမန်များက ကြိုးစားနေခဲ့ပါတယ်။ ပထမတော့ ရုရှားက မင်းသမီးတစ်ပါးကို ကမ်း လှမ်းပါသေးတယ်။ ရုရှားက အဖြေမပေးသေးတဲ့ အချိန်အတောအတွင်း မှာ သြစတြီးယားက နန်းရင်းဝန် မက်တားနစ်က သြစတြီးယား မင်း သမီးတစ်ပါးနဲ့ နပိုလီယံတို့ လက်ဆက်နိုင်ဖို့ ခပ်သုတ်သုတ် စီစဉ်လိုက် ပြန်ပါတယ်။ အဲဒီ မက်တားနစ်ဟာ ပြင်သစ်မှာ သံအမတ်အဖြစ် ဆောင်ရွက်ဖူးပါတယ်။ ပြင်သစ်ရဲ့နိုင်ငံရေး၊ စစ်ရေး အခြေအနေတို့ကို အကဲခတ်ပြီး သြစတြီးယားနိုင်ငံအတွက် နိုင်ငံရေးအမြတ်ထုတ်နိုင်ဖို့ မင်းသမီးကို ချစ်ကြည်ရေး လက်ဆောင်အဖြစ် အသုံးပြုလိုက်တာပါပဲ။

နပိုလီယံနဲ့ လက်ဆက်ရတဲ့မင်းသမီးကလေးဟာ အသက် ၁၉နှစ်ပဲ ရှိပါသေးတယ်။ သူကလေးဟာ သြစတြီးယားနိုင်ငံက ဒုတိယမြောက် ဖရန့်စစ်ဘုရင်ရဲ့ သမီးတော်ဖြစ်ပါတယ်။ သေသေချာချာ ဆွေမျိုးစပ်ပြီး ပြောရရင်တော့ ပြင်သစ်တော်လှန်ရေးအစပိုင်းမှာ ဂီလောတင် ခေါင်းဖြတ် စက်ပေါ်တင်ပြီး ခေါင်းဖြတ်အသတ်ခံရတဲ့ မာရီအင်တွိုင်းနက်ရဲ့တူမတော် အရင်းဖြစ်ပါတယ်။

အရီးတော် မာရီအင်တွိုင်းနက်ကို သြစတြီးယားက ပြင်သစ်ကိုပို့ပြီး အိမ်ရှေ့စံနဲ့ လက်ဆက်စေခဲ့တုန်းကလည်း နိုင်ငံရေးအမြတ်ထုတ်ချင်လို့၊ ပြင်သစ်နဲ့ ချစ်ကြည်ရေးရချင်လို့ ဖြစ်ပါတယ်။ အခုလည်း နိုင်ငံရေး ကျားကစားတဲ့နေရာမှာ အစွမ်းထက်သူ မက်တားနစ်ရဲ့ စီစဉ်မှုကြောင့် တူမတော် မာရီယာလူဝီဇာဟာ ပြင်သစ်ကေရာဇ် နပိုလီယံရဲ့ မိဖုရား အဖြစ်ကို ရောက်ခဲ့ပါတော့တယ်။ နပိုလီယံဟာ မဟာဆီမဟာသွေးစစ်စစ် ဖြစ်တဲ့ မာရီယာလူဝီဇာကို အလွန်ချစ်မြတ်နိုးတယ်လို့ ဆိုပါတယ်။ မင်းပရိတ်သတ်အလယ်မှာ အလွန်ယုယုယယ ဆက်ဆံပါသတဲ့။ နပို

www.burmeseclassic.com

www.burmeseclassic.com



လီယံအဖို့ ငယ်ရွယ်တဲ့ မိဖုရားကလေးကိုသာ ရတာမဟုတ်ပါဘူး။ ဥရောပ မင်းဆွေမင်းမျိုးများအလယ်မှာ ဝင်ဆံ့နိုင်ဖို့ရာ နန်းစဉ်ရတနာကလေးကို ရတာလို့လည်း ဆိုနိုင်ပါတယ်။ အဲဒါကြောင့် မြတ်နိုးမယ်ဆိုလည်း မြတ်နိုးထိုက်ပါတယ်။ မာရီယာလူဝီဇာကလည်း သားတစ်ယောက်မွေးပေးပြန်တော့ နပိုလီယံအဖို့ အလိုအပ်ဆုံးဆန္ဒ ပြည့်ဝသွားတော့တာပါပဲ။ အဲဒီသားကလေးကို ရောမဘုရင်လို့ ခေါ်တွင်စေခဲ့ပါတယ်။

နပိုလီယံဟာ မိဖုရားနဲ့ သားနဲ့ တင့်တယ်နေပြီဖြစ်ပေမယ့် သူ့ရဲ့ နိုင်ငံရေးဘဝမှာတော့ အကျပိုင်းကို ရောက်လာပါပြီ။ ၁၈၁၂ ခု ရုရှားစစ်ဆင်ရေးမှာ နပိုလီယံ မရှုမလှ ရှုံးခဲ့ပါတယ်။ အဲဒီအရှုံးနောက်ပိုင်းမှာ ကေရာဇ်ဘဝက အရာကျတဲ့အထိ အခြေအနေဆိုးသွားပါတော့တယ်။ မာရီယာလူဝီဇာကတော့ သားကိုခေါ်ပြီး ပြည်တော် ပြန်သွားခဲ့ပါတယ်။ အဖေပေးဆရာကြီး မက်တားနစ်ကပဲ မင်းသမီးကလေးအနေနဲ့ နပိုလီယံကို သံယောဇဉ်အမျှင် မတန်းရအောင် ဆက်လက်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒါကတော့ မင်းသမီးရဲ့လုံခြုံရေးကို တာဝန်ယူဖို့ဆိုပြီး အသက်ငယ်ငယ်ချောချောနဲ့ မိန်းမကျွမ်းကျင်သူ စစ်ဗိုလ်ကလေးတစ်ဦးကို တာဝန်အပ်နှင်းထားခြင်းပါပဲ။

မာရီယာလူဝီဇာဟာ နပိုလီယံ အယ်လ်ဘာကျွန်းမှာ အကျဉ်းခံနေရစဉ်တုန်းကလည်း လိုက်မသွားပါဘူး။ နပိုလီယံ မေတ္တာရပ်ခံသလို သားကိုလည်း သွားမပြပါဘူး။ အယ်လ်ဘာကလွတ်ပြီး ရက်ပေါင်းတစ်ရာကာလအတွင်း နပိုလီယံ အာဏာပြန်ရတော့လည်း သူလိုက်မသွားခဲ့ပါဘူး။ တစ်ခါ နပိုလီယံကို ခပ်ဝေးဝေးက စိန့်ဟယ်လီနာကျွန်းအထိ သုံ့ပန်းအဖြစ် ပို့ထားပြန်တော့လည်း သူတစ်ခါမှ လိုက်မသွားပါဘူး။ အဲဒီအချိန်မှာ ပိုပြီးပြတ်နိုင်တာပေါ့လေ။ မက်တားနစ်က ပါးနပ်စွာစီစဉ်ထားလို့ သူ့ကိုယ်ရံတော်နဲ့ သားသမီးရတဲ့အထိ ရင်းနှီးသွားတော့တာကိုး။ တကယ်တော့ နပိုလီယံ မကွယ်လွန်သေးခင်မှာ ဒီလိုမဖြစ်သင့်ပါဘူး။ သူတို့ ယုံကြည်ကိုးကွယ်တဲ့ ရိုမန်ကက်သလစ်သာသနာကလည်း ဒီလိုအပြုအမူကို ခွင့်မပြုပါဘူး။ ဒါပေမယ့် မာရီယာလူဝီဇာဟာ စစ်ဗိုလ်ကလေးနဲ့ ကလေးတစ်ယောက်ပြီးတစ်ယောက် မွေးခဲ့ပါတယ်။ သူတို့



လက်ထပ်တာတော့ နပိုလီယံကွယ်လွန်တဲ့အချိန်ရောက်မှလက်ထပ်တာပါ။

နပိုလီယံဟာ ဥရောနိုင်ငံရေးကို ကိုင်လှုပ်နိုင်ခဲ့တဲ့သူပါ။ ပြင်သစ်နိုင်ငံရဲ့နိုင်ငံရေး အခြေအနေကိုလဲ အဆိုးကြီးထဲက အကောင်းဘက်ရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ရေရှည်မှာ သူမအောင်မြင်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တော်လှန်ရေးက ပေါက်ဖွားလာတဲ့ သားတစ်ယောက်ဖြစ်ပါလျက်နဲ့ တော်လှန်ရေးရဲ့အနှစ်သာရကိုရော၊ လုပ်ထုံးလုပ်နည်းများကိုပါ သူကသွေဖည်ခဲ့တာကိုး။ ကေရာဇ်အဖြစ် ဘိသိက်မခံခင်ကတည်းက ဒေစီရေးလို ဘူဇွာမိသားစုထဲက မိန်းကလေးကို မယူနိုင်ဘဲ ဂျိုးဇက်ဖင်းလို မဟာနွယ်မိန်းမလည်ကို ယူတယ်ဆိုကတည်းက သူဟာ တယ်ပြီးမဟာနွယ်များ အလယ်မှာ တွင်ကျယ်လိုသူဖြစ်တယ်ဆိုတာ ပြတာပါပဲ။ တစ်ခါ မာရီယာလူဝီဇာကို ထပ်ပြီးယူပြန်တော့ သူ့ရဲ့မဟာဆန်ချင်တဲ့ စိတ်ထားနဲ့ မဟာဆီမဟာသွေးများအလယ်မှာ တင့်တယ်ချင်တဲ့ဆန္ဒဟာ ပိုပြီး ပေါ်လွင်လာခဲ့ပါတော့တယ်။ တော်လှန်ရေးအစမှာ ခေါင်းဖြတ်ပြီး အသတ်ခံရတဲ့ လူဝီ[၁၆]ကို တောင် ကျုပ်ရဲ့ဦးရီးတော်လို့ ခွစပ်ကျကျ ညွှန်းဆိုခေါ်ဝေးတတ်သေးတယ်လို့ ဆိုပါတယ်။

နပိုလီယံဟာ မိဖုရားနှစ်ပါးကိုသာ တရားဝင် ဘိသိက်ခံမိဖုရားများအဖြစ်ယူခဲ့ပေမယ့် အချစ်တော်များ၊ မောင်းမများ အများအပြား ထားခဲ့ပါတယ်။ စစ်ထွက်တဲ့အခါ ရောက်လေရာရာမှာ တရားမဝင်တဲ့ ဇနီးမယားများ ထားရှိခဲ့ပါတယ်။

နပိုလီယံရဲ့ ဘိသိက်ခံမိဖုရားနှစ်ပါးအကြောင်းကို သေသေချာချာ လေ့လာရင် နပိုလီယံရဲ့ ကျဆုံးမှုကို နားလည်သဘောပေါက်နိုင်ပါတယ်။

မြားနတ်မောင်၊ ဩဂုတ်–၉၁။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



စကော့ဘုရင်မ မေရီ

# စကော့ဘုရင်မ မေရီ

## (၁၅၄၂ – ၁၅၈၇)

ဘုရင့်နောင်တို့ ဟံသာဝတီကို တည်ထောင်စိုးစံနေတဲ့အချိန်လို့ ဆိုနိုင်တဲ့ ၁၆ရာစု စကော့ဘုရင်မ မေရီဆိုတဲ့ အမျိုးသမီးတစ်ယောက် စကော့တလန်နိုင်ငံမှာ မွေးဖွားခဲ့ပါတယ်။

စကော့ဘုရင်မမေရီရဲ့ လက်ထက်အထိ စကော့တလန်နိုင်ငံနဲ့ အင်္ဂလန်နိုင်ငံဟာ တသီးတခြားစီ ရပ်တည်နေခဲ့ကြတဲ့မင်းနိုင်ငံ နှစ်နိုင်ငံ ဖြစ်ပါတယ်။ ပထဝီအနေအထားအရ တစ်ဆက်တည်း ရှိနေပေမယ့် အင်္ဂလန်နိုင်ငံနဲ့ စကော့တလန်နိုင်ငံတို့ဟာ မဟာမိတ်နိုင်ငံများ မဟုတ်ကြပါဘူး။ စကော့တလန်ရဲ့ မဟာမိတ်ဟာ စပိန်နိုင်ငံ ဖြစ်နေခဲ့ပါတယ်။

အဲဒီအချိန်က အင်္ဂလန်နိုင်ငံမှာ စိုးစံနေတဲ့ မင်းဆက်ကို "ကျူဒါမင်းဆက်"လို့ ခေါ်တွင်ပြီး စကော့တလန်မင်းဆက်ကိုတော့"စတူးဝပ်မင်းဆက်"လို့ ခေါ်ပါတယ်။ အဲဒီလို မင်းဆက်အားဖြင့် ကွဲပြားနေပေမယ့် စိုးစံနေကြတဲ့မင်းများအနက် တချို့က မင်းဆက်နှစ်ဆက်စလုံးနဲ့ သွေးနှောနေကြပါတယ်။

စကော့ဘုရင်မမေရီဟာ မင်းဆက်နှစ်ဆက်စလုံးနဲ့ သွေးနှောနေသူ ဖြစ်ပါတယ်။

အင်္ဂလန်ပြည့်ရှင် သတ္တမမြောက် ဟင်နရီဘုရင်ရဲ့ သမီးတော်အကြီး မေရီကျူဒါနဲ့ ငကော့ဘုရင် စတုတ္ထမြောက် ဂျိမ်းတို့ လက်ဆက်တဲ့အခါမှာ ပဉ္စမမြောက်ဂျိမ်းကို မွေးဖွားပါတယ်။ စကော့ဘုရင်မမေရီက "ပဉ္စမမြောက်ဂျိမ်း"နဲ့ ပြင်သစ်သူ"မေရီအော့ဖ်ဂိုက်စ်"က မွေးဖွားသူဖြစ်ပါ

www.burmeseclassic.com



တယ်။ အဲဒါကြောင့် စကော့ဘုရင်မဟာ ထီးနန်းနှစ်ခုစလုံးနဲ့ သက်ဆိုင်သူ မင်းဆက်နှစ်ခုစလုံးရဲ့ သွေးနှောနေသူ ဖြစ်ပါတယ်။

စကော့ဘုရင်မရဲ့ ဖခမည်းတော်ဟာ သင့်တော်တဲ့မိဖုရားလောင်းကို ရှာတဲ့အခါမှာ ပြင်သစ်မဟာသွေး မဟာနွယ်ထဲက မေရီအော့ဖ်ဂိုက်စ်ကို တွေ့ခဲ့ပါတယ်။ အဲဒီခေတ် ဥရောပဘုရင်များဟာ ကြင်ဖက်သက်လျာ ရှာတဲ့အခါမှာ အတွက်အချက် အတော်များပါတယ်။

သူတို့တွက်ချက်ပုံက တစ်မျိုးဖြစ်ပါတယ်။ လူမျိုးတူ၊ နိုင်ငံသားတူဖို့ မလိုပါဘူး။ မဟာဆီမဟာသွေးဖြစ်ရမယ်။ မဟာမိတ်နိုင်ငံကဖြစ်ပြီး သူ့ရဲ့အာဏာ ကျစ်လစ်ခိုင်မာရေးကို တစ်နည်းနည်းနဲ့ အထောက်အကူ ဖြစ်စေရမယ်။ ပြီးတော့ လက်ဖွဲ့ပစ္စည်းများလည်း ပါရပါမယ်။ အဲဒီ အချက်အလက်များနဲ့ မေရီအော့ဖ်ဂိုက်စ်ဟာ ပြည့်စုံသူဖြစ်ပါတယ်။

မေရီအော့ဖ်ဂိုက်စ်ဟာ စကော့မိဖုရားအဖြစ်နဲ့ အဘက်ဘက်က အဆင်ပြေအောင် ကြိုးစားပြီးနေခဲ့ရှာပါတယ်။ ဘုရင်ဆိုတော့လဲ မိဖုရား တခြား ချစ်သူက တခြားပေါ့။ အဲဒီလို အခြေအနေမှာကို မေရီအော့ဖ် ဂိုက်စ်ဟာ ဘုရင်နဲ့အဆင်ပြေအောင် နေထိုင်ခဲ့ပါတယ်။

ပဉ္စမဂျိမ်းဘုရင်ဟာ မိဖုရားနဲ့ အဆင်ပြေပေမယ့် နယ်ချင်းဆက်နေတဲ့ အင်္ဂလန်ဘုရင် အဋ္ဌမဟင်နရီနဲ့ အဆင်မပြေခဲ့ပါဘူး။ အဲဒီအချိန်တုန်းက စကော့အများစုဟာ "ရိုမန်ကက်သလစ်ဂိုဏ်း"ဝင် ခရစ်ယာန်များဖြစ်ပြီး အင်္ဂလန်က အများစုကတော့ "ပရိုတက်စတင့်ဂိုဏ်း"ဝင် ခရစ်ယာန်များ ဖြစ်ကြပါတယ်။

လူမျိုးကလည်းမတူ၊ အယူကလည်း ခြားနားနေတော့ အင်္ဂလန်နဲ့ စကော့တလန်ဟာ မဟာမိတ်မဖြစ်နိုင်ပါဘူး။ အဲဒီလို အခြေအနေထဲမှာ အဋ္ဌမဟင်နရီကလည်း စကော့တလန်ကို သိမ်းသွင်းလိုသူ ဖြစ်ပါတယ်။ အဋ္ဌမဟင်နရီရဲ့ ကျူးကျော်မှုကို ဂျိမ်းက ကြိုးစားပြီး တွန်းလှန်ခဲ့ပါတယ်။ ဒါပေမယ့် ဂျိမ်းစစ်ရှုံးခဲ့ပါတယ်။ နိုင်ငံဆုံးတဲ့အထိတော့ မရောက်ခဲ့ပါဘူး။

ဂျိမ်းဘုရင်ဟာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ အိပ်ယာပေါ်ကိုလဲတဲ့ အထိ မကျန်းမမာ ဖြစ်သွားခဲ့ရှာပါတယ်။ အဲဒီအချိန်မှာ သူ့မိဖုရားမေရီက သမီးတော်ကလေးတစ်ပါး ဖွားမြင်လိုက်ကြောင်းကို ကြားသိရပါတယ်။

ဂျိမ်းဟာ သမီးတော်ကလေး ဖွားမြင်တဲ့သတင်းကို ကြားတဲ့အခါမှာ



ပိုပြီး စိတ်ထိခိုက်သွားပါတယ်။ နိုင်ငံတော်ရဲ့အရေးတွေဟာ စိတ်မအေးစရာ ဖြစ်နေရတဲ့အထဲမှာ နန်းလျာဟာ မိန်းကလေးဆိုတော့ အားလျော့စရာ ဖြစ်နေတာပါပဲ။

သမီးတော်ကလေးမွေးပြီး ၆ ရက်အရမှာ ပဉ္စမမြောက်ဂျိမ်းဘုရင် ကွယ်လွန်ခဲ့ပါတယ်။ မွေးကင်းစသမီးတော်ကလေးရဲ့ မယ်တော်ဟာ ရင်ခွင်ပိုက် အုပ်ချုပ်သူအဖြစ် ဆောင်ရွက်ရပါတော့တယ်။ ရင်ခွင်ပိုက် အုပ်ချုပ်သူဟာ မှူးကြီးမတ်ရာများနဲ့ အာဏာကို ဝေမျှအသုံးပြုရပါတယ်။

စကော့ဘုရင်မမေရီဟာ မင်းယောက်ျားများအဖို့ရာတောင် ဖြေရှင်းဖို့ရာ ခက်ခဲတဲ့ နိုင်ငံတော်အရေးအခင်းများနဲ့ မွေးကတည်းက ကြုံခဲ့ရပါတော့တယ်။

သမီးတော်ကလေး နို့စို့ဘဝကတည်းက သူကြီးပြင်းလာရင်ဘယ်သူနဲ့ လက်ဆက်ထိမ်းမြားပေးရမလဲဆိုတဲ့ ပြဿနာကို စိတ်ဝင်စားသူများပါတယ်။ အဋ္ဌမဟင်နရီကလည်း အသက် ၅ နှစ်အရွယ်သာ ရှိသေးတဲ့ သူ့ရဲ့သားတော် အက်ဒဝပ်နဲ့ မေရီကို ထိမ်းမြားပေးချင်ပါတယ်။ ဒါမှ စကော့တလန်နဲ့ အင်္ဂလန်ဟာ အလွယ်တကူ ပေါင်းစည်းနိုင်မယ် ဖြစ်ပါတယ်။

သမီးတော်ကလေးမေရီ အသက် ၃ လအရွယ်ကို ရောက်တဲ့အခါမှာ သူ့ရဲ့မယ်တော်နဲ့ စိတ်သဘောချင်း ကိုက်ညီကြသူ မှူးကြီးမတ်ရာများ ပူးပေါင်းပြီး ဘုရားရှိခိုးကျောင်းတစ်ကျောင်းမှာ မေရီကလေးကို ဘုရင်မ အဖြစ် ဘိသိက်မြှောက်ပေးလိုက်ကြပါတယ်။ အဲဒီအချိန်ကစပြီး မေရီကို "စကော့ဘုရင်မမေရီ"လို့ ခေါ်တွင်ကြပါတယ်။

နိုင်ငံရေးဆိုတော့လည်း ရှုပ်ထွေးပါတယ်။ မှူးကြီးမတ်ရာများထဲမှာလည်း စိတ်သဘောထားချင်း ကွဲပြားနေတတ်ကြပါတယ်။ အဲဒီတော့ မေရီကို အက်ဒဝပ်နဲ့ထိမ်းမြားပြီး အင်္ဂလန်နဲ့စကော့တလန်ပေါင်းစည်းရင် ကောင်းမလားလို့ တွေးတောကြသူများလည်း ရှိပါတယ်။ တစ်ဖက်ကလည်း အင်္ဂလန်နဲ့ပေါင်းရင်ဖြင့် ရိုမန်ကက်သလစ်သာသနာ ကျဆုံးသွားမှာကို စိုးရိမ်ကြသူများလည်း ရှိပါတယ်။

ဘိသိက်ခံဘုရင်မအဖြစ်ကို ရပြီးတဲ့နောက် အသက် ၆ နှစ်ရလာတဲ့ အခါမှာတော့ သူ့ရဲ့မယ်တော်နဲ့အတူ စကော့အမျိုးသားစိတ်နဲ့ ရိုမန်

www.burmeseclassic.com

www.burmeseclassic.com



ကက်သလစ်စိတ် ပြင်းထန်သူများက မေရီကို ပြင်သစ်"အိမ်ရှေ့မင်းသား" နဲ့ပဲ ထိမ်းမြားပေးသင့်တယ်လို့ ဆုံးဖြတ်ချက် ချခဲ့ပါတော့တယ်။ စကော့ အမျိုးသားစိတ်ရှိလျက်နဲ့ ပြင်သစ်မင်းသားနဲ့ ပေးစားဖို့ စဉ်းစားတယ်ဆို တာကတော့ မဟာမိတ်ဖွဲ့စည်းချင်လို့ ဖြစ်ပါတယ်။ ပြီးတော့ အဲဒီခေတ် က ဥရောပ မဟာနွယ်များဟာ အမျိုးသန့်စင်ရေးထက် မဟာနွယ်ပီသ ရေးကို အလေးထားကြပါတယ်။

အသက် ၆ နှစ်အရွယ် ဘုရင်မကလေးကို မယ်တော်နဲ့ မှူးကြီး မတ်ရာများက သူနဲ့ရွယ်တူ အထိန်းတော် အပျိုတော်ကလေးများနဲ့အတူ ပြင်သစ်ကိုစေလွှတ်ခဲ့ကြပါတယ်။ အင်္ဂလန်က နှောင့်ယှက်မှာစိုးလို့သွားနေ ကြရကြောင်းကို အသုံးမပြုဘဲ ဘေးကင်းတဲ့ဘက်က ရေကြောင်းကိုသာ အသုံးပြုရတယ်လို့ ဆိုပါတယ်။ အဲဒါကြောင့် မုန်တိုင်းတောင်မိခဲ့ကြ ပါသေးတယ်။

စကော့ဘုရင်မဟာ ပြင်သစ်မှာ ပြင်သစ်စာသင်ယူရင်း ပြင်သစ် နန်းတွင်းမှာ ပြင်သစ်ယဉ်ကျေးမှု၊ ပြင်သစ်လူမှုရေးများနဲ့ မွေ့လျော်ရင်း ကြီးပြင်းလာပါတယ်။ သူ့ရဲ့မယ်တော်ကတော့ စကော့တလန်မှာ ရှုပ်ထွေး လှတဲ့ ပြည်ထဲရေးများကို ရင်ဆိုင်ဖြေရှင်းနေခဲ့ရပါတယ်။ ပြင်သစ် နန်းတွင်းမှာ ဩဇာအာဏာကြီးမားတဲ့ "ဂိုက်စ်"အနွယ် မှူးကြီးမတ်ရာ များကလည်း စကော့ဘုရင်မမေရီကို အထူးဂရုစိုက်ကြပါတယ်။

စကော့ဘုရင်မမေရီအသက် ၁၆ နှစ်အရွယ်ကို ရောက်လာတဲ့အခါ မှာ ပြင်သစ်အိမ်ရှေ့မင်းသားနဲ့ ခမ်းနားကြီးကျယ်စွာ လက်ထပ်ထိမ်းမြား ပေးခဲ့ကြပါတယ်။ (အဲဒီအချိန်နဲ့ မရှေးမနှောင်းမှာ အင်္ဂလိပ် ထီးနန်းကို ပထမမြောက်အယ်လီဇဘက်က သိမ်းပိုက်စိုးစံခဲ့ပါတယ်။) စကော့ဘုရင်မ မေရီဟာ အလွန်လှပတယ်လို့ နန်းတွင်းနန်းပြင်မှာ ကျော်ကြားခဲ့ပါတယ်။ ပြင်သစ်အိမ်ရှေ့မင်းသားမှာလည်း သူနဲ့ လက်ဆက်ရတာ ဂုဏ်တက်ပါ တယ်။ သူဟာ သာမန်မင်းသမီးတစ်ပါးမဟုတ်ဘဲ ဘိသိက်ခံ ဘုရင်မ တစ်ပါး ဖြစ်နေပါတယ်။

အိမ်ရှေ့မိဖုရားအဖြစ်ကိုရောက်ပြီး တစ်နှစ်အကြာမှာ ခင်ပွန်းသည် ဖရန်စစ်ဟာ ဖခမည်းတော်ရဲ့ အရိုက်အရာကို ဆက်ခံခဲ့ပါတယ်။ ဖရန်စစ် ဟာ အရွယ်မရောက်သေးတဲ့အတွက် ဂိုက်စ်အနွယ်တော် မေရီရဲ့ဦးရီး



ဦးလေးများက ရင်ခွင်ပိုက် အုပ်ချုပ်ခွင့်ရခဲ့ပါတယ်။ အဲဒီတော့ မေရီအဖို့ ပိုပြီးကံကောင်းတယ်လို့ ဆိုနိုင်ပါတယ်။

အသက် ၁၆ နှစ်မှာ အိမ်ရှေ့မိဖုရားဖြစ်ပြီး အသက် ၁၇ နှစ်မှာ မိဖုရား ခေါင်ကြီးဖြစ်လာသူ မေရီဟာ အသက် ၁၈ နှစ်မှာ မုဆိုးမ ဖြစ်လာခဲ့ပါ တော့တယ်။ ကလေးဘဝကတည်းက ချူချာခဲ့သူ ဖရန်စစ်ဟာ အသက် ၁၇ နှစ် မပြည့်မီကလေးမှာပဲ ကွယ်လွန်ခဲ့ပါတယ်။ ဖရန်စစ်နဲ့ မေရီဟာ သူငယ်ချင်းကစားဖော်များအဖြစ် အတူတကွကြီးပြင်းခဲ့ရသူများ ဖြစ်ပါ တယ်။ ဖရန်စစ်ဟာ သိမ်မွေ့သူဖြစ်ပြီး မေရီကိုလည်း မြတ်နိုးပါတယ်။ အဲဒီတော့ ဖရန်စစ်ကွယ်လွန်တဲ့အခါမှာ မေရီဟာ ကြင်ဖက်သက်လျာ တစ်ယောက်ကိုသာမက ငယ်ချစ်တစ်ယောက်ပါ ဆုံးရှုံးခဲ့ရလို့ စိတ်အထိ နိုက်ကြီး ထိနိုက်ခဲ့တယ်လို့ ဆိုကြပါတယ်။

မေရီအဖို့ ဖရန်စစ်ကို ဆုံးရှုံးရတာ ကိုယ်ရေးကိုယ်တာ ဆုံးရှုံးမှု အနေနဲ့သာ ကြီးမားတာမဟုတ်ပါဘူး။ နိုင်ငံရေးအရလည်း အရှုံးကြီး ရှုံးခဲ့ပါတယ်။ ဖရန်စစ်ရဲ့နောက် ပြင်သစ်နန်းကို ဆက်ခံသူက "ညီတော် ချားလ်စ်မင်းသား"ပါ။ သူ့ရဲ့အသက်က ၁၂ နှစ်ပဲ ရှိပါသေးတယ်။ အဲဒီ အချိန်မှာ ရင်ခွင်ပိုက် အုပ်ချုပ်ခွင့်ရသူက ဖရန်စစ်နဲ့ ချားလ်စ်တို့ရဲ့ မယ်တော်ဖြစ်သူ "ကက်သရင်းမက်ဒီစီ"ပဲ ဖြစ်ပါတယ်။ မေရီရဲ့ ဂိုက်စ် အနွယ် ဦးရီးဦးလေးများဟာ နန်းတွင်းမှာ မတွင်ကျယ်နိုင်တော့ပါဘူး။

ကက်သရင်း မိဖုရားကြီးနဲ့ မေရီဟာ ဖရန်စစ် မကွယ်လွန်မီအထိ တော့ အဆင်ပြေပြေ ဆက်ဆံနိုင်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဖရန်စစ် မရှိတော့တဲ့အခါမှာတော့ ကက်သရင်းမိဖုရားကြီးက မေရီထံက နန်းစဉ် ရတနာများကို ပြန်တောင်းတယ်လို့ ဆိုပါတယ်။ အဲဒါကလည်း ထုံးစံနဲ့ အညီ ပြန်တောင်းတာမို့ အပြစ်မဆိုသာပါဘူး။ မေရီအနေနဲ့ကတော့ ပြင်သစ် မိဖုရားခေါင်ကြီးဘဝက အနေအထားကို ဘယ်လိုမှ မရနိုင်တော့ ဘူးဆိုတာ လက်တွေ့သိလိုက်ရတာပဲဖြစ်ပါတယ်။ အဲဒီလို အဖြစ်အပျက် များ ဖြစ်ပွားပြီးတဲ့နောက်ပိုင်းမှာ မေရီဟာ စကော့တလန်ကိုပဲ ဘုရင်မ တစ်ပါးအနေနဲ့ ပြန်ပြီးအုပ်ချုပ်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတော့တယ်။ သူ့ကိုယ်စား ရင်ခွင်ပိုက် အုပ်ချုပ်ပေးခဲ့တဲ့ မယ်တော်ကလည်း အဲဒီအချိန် မှာ ကွယ်လွန်ခဲ့ပြီး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စကော့တလန်ကို ပြန်လာတဲ့ မေရီကို မှူးကြီးမတ်ရာများက ကြိုဆိုပါတယ်။ နိုင်ငံသားများက လက်ခံပါတယ်။ ဒါပေမယ့် သူတို့ စကော့ဘုရင်မတစ်ပါးအနေထက် အနေစိမ်းတဲ့ တစ်ပြည်သူအဖြစ်သာ ပိုပြီးမြင်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြင်သစ်နန်းတွင်းမှာကြီးပြင်းရတဲ့ မေရီရဲ့ အမူအရာများဟာ စကော့သူအဖြစ်ထက် ပြင်သစ်သူအဖြစ်ကို ပိုပြီးပြနေလို့ပဲ ဖြစ်ပါတယ်။ သွေးအနေနဲ့ ပြောရရင်လည်း သူ့ရဲ့မယ်တော်ဟာ ပြင်သစ်မို့ ပြင်သစ်သွေးကလည်း တစ်ဝက်တိတိ ပါနေပါသေးတယ်။

မေရီအဖို့မှာလည်း ပြင်သစ်ဟာအရင်း၊ စကော့တလန်ဟာ အဖျား ဖြစ်နေပါပြီ။ သူပြင်သစ်မှာရှိနေတဲ့ အချိန်အတောအတွင်းမှာ စကော့ တလန်က လူအများစုဟာ ရိုမန်ကက်သလစ်ဂိုဏ်းဝင် ခရစ်ယာန်များဘဝ က ပရိုတက်စတင့်ဂိုဏ်းဝင်များအဖြစ် ပြောင်းလဲသွားကြပြီး ဖြစ်နေပါပြီ။ ပြင်သစ်နန်းတွင်းမှာ ပျော်ပျော်ပါးပါး စံစားခဲ့ရသူ တစ်ယောက်အဖို့ ပထဝီဝင်အနေအထားအရ ခေါင်ပြီး အနေအစားအရလည်း ရှေးဆန်တဲ့ စကော့တလန်ဟာ ပျော်မွေ့စရာကောင်းတဲ့ နိုင်ငံတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူပိုင်နိုင်ငံဆိုတော့လည်း သူနေရမှာပါပဲ။

စကော့တလန်မှာ မေရီရင်ဆိုင်နေရတဲ့ ဘာသာရေးပြဿနာ၊ နိုင်ငံရေးပြဿနာများက ဘယ်လောက်ပဲ ရှုပ်ထွေးနေနေ သူ့ရဲ့နှလုံးသားကတော့ အသက်အရွယ်ငယ်တဲ့ အဖော်မဲ့သူ မိန်းမသားတစ်ယောက်ရဲ့ နှလုံးသားပါပဲ။ တစ်နည်းဆိုရင် ခံစားမှုကို ဦးစားပေးလေ့ရှိတဲ့ ပြင်သစ် နန်းတွင်းမှာ ကြီးပြင်းသူတစ်ယောက်ရဲ့ နှလုံးသားပါပဲ။

မေရီဟာ အဲဒီအချိန်မှာ ရုပ်ရည်ချောမောပြီး ငယ်ရွယ်သူ "အင်္ဂလိပ် နန်းတွင်းသား လော့ဒ်ဒန်လေ"ဆိုသူ လူပျိုလူရွယ်ကလေးနဲ့ တွေ့ဆုံခဲ့ရပါ တယ်။ နောက်တော့ အဲဒီလော့ဒ်ဒန်လေကို မေတ္တာသက်ဝင် ချစ်ခင်စွာနဲ့ လက်ထပ်တဲ့ အခြေအနေအထိ ရောက်သွားပါတော့တယ်။

လော့ဒ်ဒန်လေဟာ မေရီနဲ့ သားချင်းမကင်းပါဘူး။ သတ္တမမြောက် ဟင်နရီဘုရင်နဲ့ သမီးတော်ကြီး မေရီကျူဒါ နောက်အိမ်ထောင်နဲ့ရတဲ့ သမီးကမွေးတဲ့သူ ဖြစ်ပါတယ်။

လော့ဒ်ဒန်လေဟာ ချစ်ခင်စဖွယ် လူငယ်လေးပါ။ ဒါပေမယ့်



ဘဝင်မြင့်ပြီး အကျင့်ကလည်း မကောင်းပါဘူး။ အပျော်အပါးကို မတရား လိုက်စားတတ်ပါတယ်။ ပြီးတော့ မေရီထံကလည်း ထီးနန်းစည်းစိမ်ကို လွှဲပေးဖို့ တောင်းခံပါတယ်။ မေရီဟာ ဒန်လေကို ချစ်ခင်ပေမယ့် အဲဒီ အခြေအနေအထိတော့ မလိုက်လျောပါဘူး။ ဒါတောင်မှ စကော့တလန် ကို မေရီနဲ့ပူးတွဲအုပ်ချုပ်ရတဲ့ မင်းတစ်ပါးအဖြစ် အမိန့်စာများမှာ ဒန်လေ ရဲ့ လက်မှတ်ပါမှ အတည်ပြုတယ်ဆိုတဲ့အထိတော့ လိုက်လျောခဲ့ပါတယ်။

မေရီဟာ စကော့တလန်မှာ ကြီးရှာတာ မဟုတ်လေတော့ မိတ်ဆွေအရင်းအချာများအဖြစ် အားထားရမယ့်သူများကို စကော့လူမျိုး ထဲက ရွေးချယ်ခြင်း မပြုခဲ့ပါဘူး။ သူ့ရဲ့ အတွင်းလူယုံများဟာ ပြင်သစ် နန်းတွင်းက သူနဲ့ပါလာကြသူများ ဖြစ်ပါတယ်။ စကော့မှူးမတ်များဟာ ဘုရင်မကို ရင်းနှီးစွာ လက်မခံနိုင်ရတဲ့အထဲမှာ လုံးလုံးလျားလျားကြီး စိမ်းနေတဲ့သူများ နန်းတွင်းမှာ တွင်ကျယ်နေတာကို လက်သင့်မခံလို ကြပါဘူး။

အဲဒီလို နန်းတွင်းအရေးအခြေအနေ မကောင်းရတဲ့အထဲမှာ ဒန်လေ နဲ့ မေရီရဲ့အိမ်ထောင်ရေးဟာလည်း အခြေအနေမကောင်းပါဘူး။ အပျော် အပါးလိုက်စားပြီး လေလွင့်ပေါ့တန်တဲ့ ဒန်လေကို အားကိုးလို့ မရမှန်း သိနေပေမယ့် သားတော်သမီးခံရှိမှ နန်းတွင်းမှာ အာဏာစက် ပိုပြီး ထက်နိုင်မယ်ဆိုတာကို သဘောပေါက်တဲ့အတွက် မေရီဟာ ကလေးယူခဲ့ ပါတယ်။

ရင်သွေးနှတ်ငုံရှိနေတာ ခြောက်လကြာတဲ့အခါမှာ မေရီအတွက် ကြေကွဲဖွယ်၊ ထိတ်လန့်ဖွယ် အဖြစ်ဆိုးနဲ့ တိုးခဲ့ရပါတယ်။

အစောကပြောခဲ့သလို ဘုရင်မရဲ့ တိုင်းတစ်ပါးသားများကို မကျေ နပ်တဲ့ မှူးမတ်တစ်ချို့ဟာ ဒန်လေကို စည်းရုံးသိမ်းသွင်းပါတယ်။ ပြီးတော့မှ ဘုရင်မ မေရီစံမြန်းနေတဲ့ ရဲတိုက်ပေါ်ကိုတက်ပြီး ဘုရင်မရဲ့ ရှေ့မှောက်မှာရှိနေတဲ့ အီတလီလူမျိုး လူယုံတော်ကို ဆွဲထုတ်ပါတယ်။ ရှန်းရင်းကန်ရင်း၊ တောင်းပန်ရင်း လိုက်သွားသူကို ရက်စက်စွာ ဓားနဲ့ ထိုးသွားကြလို့ သွေးစက်လက်နဲ့ မမြင်ဝံ့စရာ ဖြစ်ခဲ့ရပါတယ်။

ဘုရင်မမေရီဟာ ရဲတိုက်ထဲမှာ ပိတ်မိနေပြီး အပြင်ကလူများ ဆက်သွယ်ဖို့ရာ ခက်သွားပါတယ်။ ကြေကွဲထိတ်လန့်စရာ မြင်ကွင်းကို

www.burmeseclassic.com

www.burmeseclassic.com



လည်း မြင်လိုက်ရပါတယ်။ အဆိုးဆုံးက ဒန်လေသစ္စာမဲ့တာကို သိလိုက်ရတာပါပဲ။

မေရီဟာ သစ္စာရှိတဲ့ မင်းချင်းတစ်ယောက်ကိုရှာပြီး အပြင်နဲ့ ဆက်သွယ်လို့ရအောင် ကြိုးပမ်းရပါတယ်။ တစ်ချိန်တည်းမှာပဲ ဒန်လေကို စည်းရုံးရပါတယ်။ ဒန်လေ အခုပေါင်းမိနေတဲ့သူများဟာ မေရီကို ဖယ်ရှားပြီးရင် ဒန်လေကိုပါ ဖယ်ရှားကြမှာဆိုတဲ့အချက်ကို ဒန်လေသဘောပေါက်အောင် ပြောပြရပါတယ်။ အဲဒီနောက် အပြင်ဘက်က သစ္စာရှိသူများနဲ့ အဆက်အသွယ်ရလာပြီဖြစ်လို့ ပိတ်မိနေတဲ့ ရဲတိုက်က တိတ်တဆိတ် ဖောက်ထွက်နိုင်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ဘုရင်မအနားမှာ "ဘို့သဝဲ"ဆိုတဲ့ မြောက်ပိုင်းစကော့တလန်က မြို့စားတစ်ယောက် နေရာရလာတာတွေ့ရပါတော့တယ်။

မေရီဟာ သားယောကျ်ားကလေးတစ်ယောက် ဖွားမြင်ပါတယ်။ သားတော်ကလေးကို သင့်တော်တဲ့ ရဲတိုက်တစ်ခုမှာ အထိန်းတော်များနဲ့ ထားပါတယ်။ အဲဒီအချိန်မှာ ဒန်လေဟာ မကျန်းမမာဖြစ်လာပါတယ်။ အပျော်အပါးလိုက်စားရာက ရလာတဲ့ရောဂါကြောင့် အချိန်အတော်ကြာ နာလန်မထူနိုင်ဖြစ်နေတဲ့အတွက် အိမ်တော်တစ်ခုမှာ နားနေဖို့ မေရီက စီစဉ်ပါတယ်။ အဲဒီအိမ်တော်မှာ သူတို့နှစ်ယောက် သင့်သင့် မြတ်မြတ် စံစားနေခဲ့ပါတယ်။

တစ်နေ့မှာ မေရီဘုရင်မဟာ နန်းတွင်းသားတစ်ယောက်ရဲ့ မင်္ဂလာညစာစားပွဲကို တက်ရောက်နေခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ လူမမာဒန်လေရှိနေတဲ့အိမ်တော်ကို ယမ်းနဲ့ဖောက်ခွဲမီးရှို့မှု ဖြစ်ပွားခဲ့ပါတယ်။ အိမ်တော်က ပြိုကျသွားပြီး ဒန်လေရဲ့အလောင်းကို ခြံဝင်းထဲမှာ တွေ့ကြရပါတယ်။

အဲဒီလို ဒန်လေသေဆုံးရမှုမှာ မေရီနဲ့ဘို့သဝဲတို့ ပူးပေါင်းကြံစည်မှုကြောင့် ဖြစ်တယ်လို့ လူအများက ယူဆကြပါတယ်။ မပြေးသော်လည်း ကံရာရှိဆိုသလိုပဲ မေရီနဲ့ ဘို့သဝဲဟာ သုံးလအကြာမှာ လက်ထပ်လိုက်ကြပါတယ်။

အဲဒီလိုနဲ့ မေရီနဲ့ ဘို့သဝဲတို့ လက်ထပ်ကြတဲ့ကိစ္စနဲ့ ဒန်လေသေဆုံးတာဟာ ဆက်စပ် ပတ်သက်နေတယ်လို့ ယူဆကြသူ မှူးမတ်များက ဆန့်ကျင်တိုက်ခိုက်ကြတဲ့အတွက် မေရီနဲ့ဘို့သဝဲတို့ လက်လွတ် ထွက်ပြေး



ကြရပါတယ်။ မေရီကိုတော့ ရန်သူများက လက်ရဖမ်းမိသွားပါတယ်။ ဒါပေမယ့် မေရီဟာ သူ့ဘက်တော်သားတစ်ဦးရဲ့ အကူအညီနဲ့လက်လွတ် ထွက်ပြေးသွားခဲ့ပါတယ်။

မေရီဟာ လွန်စွာ စိတ်ရှုပ်ထွေးနေပြီဖြစ်ပါတယ်။ အဲဒါကြောင့် မဟာမိတ်ပြင်သစ်နိုင်ငံကို သွားရောက်ခိုလှုံခြင်းမပြုဘဲ အင်္ဂလန်နိုင်ငံတွင်းကို ဝင်ရောက်ပြီး အယ်လီဇဘက်ဘုရင်မထံက အကူအညီတောင်းခံခဲ့ပါတယ်။

အယ်လီဇဘက်နဲ့မေရီဟာ ဆွေမျိုးတော်စပ်ပါတယ်။ ဒါပေမယ့် အယူဝါဒလည်းမတူ၊ နိုင်ငံလည်းမတူကြတဲ့ ဘုရင်မနှစ်ပါးပါ။ အဆိုးဆုံးကတော့ အယ်လီဇဘက်ရဲ့ထီးနန်းကို မေရီကလည်း ဆက်ခံနိုင်ခွင့်ရှိနေတယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဘယ်ဘုရင်ပဲဖြစ်ဖြစ် ကိုယ့်ရာဇပလ္လင်ကို ကိုယ်အလေးအမြတ် အပြုဆုံးပါပဲ။ အဲဒီတော့ အယ်လီဇဘက်ဟာ မေရီကို ကူညီဖို့ မစဉ်းစားပါဘူး။ မေရီရဲ့တောင်းဆိုစကားများကိုလည်း သူမကြားတော့ပါဘူး။

စကော့ဘုရင်မမေရီကို ဘယ်လီဇဘက်က အကူအညီ မပေးနိုင်သလို သတ်လည်းမပစ်နိုင်တာနဲ့ ၁၉ နှစ်လုံးလုံး အကျဉ်းချထားခဲ့ပါတယ်။ ရဲတိုက်တစ်ခုကတစ်ခုကို ပြောင်းပြီးနေခဲ့ရတာပါ။ ဘာကြောင့်လဲဆိုတော့ သူ့ကို ကူညီနိုင်မည့်သူများနဲ့ အဆက်အသွယ် ရသွားမှာစိုးလို့ ဖြစ်ပါတယ်။

အဲဒီလိုနေထိုင်ရင်းက မေရီဟာ အယ်လီဇဘက်ကို သေကြောင်းကြံစည်သူများနဲ့ ဆက်သွယ်တယ်ဆိုတဲ့ စွဲချက်တင်ခြင်းခံရပြီး သေဒဏ်ကျ ခဲ့ရပါတော့တယ်။

အသက် ၂၅ နှစ်အရွယ်မှာ အကျဉ်းစံဘုရင်မအဖြစ်နဲ့ ရောက်ခဲ့ပြီး အသက် ၄၄ နှစ်မှ သေဒဏ်ပေးခြင်းခံခဲ့ရပါတယ်။

သေဒဏ်ကျခံတဲ့အခါမှာတော့ ဘုရင်မတစ်ပါးရဲ့ သူရသတ္တိသိက္ခာစသည်တို့ကို ထိန်းပြီး တည်ငြိမ်စွာ ခံယူသွားခဲ့ပါတယ်။

စကော့ဘုရင်မ မေရီသေဒဏ်ခံယူပုံကို ဖတ်ရတာ ကြေကွဲဖွယ်ကောင်းသလောက် အံ့သြချီးမွမ်းဖွယ်လည်း ကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စကော့ဘုရင်မ မေရီရယ်လို့ နာမည်မှာ စကော့ပါနေပေမယ့်လည်း စကော့လူမျိုးများနဲ့ ကင်းကွာခဲ့တဲ့အတွက် မေရီရဲ့ဘဝဇာတ်လမ်းဟာ ကြမ်းတမ်းခဲ့တာ ဖြစ်ပါတယ်။

ကလျာ၊ နိုဝင်ဘာလ ၉၁

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယမြောက် ဟင်နရီ၏ မိဖုရား ကက်သရင်းမယ်ဒီစီ

## (၁၅၁၉-၈၉)

မယ်ဒီစီဆိုတာ ဖလောရင့်စ် မြို့နိုင်ငံက သြဇာတိက္ကမကြီးမားတဲ့ အမျိုးအနွယ်တစ်ခုရဲ့အမည် ဖြစ်ပါတယ်။ ဖလောရင့်မြို့နိုင်ငံဟာ အလယ်ခေတ်မှာ ကုန်သွယ်ရေး စီးပွားရေးအရ ကြွယ်ဝပြီး ထင်ရှားတဲ့ မြို့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မယ်ဒီစီမျိုး မင်းညီမင်းသားများဟာ အုပ်ချုပ်ရေးမှာရော စီးပွားရေးမှာပါ နေရာရသူများ ဖြစ်ပါတယ်။

မယ်ဒီစီအမျိုးထဲက နှစ်ယောက်ဟာ ပုပ်ရဟန်းမင်းများ ဖြစ်ခဲ့ပြီး အမျိုးသမီးနှစ်ယောက်ကတော့ ပြင်သစ်နိုင်ငံမှာ မိဖုရားခေါင်ကြီးများ ဖြစ်ခဲ့ကြပါတယ်။

ကက်သရင်းမယ်ဒီစီဟာ ၁၅၄၇ ခုမှာ ပြင်သစ်ထီးနန်းကို ဆက်ခံခဲ့တဲ့ ဒုတိယမြောက် ဟင်နရီရဲ့ မိဖုရားခေါင်ကြီးဖြစ်ပါတယ်။

ကက်သရင်းကို ၁၅၁၉ ခုမှာ ဖလောရင့်မြို့မှာ မွေးဖွားပါတယ်။ အာဘီနိုမြို့စား ဒုတိယ လိုရင်ဇိုနဲ့ မင်းသမီး မယ်ဒလင်းတို့ရဲ့ သမီးဖြစ်ပါတယ်။ မိဘနှစ်ပါးဟာ ကက်သရင်း ငယ်စဉ်က ကွယ်လွန်ခဲ့တဲ့အတွက် ဦးရီးတော် သတ္တမမြောက် ကလီမင့် အမည်ခံ ပုပ်ရဟန်းမင်းက ကောက်ယူမွေးစားခဲ့ပါတယ်။

ပုပ်ရဟန်းမင်းဟာ သူ့တူမတော်ကို သင့်တော်တဲ့ မင်းညီမင်းသားနဲ့ ပေးစားဖို့ စီစဉ်ဆဲမှာ စကော့တလန်က ပဥ္စမမြောက်ဂျိမ်းစ်က လက်ဆက်



ဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ပုပ်ရဟန်းမင်းက ဝေးလံသီခေါင်တဲ့ စကော့တလန်ကို သူ့ရဲ့တူမတော်ကို မလွှတ်နိုင်ဘူးဆိုပြီး ငြင်းလိုက်ပါတယ်။

ပြင်သစ်နိုင်ငံက ပထမမြောက် ဖရန့်စစ်ဘုရင်ရဲ့ ဒုတိယသားတော် ဖြေလိုက်မင်းသားဟင်နရီနဲ့ ကက်သရင်းကို ဆောင်နှင်းဖို့ ပုပ်ရဟန်းမင်းက စီစဉ်ခဲ့ပါတယ်။ အသက်၁၄ နှစ်အရွယ်သာ ရှိကြသေးတဲ့ သတို့သားနဲ့ သတို့သမီးဟာ လက်ထပ်ကြဖို့ ဘုရားရှိခိုးကျောင်းက စင်မြင့်ရှေ့ရောက်မှပဲ တစ်ယောက်နဲ့တစ်ယောက် မြင်ဖူးကြတယ်လို့ ဆိုပါတယ်။

ကက်သရင်းဟာ ဖရန့်စစ်ဘုရင်နဲ့ နန်းတော်ကို တစ်ပါတည်း လိုက်သွားပြီး ထီးနန်းဓလေ့များနဲ့ အကျွမ်းတဝင်ဖြစ်အောင် ကြိုးစားလေ့လာရပါတယ်။ သီလရှင်ကျောင်းမှာ ကြီးရသူကလေးအဖို့ နန်းတော်ထဲမှာ ဝင်ဆန့်ဖို့ အတော့်ကို ကြိုးစားခဲ့ရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်အထိ ကက်သရင်းဆိုတာ ထက်မြက်သူ၊ ရက်စက်သူဖြစ်လာနိုင်တယ်လို့ ထင်စရာအကြောင်း မရှိခဲ့ပါဘူး။

၁၅၃၆ မှာ အိမ်ရှေ့မင်းသား ကွယ်လွန်ပါတယ်။ အဲဒီတော့ ဖရန့်စစ်ရဲ့ ဒုတိယသားတော့ ဟင်နရီဟာ မမျှော်လင့်ဘဲ အိမ်ရှေ့အရာကို ဆက်ခံခဲ့ရပါတယ်။ ကက်သရင်းလည်း အိမ်ရှေ့မိဖုရားဖြစ်လာပါတော့တယ်။ ကက်သရင်းကို ပြင်သစ်မင်းညီမင်းသားများက မချစ်မနှစ်သက်ကြပါဘူး။ အဲဒါကြောင့် အိမ်ရှေ့မင်း ကွယ်လွန်ရတာ ကက်သရင်းက အဆိပ်ခပ်လို့ သေရတာပါလို့ နန်းတွင်းနန်းပြင်မှာ အတော်လေးပြောကြပါတယ်။

အဲဒီလို အပြောခံရတာလည်း မဆန်းလှပါဘူး။ ဘာကြောင့်လဲဆိုတော့ မယ်ဒီစီအမျိုးတွေဟာ သူတို့ပြိုင်ဘက်များကို နိုင်ငံရေးတိုက်ကွက်နဲ့ တိုက်လို့မရနိုင်ရင် အဆိပ်ခပ်သတ်လေ့ရှိတယ်လို့ မူလကတည်းက နာမည်ဆိုးနဲ့ ကျော်ကြားခဲ့လို့ ဖြစ်ပါတယ်။

ကက်သရင်းဟာ ဟင်နရီရဲ့မိဖုရားခေါင်ကြီး ဖြစ်လာပေမယ့် နန်းတွင်းမှာ ကြီးစိုးပြီး ဘုရင်ရဲ့မေတ္တာနဲ့ စေတနာများကို သိမ်းပိုက်ယူငင်ထားနိုင်ခြင်းမရှိပါဘူး။ ဟင်နရီ ဘုရင်မဖြစ်ခင်ကတည်းက ဟင်နရီရဲ့ အချစ်အကြင်နာဟူသမျှကို ရအောင်ယူထားနိုင်သူကတော့ ဒိုင်ယန်းဒီပွိုင့်တီးယားဆိုသူ အမျိုးသမီးဖြစ်ပါတယ်။ သူ့အသက်ကတော့ မငယ်လှ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ လူလတ်ပိုင်းတောင်ရောက်နေပါပြီ။ ဒိုင်ယန်းကို ဘုရင်ကမြတ်နိုးလွန်းလို့ နန်းစဉ်ရတနာများနဲ့တကွ နယ်မြေအတော်များများကို အပိုင်စားပေးထားပါတယ်။ ဘုရင်က မြတ်နိုးတယ်ဆိုတော့လဲ နန်းတွင်းမှာ တွင်ကျယ်သူက ဒိုင်ယန်းပဲဖြစ်နေတာ သဘာဝကျပါတယ်။

အဲဒီအချိန်အတောအတွင်းမှာ ကက်သရင်းဟာ ငြိမ်ငြိမ်သက်သက်ပဲ နေပါတယ်။ ဟင်နရီကလည်း သူ့ကိုမချစ်ပေမယ့် ကြင်ကြင်နာနာ သက်သက်ညှာညှာ ဆက်ဆံပါတယ်။ သူတို့လက်ထပ်ပြီး ၁၀နှစ်ရှိတဲ့ တိုင်အောင် ကလေးမရခဲ့ပါဘူး။ ဟင်နရီထီးနန်းကို သိမ်းပိုက်ပြီးတဲ့နောက်မှာတော့ အရိုက်အရာကို ဆက်ခံမယ့်သူရှိဖို့ လိုလာပြီဖြစ်ပါတယ်။ အဲဒီအချိန်ရောက်တော့ ကက်သရင်းဟာ ကလေးတစ်ယောက်ပြီးတစ်ယောက် မွေးပါတော့တယ်။ အဲဒီတော့ ဟင်နရီက ကလေးမရဘူးဆိုတဲ့ ပြစ်ချက်နဲ့ သူ့ကို ကွာရှင်းလို့ မရနိုင်တော့ပါဘူး။ ဟင်နရီဘုရင်ဟာ ၁၅၅၉ မှာ မတော်တဆခေါင်းမှာ လှံချက်ထိပြီး အဲဒီဒဏ်ရာနဲ့ပဲ ကွယ်လွန်ပါတယ်။ သူကွယ်လွန်တဲ့အခါမှာ အသက် ၁၅နှစ်သာ ရှိသေးတဲ့ သားတော်ဖရန်စစ်က ဒုတိယမြောက် ဖရန်စစ်ဘုရင်အဖြစ် ထီးနန်းကို သိမ်းပိုက်ခဲ့ပါတယ်။

ဟင်နရီမရှိတော့တဲ့အချိန်မှာ ကက်သရင်းပထမဆုံးလုပ်တဲ့ အလုပ်ကတော့ ဒိုင်ယန်းဒီပွိုင့်တီးယားထံက နန်းစဉ်ရတနာများကို ပြန်တောင်းတဲ့ အလုပ်ဖြစ်ပါတယ်။ ဒိုင်ယန်းထံက နန်းစဉ်ရတနာများသာမကဘဲ အဖိုးတန်မြေယာများ၊ အခြားသော အဖိုးတန်ပစ္စည်းများကို ပြန်ရတာနဲ့ ဒိုင်းယန်းကိုလဲ နန်းတော်က နှင်ထုတ်လိုက်ပါတယ်။

ဖရန်စစ်ရဲ့မိဖုရားကတော့ အိမ်ရှေ့မင်းသားဘဝကတည်းက ထိမ်းမြားခဲ့သူ စကော့ဘုရင်မ မေရီဖြစ်ပါတယ်။ ဖရန်စစ်ဟာ ငယ်ရွယ်သူဖြစ်ရုံမကပါဘူး၊ ကျန်းမာရေးကလဲ ချို့တဲ့ပါတယ်။ အသက်ကလဲငယ်တဲ့ အပြင် တိုင်းရေးပြည်ရေးကိုလဲ စိတ်မဝင်စားဘူးဆိုတော့ သူ့ရဲ့ မိဖုရားမေရီရဲ့ဦးရီးတော်များ ဖြစ်ကြသူ ဂိုက်စ်အနွယ်နယ်စားများဟာ နန်းတွင်းရေးမှာ တွင်ကျယ်လာကြပါတယ်။ နန်းတွင်းသားများနဲ့တကွ နိုင်ငံသားအများကတော့ လော်ရိန်းနယ်သား ဂိုက်စ်အနွယ်များကိုလဲ ပြင်သစ်မဟုတ်ဘူးလို့ဘဲ ခံယူတယ်။

အဲဒီအချိန်မှာ ပြင်သစ်နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေဟာ ဘာသာ



ရေး အယူသည်းသူများရဲ့ အားပြိုင်မှုကြောင့် ရှုပ်ထွေးနေပါတယ်။ နန်းတွင်းသားများနဲ့ ဂိုက်စ်အနွယ်သားများကတော့ ရိုမန်ကက်သလစ်များ ဖြစ်ကြပါတယ်။

ပရိုတက်စတင့်များကတော့ ဘူဘွန်မင်းဆက်က ဆင်းသက်လာသူ နေဗာရီနယ်က ဘုရင်နဲ့ မင်းသားကော်ဒတို့ ဖြစ်ကြပါတယ်။ နိုင်ငံသားအရေအတွက် တော်တော်များများကလည်း ပရိုတက်စတင့် ဘာသာဝင်များ ဖြစ်ကုန်ကြပါပြီ။

ဘာသာရေးအားပြိုင်ပွဲမှာ ကက်သရင်းက နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြံစည်ပါတော့တယ်။ သူဟာ ဟင်နရီ သက်ရှိထင်ရှားရှိစဉ်က နန်းတွင်းမှာ မထင်မရှားနေခဲ့ပေမယ့် အမှတ်တမဲ့မနေခဲ့ပါဘူး။ သူများကို နောက်တန်းကနေပြီး စေ့စေ့စပ်စပ် လေ့လာထားတာ ခုနေခါမှာတော့ အကျိုးရှိရှိ အသုံးချနိုင်ဖို့ ဖြစ်လာတော့တာပါပဲ။

ကက်သရင်းကို ဂိုက်စ်အနွယ်များက မကြိုက်သလို သူကလည်း ဂိုက်စ်များကို မကြိုက်ပါဘူး။ အဲဒီတော့ ဂိုက်စ်များနဲ့ အားပြိုင်ဘက်ဖြစ်သူ ပရိုတက်စတင့်များကို သူက (ရိုမန်ကက်သလစ်ဖြီဖြီ) မကြိုက်ပေမယ့် ပရိုတက်စတင့်များကို လုံးဝဖျက်ဆီးပစ်ဖို့ မလိုလားပါဘူး။ နိုင်ငံရေးဟန်ချက်မပျက်ရုံ မွေးထားချင်တာပါ။

ကက်သရင်းရဲ့သားတော် ဖရန်စစ်ဟာ နန်းတက်ပြီး တစ်နှစ်အကြာမှာ ကွယ်လွန်ခဲ့ပါတယ်။ အဲဒီအချိန်မှာလည်း ကိုယ့်သားကိုကိုယ် အဆိပ်ခပ်သတ်ပြန်ပြီလို့ စွပ်စွဲတာကို ကက်သရင်း ခံရပြန်ပါတယ်။ နိုင်ငံရေးမှာတော့ ကက်သရင်းအားသာလာတာ အမှန်ပါပဲ။ ဖရန်စစ်မရှိတော့တဲ့အတွက် သူ့မိဖုရား စကော့ဘုရင်မမေရီရဲ့ ဂိုက်စ်ဦးရီးတော်များဟာ နန်းတွင်းမှာ သြဇာကျဆင်းသွားပါတယ်။ ဖရန်စစ်ရှိတုန်းက မေရီနဲ့ ကက်သရင်းတို့ အဆင်ပြေပြေ နေခဲ့ကြပါတယ်။ ဒါပေမယ့် ဖရန်စစ်မရှိတဲ့အချိန်မှာ ကက်သရင်းက မေရီလက်ထဲမှာရှိနေတဲ့ နန်းစဉ်ရတနာများကို ပြန်တောင်းပါတယ်။ ဒါကလည်း ကက်သရင်းကို အပြစ်ဆိုစရာအကြောင်းတော့ မရှိပါဘူး။ နန်းစဉ်ရတနာများကို နောက်တက်တဲ့မင်းက ရထိုက်ပါတယ်။ နောက်တက်မယ့်မင်းကတော့ အသက် ၁၂နှစ်သာရှိသေးတဲ့ ကက်သရင်းရဲ့ ဒုတိယသားတော် ချားလ်စ်ပါပဲ။ နဝမ

www.burmeseclassic.com

www.burmeseclassic.com



မြောက် ချားလ်စ်ဘုရင်အဖြစ် ဘိသိက်ခံတဲ့ ချားလ်စ်ဟာ အသက်မပြည့်သေးတဲ့အတွက် ရင်ခွင်ပိုက်အဖြစ် ကက်သရင်းကအုပ်ချုပ်ခွင့်ရခဲ့ပါတယ်။ အဲဒီတော့ မေရီထံက နန်းစဉ်ရတနာများကို ပြန်တောင်းရတာ ဖြစ်ပါတယ်။

စကော့ဘုရင်မမေရီကလည်း များမကြာခင် စကော့တလန်ကို ပြန်သွားပါတယ်။ ကက်သရင်းအနေနဲ့ မူလက နောက်တန်းမှာ ခပ်မှိန်မှိန်နေခဲ့ရပေမယ့် အခုကစပြီး အာဏာကို ပိုင်ပိုင်နိုင်နိုင် ကိုင်စွဲနိုင်တဲ့နေရာကို ရောက်လာပြီ ဖြစ်ပါတယ်။

ကက်သရင်းဟာ အခုအချိန်မှာ အသက် ၄၁ နှစ် ရှိပါပြီ။ အများက အေးဆေးသူ၊ ကိုယ်ကျိုးမရှာသူလို့ သိထားကြရာက ရတ်တရက်ဆိုသလို ထက်မြက်သူ၊ ရက်စက်သူ၊ စိုးမိုးနိုင်သူ၊ သြဇာတိက္ကမရှိသူတစ်ယောက်ဖြစ်တယ်ဆိုတာကို ပြလိုက်နိုင်ပါတယ်။ မြို့ဘက်များကလည်း သူ့ကိုဦးညွှတ်ကြရပါတော့တယ်။ ဦးမညွှတ်လို့လည်း မဖြစ်တော့ပါဘူး။ သူ့လက်ထဲမှာ လုပ်လိုရာကို လုပ်နိုင်တဲ့ အာဏာရောက်သွားပြီဖြစ်တဲ့အတွက် ဦးမညွှတ်တဲ့သူဟာ အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးကြရတာကို မကြာခဏ မြင်ကြပြီဖြစ်ပါတယ်။ သူဟာ သူ့အလိုကျဆောင်ရွက်မယ့်သူများကို ရာထူးနဲ့အာဏာ အပြည့်အဝ ပေးထားပြီးပြင်သစ်နိုင်ငံကို သူကြိုက်သလို အုပ်ချုပ်ပါတော့တယ်။

အဲဒီခေတ်က သာသနာပြုပြင်ပြောင်းလဲရေးကြောင့် ဖြစ်ပေါ်လာတဲ့အုံကြွမှုများ၊ တိုက်ပွဲများဟာ ကက်သရင်းရဲ့စိတ်ကို နှိုးဆွ မပေးနိုင်ပါဘူး။ သူဟာ အဲဒီခေတ်က လူဖြစ်ပေမယ့် ခုခေတ်လူများတွေးသလိုပဲ ဘာသာရေးနဲ့ပတ်သက်ပြီး တွေးပါတယ်။ သူဟာ ဘာသာရေးအကြမ်းဖက်မှုများ၊ အမြင်ကျဉ်းမြောင်းမှုများကို လက်သင့်မခံပါဘူး။ ဘာသာရေးပြဿနာမှုများကို တွေ့ဆုံဆွေးနွေးပြီး ဖြေရှင်းရင် ရနိုင်တယ်လို့ သူက ယူဆပါတယ်။

အဲဒါကြောင့် သူဟာ ၁၅၆၁ ခု ဩဂုတ်လမှာ ရိုမန်ကက်သလစ်ခေါင်းဆောင်များရော၊ ပရိုတက်စတင့်ခေါင်းဆောင်များကိုပါ တွေ့ဆုံဆွေးနွေးဖို့ ဖိတ်ကြားခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ ကက်သရင်းကအဖြေရှာဖို့ တိုက်တွန်းပေမယ့် မရခဲ့ပါဘူး။ အဲဒီခေတ်လူများဟာ သူတစ်ပါးကို မတိုက်ခိုက်ဘဲနဲ့ ကိုယ့်ဘုရားကို မရှိခိုးတတ်သလို ဖြစ်နေပါတယ်။



ကက်သရင်းက ပြင်သစ်မှာ အင်အားစုတစ်ရပ်အဖြစ် ရှိနေပြီဖြစ်တဲ့ ဟူဂီးနော့လို့ခေါ်တဲ့ ပြင်သစ်ပရိုတက်စတင့်များကို ကိုးကွယ်ယုံကြည်ခွင့်နဲ့ ပတ်သက်လို့ လွတ်လပ်ခွင့်ကို အရင်ကထက် တိုးမြှင့် ပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ ပြည်တွင်းစစ် စပြီးဖြစ်တော့တာပါပဲ။

ပြောတော့သာ ပြည်တွင်းစစ်ပါ။ ရိုမန်ကက်သလစ်များဘက်က စပိန်ဘုရင် ဒုတိယဖိလစ်၊ ပုပ်ရဟန်းမင်းနဲ့ အီတလီနယ်အချို့က ကူညီကြသလို အင်္ဂလိပ်ဘုရင်မ အယ်လီဇဘက်နဲ့ ဂျာမနီနိုင်ငံ၊ နယ်သာလန်နိုင်ငံတို့က ပရိုတက်စတင့်များဘက်က ကူညီကြပါတယ်။ နှစ်ဖက်စလုံးက အသေအပျောက်များကြပြီး ခေါင်းဆောင်များလည်း ကျဆုံးကြပါတယ်။ ပြင်သစ်နိုင်ငံဟာ အဲသလို နိုင်ငံခြားတပ်များကြောင့် အကွဲကွဲအပြားပြား ဖြစ်လာရတာကြောင့် ဘာသာရေးစစ် ရပ်စဲတာနဲ့ နိုင်ငံခြားကကျူးကျော်သူများကို တိုက်ထုတ်ကြရပြန်ပါတယ်။

ကက်သရင်းကတော့ စစ်ခဏခဏဖြစ်ပွားတာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းမရတော့တဲ့အခါမှာ သားသမီးယူ ကိစ္စနဲ့ ဖြေရှင်းဖို့ တစ်နည်းဆိုရင် သံတမန်နည်းနဲ့ ဖြေရှင်းဖို့ကြိုးစားပြန်ပါတယ်။ သူ့သားနဲ့အင်္ဂလိပ်ဘုရင်မအယ်လီဇဘတ်၊ သူ့သမီးနဲ့ နေဗာရီဘုရင် ဟင်နရီတို့ကို ဈေးစပ်ပါတယ်။ အယ်လီဇဘတ်က လက်သင့်မခံလို့ သမီးယူကိစ္စမအောင်မြင်ပါဘူး။ သူ့သမီးကတော့ ပရိုတက်စတင့် နေဗာရီဘုရင်နဲ့ လက်ဆက်ခဲ့ပါတယ်။ အဲဒီလိုပရိုတက်စတင့်နဲ့ ဆွေမျိုးစပ်ရုံတင် မကပါဘူး။ပြင်သစ်က ပရိုတက်စတင့်ခေါင်းဆောင်ကိုလဲ လွတ်လပ်ခွင့်ပေးပြီး မူလကရာထူးအတိုင်း နန်းတွင်းမှာ ထမ်းဆောင်ခဲ့တဲ့တာဝန်ကို ပြန်လည်ထမ်းဆောင်ခွင့်ပေးပါတယ်။

အဲဒီအချိန်မှာ ပြင်သစ်ဘုရင် ချားလ်စ်ဟာ အသက် (၂၀) အရွယ်ကိုရောက်လာပြီဖြစ်တဲ့အပြင် သြစတြီးယားမင်းသမီး အယ်လီဇဘက်နဲ့လည်း လက်ထပ်ထိမ်းမြားပြီးပြီ ဖြစ်ပါတယ်။ သူ့ကိုယ်သူလဲ လူလားမြောက်ပြီလို့ အထင်ရောက်လာပါတယ်။ သူ့မယ်တော်ရဲ့ သြဇာရိပ်က လွတ်ချင်စိတ် ပေါ်လာပြီဖြစ်ပါတယ်။ အဲဒီတော့ ခုနကပရိုတက်စတင့် ခေါင်းဆောင် ကိုလစ်ဂနီနဲ့ အကျွမ်းတဝင် ဖြစ်လာပါတယ်။ အဲဒီပရိုတက်စတင့်ခေါင်းဆောင်ကလည်း/ဘာသာရေးပြည်တွင်းစစ် ထပ်မဖြစ်ချင်တဲ့စိတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကလေးကို မြှောက်ပေးပါတယ်။ သူမြှောက်ပေးတာကလဲ ပြည်တွင်း အင်အားများကို စုစည်းနိုင်ဖို့ စပိန်လိုနိုင်ငံခြားတိုင်းပြည်ရဲ့ ပိုင်နက်ကို သွားရောက် ကျူးကျော်ဖို့ဖြစ်ပါတယ်။ မရင့်ကျက်သေးတဲ့ ဘုရင်လေးက လည်း သူကိုယ်တိုင်ပြင်သစ်တပ်ကြီးကို ဦးဆောင်သွားရမှာကို သဘော တော် ကျနေပါတယ်၊ အဲဒီအကြောင်းကို အချိန်မီ သိလိုက်ရတဲ့ ကက်သရင်းနဲ့ ရိုမန်ကက်သလစ် ဂိုက်စ်အနွယ်များဟာ ထိတ်လန့်တ ကြား ဖြစ်သွားပါတယ်။

အဲဒီတော့ ကက်သရင်းဟာ ပရိုတက်စတင့် ခေါင်းဆောင် ကိုလစ် ဂနီကို သုတ်သင်ဖို့စီမံပါတယ်။ အဲဒီလိုလူတစ်ယောက်ကို သုတ်သင်တဲ့ ကိစ္စကို ကက်သရင်းက နည်းနည်းကလေးမှ နောက်မတွန့်ပါဘူး။သူ့ အတွက်ကတော့ လူသတ်တာ နိုင်ငံရေးလုပ်ကွက်တစ်ခုမျှသာပါပဲ။

ကက်သရင်းရဲ့သမီးတော် မာဂရက်နဲ့ နေဗာရီဘုရင် ဟင်နရီတို့ လက်ထပ်တဲ့ပွဲမှာ မကျေမနပ်ဖြစ်ကြသူများကတော့ ရိုမန်ကက်သလစ် များဖြစ်ကြပါတယ်။ သတို့သားက ပရိုတက်စတင့် ဖြစ်နေလို့ပါပဲ။

လက်ထပ်ပြီး သုံးရက်မြောက်တဲ့အခါမှာ ပရိုတက်စတင့်ခေါင်း ဆောင် ကိုလစ်ဂနီကို လုပ်ကြံတဲ့ကိစ္စဖြစ်ပွားပါတယ်။ အဲဒီလူမသေပါဘူး ဒဏ်ရာပဲရပါတယ်။ ဘုရင်ချားလ်စ်က သူ့မိတ်ဆွေအတွက် ဒေါသထွက် ပြီး သတ်တဲ့လူ ဘယ်သူလည်းဆိုတာ စုံစမ်းစေပါတယ်။

ကက်သရင်းဟာ လုပ်ကြံမှုမှာ သူပါတာကို မပေါ်ပေါက်အောင် သားတော်ကို လုပ်ဇာတ်ခင်းပြီး နားသွင်းပါတယ်။ ဒီကိစ္စဟာ ပရိုတက် စတင့်များက လူထုအုံကြွအောင် လုပ်တဲ့အမှုဆိုတာကို ကြာကြာမပြောရ ဘဲ ဘုရင်က ယုံသွားပါတယ်။ အစောကြီးကတည်းက သူ့စကားကို ယုံနေကျ၊ ကိုယ်ပိုင်စဉ်းစားဉာဏ်နည်းတဲ့သူ့သားအကြောင်းကို ကက်သရင်း ကောင်းကောင်းကြီး သိတာပေါ့။

ချားလ်စ်ဟာ ပရိုတက်စတင့်ဟူးဂီနော့များကို သတ်ဖြတ်ဖို့ အမိန့် ထုတ်ပြန်လိုက်ပါတယ်။ ပါရီမြို့တော်မှာ နေဗာရီပရိုတက်စတင့် ဘုရင်နဲ့ ပြင်သစ်ဘုရင့်နှမတော်တို့ လက်ထပ်ပွဲမှာ ပျော်ကြရွှင်ကြဖို့ ရောက်နေတဲ့ ပရိုတက်စတင့်များဟာ မနည်းပါဘူး။ သူတို့ကို ဘုရင့်အမိန့်နဲ့ သတ်လိုက် ကြတာ တစ်လကျော်ကျော် ကာလအတွင်းမှာ လူငါးသောင်းလောက် သေကြေရပါတော့တယ်။



အဲဒီလို ပရိုတက်စတင့်များ အလုံးအရင်းနဲ့ သေကြေရတာကို ကက်သရင်းကြောင့် ဖြစ်တယ်လို့ အများကပြောကြပါတယ်။ တစ်ချို့က အပြစ်ပြောကြတာမဟုတ်ပါဘူး။ ချီးကျူးကြတာပေါ့။ ချီးကျူးကြသူများ ကတော့ ရိုမန်ကက်သလစ်နိုင်ငံများက ဖြစ်ပါတယ်။

ကက်သရင်းက ဘာသာရေးအယူသည်းတဲ့စိတ်နဲ့ အဲဒီကိစ္စကို ကျူးလွန်တာ မဟုတ်ပါဘူး။ သူ့အတွက်ကတော့ သူ့အာဏာ တည်မြဲရေး အတွက် ဆောင်ရွက်တာဖြစ်တာပါပဲ။စောစောပိုင်းက သူပဲ ဟူးဂီးနော့ တွေကို အလျှော့ပေးခဲ့သေးတာပါပဲ။

အဲဒီလို စက်ဆုတ်ဖွယ် ရက်စက်မှုကြောင့် ကက်သရင်းရဲ့ တန်ခိုး သြဇာ ကျဆင်းသွားခြင်းမရှိပါဘူး။ နောက်(၂)နှစ်ကြာတဲ့အခါမှာ ချားလ်စ် ဟာ စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ ကွယ်လွန်သွားခဲ့ပါတယ်။ သူ့ရဲ့ အရိုက် အရာကို ဆက်ခံသူကတော့ ကက်သရင်းရဲ့ နောက်သားတော်တစ်ယောက် ဖြစ်တဲ့ တတိယဟင်နရီဖြစ်ပါတယ်။ အဲဒီတော့ ကက်သရင်းကပဲ ရင်ခွင် ပိုက် အုပ်ချုပ်ရပြန်ပါတယ်။

ပြင်သစ်နိုင်ငံမှာတော့ ကက်သရင်းကွယ်လွန်တဲ့(၁၅၈၉)ခုအထိ ဘာသာရေးပဋိပက္ခဟာ ကြီးမားဆဲ၊ တိုက်ခိုက်သတ်ဖြတ်မှုကလဲ ပြင်းထန် ဆဲပဲ ဖြစ်ပါတယ်။

ကက်သရင်းမယ်ဒီစီ အကြောင်းကို လေ့လာကြည့်တဲ့အခါမှာ ကောက်ချက်ချနိုင်တဲ့ အချက်များစွာရှိတဲ့အထဲက နှစ်ချက်ကို ပြောလို ပါတယ်။ "ရက်စက်တဲ့ ကောက်ကျစ်တဲ့သူများဟာ အာဏာမရသေးတဲ့ အခါမှာ သေသေဝပ်ဝပ်နေတတ်ကြပါတယ်ဆိုတဲ့ အချက်ရယ်။ နိုင်ငံမှာ ဖြစ်လ ာ့တဲ့အရေးကိစ္စတွေကို အခွင့်ကောင်းယူပြီး မိမိတို့ ကိုယ်ကျိုး အတွက် အမြတ်ထုတ်တတ်ကြတဲ့ ကက်သရင်းလို လူမျိုးကြောင့် နိုင်ငံ သားများမှာ ပိုပြီးနစ်နာရတတ်ပါတယ်။"ဆိုတဲ့ အချက်ရယ်ပဲ ဖြစ်ပါ တယ်။

မြားနတ်မောင်၊ ဒီဇင်ဘာ–၉၁

* * * * *

www.burmeseclassic.com

www.burmeseclassic.com



အိုလမ်ပီယပ်စ်

# မက်ဆီဒိုးနီးယားသူ အိုလမ်ပီယပ်စ်

"ဖိလစ်"ဆိုတာ မက်ဆီဒိုး နီးယားနိုင်ငံကို ပထမဆုံး စတင် စည်းရုံးခဲ့သူ ဘေရာဇ်ဘုရင် ဖြစ်ပါတယ်။ သူ့ရဲ့သားကတော့ မဟာ အလက်ဇန္ဒားလို့ ထင်ရှားခဲ့သူ စစ်ဘုရင်ဖြစ်ပါတယ်။ အနုဓော်အမည် များနဲ့မနီးစပ်လှတဲ့ ဖိလစ်ရဲ့ မိဖုရား "အိုလမ်ပီယပ်စ်"ဟာ မဟာအလက် ဇန္ဒားရဲ့ မိခင်ဖြစ်ပါတယ်။

သမိုင်းမှာတော့ ဖိလစ်ဘုရင်နဲ့ သူ့သား အလက်ဇန္ဒားတို့ဟာ ထင်ရှားကျော်ကြားသူများ ဖြစ်ပါတယ်။ ဒါပေမယ့် အိုလမ်ပီယပ်စ်ကို တော့ သိကြသူရှားပါတယ်။ သူ့အကြောင်းကိုသိအောင် လေ့လာကြည့် တဲ့အခါမှာတော့ သူ့ရဲ့စိတ်ထား မမှန်မှုနဲ့ လုပ်ဆောင်မှု အမှားများ ကြောင့် ဖိလစ်တို့သားအဖမှာ ကိုယ်ရောစိတ်ပါများစွာ ထိနိုက်ခဲ့ကြရ တယ်။ ကိုယ်ရောစိတ်ပါ အနာတရဖြစ်ခဲ့ကြရတယ်ဆိုတာကို သိလာ ကြ ရတယ်ဆိုတာကို သိလာကြရပါတယ်။

နိုင်ငံကို ဦးဆောင်ကြသူများအနေနဲ့ စိတ်ရောကိုယ်ပါ ထိနိုက် ခံစားကြရပြီဆိုတဲ့အခါမှာ သူတို့ရဲ့လုပ်ဆောင်ချက်များနဲ့ သူတို့ရဲ့ နိုင်ငံ ရေးဘဝတို့မှာလည်း ထိနက်ခံရပြီလို့ အလွယ်တကူ တွက်ဆလို့ ရနိုင် ပါတယ်။

အဲဒီလို ဆိုးကျိုးပေးခဲ့တဲ့ အမျိုးသမီးမျိုးအကြောင်းကို သမိုင်း နောက်ခံ အခြေအနေကစပြီး လေ့လာရတာ သိပ်ပြီးစိတ်ဝင်စားစရာ ကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မက်ဆီဒိုးနီးယားနိုင်ငံဆိုတာ အေသင်၊ သီးဘီး၊ ကိုးရင့်၊ စပါတာ စတဲ့ ထင်ရှားတဲ့ ဂရိမြို့ပြနိုင်ငံများရဲ့ မြောက်ဘက်မှာ တည်ရှိပါတယ်။ "ဖိလစ်"မပေါ်ပေါက်မီအထိကတော့ မက်ဆီဒိုးနီးယားဆိုတာ ယဉ်ကျေးမှု အဆင့်အတန်း နိမ့်ကျတဲ့ဒေသတစ်ခုဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ဖို့တောင် ခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့နယ်နဲ့သူ့ မင်းကွဲပြားခြားနားနေကြလို့ပဲ ဖြစ်ပါတယ်။ အဲဒီလို အကွဲကွဲအပြားပြား နေတဲ့နယ်များကို စုစည်းနိုင်တဲ့သူကတော့ အဲဒီနယ်များအနက် နယ်တစ် နယ်က ဒေသခံခေါင်းဆောင်ဖြစ်သူ "ဖိလစ်"ပဲဖြစ်ပါတယ်။

မက်ဆီဒိုးနီးယားနိုင်ငံမှာ မှီတင်းနေထိုင်ကြသူများဟာ ဂရိအနွယ် အာရိယန်လူမျိုးများ ဖြစ်ကြပါတယ်။ သို့ပေမယ့် ယဉ်ကျေးမှု မြင့်မားတဲ့ ဂရိနိုင်ငံမြို့ပြများကတော့ သူတို့ကို အနွယ်တူများအဖြစ် နှစ်နှစ်ခြိုက်ခြိုက် လက်ခံလိုစိတ်မရှိကြပါဘူး။ အဆင့်နိမ့်သောမနိမ့်သော မပြောနဲ့၊ မက်ဆီ ဒိုးနီးယားကဆိုရင် ကျွန်တောင်မှ ကျွန်ကောင်းမထွက်နိုင်တဲ့နိုင်ငံလို့ အထက်စီးနဲ့ ပြောတတ်ကြပါသေးတယ်။

အဲဒီလို လူမျိုးကြီးစိတ်နဲ့ သူတို့ပြောနေကြတဲ့အချိန် ဘီစီ ၃၅၉ မှာ ဖိလစ်ဟာ မက်ဆီဒိုးနီးယားနိုင်ငံရဲ့ ဘုရင်အဖြစ်ကို ရောက်ခဲ့ပါတယ်။

ဂရိများမှာတော့ အစောပိုင်းကတည်းက မြို့ပြနိုင်ငံ အသီးသီး ကွဲနေကြတဲ့အထဲမှာ အကြောင်းပြချက် အသီးသီးရှာပြီး အချင်းချင်း စစ်တိုက်နေရတာနဲ့ပဲ တစ်စတစ်စ စည်းရုံးရေးလျော့ကျနေပါတော့တယ်။

ဖိလစ်ကတော့ ဘုရင်ဖြစ်ကတည်းက ဂရိလူမျိုးများရဲ့ဒေသအား လုံးကို စုစည်းတဲ့ နိုင်ငံကြီးတစ်နိုင်ငံထူထောင်ဖို့ ရည်ရွယ်ချက်ထားခဲ့ပါ တယ်။ သူ့ခေတ်နဲ့ဆိုရင် ခေတ်ရှေ့ပြေးနေတဲ့ အကြံအစည် ဖြစ်ပါတယ်။ အဲဒီအကြံအစည်တစ်ခုသာ ခေတ်ရှေ့ပြေးနေတာမဟုတ်ပါဘူး။ အထူး ခေတ်ရှေ့ပြေးခဲ့တဲ့ ဖိလစ်ရဲ့လုပ်ဆောင်ချက်များလည်း ရှိပါသေးတယ်။

ပထမဆုံးပြောချင်တဲ့ ခေတ်ရှေ့ပြေးလုပ်ဆောင်ချက်ကတော့ သူ ကိုယ်တိုင် ပညာမပြည့်စုံလှပေမယ့် သူ့အရိုက်အရာကိုဆက်ခံရမည့် သားတော်အလက်ဇန္ဒားအတွက် သူ့ခေတ်မှာ အချွန်ဆုံး၊ အမွန်ဆုံး ကဝိ တစ်ဆူဖြစ်သူ အရစ်စ်တိုတယ်ကို အကြီးတော်အဖြစ် ခန့်ထားပေးခြင်း ဖြစ်ပါတယ်။ နောက်ပြီး သူ့ရဲ့သားတော်ကို အသက် ၁၆ နှစ်အရွယ်



ကတည်းက သူနဲ့ တန်ရာတာဝန်ကို လွှဲအပ်ပေးပြီး နိုင်ငံအုပ်ချုပ်မှုပညာ ကို လက်တွေ့ရယူနိုင်ခွင့် ပေးခဲ့ပါတယ်။ ပဒေသရာဇ်ခေတ်မှာ အရိုက် အရာဆက်ခံမည့်သူကို ဖိလစ်လို လေ့ကျင့်ပေးသူ ရှာမှရှားပါတယ်။

ဖိလစ်ဟာ ဂရိလောကကို စည်းရုံးဖို့ စစ်အင်အားကို စနစ်တကျ စုစည်းပါတယ်။ ပတ်ဝန်းကျင်ဒေသများနဲ့ ဂရိကျွန်းဆွယ်တစ်ဝိုက်ကို စုစည်းနိုင်ခဲ့ပါတယ်။ သို့ပေမယ့် သူ့ရည်မှန်းချက် မအောင်မြင်ခင်မှာ လုပ်ကြံခြင်းခံရပြီး ကွယ်လွန်ခဲ့ပါတယ်။ သူကွယ်လွန်ချိန်မှာ နန်းစံသက် ၂၃ နှစ် ရှိပါပြီ။

အဲဒီလောက်စော်တဲ့ ထက်မြက်တဲ့ ဖိလစ်ရဲ့မိဖုရားကတော့ ဆိုခဲ့တဲ့ အိုလမ်ပီယပ်စ် ဖြစ်ပါတယ်။ မက်ဆီဒိုးနီးယားနယ်ရဲ့ အနောက် ဘက်က ကပ်လျက်တည်ရှိတဲ့ အီးပီးယပ်စ်ဆိုတဲ့နယ်က အကြီးအကဲ တစ်ဦးရဲ့သမီး ဖြစ်ပါတယ်။ ဖိလစ် နန်းမတက်မီကတည်းက ရိုးရာ နတ်ပွဲတစ်ပွဲမှာ တွေ့ကြပြီး မေတ္တာမျှခဲ့ကြတာလို့ ဆိုကြပါတယ်။ ဖိလစ် လို လူမျိုးကလဲ ဘယ်လိုကိစ္စမျိုးမဆို စိတ်သွားတိုင်း ကိုယ်ပါချင်တတ်ပါ တယ်။ အဲဒါကြောင့် မင်းအဖြစ်ရောက်တာနဲ့ အိုလမ်ပီယပ်စ်ကို မိဖုရား မြှောက်ခဲ့ပါတယ်။ သုံးနှစ်အကြာမှာ အလက်ဇန္ဒားကို မွေးဖွားခဲ့ပါတယ်။

အိုလမ်ပီယပ်စ်ကို ဖိလစ်က ချစ်မြတ်နိုးလို့ ယူခဲ့တာဆိုတော့ ရုပ်ဆင်းသဲ့ရွှန်အနေနဲ့ အထိုက်အလျောက်ပဲဖြစ်ဖြစ် တင့်တယ်မှာ သေချာပါတယ်။ ဒါပေမယ့် သူ့မှာ ထွာခြေမရှိအောင် လှုပ်လှုပ်ခတ်ခတ် နေတတ်တဲ့ သဘာဝရှိပါတယ်။ စိတ်သဘောထားကလည်း သေးသိမ်ပါ တယ်။ သူဟာ အဲဒီခေတ်က လူတချို့လိုက်စားကြတဲ့ အောက်လမ်းပညာ ကို ဆရာတစ်ဆူဖြစ်အောင် လိုက်စားထားသူ ဖြစ်ပါတယ်။ တိရစ္ဆာန်များ ရဲ့ အသွေးအသားများနဲ့ ယစ်ပူဇော်တာ၊ လူ့သွေးနဲ့ နတ်တင်တာမျိုးကို လုပ်လေ့ရှိတဲ့ အောက်လမ်းပညာမှာ တစ်ဖက်ကမ်းခတ်တာမို့ သူ့လောက မှာတော့ သူထင်ရှားပါတယ်။ မြွေများကိုမွေးပြီး ထားနိုင်တယ်။ လိုရာကို စေခိုင်းနိုင်တယ်ဆိုတာ လွယ်လွယ်မှ မဟုတ်ပါပဲကလား။ မြွေတွေ (မြွေဟောက်တွေ)ဟာ သူ့အိမ်မှာ အခန်းတကာ လျှောက်သွားလို့ နေ တတ်တယ်လို့ ဆိုပါတယ်။

အဲဒီလိုမိဖုရားမျိုးကို ရထားတဲ့ဘုရင်တစ်ပါးအဖို့ သူ့နိုင်ငံသား

www.burmeseclassic.com

www.burmeseclassic.com



တွေရှေ့မှောက်မှာ အနေရတော့ ခက်ရှာမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ မက်ဆီဒိုးနီးယားဟာ ဂရိနိုင်ငံများနဲ့ နီးစပ်ပြီး တိုးတက်တဲ့အသွင်ကိုလည်း ဆောင်နေပြီဖြစ်တဲ့အတွက် အောက်လမ်းကို လိုက်စားတဲ့မိဖုရားကိုတော့ လေးလေးမြတ်မြတ် လက်ခံနိုင်ဖွယ်မရှိပါဘူး။ အဲဒီလိုအကြောင်းများကြောင့် ထင်ပါရဲ့။ ဖိလစ်နဲ့ အိုလမ်ပီယပ်စ်မိဖုရားတို့ဟာ သားကလေးအလက်ဇန္ဒား တစ်စထက်တစ်စ သိတတ်လာလေလေ မသင့်မတင့်ဖြစ်လာလေလေနဲ့ အိမ်ထောင်ရေးအခြေအနေ ဆိုးရွားလာပါတော့တယ်။

အိုလမ်ပီယပ်စ်က သူ့ရဲ့သားကို ဖိလစ်နဲ့ရတဲ့ လူသာမန်သားမျိုးမဟုတ်ဘူး၊ နတ်ဘုရားတစ်ပါးပါးနဲ့ရတဲ့ သန္ဓေသားဖြစ်တယ်ဆိုတဲ့ အယူအဆမျိုးကို အလက်ဇန္ဒားငယ်ငယ်ကတည်းက ပြောထားလေ့ရှိပါတယ်။

မိခင်ဆိုတာ ဖခင်ထက်ပိုပြီး သားသမီးနဲ့ ရင်းနှီးခွင့်ရနိုင်ပါတယ်။ အထူးသဖြင့် ဖိလစ်လို စစ်ရေး နိုင်ငံရေးကိစ္စများနဲ့ အဝေးကိုသွားနေရသူအဖို့ သားနဲ့ရင်းနှီးခွင့်ဟာ မိခင်အိုလမ်ပီယပ်စ်လောက် မရနိုင်ပါဘူး၊ အဲဒီလို သားနဲ့ကင်းကွာနေရတဲ့အထဲ ဖိလစ်ဟာ သူ့ဖခင်အရင်းမဟုတ်ဘူးဆိုတဲ့ အသိများဟာ အလွန်ဆိုးရွားတဲ့ အသိများပဲဖြစ်ပါတယ်။ ပထမအချက်ကတော့ နတ်ဒေဝတာရဲ့ သားဆိုတဲ့ အယူအဆများကြောင့် "အရစ်တိုတယ်"ရဲ့ တပည့်ဖြစ်လျက်နဲ့ ကြောင်းကျိုးဆက်စပ်ပြီး တွေးခေါ်မှု အားနည်းသွားပြီး ဘဝင်မြင့်သူတစ်ယောက်အဖြစ် အလက်ဇန္ဒားကြီးပြင်းလာခဲ့ပါတယ်။

နောက် ဆိုးရွားတဲ့အချက်ကတော့ ဖခင်ရင်းကိုမချစ်မကြည်ညိုနိုင်ဘဲ ဖခင်ရင်းရဲ့ အောင်မြင်မှုများကို ဂုဏ်ယူရမည့်အစား မစ္ဆရိယပွားစရာကိစ္စများအဖြစ် မှတ်ယူလာတာပဲ ဖြစ်ပါတယ်။

ဖခင်ရဲ့ စစ်ရေးအောင်မြင်မှု သတင်းတစ်ခုကို ကြားလိုက်တိုင်း ငါ့ခမည်းတော်ကတော့ မင်းတို့ငါတို့ အောင်ပွဲခံဖို့မကျန်အောင် တွေ့ရာဒေသ လိုက်သိမ်းနေပြီဆိုတဲ့ အပြောမျိုးတောင် သူ့ရဲ့ဆော်ရဲဘက်များကိုပြောလေ့ရှိတယ်လို့ သိရပါတယ်။

အလက်ဇန္ဒားဟာ သူ့ကိုအလွန်ချစ် အလွန်အထင်ကြီးရုံမက အလွန်ယုံကြည်စွာနဲ့ ငယ်ငယ်ကတည်းက တာဝန်အချို့ကိုတောင် လွှဲအပ်ပေးထားခဲ့သူ ဖခင်ကို မချစ်နိုင်မကြည်ညိုနိုင်ဘဲ ဝန်တိုစရာပြိုင်ဘက်လို



မြင်လာတာပဲ ဖြစ်ပါတယ်။ အဲဒါ မလိမ္မာတဲ့မိခင်အိုလမ်ပီယပ်စ်ရဲ့စနက်ကြောင့် ဖြစ်ပါတယ်။

ပိုပြီးအခြေအနေဆိုးသွားတာကတော့ ဖိလစ်က နောက်မိဖုရားတစ်ယောက် ကောက်ယူလိုက်တဲ့ကိစ္စကြောင့် ဖြစ်ပါတယ်။ ဖိလစ်ယူလိုက်တဲ့ နောက်မိဖုရားရဲ့အမည်က "ကလီယိုပါထရာ"(အီဂျစ်ဘုရင်မ မဟုတ်ပါ) သူ့ကိုယူလိုက်တဲ့အခါမှာ အိုလမ်ပီယပ်စ်က မိဘရပ်ထံကို ပြန်ပါတယ်။ ဖိလစ်က သားတော် အလက်ဇန္ဒားကိုတော့ မက်ဆီဒိုးနီးယားကို ပြန်လာအောင် ချော့မော့ထားပါတယ်။

အဲဒီလို အိမ်တွင်းရေးမသာယာတဲ့ အချိန်မျိုးမှာ ဖိလစ်ကတော့ နိုင်ငံရေး စစ်ရေးကိစ္စများကို မနားတမ်းဆောင်ရွက်နေတာပါပဲ။ တစ်နေ့မှာတော့ သူ့သမီးတော်ရဲ့ မင်္ဂလာပွဲကို တက်ရောက်ခဲ့ပါတယ်။

မင်္ဂလာပွဲမှာ အဖြူရောင်ဝတ်ရုံကိုဝတ်ပြီး လက်နက်မပါဘာမပါနဲ့ လာခဲ့သူ ဖိလစ်ဟာ ဓားနဲ့ထိုးပြီး လုပ်ကြံတာကို ခံခဲ့ရပါတယ်။ လူသတ်သမားဟာ အသင့်စောင့်နေတဲ့မြင်းနဲ့ ထွက်ပြေးခဲ့ပါတယ်။ ဒါပေမယ့် လမ်းမှာ မြင်းရဲ့ခြေထောက်နဲ့ နွယ်ပင်မျိုးငြိပြီး မြင်းဟာလဲကျသွားခဲ့ပါတယ်။ သူ့နောက်က လိုက်လံဖမ်းဆီးကြသူ မင်းချင်းများက မြင်းပေါ်က ကျလာသူကို သုတ်သင်လိုက်ကြပါတယ်။

အဲဒီလိုနဲ့ အလက်ဇန္ဒားဟာ အသက် ၂၀ အရွယ်မှာ မင်းအဖြစ်ကို ရောက်လာခဲ့ပါတယ်။ "အိုလမ်ပီယပ်စ်"ဟာလည်း ဘုရင့်မယ်တော်အဖြစ် မက်ဆီဒိုးနီးယားကို ပြန်ရောက်လာခဲ့ပါတယ်။

"အိုလမ်ပီယပ်စ်"ပြန်ရောက်ရောက်ချင်း လုပ်တဲ့အလုပ်ကတော့ ကြောက်စဖွယ် လန့်စဖွယ်ပါပဲ။ ဖိလစ်ရဲ့နောက်မိဖုရား ကလီယိုပါထရာဟာ မွေးကင်းစကလေးနဲ့ ပရိဒေဝ သောကဒဏ်ကို ခံခဲ့ရတာပါ။

အဲဒီအချိန်မှာ "အိုလမ်ပီယပ်စ်"က ရင်ခွင်ထဲက ကလေးကို မိခင်ရင်ခွင်ထဲမှာပဲ သတ်ခဲ့ပါတယ်။ ကလေးသေပြီးမှ မိခင်ကို လည်ပင်းညှစ်သတ်ပြန်ပါတယ်။ အဲဒီအချိန်မှာ အလက်ဇန္ဒားဟာ မြို့တော်မှာမရှိပါဘူး။ စစ်ရေးကိစ္စနဲ့ အဝေးကို ရောက်နေပါတယ်။

ဖိလစ်သေဆုံးရတာဟာ ဘယ်သူ့လက်ချက်လဲ။ ဘယ်သူက တိုက်တွန်းလို့လဲဆိုတာကိုတော့ သေသေချာချာ မသိပါဘူး။ သို့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖိလစ်ကို အခမ်းအနားနဲ့သဂြိုဟ်သလို လူသတ်သမားကိုလည်း အခမ်းအနားနဲ့ သဂြိုဟ်သင့်တယ်လို့ အိုလမ်ပီယပ်စ်က အဆိုပြုတာကတော့ အလွန်ထူးဆန်းတယ်လို့ ဆိုရမယ်ဖြစ်ပါတယ်။

အိုလမ်ပီယပ်စ်ရဲ့ သေးသိမ်တဲ့ စိတ်နေသဘာဝနဲ့ ရက်စက်တဲ့ အပြုအမူများကို သားဖြစ်သူကတောင် ထိပ်လန့်တကြား ဖြစ်ရတဲ့အခါများရှိတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အမေနဲ့သားမို့ အမေလုပ်သမျှကို အလက်ဇန္ဒားက သည်းခံရတာပေါ့လေ။ ပြီတော့လည်း အမေ့ကို အချီးအမြှောက်မပျက် ထားရှိပြီး စစ်ထွက်ရာဒေသများကနေပြီး ရတတ်သမျှလက်ဆောင်ဆန်းများကိုလည်း ပို့ပေးလေ့ရှိတယ်လို့ ဆိုပါတယ်။

အိုလမ်ပီယပ်စ် အောက်လမ်းပညာကို လိုက်စားတာ၊ အာဏာကို အလွဲသုံးစားလုပ်တာ၊ သူနိုင်ရင်နိုင်သလို မတရားကျင့်ကြံတာများဟာ သူ့ဘဝနဲ့ သူ့ဒဏ်ကို ခံရသူတချို့ရဲ့ဘဝများကိုသာ တိုက်ရိုက်ထိနိုက်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် မိဖုရားအိုလမ်ပီယပ်စ် အနေနဲ့ ဖိလစ်ဘုရင်ရဲ့ဘဝကို ညစ်နွမ်းအောင်ပြုမှုတာ၊ မိခင်တစ်ယောက်အနေနဲ့ အလက်ဇန္ဒားမင်းသားကလေးရဲ့အယူအဆကို မှားအောင်ပြောဆိုတာဟာတော့ သမိုင်းကိုများစွာ ထိနိုက်စေပါတယ်။

အလက်ဇန္ဒားဟာ ဖိလစ်ဘုရင်လို အကြံဉာဏ်ရည်ရွယ်ချက်ကြီးမားသူရဲ့သား၊ အရစ်တိုတယ်လို ပညာဉာဏ်ကြီးမားသူ အကြီးတော်ရဲ့တပည့် ဖြစ်ပါလျက် သူ့ရဲ့များစွာသော အပြုအမူများဟာ အသိပညာနဲ့ ကွပ်ကဲမှုမရှိတာကို တွေ့ရပါတယ်။ သူ့စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ စိတ်လှုပ်ရှားမှုများကို သူမထိန်းသိမ်းနိုင်ခဲ့ပါဘူး။ အဲဒါကြောင့် သူ့ရဲ့စစ်ချီတက်ရာ လမ်းခရီးတစ်လျှောက်မှာ လိုက်ပါခဲ့ရသူ ရဲဘော်ရဲဘက်များဟာ မကြာခဏ သူ့လက်နဲ့ သတ်တာကို ခံခဲ့ရပါတယ်။ တကယ်ဆိုတော့ သူ့ရဲ့လက်နက်နိုင်ငံတော်ကြီးကို တည်ဆောက်ဖို့ ရင်မြေကတုတ်လုပ်ပြီး သူနဲ့အတူ လိုက်ပါတိုက်နိုက်ခဲ့ကြသူများ ဖြစ်ပါတယ်။ အဲဒီလူများကို အလက်ဇန္ဒား အမျက်တော်ရှရတဲ့ အကြောင်းရင်းကတော့ သူ့အမှားလုပ်ရင် မှားပါတယ်လို့ ပြောမိကြတာပဲ ဖြစ်ပါတယ်။

သမိုင်းမှာ ထက်မြက်သည် မှန်စေ၊ ရဲရင့်ဝံ့စားသည် မှန်စေ၊



စွန့်ရဲသည် မှန်စေ၊ တည်ကြည်နိုင်မှာတဲ့ အသိပညာနဲ့ ထိန်းကွပ်နိုင်ခြင်း မရှိရင် လုပ်ဆောင်ချက်များမှာ အမှားအပါများတတ်ပါတယ်။

အလက်ဇန္ဒားဟာ ရဲစွမ်းသတ္တိရှိသူ၊ စွန့်စားသူ စစ်ဘုရင်တစ်ဦး ဖြစ်ပါတယ်။ ဒါပေမယ့် ငယ်စဉ်ကတည်းက သွန်သင်ပြသသူ လက်ဦးဆရာမိခင်ရဲ့အမှားကြောင့် စိတ်ကိုထိန်းသိမ်းနိုင်တဲ့ အစွမ်းအစ နည်းပါးပါတယ်။ သူတည်ဆောက်ခဲ့တဲ့ လက်နက်နိုင်ငံကြီးကို စနစ်တကျ စုစည်းတည်ဆောက်နိုင်ခြင်းလည်း မရှိခဲ့ပါဘူး။ ဆိုချင်တာက အလုပ်ကို တိကျနိုင်မှာတဲ့ ဦးတည်ချက်နဲ့ မလုပ်တတ်ဘူးလို့ ဆိုချင်တာပါ။ အဲဒီလို ရှုတ်ယှွင်းချက်များ ဖြစ်ပါတယ်။

အလက်ဇန္ဒားရဲ့ အကြောင်းကို လေ့လာရင် ပြောဆိုရင် သူ့ရဲ့ ဖခင်ဖိလစ်ဘုရင်ရဲ့ အကြောင်းကစပြီး ပြောကြတာ များပါတယ်။ အလက်ဇန္ဒား တော်တာ၊ ထက်မြက်တာ၊ ရဲဝံ့စွန့်စားကာဟာ ဖိလစ်ရဲ့ သား ဖိလစ်ရဲ့သွေး ဖြစ်ခဲ့လို့ဆိုတာ မငြင်းနိုင်ပါဘူး။ ထို့အတူပါပဲ၊ အလက်ဇန္ဒား စာပေအနုပညာကိုချစ်တာ၊ အသိပညာကို လိုလားတာတွေဟာလည်း သူ့ရဲ့အကြီးတော် အရစ်တိုတယ်ရဲ့ ဆုံးမသွန်သင်မှုများကြောင့်ဆိုတာ မငြင်းနိုင်ပါဘူး။

တစ်ခုပဲရှိပါတယ်။ သူလုပ်သမျှ ကိုင်သမျှအမှုကိစ္စတွေကို သေသေချာချာကြည့်ရှုလေ့လာရင် ဘယ်လိုမှ ရှေ့နောက်မညီနိုင်တာ ကလေးတွေကို တွေ့ရပါတယ်။

ဥပမာ–သီးဘီးဆိုတဲ့ ဂရိမြို့ကိုတိုက်နိုက်သိမ်းပိုက်စဉ်က အဆောက်အအုံများကို ဖျက်ဆီးပါတယ်။ ပစ္စည်းများကို တိုက်နိုက်လုယူပါတယ်။ လူများစွာကိုလည်း သတ်ပါတယ်။ ဒါပေမယ့် ကဗျာစာဆို "ပင်ဒါ" ဆိုသူရဲ့ အိမ်ကလေးကိုတော့ မဖျက်ဘဲ ထားရစ်စေခဲ့ပါသတဲ့။

အဲဒီ သီးဘီးမြို့မှာပဲ အမျိုးသမီးတစ်ယောက်ရဲ့အိမ်ကို မက်ဆီဒိုးနီးယား စစ်သားတစ်ယောက်က ဖျက်ဆီးပြီး ပစ္စည်းများကို တောင်းယူပါသတဲ့။ အမျိုးသမီးက သူ့ပစ္စည်းတွေကို ရေတွင်းထဲမှာ ထားတယ်ဆိုပြီး စစ်သားကို ရေတွင်းအနားရောက်အောင် ခေါ်သွားပြီးမှ ရေတွင်းထဲကို တွန်းချပြီးသတ်ပါတယ်။ အဲဒီအမျိုးသမီးကို မက်ဆီဒိုးနီးယား စစ်သားများက အလက်ဇန္ဒားဆီကို ဖမ်းဆီးခေါ်ဆောင်လာပါတယ်။ အမျိုးသမီးက

www.burmeseclassic.com

အလျှောက်ကောင်းတော့ ပြန်ပြီးလွှတ်လိုက်ပါတယ်။ သူ့မိသားစုနဲ့ သူ့ပစ္စည်းများကိုလည်း ပြန်ပေးလိုက်ပါတယ်။

သီးဘီးကိစ္စနှစ်ရပ်ကို ကြည့်တာနဲ့ အလက်ဇန္ဒားဟာ စိတ်နှစ်ခွ ရှိသူမှန်း သိသာပါတယ်။

သူရောက်ခဲ့တဲ့ အီဂျစ်မှာ သူ့ကိုယ်သူ နတ်ဘုရားလို့ အပူဇော်ခံ တာကလည်း ယေ်စဉ်ကတည်းက ဘဝင်မြင့်အောင်သင်ပေးခဲ့တဲ့ အမေရဲ့ စနက်ပါပဲ။ သူအမည်ခံတဲ့ အလက်ဇန္ဒြီးယားလို မြို့မျိုးမှာ စာကြည့်တိုက် ကြီးများတည်ခဲ့ပြီးမှ "ပါရှား" ရောက်တဲ့အခါ မူးမူးနဲ့ ယဉ်ကျေးမှု အမွေအနှစ်များ စုစည်းရာမြို့တော် "ပါဆီပိုလစ်စ်"ကို မီးတင်ရှို့ပါတယ်။

အဲဒီလိုစိတ်ကို အစိုးမရတဲ့သူအဖြစ် ရောက်ခဲ့တာဟာ မိခင် အိုလမ်ပီယပ်စ်ရဲ့ မီးသွေးတွေ၊ သွန်သင်မှုအမှားတွေကြောင့် ဖြစ်ပါတယ် ဆိုတာ ကျွန်မပြောရင် ငြင်းမည့်သူ ရှားမယ်လို့ ထင်ပါတယ်။

ကလျာ၊ မေ-၉၂

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂလိပ်ဘုရင်မ မေရီကျူဒေါ်

ကျွန်မတို့ စပြီး ကျောင်းစနေရတာက ကိုလိုနီခေတ်နှောင်းပိုင်းမှာ ဖြစ်ပါတယ်။ မူလတန်းကို ဖြတ်သန်းရတာကတော့ လွတ်လပ်ရေး ခေတ်ဦးမှာပေါ့။ အဲဒီတော့ ဖတ်ခဲ့ရတဲ့ ပုံပြင်စာအုပ်များ၊ သမိုင်းစာအုပ်များဟာ ကောင်းစွာပြုပြင်ပြောင်းလဲနိုင်ခြင်း မရှိသေးတဲ့ ကိုလိုနီခေတ်သုံး ကျောင်းသုံးစာအုပ်များ ဖြစ်ခဲ့ပါတယ်။

အဲဒီလို ကိုလိုနီခေတ်ကျောင်းသုံးစာအုပ်ထဲက မြန်မာဘုရင်များဟာ သက်ဦးဆံပိုင် ပဒေသရာဇ်များပီပီ ရက်စက်တယ်၊ အသိဉာဏ် ကင်းမဲ့တယ်၊ သေဒဏ်ချမှတ်တာ ရက်ရောကြမ်းကြုတ်တယ်စသည်ဖြင့် ဖတ်ရှုသူများစိတ်ထဲမှာ ကြောက်ရွံ့လာအောင် ရေးသားထားပါတယ်။

အသက်ကြီးလာတဲ့အခါမှာ သူတို့ဆီက ဘုရင်များအကြောင်း စုံလင်အောင်ဖတ်ရတော့ စောစောက ကျွန်မတို့ ဘုရင်များဟာ သူတို့နဲ့ နှိုင်းစာရင် တော်တော်ကလေး တော်တယ်ဆိုတာကို သိလာရပါ သ်။ အဲဒီအကြောင်းကို သူတို့ဆီက ဘုရင်မတစ်ယောက်အကြောင်းနဲ့ သာဓက ဆောင်ပြီး ပြောပြလိုပါတယ်။

အဲဒီဘုရင်မအကြောင်းကို ပြောရရင် သူ့ဖခင်ကစမှ လိပ်ပတ်လည်မှာဖြစ်ပါတယ်။ သူ့ဖခင်ကတော့ ၁၅၀၉-ခုက ၁၅၄၇-ခုအထိ အင်္ဂလန်နိုင်ငံမှာ မင်းပြုခဲ့သူ 'အဋ္ဌမမြောက် ဟင်နရီ' ဖြစ်ပါတယ်။ သူ့ရဲ့ပထမမြောက် မိဖုရားကတော့ စပိန်အမျိုးသမီး 'ကက်သရင်းအော့ဖ်အာရဂွန်' ဖြစ်ပါတယ်။ အဲဒီခေတ်က အင်္ဂလိပ်လူမျိုးများဟာ ရိုမန်ကက်သလစ်



ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပါတယ်။ အဲဒီဘာသာဝင်များဟာ တစ်ကြိမ်လက်ထပ်ထားရင် ကွာရှင်းခွင့်မရှိပါဘူး။ ပြီးတော့ မုဆိုးဖို၊ မုဆိုးမဖြစ်ရင်တောင်မှ နောက်ထပ်လက်ထပ်ခွင့် မရှိပါဘူး။ မိဖုရားအနေနဲ့လည်း တစ်ယောက်ပဲ ယူခွင့်ရှိပါတယ်။

အဲဒီလောက် စည်းကမ်းကြီးတဲ့ ဘာသာရေးစည်းမျဉ်းများကို ဟင်နရီက ရအောင်ဖောက်ဖျက်ခဲ့ပါတယ်။ တကယ်ဆိုတော့ ကက်သရင်းအော့ဖ်အာရဂွန် ကိုယ်တိုင် ဥပရာဇာဘဝမှာ ကွယ်လွန်သွားရှာတဲ့ ဟင်နရီရဲ့နောင်တော် 'အာသာ'ရဲ့ မိဖုရားဖြစ်ပါတယ်။ တကယ်ဆိုရင် ဟင်နရီနဲ့ လက်ဆက်လို့ မရနိုင်ပါဘူး။

အဲဒီလို ဘာသာတရားက ခွင့်မပြုတာကို ခွင့်ပြုအောင် နှစ်ဖက်သော ဖခမည်းတော်များက သာသနာပိုင် ပုပ်ရဟန်းမင်းထံ အယူခံစာ တင်သွင်းပါတယ်။ အာသာနဲ့ ကက်သရင်းတို့ဟာ လက်ထပ်ပြီးခုနစ်လလောက် တစ်ခန်းတည်းမှာ အတူနေသော်လည်း ဇနီးမောင်နှံအရာကို မရောက်ခဲ့ပါဘူးတဲ့။ အဲဒီလိုအယူခံစာကိုလည်း ပုပ်ရဟန်းမင်းက ယုံကြည်တော်မူပြီး ဟင်နရီနဲ့ ကက်သရင်းကို လက်ဆက်ခွင့် ပေးခဲ့ပါတယ်။ ကက်သရင်းကို ဟင်နရီတို့သားအဖ မက်မောတာကတော့ သူနဲ့အတူပါလာတဲ့ လက်ဖွဲ့များကြောင့် ဖြစ်ပါတယ်။

အဲဒီလို ဘာသာတရားကို အလှည့်စားကြီး လှည့်စားပြီးမှ ယူထားရတဲ့ ကက်သရင်းနဲ့ဟင်နရီတို့ဟာ သမီးတစ်ယောက်ပဲ ထွန်းကားပါတယ်။ အဲဒီသမီးကတော့ ယခုဆောင်းပါးမှာပါတဲ့ အင်္ဂလိပ်ဘုရင်မ 'မေရီကျူဒေါ်' ဖြစ်ပါတယ်။

ဟင်နရီဟာကက်သရင်းကို တစ်စတစ်စ စိတ်ကုန်လာပါတယ်။ အသက်ကြီးသွားတာတစ်ကြောင်း၊ သားယောက်ျားလေး မွေးဖွားမပေးနိုင်တာတစ်ကြောင်း၊ ပြီးတော့ ကက်သရင်းရဲ့ အပျိုတော်တစ်ဦးဖြစ်သူ 'အန်ဘိုလင်' ကို ဟင်နရီက ချစ်စိတ်ဝင်လာတာ တစ်ကြောင်းပေါ့လေ။

အဲဒီအခါမှာလည်း ဟင်နရီဟာ ကက်သရင်းနဲ့ လက်ထပ်ထားတာ ဘာသာရေးအရ တရားမဝင်တဲ့အကြောင်း၊ ဒါ့ကြောင့် ကွာရှင်းလိုတဲ့အကြောင်းနဲ့ ကွာရှင်းပေးပါမည့်အကြောင်းကို သာသနာပိုင် ပုပ်ရဟန်းမင်းကြီးထံ အကြောင်းကြား လျှောက်ထားပြန်ပါတယ်။ ဒီတစ်ခါတော့

www.burmeseclassic.com

www.burmeseclassic.com



ပုပ်ရ ဟန်းမင်းဘက်က ခွင့်မပေးပါဘူး။ ဘာကြောင့်လဲဆိုတော့ လက်ရှိ စပိန်ဧကရာဇ်ရဲ့တပ်များဟာ ပုပ်ရဟန်းမင်းပိုင်နက်ထဲမှာ တပ်စွဲလျက် ရှိပါတယ်။ ကက်သရင်းဟာ အဲဒီဧကရာဇ်ရဲ့ အရီးတော်ဖြစ်ပါတယ်။

ဟင်နရီက ပုပ်ရဟန်းမင်းထံက အခွင့်မရတဲ့အခါမှာ အင်္ဂလန်နိုင်ငံနဲ့ ရောမက ပုပ်ရဟန်းမင်းတို့ကို အဆက်ဖြတ်စေခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး အင်္ဂလန်နိုင်ငံရဲ့ ဘုရင်မင်းမြတ်များဟာ နိုင်ငံရဲ့အရှင်သခင်သာမက သာသနာကို စောင့်ထိန်းသူများဆိုတဲ့ဘွဲ့ကိုပါ ခံယူလာပါတော့တယ်။ အဲဒီအချိန်ကစပြီး အင်္ဂလိပ်ကျောင်းတော်ဆိုတဲ့ ပရိုတက်စတင့်ဘာသာရေးဂိုဏ်းတစ်ဂိုဏ်းပါ ပေါ်ပေါက်ခဲ့ပါတော့တယ်။

အဲဒီလို သာသနာပြောင်းလဲမှုကို လက်မခံသူများထဲက ကွပ်မျက်ခံရသူများထဲမှာ အမတ်ကြီး ၂ ပါး၊ သူတော်ကောင်းဂိုဏ်းချုပ်ကြီးတစ်ပါး၊ ဂိုဏ်းအုပ်အများအပြားနဲ့ သာမန်လူအများအပြားပါပါတယ်။ ရိုမန်ကက်သလစ် ဘာသာဝင်များသာမက ကယ်လ်ဗင်နစ်ခရစ်ယာန်အများအပြားပါ ကွပ်မျက်ခြင်းကို ခံခဲ့ကြရပါတယ်။

သာသနာကို ပြုပြင်ပြောင်းလဲရေး လုပ်ပြီးတဲ့နောက်မှာ ဘုရင့်အနေနဲ့ မိဖုရားတစ်ပါးပြီးတစ်ပါး ယူခဲ့တာ ၆–ယောက်တောင် ရှိသွားပါတယ်။ အဲဒီအထဲမှနှစ်ယောက်ကို အပြစ်ရှာပြီး ကွပ်မျက်ပါတယ်။

ဖခမည်းတော်အကြောင်းကို ထားပြီး သူ့သမီးတော်အကြောင်းကို ဆက်ပြီးလေ့လာကြည့်ရင်လည်း သိပ်စိတ်ဝင်စားစရာ ကောင်းတာကို တွေ့ရပါလိမ့်မယ်။

ဟင်နရီက ကက်သရင်းကို ကွာရှင်းဖို့ ကြိုးစားတဲ့အခါမှာ ကက်သရင်းက ခေါင်းမာစွာငြင်းဆန်ခဲ့ပါတယ်။ ဒါပေမယ့် ဘုရင်တို့ဘုန်းမီးသို့ချုန်း ဖြစ်နေလေတော့ (၁၅၃၁)ခုနှစ်မှာ ထွက်တော်မူ နန်းကခွာခဲ့ပြီး ဟာ့တ်ဖို့ရှိုင်းယားက နန်းတော်တစ်ခုမှာ သမီးတော်နဲ့အတူ သွားရောက်နေထိုင်ခဲ့ရပါတယ်။ အဲဒီအချိန်မှာ 'မေရီ'ကလေးဟာ အလွန်သိတတ်ခံစားတတ်ပြီဖြစ်တဲ့ အသက်(၁၄)နှစ်အရွယ်ကို ရောက်နေပြီဖြစ်ပါတယ်။ မေရီ(၁၉)နှစ်အရွယ်မှာ မယ်တော် ကက်သရင်း ကွယ်လွန်ပါတယ်။

ကက်သရင်းဟာ စပိန်နိုင်ငံက အစ်ဘယ်လာဘုရင်မရဲ့ သမီးတော်ဖြစ်ပါတယ်။ အဲဒါကြောင့် သာမန်လူများထက် ပိုပြီး ရိုမန်ကက်သလစ်



ဘာသာကို သက်ဝင်ယုံကြည်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဘုရင်မအစ်ဘယ်လာဟာ ရိုမန်ကက်သလစ်ဘာသာပြန့်ပွားရေးအတွက် လူအများရဲ့ အသက်ကိုများစွာ သတ်ဖြတ်တဲ့အထိ ကြိုးစားခဲ့သူဖြစ်လို့ပါပဲ။ ကက်သရင်းဟာ အိမ်နိမ့်စံဘဝမှာ မေရီကို ဘာသာတရား ကိုင်းရှိုင်းသူဖြစ်အောင် ကောင်းစွာသွန်သင်ပေးပါတယ်။

ဖခမည်းတော် ကွယ်လွန်တဲ့အခါမှာ ကက်သရင်းရဲ့နောက်တစ်ယောက်ခြားမှာ လက်ထပ်ခဲ့သူ မိဖုရားကမွေးတဲ့'အက်ဒဝပ်မင်းသား' နန်းတက်ပါတယ်။ အဲဒီမင်းသားကလေးဟာ အသက်(၉)နှစ်ပဲ ရှိသေးတဲ့အတွက် မှူးကြီးမတ်ရာများက ရင်ခွင်ပိုက် အုပ်ချုပ်ရပါတယ်။

မေရီဟာ သူ့ရဲ့အဖေတူ အမေကွဲ မောင်တော်ကလေး မရှိတဲ့အခါမှာ ထီးနန်းဆက်ခံမည့်သူအဖြစ် ဖခမည်းတော်ရဲ့ သေတမ်းစာမှာ ဖော်ပြထားခြင်းခံရသူ ဖြစ်ပါတယ်။ ဒါပေမယ့် သူယုံကြည်တဲ့ ရိုမန်ကက်သလစ်ဘာသာကို မစွန့်တဲ့အတွက် ဘုရင်ကိုယ်စားနိုင်ငံကို အုပ်ချုပ်သူများရဲ့ မလိုမုန်းထားခြင်း ခံရသူဖြစ်ခဲ့ပါတယ်။ သူ့ရဲ့အသက်မသေအောင်လည်း များစွာသတိထားပြီး နေခဲ့ရပါတယ်။

အက်ဒဝဒ်ဟာ မကျန်းမမာရှာတဲ့ လူမမည်ကလေးဖြစ်ပါတယ်။ အက်ဒဝပ် မကွယ်လွန်မီကလေးမှာ ရင်ခွင်ပိုက်အုပ်ချုပ်ရသူ အမတ်ကြီးတစ်ပါးက ထီးနန်းသြဇာ သူ့လက်ထဲမှာ မြဲစေရေးအတွက် ကိစ္စတစ်ခုကို ဆောင်ရွက်ပြန်ပါတယ်။

သတ္တမဟင်နရီရဲ့သမီးတော်က ဆင်းသက်သူ 'မေရီဂျိန်ဂရေး'ဆိုသူကလေးဟာ အက်ဒဝပ်ကွယ်လွန်တဲ့နောက်မှာ ထီးနန်းဆက်ခံစေဆိုတဲ့အမိန့်ကို အက်ဒဝပ်ရဲ့လက်မှတ်တို့၊ တံဆိပ်တို့နဲ့ ထုတ်ပြန်ပါတယ်။ ဒါကတော့ အမတ်ကြီးရဲ့အကောက်ဉာဏ်ပဲဆိုတာ လူအများကသိကြပါတယ်။ အဲဒါကြောင့်လည်း အက်ဒဝပ်ကွယ်လွန်တဲ့အခါမှာ 'မေရီဂျိန်ဂရေး'ဟာ ရက်သတ္တတစ်ပတ်မျှပဲ ထီးနန်းဆက်ခံခွင့် ရခဲ့ပါတယ်။ လူထုက အုံကြွဆန့်ကျင်ပြီး သူတို့ကို ဖမ်းဆီးလိုက်ကြပါတယ်။

အသက်(၃၇)နှစ်ရှိပြီဖြစ်တဲ့ 'မေရီကျူဒါ'ဟာ ယခုအခါမှာ လန်ဒန်ရွှေမြို့တော်ကို မင်းခမ်းမင်းနားနဲ့ ဝင်ရောက်လာနိုင်ပါတော့တယ်။ လူမမည်ကို ဘုရင်လုပ်ပြီး အမတ်ချုပ်ကြီး ချယ်လှယ်တာကို သည်းခံနေရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူထုပရိတ်သတ်ကလည်း ဘုရင်မကို တစ်ခဲနက် ကြိုဆိုကြပါတယ်။

အဲဒီလို တစ်ခဲနက်ကြိုဆိုနေကြတဲ့ လူထုပရိတ်သတ် စိတ်ဓာတ်အကျကြီး ကျစေတဲ့ အပြုအမူများကို နန်းတက်ပြီး ၁ နှစ်အကြာကစပြီး မေရီကျူးလွန်ပါတော့တယ်။

ပထမ အပြုအမူကတော့ စပိန်အိမ်ရှေ့မင်းသားကို လက်ထပ်လိုက်ခြင်းဖြစ်ပါတယ်။ ဘုရင်မကိုရမှတော့ နိုင်ငံကိုပါတစ်နေ့မဟုတ်တစ်နေ့ လွှမ်းမိုးလာမှာ စိုးရတယ်လို့ တွေးမိတဲ့အင်္ဂလိပ်များက မေရီကို အကြည်ညို ပျက်လာပါတော့တယ်။

မေရီအနေနဲ့လည်းလက်ထပ်ရတယ်သာဆိုပါတယ် မြောက်သားတော်ရဲ့အကြင်နာအယုအယကိုမရခဲ့ပါဘူး။ သူနဲ့တစ်နှစ်နေလို့အကြာမှာ အိမ်ရှေ့မင်းသား စပိန်ကိုပြန်သွားလိုက်တာ အပြီးအပိုင်လို့ပဲ ပြောပါတော့။ တစ်ခေါက်တော့ပြန်လာပါသေးတယ်။ စပိန်နဲ့ပြင်သစ် စစ်ဖြစ်ပွားတဲ့အခါမှာ အင်္ဂလိပ်က စပိန်ဘက်ကနေပြီး ပါဝင်တိုက်ခိုက်ဖို့ မဲလာဆွယ်တာပါ။ အင်္ဂလိပ်များဟာ စပိန်–ပြင်သစ်စစ်ပွဲမှာ ဝင်နွှဲလိုက်တာ နေရင်းထိုင်ရင်း အနှစ် ၂၀၀ လောက်ကတည်းက ပိုင်ဆိုင်ခဲ့တဲ့ ကဲလေ့စ်(Calais) ဆိုတဲ့ ဒေသကို လက်လွှတ်ဆုံးရှုံးရတဲ့အထိ ဖြစ်သွားပါတယ်။

အင်္ဂလိပ်များအဖို့ဘာမှအဖိုးမတန်လှတဲ့ မြေကိုပဲ ဆုံးသည်ဖြစ်ပါစေ၊ ဇာတိမာန်ကိုတော့ အထိနိုက်ကြီးထိနိုက်သွားပြီ ဖြစ်ပါတယ်။ စပိန်ကပြားဘုရင်မက စပိန်ကြင်ရာတော်ရဲ့အလိုကျ ပြင်သစ်ကိုဝင်တိုက်လိုက်တာ 'ငါတို့မြေ ဆုံးရပါပေါ့လား' လို့ ကြားရသူအင်္ဂလိပ်များဟာ ဘယ်မှာ တက်ကြွပျော်ရွှင်နိုင်ပါတော့မလဲ။

မေရီဟာ အဲဒီနောက်ပိုင်းမှာ ပုန်ကန်ထကြွမှုများနဲ့ ရင်ဆိုင်ရပါတယ်။ အဲဒီလို ရင်ဆိုင်ရတာကို သူဟာ အင်္ဂလိပ်တို့ရဲ့ ဇာတိမာန်စိတ်အဖြစ်နဲ့လည်း မမြင်ပါဘူး။ ၁၆–ရာစုမှာ ပြောင်းလဲစပြုနေတဲ့ လူမှုရေး၊ စီးပွားရေး အခြေအနေရဲ့ရောင်ပြန်ဟပ်မှု အဖြစ်လည်းမမြင်ပါဘူး။ အဲဒါကြောင့် ခေါင်းမာသော စပိန်သွေးပါသူ ရိုမန်ကက်သလစ် တစ်ဦးရဲ့ အမှားများကို ဆက်လက်ကျူးလွန်ပါတော့တယ်။

သူဟာသူဖခင်ပြောင်းလဲခဲ့တဲ့ဘာသာတရားကို ပြန်လည်အသက်သွင်းဖို့နဲ့ ပုပ်ရဟန်းမင်းကြီးရဲ့ဩဇာကို ပြန်လည်တည်ဆောက်ဖို့ ကြိုးစား



ပါတယ်။ အဲဒီအမှုကို အောင်မြင်စွာ ပြုနိုင်ဖို့က သူ့ဖခင်လက်ထက်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများ ပြုရပါတယ်။

ရိုမန်ကက်သလစ် ကျောင်းတော်များ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဘုန်းတော်ကြီးများ ကျောင်းပြန်ရရှိကြပါတယ်။ တရားဟောပြောပို့ချနိုင်ကြပါတယ်။

ဒါပေမယ့် ရိုမန်ကက်သလစ်ကျောင်းတော်များ မဖျက်သိမ်းမီက သာသနာ့မြေများကို ကျောင်းတော်က ပြန်လည်မရရှိကြတော့ပါဘူး။ အဲဒီလိုအပ်ချက်ကို မေရီဟာ ဘယ်လိုမှ မဖြည့်ဆည်းနိုင်တော့ပါဘူး။

ပုပ်ရဟန်းမင်းရဲ့ ဩဇာကို ပြန်လည်အသက်သွင်းဖို့ ကြိုးစားတဲ့အခါမှာ မင်းမိန့်နဲ့မို့ နာခံကြသူများရှိသလို ဆန့်ကျင်ကြသူများလည်း များပြားပါတယ်။ ပုပ်ရဟန်းမင်းဆိုတာ အီတလီလူမျိုး။ အီတလီမှာ ကျောင်းထိုင်သူ သာသနာပိုင် ဖြစ်ပါတယ်။ ကိုယ့်ဘာသာကိုယ် ကိုးကွယ်တဲ့နေရာမှာ အီတလီက ပုပ်ရဟန်းမင်းရဲ့ ဩဇာကိုခံရမယ်ဆိုတာ ကျေနပ်စရာကောင်းတဲ့အချက် မဟုတ်ဘူးလို့ ထင်ကြသူများလည်း ရှိပါတယ်။ ဒါ့အပြင် သမ္မာကျမ်းစာကို လက်တင်လို ရွတ်ဖတ်ရမည့်အစားတိုင်းရင်းဘာသာစကားနဲ့ ရွတ်ဖတ်ရမှ ပိုပြီးအားရတယ်၊ ပိုပြီးသဘာဝကျတယ်လို့ ထင်ကြသူများလည်းရှိပါတယ်။ အဲဒီလို အယူအဆတွေ ပြောင်းလာတာဟာ အင်္ဂလန်နိုင်ငံရဲ့လူမှုရေးအယူအဆများ ပြောင်းလဲလာတာကြောင့် ဖြစ်တယ်ဆိုတာကို အင်္ဂလိပ်ဘုရင်မဖြစ်နေသူ စပိန်ကပြားမေရီ မသိခဲ့ပါဘူး။ ဒါကြောင့်လည်း မလုပ်သင့်တဲ့အလုပ်များကို ဆက်ပြီးလုပ်တော့တာပါပဲ။

မလုပ်သင့်တဲ့အလုပ်ဆိုတာကတော့ ရိုမန်ကက်သလစ်ဘာသာကို ပြန်လည် လက်ခံပြုဘဲ ပရိုတက်စတင့်ဘာသာကို ဆက်လက်ယုံကြည်နေကြသူများကို သတ်ဖြတ်ခြင်းဖြစ်ပါတယ်။ ဘာသာရေးပြစ်မှုနဲ့ လူသတ်တာကို နန်းတက်ပြီး ၂ နှစ်အရမှာ ဆက်တိုက်ဆောင်ရွက်ပါတယ်။

ပရိုတက်စတင့် ဘာသာရေးခေါင်းဆောင်များကို လူပုံအလယ်မှာ မီးရှို့ပြီးသတ်ပြပါတယ်။ ဒါမှ လူအများကကြောက်ပြီး ရိုမန်ကက်သလစ်ဘာသာကို ကိုးကွယ်လာကြအောင် ဖြစ်ပါတယ်။ သူလုပ်တဲ့အလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



သူကိုးကွယ်တဲ့ ဘုရားသခင်ကိုယ်တော်တိုင်ကတောင် ထောက်ခံမယ် မထင်ပါဘူး။

လူတွေကလည်း သူလုပ်ရပ်ကို ရွံရှာသွားပြီး မကြောက်တော့ လူသူအတော်များများကို အစုလိုက်မီးရှို့ပြီး သတ်ပြန်ပါတယ်။ သူ့ရဲ့နန်းစံသက် ၅-နှစ်အတွင်းမှာ ဘာသာရေးနဲ့ ပတ်သက်လို့ မီးရှို့ပြီး အသတ်ခံရသူများဟာ လူဦးရေသုံးရာ ရှိပါတယ်။

ကျွန်မတို့သမိုင်းထဲမှာ အဲသလိုရက်စက်တာ ရှာမှရှားပါတယ်။ ဘာသာအယူဝါဒ မတူသူများကို သတ်တယ်ဆိုတာ ကြားကိုမှမကြားဖူးတာပါ။ မသန့်စင်သော တန္တရဝါဒီအရည်းကြီး သာသနာကိုပယ်ပြီး ထေရဝါဒသာသနာကို ပြုစုတော်မူတဲ့ အနော်ရထာမင်းကြီးက အရည်းကြီးများကို အပြင်းအထန် အပြစ်ပေးတာက ဆင်ချေးကျုံး၊ မြင်းချေးကျုံး ထည့်တော်မူ၏ ဆိုတာလောက်ပါပဲ။

သေသေချာချာ ယှဉ်ကြည့်မှဘယ်သူက ယဉ်ကျေးတယ်ဆိုတာ သိနိုင်မယ် ဖြစ်ပါတယ်။

(ကလျာ၊ ဇွန်လ-၁၉၉၂)

× × × × ×



## မာရီအင်တွိုင်းနက်

www.burmeseclassic.com

www.burmeseclassic.com

# မာရီအင်တွိုင်းနက်

## (၁၇၅၅–၁၇၉၃)

ကျွန်မငယ်ငယ်တုန်းကတည်းက ရာဇဝင်ဖတ်ရင်း သမီးကညာ ဆက်သခြင်းဆိုတာကို မနှစ်သက်ဆုံး ဖြစ်ခဲ့ပါတယ်။ နှစ်နိုင်ငံ နိုင်ငံရေး အရ အပေးအယူလုပ်ဖို့ မိန်းကလေးတစ်ယောက်အနေနဲ့ ရေခြားမြေခြားမှာ သွားနေရတာ အတော့်ကို မတရားတဲ့ ကိစ္စတစ်ခုပဲလို့ ထင်မြင်မိပါတယ်။

ဥရောပသမိုင်းမှာလည်း အဲဒီလိုနိုင်ငံရေးကိစ္စများကို ပြေလည်အောင် သားပေးသမီးယူ လုပ်တတ်ကြပါတယ်။

'မာရီအင်တွိုင်းနက်'လို့ ဆိုရင် ပြင်သစ်တော်လှန်ရေးသမိုင်းနဲ့ပဲ ဆက်စပ်သိကြသူများပါတယ်။ အင်မတန်လှတယ်၊ အင်မတန်အသုံး အဖြုန်းကြီးတယ်။ စာရိတ္တချို့ယွင်းတယ်ဆိုတဲ့ စွပ်စွဲချက်များကို ရာဇဝင် အလှည့်အပြောင်းမှာ သားကောင်တစ်ဦး ဖြစ်ခဲ့သူဟာ လူဝီ(၁၆)ဘွဲ့ခံ ပြင်သစ်ဘေကရာဇ်ရဲ့ မိဖုရားဖြစ်ပါတယ်။

ဧကရာဇ် ဖရန့်စ်(၁)နဲ့ သြစတြီးယားဧကရီ မာရီယာသရီဆာတို့ရဲ့ (၁၁)ယောက်မြောက် သမီးကညာဖြစ်သူ မာရီအင်တွိုင်းနက်ဟာ တကယ် တော့ ဂျာမန်သွေးပါသူပီပီ ကိုယ်လုံးကိုယ်ထည် ပြည့်ဖြိုးသူ ဖြစ်ပါတယ်။ မျက်နှာဟာ တကယ့်တကယ်တော့ ပြင်တတ်လို့ လှသူလို့သာ ပြောလို့ရ နိုင်ပါတယ်။ ဒါပေမယ့် သူ့ခေတ်မှာစာရေးသူများ များလာပြီဖြစ်တဲ့ အတွက် လှတယ်လို့ ချီးကျူးပြီးရေးရင်း လှတယ်လို့ ကျော်သွားတာ ကြောင့်ပဲ ထင်ပါတယ်။ လှတယ်လို့ ကျော်စောသတင်း ဖြစ်ခဲ့ပါတယ်။

ဧကရီမာရီယာသရီဆာဟာ ထက်မြက်တဲ့ သြစတြီးယား ဧကရီ



ဖြစ်ပါတယ်။ ကလေးများသလောက် အဲဒီကလေးတွေကို သူ့နိုင်ငံအတွက် ကျားကွက်လှည့်သလို အလှည့်အပြောင်းတွေ ဖန်တီးရာမှာ အသုံးပြုခဲ့သူ လည်း ဖြစ်ခဲ့ပါတယ်။

မင်းသမီး မာရီအင်တွိုင်းနက်ဟာ သြစတြီးယားနဲ့ ပြင်သစ်ရွှေလမ်း ငွေလမ်း ဖောက်ဖို့ရာအတွက် မာရီယာသရီဆာသုံးတဲ့ စစ်တုရင်အရုပ် ကလေးတစ်ခုဖြစ်ခဲ့ပါတယ်။ ခရစ်ယာန် သီလရှင်ကျောင်းမှာ တင်းကျပ်တဲ့ စည်းကမ်းများကို လိုက်နာပြီး သေသေဝပ်ဝပ်နေဖို့ ကြိုးစားနေသူ မာရီအင် တွိုင်းနက်ရဲ့ အသက်(၁၄)နှစ် ပြည့်ပြီးတာနဲ့ ပြင်သစ်အိမ်ရှေ့မင်းသားက လည်း သူနဲ့ရွယ်တူလောက်ပဲ ရှိပါသေးတယ်။

နှစ်ဖက်သော ဖခမည်းတော်မယ်တော်များရဲ့ အစီအစဉ်သေချာ သွားတဲ့အခါမှာ သီလရှင်ကျောင်းက ထွက်လာပြီး ထီးရေး၊ နန်းရေးများကို အချိန်တိုအတွင်း သင်ကြားပေးခြင်းကို မာရီအင်တွိုင်းနက် နာယူရပါတယ်။ ပြီးတော့ အထိန်းအယစုံလင်စွာ လက်ဖွဲ့ပစ္စည်းများပြားစွာနဲ့ တခမ်းတနား ပြင်သစ်နိုင်ငံဘက်ကို ထွက်ခဲ့ရပါတော့တယ်။

အဲဒီအချိန်မှာ မင်းသမီးကလေးရဲ့စိတ်ထဲမှာ ဘယ်လိုနေမလဲဆိုတာ ကို တွေးစမ်းကြည့်လို့ မရပါဘူး။ မင်းသမီးပီပီ ခမ်းနားကြီးကျယ်စွာ သွားလာရလို့ပျော်ပဲနေမလား၊ ဒါမှမဟုတ် ရေခြားမြေခြား သူစိမ်းများ အလယ်မှာ ငါဘယ်လိုနေရမှာပါလိမ့်ဆိုတဲ့ အတွေးနဲ့ ဆွေးနေမလား။ အဲဒီအချက်ကို ဘယ်သူမှမပြောနိုင်ပါဘူး။ ရာဇဝင်ထဲမှာလူတွေအကြောင်း ကို ပြောတဲ့အခါ အတွင်းစိတ်ထက် အပြင်ပန်းကိုသာ အသားပေးရေးလေ့ ရှိကြပါတယ်။ သြစတြီးယားနဲ့ ပြင်သစ်နယ်ချင်းစပ်တဲ့နေရာရောက်တော့ သြ တြီးယားဘက်ကပါခဲ့သူများက မင်းသမီးကလေးကို တခမ်းတနားပဲ ကြိုဆိုကြပါတယ်။

အဲဒီလိုတခမ်းတနားကြိုဆိုတာက မင်းသမီးကလေးအပေါ် သက် ရောက်တဲ့ စေတနာကြောင့် မဟုတ်ပါဘူး။ ပြင်သစ်ရဲ့ ဂုဏ်ကျက်သရေနဲ့ လိုက်လျောညီထွေဖြစ်ဖို့ရာ ကြိုးစားကြတာဖြစ်ပါတယ်။ မာရီအင်တွိုင်းနက် ပြင်သစ်နန်းတော်ထဲကို ရောက်ပြီး ထိမ်းမြားလက်ထပ်ပြီးတာနဲ့ သူစိမ်း ပြင်ပြင်ဖြစ်သူ မြောက်သားတော် အိမ်ရှေ့မင်းကလေးနဲ့ စားသောက်ပွဲမှာ အတူထိုင်ကြရပါတယ်။ အိမ်ရှေ့မင်းဖြစ်သူဟာ ရုပ်မချောသလို အပြောက

www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိပါဘူး။ ငယ်ငယ်ကတည်းက ဝဖိုင့်ဖိုင့်ကိုယ်ခန္ဓာနဲ့ အစားအသောက်မှာ မက်မောကျူးလွန်သူ တစ်ယောက်ဖြစ်ခဲ့ပါတယ်။ သူဟာ မင်းသမီးကလေးကို အရေးမလုပ်နိုင်ဘဲ အစားကိုသာ တစ်နေ့ပြီးတစ်နေ့ ရွေးပြီးစားနေခဲ့တယ်လို့ ရာဇဝင်များမှာ ဖတ်ရဖူးပါတယ်။

စကတည်းက ယဉ်သကိုလို့ဆိုရမယ့် အခြေအနေတွေဟာ မင်းသမီးကလေးကို အပျော်အပါးများစေဖို့ တွန်းပို့နေသလို ဖြစ်ခဲ့ပါတယ်။ သူဟာ မိသားစုဘဝထဲမှာမပျော်နိုင်၊ အခြေမကျနိုင်တာကြောင့် သူ့ကို မြှောက်ပင့်ပြီး ကိုယ်ကျိုးစီးပွား ရှာချင်သူများအလယ်မှာ ပျော်သလိုသာ နေခဲ့ပါတော့တယ်။ မာရီအင်တွိုင်းနက် အသက်(၁၉)နှစ်အရမှာ သူ့ရဲ့မြောက်သားတော်ဟာ ပြင်သစ်ထီးနန်းကို လူဝီ(၁၆)အနေနဲ့ ဆက်ခံ သိမ်းပိုက်ခဲ့ပါတယ်။ မာရီအင်တွိုင်းနက်အနေနဲ့ မိဖုရားခေါင်ကြီးဘဝကို အသက်ငယ်ငယ်နဲ့ ရခဲ့ပြီမို့ သူနေချင်သလိုနေဖို့ များစွာအခွင့်သာခဲ့ပါတယ်။

အဝတ်အစားများကို ဆန်းသည်ထက်ဆန်းအောင် ချုပ်လုပ်ဝတ်ဆင်သလို လက်ဝတ်တန်ဆာ ရတနာများကိုလည်း အမျိုးမျိုးဝတ်ဆင်ခဲ့ပါတယ်။ သူ့ခေါင်းမှာဆောင်းတဲ့ ဦးထုပ်များကို ဆန်းသည်ထက်ဆန်းအောင် ပြင်ဆင်လေ့ရှိပါတယ်။ ငှက်၊ ပန်းပွင့်၊ သစ်သီး စသည်ဖြင့် အလှဆင်တာများလွန်းလို့ ဦးထုပ်များဟာ ခပ်မြင့်မြင့်၊ ခပ်ရှွင့်ရှွင့်ဖြစ်လာတာကြောင့် ပြင်သစ်နန်းတော်ရဲ့ ဝင်ပေါက်များကို ခုံးပေါက်များအဖြစ် ပြောင်းလာခဲ့ရပါတယ်လို့ ရေးသားကြတာလည်း ဖတ်ရဖူးပါတယ်။ စာထဲမှာရေးသလို ဟုတ်ပါတယ်လို့ ပြောရဖို့တော့ ခပ်ခက်ခက်ပါပဲ။ ဘာကြောင့်လဲဆိုတော့ သူ့ခေတ်နဲ့သူ့အခါမှာ ချဲ့မြှင့်ပြီး ရေးသားသလိုလိုနဲ့ ထိပါးပုတ်ခတ်တာလည်း ဖြစ်နိုင်ပါတယ်။

မာရီအင်တွိုင်းနက်ဟာ မူလကရှိပြီးသား ထရီယာနွန်ဆိုတဲ့နန်းတော် ဥယျာဉ်ထဲမှာ ပျော်ပွဲစားထွက်တဲ့အခါ နားနေဖို့ နန်းတော်တစ်ဆောင် ထပ်ဆောက်ပါတယ်။ ပြီးတော့ သူ့အချစ်တော်များနဲ့ နားနေပျော်ပါးလေ့ရှိပါတယ်။

မိဖုရားကြီးဖြစ်လာပြီဆိုတော့ ဒီလိုအနေအစားနဲ့ ကြာကြာသွားလို့ မဖြစ်ချေဘူးဆိုပြီး သူ့ရဲ့နောင်တော်ဩစတီးယားမင်းသားကိုးဇက်ကိုယ်တိုင် ပြင်သစ်ကိုလာပြီး သူ့ကိုလည်း ဆုံးမပါတယ်။ ယောက်ဖတော်ကိုလည်း



သွန်သင်ပြီး မိသားစုဘဝမှာ သဘာဝကျကျနေတတ်ဖို့ တိုက်တွန်းခဲ့ရပါတယ်။ နိုင်ငံ့အရေးထဲမှာ အရိုက်အရာကိုဆက်ခံဖို့ သားသမီးပွားစီးရမယ်ဆိုတာလည်း ပါပါတယ်။ အဲဒါကြောင့်လည်း လူဝီ(၁၆)နဲ့ မာရီအင်တွိုင်းနက်တို့ဟာ သားသမီးပွားစီးအောင် သဘာဝကျကျ မိသားစုဘဝကို တည်ဆောက်ခဲ့ကြပါတယ်။

မာရီအင်တွိုင်းနက် အသုံးအဖြုန်းကြီးတယ်ဆိုတာ အရင့်အရင်တုန်းက စိုးစံခဲ့တဲ့ ကောရာ်များရဲ့မိဖုရားထက်မပိုပါဘူး။ ဒါပေမယ့် သူ့ခေတ်မှာ ပြင်သစ်ရဲ့ကိုလိုနီများက ဝင်ငွေယုတ်လျော့ခဲ့ပြီမို့ ပြင်သစ်ဘုရင်ရဲ့ ရွှေတိုက်တော်မှာလည်း တစ်စထက်တစ်စ ဘဏ္ဍာများ ကုန်ခမ်းစပြုလာပါတယ်။ အဲဒီအခါမှာ ဘဏ္ဍာရေးဝန်ကြီးများ တစ်ယောက်ပြီးတစ်ယောက် ခန့်ထားပြီး ဘဏ္ဍာရေးပြဿနာများကို ဖြေရှင်းဖို့ ကြိုးစားခဲ့ပါတယ်။ စည်းနဲ့စနစ်နဲ့ ဘဏ္ဍာသော်များကို ထုတ်ယူသုံးစွဲဖို့ လုပ်တဲ့သူကျတော့ မိဖုရားနဲ့အဆင်မပြေပါဘူး။ ဒါဖြင့် သုံးချင်သလို သုံးခွင့်ပေးတဲ့ဝန်ကြီးနဲ့ ဆိုတော့ရောတဲ့၊ ငွေတွေမကုန်ခင်တော့ ပြဿနာ မပေါ်ဘူးပေါ့လေ။ ကုန်သွားပြီဆိုတော့ အဖြေရှာကြရပြီပေါ့။

လူဝီ(၁၆)ရှာတဲ့အဖြေကတော့ လွယ်လွယ်ပါပဲ။ သူကပြောလေ့ရှိပါတယ်။ နိုင်ငံရေးများ တွေးရတာ ခေါင်းလေးလှတယ်တဲ့။ အဲဒီတော့ ဘဏ္ဍာရေးပြဿနာကို ဖြေရှင်းဖို့ အခွန်တိုးကောက်စေဆိုတာက သူပေးချင်တဲ့အမိန့် ဖြစ်ပါတယ်။

အရင်တုန်းကနဲ့မတူတဲ့ အခြေနေများကြောင့် ဘုရင်ထုတ်ချင်တဲ့ အမိန့်ဟာ လွယ်လွယ်နဲ့ ထွက်မလာပါဘူး။ ပြင်သစ်ဟာ (၁၈)ရာစုရဲ့ နောက်ဆုံး နှစ်အစိတ်ကုန်ခါနီးဖြစ်တဲ့အချိန်မှာ လူတန်းစားသစ်တစ်ရပ်ကြောင့် တိုးတက်တဲ့အရှိန် မြင့်မားလာပြီ ဖြစ်ပါတယ်။

၁၇၈၉ ပြင်သစ်တော်လှန်ရေးဖြစ်ပါတယ်။ ဦးဆောင်တဲ့သူများကတော့ 'ဘူဇွာ'များဖြစ်ပါတယ်။ အဲဒီဘူဇွာဆိုတဲ့ လူတန်းစားထဲမှာ ပညာတတ်များ၊ ကုန်သည်များ၊ စာပေပညာရှင်များ ပါဝင်ပါတယ်။ ဘူဇွာများ ဦးဆောင်တဲ့ ဝေ ာ်လှန်ရေးကြောင့် ခေတ်သစ်ကို ပြင်သစ်ထက်စောပြီး ရောက်လာတဲ့ နိုင်ငံများကတော့ နယ်သာလန်၊ အင်္ဂလန်နဲ့ အမေရိကန် နိုင်ငံတို့ ဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော်လှန်ရေးများဟာ ဥရောပနိုင်ငံများမှာ တဖြည်းဖြည်း အင်အားကောင်းလာပြီဖြစ်တဲ့ ဘူဇွာလူတန်းစားကို ပိုမိုအင်အားပြည့်ဖြိုးစေခဲ့ပါတယ်။ ဒါ့အပြင် အင်္ဂလန်နိုင်ငံကစခဲ့တဲ့ စက်နဲ့ ကုန်ထုတ်တဲ့ ကုန်ထုတ်နည်းသစ်ဟာ ကုန်သည်လူတန်းစားကို ပိုမိုကြွယ်ဝစေခဲ့ပါတယ်။

ဘူဇွာများဟာ ပညာတတ်များပီပီ ခရီးအသွားအလာများလို့ အကြားအမြင်များသူများပီပီ တွေးတတ်ကြပါတယ်။ အသိအမြင်ကလည်း ထက်မြက်ပွင့်လင်းပါတယ်။

အဲဒီလိုအခြေအနေမှာ ပြင်သစ်ဧကရာဇ်ဟာ သူထုတ်ချင်တဲ့အမိန့်ကို အလွယ်တကူ ထုတ်လို့မရတော့တာ မဆန်းလှပါဘူး။ လူဝီ (၁၆)ဟာ ၁၆၄ နှစ်တိုင်တိုင် ဆင့်ခေါ်ခြင်းမရှိတဲ့ လွှတ်တော်ကို ဆင့်ခေါ်ခဲ့ရပါတယ်။

ပြင်သစ်နိုင်ငံသူ နိုင်ငံသားများဟာ ဘာကြောင့်လွှတ်တော်ကို ဆင့်ခေါ်ရတယ်၊ ဘုရင်က ဘာကိုလိုချင်တယ်၊ သူတို့က ဘာကိုရအောင် တောင်းမယ်ဆိုတာများကိုပါ စီစဉ်တွေးတောသူများအဖြစ်ကို ရောက်ခဲ့ပါပြီ။ ဘုရင်က ဘဏ္ဍာရေးအခြေအနေအကျပ်အတည်းကို ဖြေရှင်းဖို့ အခွန်တိုးကောက်ချင်လို့ လွှတ်တော်ရဲ့ အတည်ပြုချက်ကို လိုချင်ပါတယ်။ လွှတ်တော်ကို တက်မယ့်သူများထဲမှာ ဘဏ္ဍာရေး ကျပ်တည်းရတာဟာ ဘုရင်နဲ့မိဖုရားရဲ့ အသုံးအဖြုန်းကြီးမှုကြောင့်ပဲလို့ ကောက်ချက်ချသူများ များသည်ထက် များလာပါတယ်။

ဘုရင်နဲ့မိဖုရားတို့ကတော့ လွှတ်တော်ဖွင့်ပွဲနေ့မှာ မင်းခမ်းမင်းနားနဲ့ ထွက်တော်မူခဲ့တာပါပဲ။ ဘုရင်နဲ့မိဖုရားဆိုရင် မော်လို့တောင် မကြည့်ဝံ့သူများ၊ ကြည့်လို့ရှိရင် အလိုလိုခန့်ညားလေးစားလာကြသူများအစား ရဲရဲတင်းတင်းကြည့်ကာ ကောက်ချက်ချသူများ များလာပြီဖြစ်ပါတယ်။ အထူးသဖြင့်ကတော့ အမျိုးသားရေးစိတ်ဓာတ် နိုးကြားလာကြပြီဖြစ်လို့ မိဖုရားကို သြစတြီးယားမလို့ နင့်နင့်သီးသီးခေါ်ပြီး စူးစူးရဲရဲ ကြည့်ကြသူများလည်း များလာပြီဖြစ်ပါတယ်။

လွှတ်တော်ဖွင့်ပွဲမှာ ဘုရင်နဲ့မိဖုရား ခန်းမထဲကိုဝင်လာတဲ့အခါမှာ ဒူးမထောက်ဘဲ၊ ဦးထုပ်၊ ခေါင်းဆောင်းများကိုမချွတ်ဘဲ မတ်တပ်ရပ်လျက်သာ ကြိုဆိုကြသူများကတော့ ဘူဇွာများပဲ ဖြစ်ကြပါတယ်။

အဲဒီ လွှတ်တော်ဆင့်ခေါ်တာကနေပြီး တော်လှန်ရေးတစ်ရပ် ပေါ

BURMESE CLASSIC .com



ပေါက်ခဲ့တာပါပဲ။

လွှတ်တော်ဆင့်ခေါ်တုန်းက အခွန်းတိုးကောက်ခွင့်ကို အတည်ပြုပေးဖို့လောက်ပဲ ဘုရင်က ရည်ရွယ်ပါတယ်။ အရင့်အရင် လွှတ်တော်များမှာဆိုရင် အဲဒီကိစ္စက လွယ်ပါတယ်။ တက်ရောက်လာတာက သူကောင်းမျိုးများ၊ သာသနာ့ဝန်ထမ်းများနဲ့ ဆင်းရဲသား ကျေးတော်မျိုး၊ ကျွန်တော်မျိုးများဆိုပြီး အုပ်စုသုံးစု ရှိပါတယ်။ ရွေးထုံးစံအရကတော့ တစ်အုပ်စုကို တစ်မဲပေးရပါတယ်။ အဲသလိုဆိုတော့ ဘုရင်လိုချင်တဲ့ ဆန္ဒက နှစ်မဲတစ်မဲနဲ့ အတည်ပြုဖြစ်မှာပါပဲ။

အခုတော့ တတိယအုပ်စုက တစ်ယောက်တစ်မဲ ပေးခွင့်ကစပြီး တောင်းပါတောင်းပါတယ်။ အုပ်စုအားလုံး မျက်နှာစုံညီဆွေးနွေးခွင့်ကို တောင်းပါတယ်။ အဲဒီမှာတင် ဘုရင်နဲ့ ပဋိပက္ခဖြစ်ကြရပါတယ်။ ဘုရင့်အမိန့်နဲ့ လွှတ်တော်အဆောက်အအုံကို ပိတ်ထားလိုက်တဲ့အခါမှာ တတိယအုပ်စုက အနီးမှာရှိတဲ့ တင်းနစ်ကွင်းထဲဝင်ပြီး သမိုင်းဝင် တင်းနစ်ကွင်းသစ္စာကို ဆိုကြတော့တာပါပဲ။

အဖြစ်အပျက်များဟာ အလွန်လျင်မြန်စွာ ပြောင်းလဲသွားပါတယ်။ နောက်ဆုံးမှာတော့ တတိယအုပ်စုရဲ့ လွှတ်တော်တွင်းမှာ ကြိုးပမ်းနေမှုကို ပံ့ပိုးပေးတဲ့အနေနဲ့ ပါရီမြို့လူထုက ဘက်စတီးအကျဉ်းထောင်ကို ဂျူလိုင် ၁၄ ရက်၊ ၁၇၈၉ မှာ ဝင်စီးလိုက်ခြင်းအားဖြင့် တော်လှန်ရေးဖြစ်ပွားခဲ့ပါတယ်။

တော်လှန်ရေးဖြစ်ပြီးတဲ့တိုင်အောင် ဘုရင်နဲ့မိဖုရားဟာ အနေအစားမပျက် ဗာဆိုင်းနန်းတော်မှာ စံစားနေခဲ့နိုင်ပါသေးတယ်။ ဒါပေမယ့် ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအခြေအနေများကြောင့် ပါရီမြို့လူထုဟာ အနေအစား ကျပ်တည်းမှုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အဲဒီအချိန်မှာ ဘုရင်နဲ့မိဖုရားတို့က နယ်ခြားကတပ်များကို စားသောက်ပွဲကြီးများနဲ့ ဧည့်ခံတယ်ဆိုတဲ့သတင်း ပါရီကို ရောက်လာပါတယ်။

ဆာလောင်မွတ်သိပ်နေတဲ့ လူထုကို သူတို့ရဲ့ ခေါင်းဆောင်များတောင် မထိန်းနိုင်တော့ပါဘူး။ ပါရီက ဗာဆိုင်းအထိ လူထုကြီး ချီတက်သွားလိုက်ကြတာ ကြောက်ခမန်းလိလိပါပဲ။ အဲဒီအထဲမှာ အိမ်ရှင်မများလည်း ပါပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညကြီးအချိန်မတော်မှာ ဗာဆိုင်းနန်းတော်ကို ဝိုင်းဝန်းပြီးစီးနင်းကြသူများရဲ့ ကြွေးကြော်သံကတော့ 'ပေါင်မုန့်ပေးပါ'ဆိုတာပါပဲ။

'ပေါင်မုန့်မရှိရင် ကိတ်မုန့်စားပါလား'လို့ မာရီအင်တွိုင်းနက်က ပြောခဲ့တယ်ဆိုတာ ရာဇဝင်များမှာ ပါပါတယ်။ တကယ်တော့ အဲဒီစကားဟာ ရေရာတဲ့စကားမဟုတ်ပါဘူး။ တော်လှန်ရေးအရှိန်ကို မြင့်မားစေတဲ့ စာရေးဆရာများအနက်က 'ရူးဆိုး'က ရေးခဲ့ဖူးပါတယ်။ ပဒေသရာဇ်တွေဟာ ပေါင်မုန့်ဆိုတာ အစားအစာကို ရည်ညွှန်းမှန်းတောင် သိမှာမဟုတ်ဘူး။ ပေါင်မုန့်မရှိဘူးဆိုရင် ကိတ်မုန့်စားပါလားလို့ ပြောကြမှာပဲလို့ ရေးဖူးပါတယ်။ အဲဒီစကားကနေပြီး ကားလာတာလည်း ဖြစ်နိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကြောက်ရွံ့ထိပ်လန့်နေတဲ့ မင်းမိဖုရားတို့ဟာ ပါရီမြို့လူထုရဲ့အကျဉ်းစံဘဝကို ရောက်ခဲ့ကြရပါပြီ။ သူတို့ကို တွီလာရီဆိုတဲ့ နန်းတော်မှာ နေရာချထားပေးခြင်း ခံခဲ့ရပါတယ်။

အဲဒီအချိန်မှာ မင်းမိဖုရားဆိုတဲ့အနေအထားကမဆင်းရသေးပါဘူး။ ဗာဆိုင်းမှာထက်တော့ အနေအစား များစွာယုတ်လျော့ခဲ့ပါပြီ။

တွီလာရီရဲ့အပြင်မှာတော့ တော်လှန်ရေး အရှိန်အဟုန်ဟာ မြင့်မားသည်ထက် မြင့်မားနေခဲ့ပါတယ်။ ဘုရင်နဲ့ပူပေါင်းပြီး စည်းမျဉ်းခံ ဘုရင်စနစ်ကို ထူထောင်ချင်သူများနဲ့ သမ္မတနိုင်ငံ ထူထောင်ချင်သူများရဲ့တိုက်ပွဲကလည်း ပြင်းထန်လာနေပြီ ဖြစ်ပါတယ်။

'မာရီအင်တွိုင်းနက်'အနေနဲ့ကတော့ လျှောင်ချိုင့်စံဘဝကနေပြီး လွတ်မြောက်အောင်ကြိုးစားနေခဲ့ပါတယ်။ အဲဒီလိုကြိုးစားပြီး သူတို့မိသားစုဟာ တစ်နေ့မှာ တိတ်တဆိတ် ထွက်ပြေးကြပါတယ်။ သို့သော်လည်း ကံကြမ္မာဟာ သူတို့ဘက်မှာ ရှိမနေတော့ပါဘူး။ လွတ်မြောက်ခါနီးဆဲဆဲမှာ ပြန်လည်ဖမ်းမိသွားပါတယ်။

အဲဒီလို ဖမ်းမိပြီးတဲ့နောက်မှာတော့ တကယ့်အကျဉ်းစံ ဘဝကို ရောက်ခဲ့ကြရပါတယ်။ အစားအနေဆင်းရဲမှု၊ ထိပါးစော်ကားမှု၊ ခြိမ်းခြောက်ခံရမှုတို့ဟာ စာဖွဲ့လို့ ကုန်နိုင်ဖွယ် မရှိတော့ပါဘူး။ တစ်နေ့တစ်ခြား စည်းမျဉ်းခံဘုရင်စနစ်သမားများရဲ့အင်အားလျော့ပါးပြီး သမ္မတနိုင်ငံသမားများ အင်အားကောင်းလာနေပါတယ်။ အဲဒီလို အပြင်ဘက်မှာ အခြေအနေပြောင်းလေလေ အကျဉ်းသမားများရဲ့ ဘဝအခြေအနေ ဆိုးရွားလာလေလေ ဖြစ်ခဲ့ရပါတယ်။

BURMESE CLASSIC .com



၁၇၉၂ ခုနှစ်မှာ လူဝီဘုရင်ကို ကွပ်မျက်ခဲ့ကြပါတယ်။ နောင်နှစ်ဆန်းစမှာ 'မာရီအင်တွိုင်းနက်'လည်း ကွပ်မျက်ခြင်းခံခဲ့ရပါတယ်။ အဲဒီအချိန်မှာ သူ့ရဲ့အသက်ဟာ ၃၈ နှစ်ပဲ ရှိပါသေးတယ်။

ကွပ်မျက်ခြင်းခံရတော့မယ့် အချိန်မှာ သွေးဝမ်းရောဂါ ခံစားနေခဲ့ရတာရယ်၊ စိတ်ဆင်းရဲလူဆင်းရဲ ဖြစ်နေခဲတာရယ်တို့ကြောင့် နဂိုရုပ်ရည်နဲ့ အကွာကြီးကွာခြားနေခဲ့ပြီဖြစ်တဲ့ 'မာရီအင်တွိုင်းနက်'ဟာ ရာဇဣန္ဒြေတော့ ထိန်းသိမ်းနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

အဲသလိုနဲ့ဩစတြီးယားမလို့ မလိုလားသူများကခေါ်ကြတဲ့ ဩစတြီးယားမင်းသမီးတစ်ဖြစ်လဲ ပြင်သစ်မိဖုရားကြီးရဲ့ ဘဝချုပ်ငြိမ်းခဲ့ရပါတယ်။ ခေတ်ဟောင်းကနေပြီး ခေတ်သစ်ကိုလည်း ပြောင်းသွားခဲ့ပါတယ်။ သူကမွေးတဲ့ အိမ်ရှေ့မင်းသားလေးလည်း တော်လှန်ရေးသမားများလက်ထဲမှာ ပျောက်သွားပါတယ်။ အဲဒီမင်းသားသာ ထီးနန်းစိုးစံခွင့်ရရင် လူဝီ(၁၇) ဖြစ်မှာပါ။ အဲဒါကြောင့် သမ္မတနိုင်ငံကနေပြီး ပဒေသရာဇ်ခေတ်ကို ပြန်ရောက်သွားတဲ့အခါမှာ တစ်ခြားမင်းသားတစ်ပါးက လူဝီ (၁၈)ဘွဲ့ခံပြီး နန်းတက်ခဲ့ပါတယ်။ အမှတ်စဉ်တစ်ခု ကျော်သွားပြီး ပျောက်သွားတဲ့ မင်းသားကလေးကို အရာထားခဲ့ပါတယ်။

တကယ်တော့ မာရီအင်တွိုင်းနက်ဟာ သားကောင် ဖြစ်ခဲ့ရရှာသူ တစ်ယောက်ပါပဲ။ ကေရီမာရီယာသရီဆာရဲ့ အလိုတော်အရ ပြင်သစ်ကို ရောက်ကတည်းကစပြီး သားကောင်ဖြစ်ရတာပါ။ ကျွန်မဟာ ရာဇဝင်ထဲက မိန်းမသားများအကြောင်းကို ဖတ်လာတာ များလေလေ၊ သူတို့ကို ဘယ်လိုမှ အပြစ်မတင်နိုင်လေလေ ဖြစ်ခဲ့ရပါတယ်။ ခေတ်တစ်ခေတ်ရဲ့ အဆုံးမှာ အသစ်နဲ့ မညှိနိုင်သေးသူများ၊ အသစ်မှာ မဝင်စားနိုင်သေးသူများ၊ဝင်စားခွင့်မရသောသူများဟာ အဲဒီလို အဖြစ်ဆိုးမျိုးနဲ့ တိုးတတ်ပါကလားလို့ပဲ ကောက်ချက်ချရမယ်ဖြစ်ပါတယ်။

ကလျာ၊ ဩဂုတ်–၁၉၉၂

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



# ရာဇဝင်ထဲက မိန်းမသား

## ကျမ်းကိုးစာရင်း


၁။ ကုလား၊ ဦး၊ ၁၉၆၁၊ မဟာရာဇဝင်ကြီး၊ ပ-ဒု-တ တွဲများ၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

၂။ ကျော်ဒွန်း၊ ဦး၊ တည်းဖြတ်သူ(၁၉၄၈) မြန်မာစာ ညွှန့်ပေါင်းကျမ်း၊ ပ-ဒု-တ-စ တွဲများ၊ ရန်ကုန် အစိုးရပုံနှိပ်တိုက်နှင့် စာအုပ်ထုတ်ဝေရေး။

၃။ ကျော်သက်၊ ဒေါက်တာ၊ (ခုနှစ်မပါ) ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း၊ ရန်ကုန်၊ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း။

၄။ ကြန်၊ ဒေါ်၊ ၁၉၇၈၊ ပဒေသရာဇ်မြန်မာနိုင်ငံဇာတ်သိမ်း၊ ရန်ကုန်၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန။

၅။ ကြန်၊ ဒေါ်၊ ၁၉၇၉၊ မြန်မာနိုင်ငံအခြေအနေ ၁၈၈၅- ၈၆၊ ရန်ကုန်၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန။

၆။ စိန်တင်၊ တက္ကသိုလ်၊ ၁၉၇၄၊ ဒေဆိုင်း၏အကျဉ်းခံ သီပေါ၊ ရန်ကုန်၊ ဝင်းသီဂီစာပေ။

၇။ စိန်လွင်လေး၊ ဦး၊ ၁၉၆၈၊ မင်းတရားရွှေထီးနှင့် ဘုရင့်နောင်၊ ရန်ကုန်၊ ခေတ်မီစာပေတိုက်။

၈။ ညိုမြ၊ ဦး၊ ၁၉၆၇၊ ကုန်းဘောင်ရှာပုံတော်၊ ရန်ကုန်၊ သန္တာအောင်စာပေ။

၉။ တင်၊ ဦး၊ ၁၉၃၃၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ တတိယတွဲနှင့် စတုတ္ထတွဲ၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်။

၁၀။ တိုက်စိုး၊ (ခုနှစ်မပါ)၊ မင်းနှင့်စာဆို၊ ရန်ကုန်၊ နှလုံးလှစာပေတိုက်။

၁၁။ တိုက်စိုး၊ ၁၉၇၂၊ မင်းတုန်းမင်း၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

၁၂။ တွင်းသင်းတိုက်ဝန်မဟာစည်သူ၊ ၁၉၆၈၊ တွင်းသင်းမြန်မာရာဇဝင်သစ်၊ ပ-တွဲ၊ ရန်ကုန်၊ မင်းရာဇာစာအုပ်တိုက်။

၁၃။ ထိပ်တင်ထွေး၊ (နဂါးမိုလ်)၊ ၁၉၆၇၊ ရတနာသီခကုန်းဘောင်ဆက်မဟာရာဇဝင်အကျဉ်း၊ ဒုတိယပုံနှိပ်ခြင်း၊ ရန်ကုန်၊ အေးစာပေတိုက်။

၁၄။ နတ်ရှင်နောင်၊ ၁၉၆၇၊ ရတုပေါင်းချုပ်၊ ရန်ကုန်၊ ဟံသာဝတီ





ပုံနှိပ်တိုက်။

၁၅။ နိုင်ပန်းလှ၊ ၁၉၇၇၊ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၊ ရန်ကုန်၊ မင်းလှိုင်တော်စာပေတိုက်။

၁၆။ ဖေမောင်တင်၊ဦး၊(ဘာသာပြန်သူ)၊ ၁၉၅၇၊ ကျွန်စစ်သားမင်းတရားကြီး၏ နန်းတော်မွန်ကျောက်စာ၊ ရန်ကုန်၊ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန။

၁၇။ ဖေမောင်တင်၊ ဦး၊(ဘာသာပြန်သူ)၊ ၁၉၅၅၊ မြစေတီမွန် ကျောက်စာ၊ ရန်ကုန်၊ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန။

၁၈။ ဖေမောင်တင်၊ ဦး၊ (ဘာသာပြန်သူ)၊ ၁၉၇၂၊ ရွှေစည်းခုံ မွန်ကျောက်စာ၊ တတိယနှိပ်ခြင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကော်ပိုရေးရှင်း။

၁၉။ ဖေမောင်တင်၊ ဦး၊ (၁၉၄၅)၊ မြန်မာစာပေသမိုင်း၊ ရန်ကုန်၊ သုဓမ္မဝတီပုံနှိပ်တိုက်။

၂၀။ ဖိုးကျား၊ ဦး၊(ခုနှစ်မပါ)၊ သီပေါမင်းပါတော်မူအရေးတော်ပုံ၊ တတိယအကြိမ်၊ ရန်ကုန်၊ စာပန်းချီတိုက်။

၂၁။ ဖိုးလတ်၊ ဦး၊ ၁၉၆၂၊ ရှေးဟောင်းမြန်မာရာဇဝင်နှင့် ယဉ်ကျေးမှုသုတေသန၊ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်။

၂၂။ ဘရင်၊ ဦး၊ (ခုနှစ်မပါ)၊ မင်းခေါင်ကြီး၊ ရန်ကုန်၊ ဇမ္ဗူမိတ်ဆွေပုံနှိပ်တိုက်။

၂၃။ ဘသောင်း၊ ဗိုလ်ကြီး၊ ၁၉၆၂၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ရန်ကုန်၊ ရှမဝတိုက်။

၂၄။ ဘရှင်၊ ဗိုလ်မှူး၊ ၁၉၆၈၊ စစ်ရေး နိုင်ငံရေးနှင့် လူမှုရေး ဆိုင်ရာသမိုင်းစာတမ်းများ၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

၂၅။ မောင်မောင်တင်၊ ဦး၊ မြန်မာသက္ကရာဇ် ၁၃၃၀၊ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

၂၆။ မြကေတု၊ ၁၉၈၅၊ နတ်ရှင်နောင်၊ ဘဝနှင့်ပတ်ဝန်းကျင်၊ ရန်ကုန်၊ စာပေဗိမာန်။

၂၇။ မြကေတု၊ ၁၉၇၁၊ နန်းလေမှတ်တမ်းများ၊ ရန်ကုန်၊နှလုံးလှစာပေ။

၂၈။ မြ၊ ဦး၊ ၁၉၆၁၊ ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ၊


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပထမတွဲ၊ ရန်ကုန်၊ မြန်မာနိုင်ငံ ရေးဟောင်းသုတေသနဌာန။
၂၉။ မြ၊ ဦး၊ ၁၉၆၈၊ အပယ်ရတနာလိုဏ်ဂူဘုရား၊ ရန်ကုန်၊ ပြည်ထောင်စု ယဉ်ကျေးမှုဌာန။
၃၀။ မြန်မာပညာရှိများ၊ မြန်မာသက္ကရာဇ် ၁၃၁၉၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ မိတ္ထီလာမြို့၊ မိဘဂုဏ်ပိဋကတ်ပုံနှိပ်တိုက်။
၃၁။ မြန်မာပညာရှိများ၊ မြန်မာသက္ကရာဇ် ၁၃၁၇၊ မှန်နန်းရာဇဝင်တော်ကြီး၊ တတိယတွဲ၊ မန္တလေး၊ မန္တလေးပိဋကတ်စာအုပ်တိုက်ဆိုင်။
၃၂။ သန်းထွန်း၊ ဒေါက်တာ၊ ၁၉၆၄၊ ခေတ်ဟောင်းမြန်မာရာဇဝင်၊ ရန်ကုန်၊ မဟာဒဂုံစာပေထုတ်ဝေရေး။
၃၃။ သန်းထွန်း၊ ဒေါက်တာ၊ ၁၉၇၅၊ အသစ်မြင်ဗမာသမိုင်း၊ ရန်ကုန်၊ နလုံးလှစာပေဖြန့်ချိရေး။
၃၄။ သော်၊ မောင်၊ ၁၉၇၆၊ ကုန်းဘောင်စစ်တမ်း၊ ရန်ကုန်၊ ဂုဏ်ထူးစာပေ။
၃၅။ ဥတ္တမဗုဒ္ဓိ၊ အသျှင်၊ ၁၉၇၀၊ သီပေါမင်းအတွင်းရေးနှင့် မြင်ကွန်းမင်းသားအတွင်းရေး၊ ရန်ကုန်၊ စိုးစံထိုက်စာပေ။

# Bibliography

1. Cady, John F. 1958. A History of Modern Burma, New York, Cornell University Press.
2. Canning, John. 1969. 100 Great Kings, Queens and Rulers of The World, Great Briton, Odhems Book.
3. Churchill, Winston S. 1956, A History of the English Speaking People. Vol-II, London, Cassell and Company Limited.
4. Desai, W.S. 1962. A Pageant of Burmese History, Culcutta, Orient Longman.
5. Fisher, H.A.L. 1964. A History of Europe. Vol-II,



London and Glasgow Collins.
6. Freser, Antonia. 1975. Mary Queen of Seoks, Frogmere, Pather Books.
7. Grigson, Geofrey and Charles Harvard Gibbs-Smith, (Editors), (No date). People, Plasest Things, London, The Waverley Book Co, Ltd.
8. Hall, D. G. E. 1956. Burma. London. Hutchinson's University Library.
9. Harvey, G. E. 1925. History of Burma, London, Longmans, Green & Co.
10. Htin Aung, Dr. 1965. The Stricken Peacock, Anglo-Burmese Relation 1752 - 1948. Netherlands, The Hague, Martinus Nighoff.
11. Harrison, Divid. 1953. Tudor England Vol - II, London, Cassell & Co, Ltd.
12. Nehru, Jawahalla, 1962. Glimpses of. The World History, New Dehli, Bombay Asia Publishing House.
13. Stewart, A. T. O. (1972). The Pagoda War, London, Faber and Faber.
14. Sewell, W. Stuart, 1945. Brief Biographies of Famous Men and Women, Fermabooks.
15. Wells, H. G., (1963) Outline of World History, London, Cassell & Co, Ltd.,

www.burmeseclassic.com